
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆)
ဗွေမာလေး အမှတ်-၅၂၀(က)၊ အင်းဝ(၄)လမ်း
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရှင် (မြ-၁၀၀၉၀)
(ရွှေခြေသံ့ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - နိုးလပြည့်စာပေ
အမှတ်-၂၂၉၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၀၉၀၉၄

၈၉၅.၈၃
ရှင်မြတ်နိုး
ချစ်တာသိရင်သစ္စာရှိပါ/ရှင်မြတ်နိုး။ ရန်ကုန်။
ဗွေမာလေး၊ ၂၀၀၅။
(၂၅၆)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ချစ်တာသိရင်သစ္စာရှိပါ


BURMESE CLASSIC

## အခန်း ( ၁ )

လင်းညာဏ်စဥ်ရဲ့ အကြင်နာကင်းမဲ့လွန်းစွာ တစ် ... နှစ် သုံးလေးကို သွေးအေးအေးနှင့် ရေရွတ်သံက မေကြယ်ဖြူရဲ့နှလုံးသားတွေထဲ နာကြည်းမှုတွေ အစိုင်အခဲတွေပမာ ဝင်ရောက်နေသည်။

"မြန်မြန်လုပ်စမ်း ကြယ်ဖြူ ... နင် အသုံးမကျလို့ အပြစ်ဒဏ် အပေးခံရတာပဲ ... လုပ် ... အဝါးမခိုနဲ့ ထိုင်ထ အခါတစ်ရာလေးများ ..."

ဘုရားရေ ထိုင်ထအခါတစ်ရာလေးများတဲ့။ ကြယ်ဖြူ ပေါင်တွေတင်းတောင့် နာကျင်နေသည်။ အခါတစ်ရာက မပြည့်နိုင်။ လင်းညာဏ်စဥ် တဖြည်းဖြည်းခြင်း ရေတွက်မှတ်နေတာပါ။

"တစ် ... နှစ် ... သုံး"

"ဘာဖြစ်လို့ တစ်ကနေ ပြန်စမှတ်နေတာလဲ"

"မှေ့သွားလို့ ... စကားများမနေနဲ့ ကြယ်ဖြူ ... ငါက



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာပြည့်ပြီဆိုမှရပ် ...”

“တစ်ဆယ် ... နှစ်ဆယ် ...”

သူ မှတ်ချင်သလို မှတ်နေသည်။ ကြယ်ဖြူ ဘာပြောလို့ရမှာလဲ။ ကြယ်ဖြူက ဒီတိုက်ကြီးထဲက အစေအပါးသမီး။ ဉာဏ်စဉ်က အရှင်သခင်ပါ။

“နင့်အပြစ် နင်သိတယ် မဟုတ်လား ကြယ်ဖြူ ... ငါ့အိပ်ခန်း ရှင်းတာ မပြောင်လို့ဘဲ”

အပြစ်မရှိ အပြစ်ရှာပြီး လင်းဉာဏ်စဉ်က ကြယ်ဖြူ့အား အပြစ်ပေးနေတာတော့လေသည်။

“ငါးဆယ် ... ငါးဆယ့်တစ် ...”

ကြယ်ဖြူ ခြေထောက်တွေလေးလို့ ဆန့်လို့မရအောင်ပင် နာကျင်ကိုက်ခဲနေလေသည်။

“မြန်မြန်လုပ်လေ ... နောက်တစ်ခါ ငါ့အိပ်ခန်းကို ရှင်းရင် အမှိုက်အစအနလေးတောင် မကျန်ရစ်စေနဲ့ ကြားလား ...”

ကြယ်ဖြူ ပြောင်ရှင်းသန့်နေအောင် ဂရုတစိုက် ရှင်းပေးနေတာပါ။ လင်းဉာဏ်စဉ်ကိုက အပြစ်ရှာချင်နေသည်။ ကြယ်ဖြူ အားတင်းထား၏။ ကြယ်ဖြူမှာ ဆပ်ခြေလက်ခြေ ပေးနိုင်တဲ့အခွင့်အရေးမရှိ။ လင်းဉာဏ်စဉ် ထားရာမှာနေ စေရာသွားရမယ့်ဘဝ။

“လုပ်လေ ... နေးလာပြီနော်၊ ငါက တစ်ကနေပြန်စမှာ”

“တစ် ... နှစ် ... သုံး ... လေး”





သူက တစ်ကနေပြန်စနေသည်။ ကြယ်ဖြူ လုပ်ရင်းနှင့်မျက်လုံးတွေ ပြာဝေလာပြီး ဘယ်လိုမှရပ်တည်နိုင်စွမ်းမရှိတော့ဘဲ ခွေယိုင်လဲပြိုကျသွားသည်။

“မေကြယ်ဖြူ ... မေကြယ်ဖြူ ... နင် အိုင်တင်ခံပြီး မာယာများမနေနဲ့နော် ... ငါက သနားမယ်ထင်နေလား”

လင်းဉာဏ် နည်းနည်းတော့ စိတ်ပူသွားသည်။ မေကြယ်ဖြူ သတိမရ။ မျက်နှာကဖြူရော်ရော်နှင့် နှုတ်ခမ်းတွေက သွေးဆုတ်နေသလိုပင်။

“မေကြယ်ဖြူ ... ကြယ်ဖြူ ...”

“ဟာ ... ဒီကောင်မလေး တမင်လုပ်နေတာ၊ ထိုင်ထလုပ်တာလေးများ ပင်ပန်းစရာလား ...”

“ကြယ်ဖြူ”

“ဟင် ...”

ကြယ်ဖြူကို ခြေထောက်နှင့်ကန်နှိုးတာတောင် မထတော့။ လင်းဉာဏ် အထိတ်တလန့်ဖြစ်သွားပြီး လူကြီးတွေကို အော်ခေါ်ရတော့သည်။

“မေမေရေ လုပ်ပါဦး ... အန်တီလေးရေ ...”

“ဘာဖြစ်လို့လဲသား ... ဟယ် ကြယ်ဖြူ ဘယ်လိုဖြစ်ရတာလဲ ... သတိလစ်နေတာပါလား ... သား ရိုက်လိုက်လို့လား”

“မရိုက်ရသေးဘူးမေမေ ... ထိုင်ထလုပ်ခိုင်းနေတာ၊ ရှစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တောင် မပြည့်သေးဘူး ... ခွေကျုံသွားတာပဲ ..."

"ဒီကောင်မလေးကလေ ... နဖတ်နေတာပဲ၊ အစေအပါး သမီးဖြစ်လို့ပဲ သေပါစေ ပြစ်ထားလိုက် ..."

အန်တီလေးသော်က ဝင်ပြောသည်။ သေပစေ ပြစ်ထားလိုက်ဆိုတော့လည်း လင်းညဏ်စိတ်ပူနေရ၏။ ပြစ်ထားလို့ မဖြစ်ဘူး။ ဆရာဝန်ခေါ်ဖို့ မေမေ့ကိုပြောရသည်။

"ဆရာဝန်ခေါ်လိုက်ပါ မေမေ ... တော်ကြာ လင်းညဏ် အပြစ်ဖြစ်နေဦးမယ်၊ ကြယ်ဖြူ သေပြီလား"

"မသေပါဘူး သားရယ် ... ကြယ်ဖြူ အားနည်းလို့ပါ၊ မထားမေ ကလေးကိုလာခေါ်ပါ"

"ဟင် ... သမီးလေး ဘာဖြစ်လို့လဲ မေကြယ်ဖြူ"

"ဘာမှမဖြစ်ပါဘူးအေ ... ခေါ်သွားတော့၊ ခဏနေ သတိရလာလိမ့်မယ်"

"ဟုတ် ... ဟုတ်ကဲ့"

ကြယ်ဖြူမေမေက ကြယ်ဖြူ့အား ပွေ့ချီခေါ်ဆောင်သွားသည်။

"တူလေး လင်းညဏ် ... ဘာမှစိတ်မပူနဲ့ ဒီကောင်မလေးကိုက နဖတ်နေတာ၊ လာ ... အန်တီလေးနဲ့ အပြင်သွားရအောင်"

"မလိုက်တော့ဘူး ... လင်းညဏ် အိပ်တော့မယ်"

မေမေနှင့်အန်တီလေးတို့ ထွက်သွားကြတော့မှ ကြယ်ဖြူ





သေပြီလား သတိမှရပ့ါမလားဟု တွေးပူနေသည်။

"ကြယ်ဖြူ ... ငါ ဒီလိုလုပ်နေတာတွေက နင့်ကိုမုန်းလို့ အစေအပါးသမီးဆိုပြီး အနိုင်ကျင့်နှိပ်စက်နေတာ မဟုတ်ပါဘူးဟာ၊ နင့်ကိုလေ ငါထားရာနေ စေရာသွားရမယ့် ကောင်မလေး ဖြစ်စေချင်တယ် ... ပြီးတော့လေ နင့်ကို အန်တီလေးက ဒီတိုက်ကြီးထဲကနေ မောင်းမထုတ်အောင်ပါ ..."

အန်တီလေးသော်က ကြယ်ဖြူ့ကို မထားချင်ပေ လုံးဝမနှစ်သက်။

"မသွင် ... ကိုယ့်မှာကသားလေးမွေးထားတာနော်၊ အိမ်စေသမီးက ချောချောဖြူဖြူစင်စင်လေး ... အတူတူထားဖို့စဉ်းစားပါဦး၊ မေကြယ်ဖြူတို့သားအမိကို ပေးသင့်သလောက်ပေးပြီး မောင်းထုတ်ပြစ်လိုက်တော့"

လင်းညဏ် ကြားလိုက်သဖြင့် မေကြယ်ဖြူကို မောင်းထုတ်ပြစ်မှာစိတ်ပူပြီး အများအမြင်မှာ မေကြယ်ဖြူနှင့် မသင့်မြတ်သယောင် ဟန်ဆောင်နေရသည်။ ထိုနေ့ကစပြီး မေကြယ်ဖြူကို အနိုင်ကျင့်နှိပ်စက်နေခဲ့၏။ လင်းညဏ်နှင့်ကြယ်ဖြူတို့ မသင့်မြတ်သယောင် လုပ်ပြထားခဲ့လေသည်။

"ငါ့ကြောင့်သိလား ကြယ်ဖြူ နင်ဒီမှာ နေခွင့်ရှိနေတာပါ၊ မေမေက နင့်ကိုချစ်တယ်လေ ... သမီးမှမရှိတာ၊ နင့်အမေက ငါတို့အိမ်မှာပဲမွေးပြီး ကြီးပြင်းလာလို့ သံယောဇဉ်ကြီးပါတယ်၊ အန်တီလေး ဘယ်လိုပဲပြောပြော မေမေက မောင်းမထုတ်ဘူးဟုတ်တာ ငါ



www.burmeseclassic.com

www.burmeseclassic.com



သိတယ် ကြယ်ဖြူ ...”

ကြယ်ဖြူနှင့်လင်းညာဏ်တို့က လင်းညာဏ်က တစ်နှစ်ကြီးသည်။ အခု ရှစ်တန်း ... ကြယ်ဖြူက ခုနစ်တန်း ကျောင်းအတူတူပဲ။

“မေမေက နင့်ကို သမီးတစ်ယောက်လိုပဲ ဆက်ဆံတယ်၊ ချစ်တယ် ... ကျောင်းထားပေးတယ်၊ ငါနဲ့တန်းတူ မဟုတ်ပေမယ့် အိမ်စေသမီးအဖြစ် မနှိမ်ချဘူးလေ ...”

လင်းညာဏ် လုပ်ဆောင်ချက်တွေနှင့်ပတ်သက်ပြီး ကြယ်ဖြူကို ရှင်းပြနေလို့လည်း ဒီကောင်မလေး နားလည်မှာမဟုတ်ပါဘူး တစ်နေ့နေ့တော့ နှင်သိလာမှာပါ ကြယ်ဖြူရယ်။

“ငါက နင်တို့အိမ်က အစေခံရဲ့သမီးတဲ့၊ ငါ့အမေကပြောတယ်၊ နင်လှုပ်သမျှ ခံရမယ်တဲ့ ... အမေတို့သားအမိကို ထမင်းကျွေးထားပြီး နေထိုင်စရာပေးတယ် ... သမီးကျေးဇူးတင်ရမယ်နော်တဲ့”

ကြယ်ဖြူက ပြောခဲ့သည်။ နင့်ကို ငါတစ်ခါမှ အိမ်စေသမီးလို့ မသတ်မှတ်ထားပါဘူး ကြယ်ဖြူရယ် ... တကယ်ပါ။ နင့်ကို ငါ့ အန်တီလေးက မတူမတန်ဘူးဆိုပြီး မောင်းထုတ်ပြစ်ချင်နေလို့ပါ။ သူ့အိပ်ခန်းလေးအား ကြယ်ဖြူရှင်းထားတာ မွှေးပြန့်လန်းဆန်းသန့်ရှင်းသပ်ရပ်နေသည်။

“နင်မသိဘူး ကြယ်ဖြူ ... ငါလေ နင့်ကို ငါ့မျက်စိအောက်မှာပဲ အမြဲရှိနေစေချင်တယ် ... ငါ့ဝေယျာဝစ္စတွေကို နင်လုပ်ပေးတာပဲ ငါခံယူချင်တယ် ... ဒါကြောင့်ပါ ...”





အန်တီလေးက လင်းညာဏ်ဆီ ဝင်လာသည်။

“တူလေး ချစ်လင်း ...”

“အန်တီလေး ...”

“ပြော ...”

“မေကြယ်ဖြူ သေပြီလား”

“မသေပါဘူး ... အလကားကောင်မလေး မာယာများနေတာ၊ သူ့အမေ လာခေါ်သွားတော့ အကောင်းပဲ ...”

“လင်းညာဏ်ကြောင့် သေသွားရင် လင်းညာဏ် အမှုပတ်မှာစိုးလို့ပါ”

“ဘာမှအမှုပတ်စရာမလိုဘူး၊ အစေခံသမီးပဲ ... တူလေး လုပ်တာကောင်းတယ် ... မတူမတန်ဘူးနော်”

“ဟုတ်တယ် ... သားက တမင်နှိမ်ထားတာ၊ သားရဲ့ခိုင်းဖတ်အဖြစ်လေ ... လင်းညာဏ်ကတော့ အိမ်စေသမီးက အခန့်သားနေတာကြီးကို မုန်းလို့ခိုင်းနေတာ”

အန်တီလေးသော်က လင်းညာဏ်ကို အရမ်းချစ်သည်။ တူလေးကို ချစ်လို့ယောကျ်ားမယူဘဲ တူကိုထိန်းရင်း အပျိုကြီးလုပ်နေ၏။ မေမေထက် အန်တီလေးက လင်းညာဏ်အပေါ် ဂရုစိုက်ယုယပြုစုပေးတာက များသည်။ လင်းညာဏ်ကလည်း အန်တီလေးကိုချစ်၏။ ဒါပေမယ့် မေကြယ်ဖြူ့ကိုပိုပြီးချစ်မိနေသည်။

“သားလင်းညာဏ်နဲ့ အန်တီလေးသော်တို့ မိတ်ဆွေတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အိမ်သွားကြမယ် ... အဲဒီမှာ သားနဲ့ရွယ်တူ သူဌေးသမီး လေးရှိတယ်၊ အရမ်းချောတယ် ... ဒီနှစ်မှသားတို့ကျောင်းကို ပြောင်း လာခဲ့တာလေ ... သားနဲ့မိတ်ဆက်ပေးရမယ်"

"ဟုတ်ကဲ့ အန်တီလေး ... လင်းညက် လိုက်မယ်"

ကြယ်ဖြူရယ် ... တကယ်ဆို ငါလုံးဝစိတ်မဝင်စားတာပါ။ နင်ကလွဲပြီးတော့လေ ဒါပေမယ့်လည်း အန်တီလေးကျေနပ်အောင် ငါလိုက်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ နင့်အတွက်ပဲ သိလား။

"အန်တီလေးနဲ့လင်း အဲဒီမှာနေကြမယ် ... ထမင်းလက်ဆုံ စားကြမယ်၊ သရဖီလေးနဲ့လင်းတို့ကို ခင်မင်ရင်းနှီးအောင်နေကြရ မယ်"

"ဘာဖြစ်လို့လဲဟင် အန်တီလေး ... "

"ဘာဖြစ်ရမှာလဲ ... တစ်နေ့နေ့ သမီးလေးနဲ့သားတို့ အရွယ် ရောက်လာရင် လက်ထပ်ပေးဖို့လေ လူကြီးတွေက ပြောဆိုထား ပြီးသားလေ ... "

လင်းညက် ရင်ထဲမှာ ကြယ်ဖြူကို ခွဲခွာရမှာကြောက်ရွံ့လာ သည်။ ကြယ်ဖြူနဲ့ပဲ သူအမြဲတမ်း ဘဝတစ်လျှောက်လုံးအတူနေ ထိုင်ချင်ခဲ့တာပါ။ ဘယ်လိုလုပ်ရမလဲ ... အန်တီလေးကိုလည်း မဆန့်ကျင်ရဲပေ။ အခုက ကြယ်ဖြူတို့သားအမိအား မောင်းထုတ်ပြစ် လိုက်မှာ စိုးပူမိ၏။ ကြယ်ဖြူ ပညာရေး တစ်ပိုင်းတစနှင့် အဆုံး မသတ်စေရန် သူအတတ်နိုင်ဆုံး အကာအကွယ်ပေးရန် ဆုံးဖြတ်





ထားသည်။

"တူလေး အဝတ်အစားလဲလိုက် ... သားမေမေက မလိုက် ဘူးတဲ့လေ ... အန်တီလေးနဲ့ ပိုရင်းနှီးတယ် ... ယယ်သူငယ်ချင်း တွေလေ ... "

မေမေက အန်တီလေးသော်နဲ့မတူဘဲ မာန်မာနလည်းမရှိ။ အဆင့်အတန်းလည်း မခွဲခြားတတ်ပေ။ ကြယ်ဖြူ့အမေကိုလည်း သံယောဇဉ်ကြီးသည်။

"သော်ရယ် ... မထားတို့သားအမိကို မတိုက်ခိုက်စမ်းပါနဲ့ မမသွင်နဲ့က နို့စို့ဖက်လေ ... ထားမေကို သံယောဇဉ်တွယ်ရတယ်၊ မမသွင် ဘယ်လိုအကြောင်းနဲ့မှ မောင်းမထုတ်နိုင်ဘူး"

"မမသွင်က အနွံ့ရာယ်ကို ဖိတ်ခေါ်နေတာပဲ ... မြွေပွေး ခါးပိုက်ပိုက်ထားတယ်၊ အိမ်စေသမီးကို သားနဲ့အနေနီးအောင်"

"သားက ကြယ်ဖြူ့ကို လုံးဝမနှစ်သက်ပါဘူး၊ အစေခံသမီး ဆိုတာသိပါတယ် ... ဒီကောင်မလေးကို နှိပ်စက်နေတာကြည့် လေ"

လင်းညက်ကတော့ အန်တီလေးဆန္ဒအတိုင်းပဲ လိုက်လုပ် နေရသည်။ ကြယ်ဖြူကြောင့်ပါ ... အန်တီလေး ခေါ်ဆောင်ရာသို့ လင်းညက်လိုက်လာခဲ့ရ၏။ ခြံထဲမှာ ကြယ်ဖြူ့အမေနှင့်တွေ့ပေ မယ့် ကြယ်ဖြူ့အကြောင်း မမေးရဲ။

"ဟဲ့ ထားမေ ... နင့်သမီး သတိရပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... နည်းနည်းလေးကြောက်ပြီး ဖျားနေတယ်"

"ညည်းသမီးကိုက နုလွန်းတယ် ... ထိုင်ထလေးလုပ်ရတာ မျိုး ငှါတူလေးက ကြောက်နေပြီ ... "

"ဘာမှကြောက်စရာ မရှိပါဘူး လင်းလေးရယ် ... ကြယ်ဖြူ သေသွားရင်တောင် ဒေါ်ထားက လင်းလေးကို အပြစ်မတင်ပါဘူး။ လင်းလေးမေမေ ကျေးဇူးတွေက ဒေါ်ထားတို့မှာဆပ်လို့မကုန်နိုင် အောင် ရှိပါတယ်"

"ကြားလား တူလေး ... ဘာမှဂရုစိုက်စရာမရှိဘူး၊ အစေခံ သမီးပဲ ... "

"သွားမယ် ... သွားမယ် အန်တီလေး ... "

ဒေါ်ထားကို နှိမ်နှိမ်ချချပြောဆိုဆက်ဆံနေမှာစိုး၍ လင်း ညာဏ်အမြန်ဆုံး အပြင်သို့ခေါ်ထုတ်လာခဲ့သည်။

"ကြယ်ဖြူကို သားလင်းကြိုက်သလောက် နိုင်းစေပါ ... ဘာမှမျက်နှာထောက်ထားနေစရာမလိုဘူး ... ဒင်းတို့က အစေခံ တွေလေ"

"ဟုတ်တယ် ... လင်းညာဏ်ကလည်း အစေခံသမီးမို့ နိုင်းနေ တာပဲလေ ... ဒါပေမယ့် ကြယ်ဖြူတစ်ခုခုဖြစ်သွားမှာကိုတော့ ကြောက်တယ် ... သားကို ရဲက ဖမ်းမလားလို့ပါ ... "

"မဖမ်းဝံ့စရာဘူး ... ဒင်းတို့ကို ငယ်စဉ်လေးထဲက ကျွေးမွေး စောင့်ရှောက်လာခဲ့တာပဲ ... ဒင်းတို့မှာ နေစရာလည်းမရှိဘူး"





"အင်းနော် ... "

"တူလေး တရင်းတနှီးနဲ့အနီးကပ်နေရမယ် ... သရဖီတို့ မိဘ တွေက အရမ်းချမ်းသာကြတယ် ... တစ်ဦးတည်းသောသမီးလေး"

"လင်းလည်း ချမ်းသာစေ့ချင်ပဲ ... "

"ဒါကြောင့်ပေါ့ ... သူဌေး ... သူဌေးချင်းထပ်မှမြတ်တာ လေ"

လင်းညာဏ်ကတော့ စိတ်ဝင်စားပေ။ သူ အပြင်ထွက်လာ ရပေမယ့် သူ့စိတ်တွေက ကြယ်ဖြူ့ဆီ ပြန်ရောက်နေသည်။

♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

"အမေ … အမေရေ … ကြယ်ဖြူကြောက်တယ်၊ အရမ်းကြောက်တာပဲ … လင်းညဏ်ကို ကြောက်တယ် … "

"သမီး ကြယ်ဖြူ … သမီးလေး သတိထားပါ။ အမေရှိတယ်"

"ဟင်း ဟင်း … ဟီး ဟီး … အရမ်းချမ်းတယ် … "

"သမီးလေးကို အမေဖက်ထားတယ်၊ သတိထားပါကွယ်၊ ဆရာဝန်လည်း ဆေးထိုးပေးသွားတယ် … သမီးလေးအရမ်းအားနည်းနေတယ်တဲ့ … "

"လင်းညဏ်စဉ်ရောဟင် … "

"မရှိဘူး … အပြင်ထွက်သွားတယ်"

"အရမ်းရက်စက်တယ် … ကြယ်ဖြူ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေတယ် … အား … ကျွတ် … ကျွတ် … "

"ကြယ်ဖြူ … သမီးလေး … "

သမီး မေကြယ်ဖြူ့ခန္ဓာကိုယ်လေးအား ဒေါ်ထားမေ ဖက်





ထားမိသည်။ သနားစရာကောင်းလိုက်တာ။ သမီးက အနိုင်းအစေ သမီးလေးလာဖြစ်ရတာ ကံဆိုးတာပဲ။ အမေ စိတ်မကောင်းလိုက်တာ။ မေကြယ်ဖြူလေးက မထားမေ သမီးဟု မထင်မှတ်လောက်အောင် ချောမောဖြူစင်နေသည်။ ထားမေလည်း အိမ်ဖော်သာဆိုတယ် ချောမောသူပါ။ ကံအကြောင်းမလှလို့ အိမ်ဖော်မိဘတွေဝမ်းထဲ ဝင်စားရသည်။

"အမေက အိမ်စေ အဖေက ဒရိုင်ဘာ၊ သမီးလေးဘဝ နိမ့်ကျချက်ကတော့နော် သနားလိုက်တာ … "

သမီးအဖေလည်း ဒရိုင်ဘာဆိုပေမယ့် အရပ်မြင့်မြင့်ဖြူဖြူချောချောလှေးဖြစ်သည်။ သားလင်းက နှိပ်စက်ညှင်းပန်းနေတာလည်း မမသော်ကြောင့်ပဲဖြစ်သည်။ မိမိ သိ၏။ မမသော်က ကြယ်ဖြူကို မနှစ်သက်။ သူဌေးသားနှင့် နီးစပ်သွားမှာကြောက်နေသည်။

"ထားမေ သမီးလေးက နန်းထိုက်တဲ့ပန်းမကိုင်ရွှေမဟုတ်ပေမယ့် လင်ကောင်းသားကောင်း အဆင့်မြင့်မြင့် လင်တစ်ယောက်ရနိုင်ပါသေးတယ် … "

သမီးလေးက ညဏ်ကောင်းသည်။ စာလည်းတော်၏။ သမီးပညာရေးအတွက် ထားမေ အောင့်အီးသည်းခံနေရသည်။

"မမသွင် ကျေးဇူးတွေက အများကြီးပဲ အမေတို့ဆပ်ရမယ်၊ သမီးလေးပညာတတ်ကြီး ဖြစ်စေရမယ်"

အရွယ်နှင့်မမျှ လိမ်မာယဉ်ကျေးတဲ့ သမီးလေးမေကြယ်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



ပါ။

"အမေ"

"သမီးလေး"

"လင်းညွှာက်ကလေ ကြယ်ဖြူကို သူ့အိပ်ခန်းထပ်ရှင်းပေးဖို့ ပြောထားတယ် ... သမီး အိပ်နေလို့ မဖြစ်သေးပါဘူး"

ကြယ်ဖြူ လူးလဲထမိသည်။ ခေါင်းက မထူနိုင်။ သူမခန္ဓာကိုယ်လေးက နာကျင်ကိုက်ခဲလေးလံနေသည်။ ထိုင်ထလုပ်ရတာ မသက်သာဘူး လင်းညွှာက်ရယ်။ နင်အရမ်းရက်စက်တယ်။ ဘယ်ဘဝက အညိုးနဲ့များ ငါ့ကိုမုန်းတီးနေရတာလဲ။ လင်းညွှာက်က သူမအား အပြစ်မရှိ အပြစ်ရှာပြီး အညိုးကြီးကြီး နှိပ်စက်နေသည်။

"နင်က အစေခံမသမီးပဲ ... ငါ့ခြေထောက်ကို နှိပ်ပေးစမ်း"

နည်းမျိုးစုံနှင့် ကြယ်ဖြူ့ကို ခိုင်းစေနှိပ်စက်နေသည်။ သူ စက်ဘီးစီးရင်လည်း ကြယ်ဖြူကနောက်ကမှ လိုက်တွန်းပေးရ၏။ တစ်ခါတလေ ကတ္တရာလမ်းမပေါ် ပြစ်လဲကျသွားလည်း လင်းညွှာက်က ပြန်လှည့်မကြည့်ပေ။ ကြယ်ဖြူ့ကို မတူမတန်သလိုလို အစေခံသမီးဟု နှိမ်နှိမ်ချချခေါ်တတ်သေး၏။ အမေကြောင့်ပါ။ ပညာတတ်ကြီးဖြစ်မှ အမေနဲ့ သမီးဘဝ လွတ်မြောက်မှာတဲ့။ ကြယ်ဖြူ အမေ့စကားကိုတော့ နားထောင်လိုသည်။

"သမီး ထမှဖြစ်မယ်အမေ ..."

"မထပါနဲ့ကွယ် ... လင်းမှမရှိတာဘဲ၊ သမီးအရမ်းဖျားနေ





တယ်လေ"

ဟုတ်တယ် ... အရမ်းဖျားနေတယ်။ အာခေါင်တွေပူခြစ်ခြောက်သွေ့နေတာပဲ။ မူးတယ် ... အမေ့ရင်ခွင်ထဲသို့ လဲကျသွားသည်။

"တွေ့လား ... ကြယ်ဖြူမှ နေမကောင်းသေးတာဘဲ၊ ဧကာလောက်နားလိုက်နော် ..."

"အင်း ..."

ကြယ်ဖြူ မဟာန်နိုင်တော့ဘူး။ နေ့စဉ်နှင့်အမျှ အကြောင်းအမျိုးမျိုးရှာ၍ သူ့အနားခေါ်ထားကာ နှိပ်စက်နေသည်။

"အင်း ... ဟင်း ... ဟင်း ... ဟီး ..."

"သမီးလေး ..."

"အမေ"

"ပြောလေ"

"ခေါင်းတွေအရမ်းမူးတယ် ... ကြယ်ဖြူ့ကို ဖက်ထားပေးပါ"

"ဖက်ထားတယ်လေ ... သမီးလေးသတိထားပါ၊ အမေစိတ်ပူအောင်မလုပ်ပါနဲ့ ..."

သမီးပါးပြင်လေးနှင့် မထားမေပါးပြင်ကို ထိကပ်ထားသည်။ ပါးပြင်လေးက ပူခြစ်နေတာပဲ။ အဖျားမကျပါလား ... မထားမေ စိတ်ပူမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးတစ်ခုခုဖြစ်ရင်တောင် အမေ မကယ်နိုင်တဲ့ဘဝ ပါလားနော်"

မထားမေ့ ရင်ထုမနာဖြစ်နေရသည်။ သမီးလေးကို စိတ်အားငယ်မှာစိုး၍ မျက်ရည်မကျမိစေရန် အားတင်းထားရ၏။ သမီးအခန်းထဲသို့ မမသွင် ဝင်လာသည်။

"ကြယ်ဖြူလေး နေကောင်းသွားပြီလားဟင် … ကိုယ်ကပူနေတုန်းပဲကိုး … "

ကြယ်ဖြူလေး နေမကောင်းဖြစ်နေတာ ဒေါ်သွင်မမ စိတ်မကောင်းဖြစ်ရသည်။ အိမ်စေသမီးလေးဆိုပေမယ့် လိမ်မာ၍ သွင်ကချစ်၏။ မွေးကတည်းက ဝဝကစ်ကစ်လေးနှင့် ဖြူဖြူဥဥလေး ချစ်စရာကောင်းလွန်းသည်။

"ကြယ်ဖြူလေး"

"ရှင်"

"မေမေသွင် ရှိပါတယ်၊ အားမငယ်နဲ့နော် နေမကောင်း လျက်နဲ့ သားလင်းညာဏ်ကိစ္စတွေ ဘာမှထမလုပ်ပေးနဲ့"

"ကြယ်ဖြူလေ … ကြယ်ဖြူ … သူ့ကိုကြောက်တယ်၊ လင်းညာဏ် စိတ်ဆိုးမှာ အရမ်းစိုးရိမ်တယ်"

"သားလင်းကို မေသွင်ပြောဝ့ါမယ် အိပ်နေနော်"

"ဟုတ်"

"ထားရေ ကလေးကိုဂရုစိုက်နော် … တစ်ခုခုဖြစ်ရင်





အားမနာနဲ့ မမသွင်ကို လာပြောပါ … "

"ဟုတ်ကဲ့ မမသွင် … ကျေးဇူးတွေအများကြီးတင်ပါတယ် နော် … "

"တို့က ငယ်ငယ်လေးထဲက အတူတူနေလာကြတာပဲ ထားရယ် … ညီအစ်မတွေလိုပါပဲ … ကြယ်လေးကို မမသွင်က သမီးတစ်ယောက်လို သဘောထားတာပါ"

"မမသွင်ရယ် … လင်းလေးကလည်း ထားမေလက်ပေါ်ကြီးပြင်းလာခဲ့တာပါ … ကြယ်ဖြူလေးနဲ့ပတ်သက်ပြီး လင်းလေးဆန္ဒအတိုင်းပဲရှိပါစေ"

"သော့ကြောင့်ခက်တယ် … ဒီကလေးကို အလိုလိုက်ပြီးမြှောက်ပေးနေတာဖြစ်မယ် … မမသွင်ပြောထားပါ့မယ်၊ ကြယ်ဖြူလေးမှ နေမကောင်းသေးတာပဲ"

ဒေါ်သွင်မမ တကယ်ပဲ ကြယ်ဖြူလေးကိုကြည့်ပြီး စိတ်မကောင်းဖြစ်ရသည်။ သမီးလေးလိုပါပဲ။ သော်ကဆိုးတယ် … သမီးကြယ်ဖြူနှင့်သား နီးစပ်သွားမှာ စိတ်ပူ၍ တားဆီးနေ၏။ ဒေါ်သွင်မမ လက်မခံနိုင်ပေ။ ကြယ်ဖြူလေးဘဝကို လှပဝေဆာလာစေရန် မြေတောင်မြှောက်ပေးဖို့ ဆုံးဖြတ်ထားသည်။

"ကြယ်ဖြူအဖေက မမသွင်ရဲ့အသက်ကို ကယ်တင်ရင်းသေဆုံးရတာပဲ ထားမေ … ဘယ်လိုလုပ် သူ့မိသားစုကို ပြစ်ပယ်ထားလို့ရမလဲ … ကြယ်ဖြူလေးရှေ့ရေးအတွက် မမသွင် တာဝန်ယူပေး



www.burmeseclassic.com

www.burmeseclassic.com



မှာပါ"

"ထားမေ အရှမ်းဝမ်းသာလိုက်တာ မမသွင်ရယ် ... ထား သမီးလေးကိုပဲ စောင့်ရှောက်ပေးပါ"

"စိတ်မပူနဲ့ ... ကြယ်ဖြူလေးအလုပ်တွေထပြီး ဘာမှမလုပ် နဲ့နော် ... အဖျားကျသွားတဲ့အထိ အနားယူနေ"

"ဟုတ်"

ဒေါ်သွင်မမ အားပေးစကားတွေပြောပြီး တိုက်ကြီးထဲပြန် ဝင်ခါနီးတွင် သားလင်းတို့တူအရီး ပြန်ရောက်လာသည်။

"မမသွင်ရေ ... သမီးလေးသရဖီကလေး ချစ်စရာကောင်း လိုက်တာ ... ငယ်ငယ်တို့လည်း စီးပွားရေးအရမ်းကောင်းပြီး ချမ်း သာလိုက်တာ"

"သော်"

"ရှင်"

"ငယ်ငယ်တို့က အရမ်းဘဝင်မြင့်ပြီး မောက်မာတယ်လို့ သတင်းတွေထွက်နေတယ်နော် ... မမသွင်တို့ အရမ်းဝင်ရောရှင် သားလေးလင်းပါ မျက်နှာငယ်ရမယ်"

"အမလေး မမသွင်ရယ် ... လင်းကိုသာမေးကြည့်တော့ သော်တို့ကို ဘယ်လောက်အထိ ဖော်ဖော်ရွေရွေ ကြိုဆိုလဲဆိုတာ လင်းကိုလည်း သား ... သားနဲ့ ..."

အန်တီလေးသော်ကပဲ အရမ်းဝင်ရောနေသည်ဟု လင်း





ညာဏ် ထင်မိသည်။ လင်းစိတ်က ကြယ်ဖြူ့ဆီပဲ ရောက်နေတာ သူ လွန်သွားတယ်။ ထိုင်ထကို အမျိုးမျိုးရေတွက်ကာ ကြယ်ဖြူ့ အား နှိပ်စက်နေခဲ့မိ၏။ ကြယ်ဖြူရော အဖျားကျသွားပြီလား။ သူ့ စိတ်တွေ ပူနေသည်။

"သားလင်း ... မေမေစကားပြောစရာရှိတယ်၊ သော် သွား တော့"

"မမသွင်နော် ကလေးကို မဆူနဲ့နော် ... လင်းလေးက သော်တို့ရဲ့ မျှော်လင့်ချက် အနာဂတ် ..."

"သွားစမ်းပါ သော်ရယ် ... လင်းက မမသွင်သားပါ"

သော် အမူအကျင့်တွေကို သွင် မနှစ်သက်ပေမယ့် ညီအစ်မ နှစ်ယောက်ထဲရှိတာပဲ။ တူနှင့်အစ်မအပေါ် ဘယ်လောက်အထိ သံယောဇဉ်ရှိရှာလည်းဆိုတာလည်း မိမိသိနေသည်။

"လင်း"

"ပြောပါ မေမေ"

"ကြယ်ဖြူ အရမ်းဖျားနေတယ်၊ အားနည်းနေတယ်တဲ့ ... ဆရာဝန်ခေါ်ပြီး ဆေးထိုးတာတောင် အဖျားကမကျဘူး၊ သားလင်း ရယ် ... မေမေ ပြောချင်တာက ကြယ်ဖြူ့ကို အနားပေးလိုက်ပါ၊ ဘာမှခေါ်မခိုင်းနဲ့တော့နော်"

"ဟာ ... မေမေကလည်း ကြယ်ဖြူက မာယာများနေတာ ပါ ... သားသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့အမိန့်နော် ... ကြယ်ဖြူကို မခေါ်နဲ့၊ လုံးဝအနားမပေးထားပါ၊ အိမ်စေသမီးဖြစ်ပေမယ့် ကြယ်ဖြူက မေမေတို့အိမ်စေမဟုတ်ဘူး"

လင်းစိတ်က ကြယ်ဖြူနှင့်တွေ့ချင်တဲ့ဆန္ဒတွေ ပြင်းပြနေသည်။ ဘယ်လိုပြောရမလဲ ... ကြယ်ဖြူ့ကို သားကချစ်တာပါမေမေ။ အိမ်စေသမီးဆိုပြီး နှိမ်ချဆက်ဆံတာတွေ မဟုတ်ပါဘူး။ အန်တီလေးကြောင့်ပါ။ ကြယ်ဖြူ့ကို တွေ့ချင်သည်။

"ကြယ်ဖြူကို သားသွားကြည့်မယ်၊ ဒီကောင်မလေးကမာယာများနေတာလည်း ဖြစ်နိုင်တယ်"

"မကြည့်ရဘူး ... လင်းကို မေမေပြောထားပြီးပြီနော်၊ ကြယ်ဖြူ နားပါစေ ... လင်းအပြင်မထွက်ရဘူး ... ဒါပဲ ... "

မေမေက လင်းကိုသိပ်အလိုမလိုက်တတ်ဘဲ အပြစ်ကျူးလွန်လျှင် အပြစ်ပေးတတ်သည်။

"ကြယ်ဖြူလေး သနားပါတယ် လင်းရယ် ... အရမ်းဖျားပြီးအားနည်းနေတယ် ... မညာမတာ မလုပ်ပါနဲ့သားရယ် သူတို့ကလူတွေပါ"

မေမေက အထူးအမိန့်ဖြင့် ကြယ်ဖြူကို မခိုင်းစေဖို့ တားနေသည်။ ကြယ်ဖြူကို လင်း မဖြစ်မနေကြည့်ရှုဖြစ်မယ်။ သူစိတ်မချနိုင်။ ကြယ်ဖြူ အားနည်းသွားရတာ သူ့ကြောင့်ပါ။ မနေ့ညက သူ့အိမ်စာတွေ လင်းကိုကူးခိုင်းခဲ့သည်။ ကြယ်ဖြူ အိပ်ရေးပျက်နိုင်





သည်။

"ကြယ်ဖြူရာ ... ငါက နှင်းလက်ရေးလေးကို သဘောကျလို့ပါ၊ ဖြစ်နိုင်ရင်လေ ဝိုင်းစက်နေတဲ့ နှင်းလက်ရေးလှလှလေးတွေ ငါ့စာအုပ်တွေထဲမှာ ပြည့်နှက်နေစေချင်တယ်"

သူ တစ်ယောက်ထဲ ထိုင်လိုက် ထလိုက်နှင့် စိတ်တွေကမငြိမ်သက်။ ကြယ်ဖြူက သူ့ကိုတော်တော်လေး ဒုက္ခပေးလွန်းသည်။ လူတွေ မသိကြ။

"ကြယ်ဖြူ့ကို အရမ်းတွေ့ချင်တယ် ... ငါ ဘယ်လိုမှနေလို့မရဘူး၊ ဒီညတော့ မဖြစ်မနေ ငါသွားတွေ့ရမယ် ... "

လင်းဘယ် အိပ်လို့မရ။ ကြယ်ဖြူက အောက်ထပ်စားသောက်ခန်းနားမှာ နေတာပါ သူသိသည်။

"နှင်းအခြေအနေကို ငါကြည့်ရမှဖြစ်မယ် ကြယ်ဖြူ ... ငါ့စိတ်တွေ ဘယ်လောက်အထိ ပူပင်နေလဲ ငါတောင်းပန်ပါတယ် ... ငါရဲ့အပြုအမူတွေက အကြင်နာကင်းမဲ့နေသလို ဖြစ်ပေမယ့် တကယ်တော့ နှင်းအတွက်ပါ ကြယ်ဖြူ ... "

သူ အခန်းထဲမှ ထွက်လာခဲ့သည်။ တစ်တိုက်လုံးက မှောင်မဲတိတ်ဆိတ်နေသည်။ သူ ဘယ်လိုအကြောင်းမျိုးနဲ့ပဲဖြစ်ဖြစ် ကြယ်ဖြူ့အား သွားတွေ့ရမည်ဖြစ်သည်။ အောက်ထပ်သို့ ခြေသံဖွဖွလေးနင်း၍ ဆင်းလာခဲ့၏။ ကြယ်ဖြူ့အိပ်ခန်းဝ ရောက်လာသည်။ တံခါးကို အသာလေးတွန်းလိုက်တော့ ပွင့်သွား၏။ အခန်းထဲမှာ ကြယ်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ထဲ ဒေါ်လေးထား ရှိမနေပေ။ သူ့ကိုမြင်တော့ ကြယ်ဖြူ အထိတ်တလန့်ထထိုင်ပြီး မျက်လုံးလေးအပြူးသားနှင့် ကြည့်နေသည်။

“ကြယ်ဖြူ … နင်ကိုယ်ပူမကျဘူးဆို … ပြစမ်း … နင်မူယာ မာယာတွေများနေတာတော့ မဟုတ်ပါဘူးနော်”

“မဟုတ်ပါဘူး လင်းညက်ရယ် … တကယ်ပါ ငါ့ကိုယ်တွေ အရမ်းပူနေလို့ပါ … ”

“ငါ စမ်းကြည့်မယ်”

ကြယ်ဖြူ့နဖူးလေးကို စမ်းကြည့်လိုက်သည်။ ကိုယ်ပူနေဆဲပင်။

“ဆရာဝန်က ဘာပြောလဲ … ”

“ဆေးတော့ထိုးပေးသွားတယ် … ငါဘာလုပ်ပေးရမလဲ လင်းညက် အခန်းကို ထပ်ရှင်းပေးဖို့ မေမေသွင်က နားဦးတဲ့ … ကြယ်ဖြူ အခုပဲလိုက်ခဲ့မယ်”

“အား … ”

ကြယ်ဖြူအထတွင် ခေါင်းမူးသွားပြီး လင်းညက်ကပွေ့ထူ ထိန်းပေးသည်။ သူမ အထိတ်တလန့်နှင့် ပြန်ထလိုက်၏။ လင်းညက်က အိပ်ရာပေါ် ပြန်ချပေးသည်။

“နင် တကယ်ဖျားနေတာပဲ … အားမရှိသေးဘူး အိပ်နေတော့ … ”





ကြယ်ဖြူ ဖျားနေသေးသည်။ သူ့ကြောင့် စိတ်အနှောက်အယှက် မဖြစ်စေလိုပေ။ လင်းညက် ရင်တွေနာကျင်နေရ၏။ ကြယ်ဖြူ့ကို အရမ်းမနှိပ်စက်တော့ဘူး သနားစရာကောင်းလွန်းနေသည်။

“နင်အနားယူနေနော် … အိပ်နေ … ကောင်းမှအလုပ်ပြန်လုပ် … ငါက နင့်ကိုမာယာများနေတာလို့ လာကြည့်တာ … သွားပြီ … ”

လင်းညက် ပြန်ထွက်လာခဲ့သည်။ မေမေနှင့်အန်တီလေးသော် တွေ့သွားလို့မဖြစ်ဘူး။ မေမေ အခန်းထဲ ကြယ်ဖြူ့အမေ သွားနေတာပဲ ဖြစ်နိုင်၏။ တော်ပါသေးရဲ့ … လင်းညက် အသာအယာပဲ ပြန်ထွက်လာခဲ့သည်။

♥

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၃ )

လင်းဉာဏ် နေမကောင်းဖြစ်နေပါတယ်ဆိုတာတောင် မယုံသင်္ကာနဲ့လာကြည့်နေသေးသည်။ ဘယ်အညှိုးနဲ့များ ဒီလောက်အထိ နှိပ်စက်ချင်နေရတာလဲ။ လင်းဉာဏ်နှင့်ကြယ်ဖြူတို့က အဆင့်အတန်းချင်းက မိုးနဲ့မြေလို ကွာခြားလွန်းနေ၏။ ကြယ်ဖြူက အိမ်စေသမီး ... အမေ စိတ်မကောင်းဖြစ်မှာစိုး၍ ကြယ်ဖြူ ကြိတ်မှိတ်ခံနေခဲ့သည်။

"သမီးလေး ..."

"ဟင် ... အမေ"

"မအိပ်သေးဘူးလား ... မျက်လုံးလေးကြောင်စီစီနဲ့ ဘာတွေစဉ်းစားနေတာလဲကွယ် ... သမီးလေး အဖျားကျသွားပါပြီ။ ဘာလဲ လင်းလေး ထပ်ခိုင်းစေမှာ ကြယ်ဖြူလေးကြောက်နေတာလား"

"မဟုတ်ပါဘူး ... အမေ စောစောက လင်းဉာဏ်လာကြည့်



တယ်"

"ဘာ ..."

"ကြယ်ဖြူ မာယာများနေတာလားလို့တဲ့ ... တကယ်ဖျားနေတာဆိုရင် အနားယူတဲ့ ..."

"တော်ပါသေးရဲ့ကွယ်"

လင်းလေး ရောက်လာတယ်ဆိုတာ မမသွင်သိလို့မဖြစ်ဘူး။ လင်းလေးကို ကြယ်ဖြူ ဆီမသွားဖို့ တားထားသည်တဲ့။ မမသွင် တားထားတဲ့ကြားက လာရင်ပြောတဲ့ အပြစ်ပေးရမယ်တဲ့။

"ကြယ်"

"ရှင်"

"လင်းလေး လာတဲ့ကိစ္စ ဘယ်သူမှမသိစေနဲ့နော်"

"အင်းပါ"

"မမသွင် ဆူလိမ့်မယ်၊ ကြယ်လေးကို သွားမနှောက်ယှက်ရဘူးလို့ ပြောထားတယ်တဲ့ ..."

လင်းဉာဏ်ကို မုန်းသည်။ မေသွင် သိသွားရင်လည်းကောင်းတာပဲ။ ကြယ်ဖြူ အား မတရားညှင်းပန်းနှိပ်စက်နေလေသည်။

"ကြယ်လေ ... ဒီကောင် လင်းဉာဏ်ကို မုန်းတယ်အမေ"

"မဟုတ်တာဘဲ သမီးရယ် ... ကျေးဇူးရှင်တွေကို ဒီလိုမပြောရဘူးနော် ... လင်းလေးက သူဌေးသားဆိုတော့ အလိုလိုက်ထားလို့ ဆိုးနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မေမေသွင်ကတော့ ကြယ့်ကို သမီးလေးတစ်ယောက်လိုပါပဲ ချစ်သည်။ အမေ့ကိုဆိုရင်လည်း သွေးသားလိုသဘောထားခဲ့၏။ စောင့်ရှောက်ပေးထားသည်။

"ကြယ်လေး အိပ်တော့ ... မနက်ဖြန် ကျောင်းတက်ရမယ်လေ ... ကြယ်လေး လုပ်ရမှာက ပညာတတ်ကြီးဖြစ်အောင် ကြိုးစားဖို့ပဲ ..."

"ဟုတ်"

"ကြယ်လေးက အရမ်းလိမ္မာတယ်၊ အိမ်စေမသမီးဆိုတာကြီးကို မေ့ထားပါ ... အားမငယ်ပါနဲ့ကွယ် ... အမေ့မှာ အားကိုးစရာ ကြယ်လေးပဲရှိတာပါ"

"ကြယ် သိပါတယ် ..."

"ကြယ်လေး ပညာတတ်ကြီးဖြစ်ပြီး အလုပ်တွေလုပ် ... ဝင်ငွေတွေရရင် အမေတို့လွတ်မြောက်ပြီလေ နော် ..."

"ဟုတ်"

"အိပ်တော့ အားမငယ်နဲ့ တက်တက်ကြွကြွနေပါကွယ်၊ လင်းလေးက စိတ်သဘောထားကောင်းပါတယ် ... အမေသုံးဖို့ မုန့်ဖိုးလာပေးတာပဲ ..."

အမေ့ကိုတော့ မကြာခဏ လင်းဉာဏ်က ပိုက်ဆံပေးတတ်သည်။ အမေက မေမေသွင့်ကို အသိပေးပြီးမှ ယူ၏။ အဲဒီပိုက်ဆံတွေကို အမေက စုဆောင်းထားသည်။





"မသွင်ကလည်း ကြယ်လေးကို သမီးလေးအရာထားတာပါ၊ သူက သမီးလိုချင်တာလေ ... လင်းက ငယ်ငယ်လေးထဲက သမီးကို မသွင်ချစ်လို့ မနာလိုနေတာလေ ..."

"အင်းနော်"

"အိပ် ... အိပ် ... အမေလည်းအိပ်တော့မယ် ... မသွင်ကို ညတိုင်း အနှိပ်နဲ့ကျေးဇူးဆပ်နေတာပါကွယ် ... မသွင်က မနိုင်းပါဘူး"

ထားမေဘဝမှာ သမီးလေး ပညာတတ်ဖြစ်ဖို့ အဓိကဖြစ်သည်။ အိမ်ရှင်တွေ ကျေနပ်စေရန် ထားမေအစွမ်းကုန်လုပ်နေနေခဲ့၏။ မသွင်ကိုတော့ ကျေးဇူးရှင်ဖြစ်နေလို့ ညစဉ် နှိပ်နယ်ပေးသည်။

"အမေလည်း အိပ်တော့ ... ကြယ် နေတတ်ပါတယ်အမေရာ ... ဒီလိုအိမ်ရှင်တွေမို့ ကြယ့်ကိုကျောင်းတက်ခွင့်ပေးထားတာ၊ ဘယ်လောက်ကျေးဇူးတင်ဖို့ ကောင်းလဲနော်"

"လိမ္မာလိုက်တာကွယ်"

အမေက ကျေးဇူးတရားကို သိတတ်စေချင်သည်။ လင်းဉာဏ်က ကြယ်ဖြူ့ကိုပဲ နှိပ်စက်နေတာပါ။ အမေ့ကိုတော့ ချစ်၏။ စားစရာတွေဆိုရင်လည်း လာလာပေးတယ်။ ဒေါ်လေးထားနို့ကို သူငယ်ငယ်က စို့ခဲ့လို့တဲ့။ အမေက မတိုက်တာတောင် လင်းဉာဏ်က အတင်းပူဆာပြီး စို့တတ်သည်။ ကြယ် အိပ်ပျော်သွား၏။ နေမြင့်



www.burmeseclassic.com

www.burmeseclassic.com



မှ နိုးသွားသည်။

"ဟင် ... ကြယ် အရမ်းအိပ်သွားတာပဲ အမေ ... ဘာဖြစ်လို့ မနိုးတာလဲ ... ကြယ် နေကောင်းပါပြီ"

အမေက ကြယ် နေမကောင်းဖြစ်နေမလားလို့ မနှိုးခဲ့ပေ။ မနေ့က အားဆေးသွင်းပေးထား၍ ကြယ် အင်အားတွေပြည့်နေသည်။

"အမေ ... ကြယ်ဖြူ ဘာဝိုင်းလုပ်ပေးရမလဲဟင်"

"မရှိတော့ဘူး ... သမီးလေး ကျောင်းသွားဖို့ပဲပြင်တော့၊ နေရောကောင်းရဲ့လား ... ခွင့်ယူမလား"

"ဟင့်အင်း ... နေကောင်းပါတယ်၊ ကျောင်းမပျက်ချင်ဘူး"

"အဲဒါဆိုလည်းပြင်တော့ ... မနက်စာ အဆင်သင့်ပြင်ထားတယ်၊ အမေ ထမင်းဗူး ပြင်လိုက်ဦးမယ်နော်"

"ဟုတ်"

စနေ တနင်္ဂနွေ နှစ်ရက်ကျောင်းပိတ်ထားတုန်း ကြယ်ဖျားတာပါ။ လင်းညာဏ်ကြောင့်ပဲ ... တော်ပါပြီ လင်းညာဏ်အကြောင်းတွေ ကြယ် မစဉ်းစားတော့ဘူး။ သူမ ကျောင်းဝတ်စုံကိုလဲနေသည်။

"ကြယ်ဖြူ"

"အမေ့ ..."

အခန်းဝကနေ သူမနာမည်အား အသံကျယ်ကြီးနှင့်ခေါ်





...တ်၍ ကြယ်ဖြူ လန့်သွားသည်။ လှည့်ကြည့်လိုက်တော့ လင်းညာဏ်။ သူလည်း ကျောင်းဝတ်စုံဝတ်ထား၏။ ဘာဒုက္ခပေးဖို့ ...ရောက်လာပြန်တာလည်း မသိဘူး။ အသံမပေး ဘာမပေးနဲ့ ကြယ် ... တပျာကယာ အင်္ကျီကြယ်သီးတွေကို တပ်ရသည်။

"ငါကိုတွေ့လိုက်တာနဲ့ သရဲတစ်ကောင်နဲ့ ရင်ဆိုင်လိုက်ရ ...လို နင့်မျက်နှာက ဘာဖြစ်သွားရတာလဲ ... သွေးဆုတ်နေပြီ"

"ရုတ်တရက်ဆိုတော့ လန့်သွားတာပါ လင်းညာဏ်ရယ် ... ...တိစ္ဆရှိလို့လဲ ... ပြောပါ ... "

လင်းညာဏ် တကယ်တော့ ကြယ်ဖြူ နေကောင်းပြီလားဆို ...ာ လာကြည့်တာပါ။ ကျောင်းတောင်တက်မယ်ဆို၍ သူ စိတ် ...အေးသွားရသည်။ ဒီနေ့ အန်တီလေးသော် မအားဘူး။ ဒရိုင်ဘာနှင့် ...င်းညာဏ် နှစ်ယောက်ထဲ ကျောင်းသွားရမည်ဖြစ်၍ ကြယ်ဖြူအား ...ခေါ်ခြင်းဖြစ်၏။ အကြောင်းပြချက်က သူ့ကျောပိုးအိတ်သယ် ...ပေးရန် ဖြစ်သည်။

"လာ ... အတူတူသွားမယ်၊ ငါ့ကျောပိုးအိတ်ကို နင်သယ် ...ပေးရမယ်"

"ကြယ် မနက်စာ စားဦးမယ် ... ထမင်းဗူးလည်းယူရဦး ...မယ်လေ"

"ဘာမှမယူနဲ့တော့ ... လာစမ်းပါ ... "

"နေပါဦး လင်းညာဏ်ရယ် ... အမေ့ကိုပြောရဦးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အမေ ထွက်လာသည်။ ထမင်းဗူးကိုကမ်းပေးရင်း လင်း
ညဏ်က သူခေါ်သွားမယ်ဆိုပြီး ကြယ်လက်လေးကို ဆောင်ဆွဲ
လျှက် အပြင်ထွက်တော့ အမေ ဒီအတိုင်းပဲ ရပ်ကြည့်နေရသည်။

"ရှေ့ ... လွယ်အိတ်လွယ် ... အချောင်နိုဖို့တော့ မစဉ်းစား
နဲ့နော် ကြယ်ဖြူ"

သူက ကြယ်ဖြူ့ပခုံးမှာ သူ့ကျောပိုးအိတ်ကို လာချိတ်သည်။
ကြယ်ဖြူ့လွယ်အိတ်ရော နှစ်အိတ်လွယ်ရ၏။ တော်ပါသေးရဲ့ ...
လင်းညဏ်အိတ်က မလေးလို့။

"တက် ကားပေါ် ... ဦးလေးတို့ မောင်းတော့ ... ဒီကောင်
မလေးက ဖျားချင်ယောင်ဆောင်ပြီး အပါးခိုချင်နေတာသိလား"

တကယ်တော့ ကြယ်ဖြူ့ကို သူကားနှင့်ခေါ်သွားချင်လို့ပါ
ဘတ်စ်ကားဂိတ်မှာ ကြယ်ဖြူတစ်ယောက်ထဲ။ ကျောင်းက နည်း
နည်းဝေးတယ်။ ကြယ်ဖြူ ဘတ်စ်ကားနှင့်သွားရမှာ လင်းညဏ်
စိတ်ပူသည်။ နင်ကဖျားပြီးကာစ အားနည်းနေမှာပါ ကြယ်ရယ်
ငါ့စေတနာတွေကို တစ်မျိုးမထင်နဲ့နော်။ အင်းလေ ... တစ်နေ့နေ့
မှာတော့ လင်းညဏ်စဉ်ရဲ့ စေတနာတွေကို နင်သိလာမှာပါဟာ
ကြယ်နှင့်သူ ဘဝအဆင့်အတန်း ကွာခြားလွန်းနေကြတာကိုပဲ သူ
မကျေမနပ် အဖြစ်ရဆုံးပင်။ သရဖီဘဝမျိုး ကြယ်ဖြူပိုင်ဆိုင်ထားရင်
ဘယ်လောက်ကောင်းမလဲ။

"ဦးလေးတို့ ... ဒီမှာပဲရပ်ပေးပါ၊ ကြယ်ဖြူ လွယ်အိတ်လွယ်





လမ်းလျှောက်နိုင်းရမယ် ... နည်းနည်းလေး ပုံစံပေးမလို့"

"ကောင်းပါပြီကွယ် ... ကြယ်လေးက သိပ်နေမကောင်း
သေးဘူးလေ ... တော်ကြာ လမ်းမှာ မူးလဲကျသွားဦးမယ်"

"ရပါတယ် ... အလကားမာယာတွေများနေတာ ... လင်း
မှာကြောက်လို့ ဒါကြောင့် တမင်နိုင်းပေးတာ"

ဒရိုင်ဘာဦးလေးတို့ကို ခပ်တင်းတင်းပြစ်ပြောက်လိုက်
၍ လင်းညဏ်ကိုကြောက်ပြီး ပြန်သွားသည်။

"ပေး"

"ဘာလဲ"

"ငါ့ကျောပိုးအိတ်"

"ဘာဖြစ်လို့လဲ ... ကြယ်ဖြူ လွယ်ပေးပါ့မယ်၊ ပေ့ါပေ့ါလေး
... "

ကြယ်ဖြူလည်း လင်းညဏ် ဘာတွေထပ်ပြဿနာရှာဦး
မလဲ ကြောက်ပြီး သူ့လွယ်အိတ်ကို မပေးရဲပေ။ သူက အတင်းလုယူ
သည်။

"ပေးစမ်းပါ ... လာထိုင် ... ကျောင်းတက်ဖို့လိုသေးတယ်"

"ဘာ ... ဘာလုပ်မလို့လဲဟင်"

ကြယ်ဖြူက သွေးဆုတ်ဖြူရော်စပြုနေတဲ့ မျက်ဝန်းလေး
တွေနှင့်ကြည့်ပြီး ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေ၍ ကြယ့်လက်လေး
ကိုဆွဲ၍ ကျောင်းရှေ့က ခုံတန်းလေးမှာထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်"

"လင်းညက်"

"ဘာတွေလဲ"

"ငှက်သိုက်ရည်"

"ဟင် ... "

"နင် အားမရှိဘူးမဟုတ်လား ... ငှက်သိုက်က အရမ်းအားရှိတယ်၊ နင့်ကိုတိုက်မလို့ ... "

"မသောက်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"အနိတီလေးသော် သိသွားရင် ကြယ့်ကိုဆူလိမ့်မယ်၊ ငှက်သိုက်ကအရမ်းအဖိုးတန်တာ ကြယ် သိပါတယ် ... ပြီးတော့ ကြယ်လည်း ဒီလောက်အထိ အားယုတ်နေတာမှ မဟုတ်တာ"

"စကားများမနေနဲ့ ... ငါက သောက်ဆိုသောက်နော်၊ မသောက်ရင် ငါ့အဆိုးမပြောနဲ့ အတင်းတိုက်မှာ ... "

ကြယ်ဖြူ့ခန္ဓာကိုယ်လေးအား သိုင်းဖက်တော့ဟန်ပြင်လိုက်သဖြင့် ကြယ်ဖြူ အထိတ်တလန့်နှင့် သူပေးတဲ့ငှက်သိုက်ရည်ကို ယူသောက်ပြစ်လိုက်ရသည်။

"ရှော ... ဒါစား"

"ဘာတွေလဲ"

"မေးပြန်ပြီ ... နင်မှ မနက်စာမစားရသေးတာ ... ဒီးနတ်"





"အဲဒီလို အကောင်းစားတွေကိုမှ ငါမကြိုက်တာ"

"စားနော်"

"ပေး ... ပေး ... စားမယ်"

ကျောင်းချိန်စောနေသေးတာကို အတင်းခေါ်လာပြီး ကြယ်စိတ်ညစ်သည်။ သူကျွေးတာတွေလည်း မစားချင်။ စားစရာတွေအရသာချိုမြိန်နေပေမယ့် ကြယ်ဖြူကတော့ ဘာပြဿနာတက်လဲဆိုတာ တထိတ်ထိတ်။

"စားစမ်းပါ ... နင် အားမရှိရင် ငါ့အလုပ်တွေ လုပ်ပေးနိုင်မှာ မဟုတ်လို့ကျွေးတာ"

"ကြယ်ဖြူ အားရှိနေပါပြီ၊ လုပ်ပေးနိုင်ပါတယ် ... လင်းညက်ရယ် နော် ... အတန်းဆီသွားမယ် ... "

"နေဦး ... "

"ဘာခိုင်းစရာရှိသေးလို့လဲ"

"ခဏ"

လင်းညက်က ထိုင်နေချင်သေးသည်။ ဒီလိုနေချင်လို့ အနိတီလေးသော် မရှိတုန်း ကျောင်းချိန်အစောကြီးထွက်လာခဲ့ခြင်းဖြစ်သည်။

"ကြယ်"

"ဟင်"

"ပြုံးစမ်းပါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ငါ ကြည့်ချင်လို့"

ကြယ်ဖြူ ဒေါပြစ်ချင်လောက်အောင်ပင် စိတ်ညစ်နေ
သည်။ မရယ်ချင် ... လင်းဉာဏ် အပြုအမူတွေက အနိုင်ကျင့်
သလိုကြီး။

"ရယ်ပြစမ်းပါ၊ နင့်အပြုံးလေးတွေက ချစ်စရာကောင်းလို့

ကြယ်ဖြူကို တမင်သက်သက်လာပြီး အရယ်ခိုင်းနေခြ
ဖြစ်သည်။ နေမကောင်းလို့ အားနည်းနေတာကို မညှာမတာ လွ
အိတ်အလွယ်ခိုင်းနေ၏။ ကြယ်ဖြူ မရယ်ချင်။ အပြုံးလေးတော
မရ၊ ထိုင်ပြီးသာ ငိုချင်ဖြစ်ချင်လာသည်။

"ရယ်လေ ... စိတ်ညစ်နေတဲ့မျက်နှာကြီးက ကျက်သ
မရှိဘူးနော် ... အရမ်းမရယ်ချင်ရင်တောင် နည်းနည်းလေးပြုံးပြ

ကြယ်ဖြူ မျက်နှာ ညှိုးညှိုးနွမ်းနွမ်းလေးကို လင်းဉာဏ်
မကြည့်ရက်။ အပြုံးလေးကို မြင်ချင်၍ ပြုံးပြစမ်းပါဟုပြောနေပေမယ့်
ကြယ်ဖြူက မပြုံးပြ။ ပို၍မှုံတဲ့တဲ့လေး ဖြစ်နေပြန်သည်။ ကြယ်ဖြ
ကိုပွေ့ဖက်ချော့ပြစ်ချင်ပေမယ့် သူ့မှာသတ္တိမရှိ။

"ဟင်"

ကားတစ်စီးက ကျောင်းဝင်းထဲဝင်လာသဖြင့် သူတွေ့ဖူး
တယ်လို့ ကြည့်လိုက်တော့ သရဖီ ဖြစ်နေသည်။

"သရဖီ ကျောင်းစတက်ပြီပဲ ... မဖြစ်ဘူး ကြယ်ဖြူကိုထ





ခဲ့မယ် ... ပြဿနာပဲ အနက်တီသော်ကို ပြန်တိုင်လိမ့်မယ် ဒုက္ခ"

လင်းဉာဏ် တွေးမိပြီး ကျောပိုးအိတ်ကိုကောက်ယူကာ
ကြယ်ဖြူ့အနားကနေ ထွက်လာခဲ့ပြီး သရဖီကားရပ်တဲ့အနားထွက်
လာခဲ့သည်။ ကြယ်ဖြူ့ကို လှည့်မကြည့်နိုင်။ ဖြစ်ချင်ရာဖြစ် သရဖီ
နှင့်တွဲပြီး လင်းဉာဏ် ကျောင်းခန်းထဲ ဝင်လာခဲ့သည်။

♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၄ )

"လင်းညက် ... ကောင်စုတ်၊ သူဌေးသမီးကားလည်း တွေ ရော ပြေးသွားလိုက်တာ ... နင် တော်တော်အဆင့်အတန်းခွဲခြာ တာပဲ"

ကျောပိုးအိတ်လွယ်ပြီး ကျောင်းထဲလမ်းလျှောက်မဝင်ရတာ ဘဲ ကံကောင်းတယ်။ အမေလေး ပင်ပန်းလိုက်တာ။ သူမ ထပြီးတ ယောက်ထဲ လမ်းလျှောက်လာခဲ့သည်။ ကြယ်ဖြူ လမ်းလျှောက် နေကျပါ။ ဘတ်စ်ကားပဲစီးပြီး ကျောင်းတက်သည်။ ငယ်ငယ်က တော့ အမေ လိုက်ပို့ပေးသည်။ ကြယ်ဖြူ ခုနစ်တန်းရောက်မှ ကိုယ် ဟာကိုယ် ဘတ်စ်ကားနှင့် ကျောင်းတက်ရသည်။

"ငယ်ငယ်လေးထဲက သမီးကြယ် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် အမေလေ့ကျင့်ပေးတာ၊ အရာရာသတ် ဝိရိယနဲ့ သွားလာနော်"

ကြယ်ဖြူ အမေ့ကိုချစ်သည်။ စိတ်ချမ်းသာစေချင်သည်။





အသိတရားတွေနှင့် ဆင်ခြင်နေထိုင်ခဲ့၏။ လင်းညက် ညှင်းပန်းနှိပ် စက်ခဲ့တာတွေ တစ်ခါတစ်ရံ အမေ မသိပေ။ ကြယ် တစ်ယောက် ထဲ ကြိတ်မှိတ်ခံစားရင်ဆိုင်လာခဲ့သည်။

"သူဌေးသမီးကိုများ ပစ္စည်းတွေဝိုင်းကိုင်ပေးနေတာပါလား၊ အမျိုးကျတော့ လက်ကျောတင်းတယ် ... ဟုယာကိုခတ်နေတာပဲ"

လင်းညက် တစ်ယောက် သူဌေးသမီးချောချောလေးအနား မှာ ဟုယာခတ်နေသည်။ အန့်တီလေးသော် ပြောနေသံ ကြယ် ကြားရတာက ချမ်းသာတယ်တဲ့ ... တစ်ဦးတည်းသော သမီးလေး တဲ့။ လင်းညက်နှင့်ရည်မှန်းထားသည်တဲ့လေ။ ကြယ်ဖြူက ရည်မှန်း ထားတာ ဘာလဲလို့မေးတော့ အမေက အဲဒီသူဌေးသမီးနဲ့ လင်း ညက်တို့ အသက်အရွယ်ကြီးလာရင် ပညာတွေစုံပြီးရင် လက်ထပ် ပေးဖို့ပြောတာတဲ့။ လင်းညက်နဲ့သူဌေးသမီး လက်ထပ်ပါစေ။ ဒီကောင်နဲ့ အဝေးဆုံးမှာ ကြယ်ဖြူ နေချင်သည်။

"သူဌေးသမီးမှာ အလုပ်သမား အစေအပါးနှစ်ယောက်ပါ လာတာတောင် လင်းညက်ပစ္စည်းတွေ ဝိုင်းသယ်ပေးနေသေးတယ် မုန်းလိုက်တာ ... "

ကြယ်ဖြူရဲ့ စာသင်ခန်းက လင်းညက်တို့ အတန်းရှေ့ကနေ ဖြတ်သွားရမည်ဖြစ်သည်။ သူမ ခေါင်းလေးငုံ့ပြီး လျှောက်လာခဲ့၏။ လင်းညက်ကလည်း နှုတ်မဆက်ပေ။ ကောင်းတယ် ... သူ့အ ကျောခိုင်းရှုပင် နေသေးသည်။

"မြန်မြန်အသက်တွေကြီးပြီး မြန်မြန်ယူသွားကြပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ဖြူ ဖြတ်သွားတာကို လင်းဘုတ်သိနေသည်။ စိတ်မကောင်းပါဘူး ကြယ်ဖြူရာ ... မတတ်သာလို့ပါ။ ငါ့ကြောင့်မဟုတ်ဘူး ... နင့်ကြောင့်ပဲ ကြယ်ဖြူ သိလား။ သရဖီကို ငါလုံးဝပတ်သက်ချင်တာ မဟုတ်ပါဘူးဟာ။ နင့်ကို တယုတယ မုန့်တွေကျွေးနေတာ သရဖီတွေ့သွားရင် အန်တီလေးသော်ကို ပြန်ပြောမှာကြောက်၍ ကြယ်ဖြူကို ပြစ်ထားခဲ့ခြင်း ဖြစ်သည်။

"လင်း"

"ဟင်"

"ဘယ်သူ့ကို ကြည့်နေတာလဲ သရဖီခေါ်နေတာတောင် မကြားဘူး ..."

"ဟုတ်လား ... လင်း အသိတစ်ယောက်နဲ့တူလို့ လိုက်ကြည့်နေတာလား"

"ဟိုကောင်မလေးကို မဟုတ်လား"

"ဘယ်ကောင်မလေးလဲ ..."

"ဟိုမှာ"

"ဟာ"

ကြယ်ဖြူကို လက်ညှိုးထိုးပြနေတာကို တွေ့လိုက်ရ၍ ထိတ်ခနဲ ဖြစ်သွားရသည်။

"မဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ သရဖီ သိပါတယ်နော် ... ကောင်မလေးကိုကြည့်ရတာ ခပ်နုံနုံ မွဲမွဲထဲကပဲထင်တယ် ... ချောတာ





တော့ချောတယ်"

"ဘာပြောတယ် သရဖီ ... သူများကို ကဲ့ရဲ့ရှုံ့ချစရာ မလိုဘူးနော် ... အဲဒါ စိတ်ဓာတ်အောက်တန်းကျတယ်"

"ကြည့်စမ်း ... လင်းစကားက ဘာလဲ၊ သရဖီကို စိတ်ဓာတ်အောက်တန်းကျတယ်လို့ပြောတာလား ... အန်တီလေးသော်ကို ပြန်တိုင်ရမယ်"

"မဟုတ်ပါဘူး ... လင်းက အဲဒီလိုပြောရင် မကြိုက်လို့ပါ။ တောင်းပန်ပါတယ် သရဖီရယ်နော် ... "

"လင်းလေသံကြီးက ဒေါသတကြီးနဲ့ မာထန်နေတာပဲ ... သရဖီကို အပေါ်စီးကနေ ပြောဆိုဆက်ဆံတာမျိုး မလုပ်ပါနဲ့"

"ကောင်းပါပြီ သရဖီရယ် ... လင်း နောက်ထပ်မလုပ်တော့ပါဘူး"

လင်း အနူးအညွတ် တောင်းပန်လိုက်ရသည်။ ကြယ်ဖြူကြောင့်ပါ။ သရဖီကို လင်း လုံးဝမနှစ်သက်ပါ။ မာန်မာနကြီးပြီး မောက်မာလွန်းနေသည်။ ဒါပေမဲ့ ... ကြယ်ဖြူကို အထိခိုက်မခံစေလို၍ သရဖီကို တောင်းပန်လိုက်ခြင်းဖြစ်သည်။

"လင်း"

"ပြော"

"ရော့"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောပိုးအိတ်လေ ... လင်းသယ်ခဲ့"

"အတန်းထဲရောက်နေပြီပဲ ... "

"တမင် ဒဏ်ပေးလိုက်တာလေ၊ စောစောက စကားတွေအတွက် ... "

လင်း ငြင်းလို့မရတော့။ ဝန့်လည်ပြီထင်တယ်။ ရန်တွေဆက်မဖြစ်ချင်သဖြင့် သရဖီ လွယ်အိတ်ကိုလွယ်၍ အတန်းထဲဝင်ခဲ့သည်။

"ဟေ့ လင်းဉာဏ်စဉ် ... ဘယ်လိုလဲကွ၊ ကိုယ်ရံတော်တစ်မျိုးလေးလား၊ အခြွေအရံလား အစေအပါးလား ... "

"ဘာပြောတယ်ကွ"

သူငယ်ချင်းတွေက စနောက်နေကြသဖြင့် လင်း ဒေါသတွေအကြီးအကျယ် ပေါက်ကွဲသွားရသည်။

"လင်း ရန်မဖြစ်နဲ့လေ ... စနောက်နေတာပဲ ဘာဖြစ်လဲ"

သူ့ကို အစေအပါးဟု နောက်ပြောင်နေတာကို သရဖီက ကျေနပ်နေသည်။ လင်း ဒေါသတွေထွက်နေပေမယ့် သရဖီနှင့်သင့်မြတ်စေရန် သည်းခံနေရသည်။

"သရဖီနှယ် ... အရမ်းလှတယ်၊ လင်းဉာဏ်စဉ် ဒါကြောင့်ဗျာယာခတ်အောင် လုပ်ပေးနေတာပဲ အနားပြော ... "

"တောက်"

"လင်း ... ဒေါသထွက်မနေနဲ့၊ သရဖီက ရန်ဖြစ်တာ အောက်





တန်းကျတယ်လို့ထင်တယ်"

လင်းဉာဏ်စဉ် ခံစမ်း။ ကြယ်ဖြူ့အပေါ် မင်းအနိုင်ကျင့်ခဲ့သမျှလေ ကြယ့်အတွက်ပါ။ လင်းဉာဏ်စဉ်ဆိုတဲ့ကောင်က ဘယ်တော့မှ မိန်းမတစ်ယောက်ကို စိတ်မဝင်စားဘူး အောက်ကျမခံဘူး။ သရဖီကတော့ သူ့မအား ပိုင်းဝန်းချီးမွမ်းမြှောက်စားနေကြ၍ ပီတိတွေဖြာနေတာကို လင်း အမြင်ကတ်လာသည်။

"ကြယ့်အတွက်ပါ ... နင့်ပညာရေးအတွက် နင့်ဘဝအနာဂတ်အတွက် နင့်ရဲ့ အသက်ရှင်နေထိုင်ရေးအတွက်ပါ"

ကြယ့်ကို သတိရနေမိသည်။ သူ့ကို မုန်းတီးသွားတော့မယ်။ ကြယ် ဘယ်တုန်းကမှ သူ့အပေါ် ချစ်ခင်နှစ်သက်သော အမူအရာတွေ မပြခဲ့။ ကြယ် နာကြည်းနေသည်။ သူ ထမင်းစားချိန် လွှတ်တော့ ကြယ့်ဆီ စားစရာတွေသွားပေးဖို့ စိတ်ကူးမိပြီးသွားဖို့ပြင်သည်။

"လင်း"

"ဟင်"

"လာ ... သရဖီတို့နှစ်ယောက် နှစ်ယောက်အတူတူစားမယ်"

"ဟာ ... မဖြစ်ဘူး သရဖီ၊ ငါ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ ခဏသွားရမယ်"

"လင်း စကားပြောတာ ယဉ်ကျေးမှုရှိစမ်းပါ ... ဘာလဲ ဒါ လုံးဝအဆင့်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ကြယ်ဖြူနှင့်ပြောတာ အကျင့်ပါနေသည်။ အမြဲတမ်း နင်နဲ့ငါဟု ပြောနေကျပါ။ သရဖို့ကို အမြင်ကတ်လာ၏။ လင်း ဘာမှ တုန့်ပြန်ပြောမနေတော့ဘဲ ထွက်လာခဲ့သည်။ ကြယ်တစ်ယောက်ထဲ ထိုင်နေ၏။ ထမင်းဗူးလေးတော့ ပါလာသည်။

"ကြယ်ဖြူ"

"ဟင် ... လင်းဉာဏ် ဘာလာလုပ်ပြန်ပြီလဲ"

"နင့်ကို စားစရာတွေလာပေးတာပဲ"

"မလိုပါဘူး ... ငါ့မှာပါတယ်"

"ပြစမ်း ... နင့်ထမင်းဗူးက ဘဲဥကြော် မဟုတ်လား"

သူ အတင်းအကြပ် အစောကြီးခေါ်လာ၍ ဒေါ်လေးထားမေ စားစရာစီစဉ်ပေးနိုင်မည်မဟုတ်။ ကြယ်ဖြူ့ထမင်းဗူးမှာ ဟင်းကောင်းဆိုတာ မပါခဲ့။ စည်းကမ်းရှိကြသည်။

"လင်းဉာဏ် နင်လာပေးနေတာ အန်တီလေးသော် သိသွားရင် ငါ့ကိုရိုက်မှာနော် ... ငါ့အဆင့်နဲ့ငါ နေပါရစေ"

လင်းဉာဏ်က သူဌေးသမီး ကျောင်းသူအသစ်ကို ပျော်ယာခတ်အောင် လုပ်ပေးနေသည်။ အဆင့်အတန်းခွဲခြားလွန်းတဲ့ကောင်ပဲ။

"စကားတွေပြောမနေနဲ့ ... ငါပေးတာယူ၊ ပြီးတော့ စား။ နင် အားရှိမှဖြစ်မှာနော်"

ငါသိပါတယ် လင်းဉာဏ်။ နင် ... ငါ့ကိုခိုင်းစေဖို့ အားအင်တွေပြည့်ဝနေစေချင်တာ မဟုတ်လား။ ကြယ် မယူချင်။ လင်း





ဉာဏ်နဲ့လည်း အပေးအယူမှာနေချင်သည်။

"ကြယ် ... နင် လက်မခံဘူးလား"

"ပေး ... ပေး ... "

"စားနော် ... "

"စားမယ်"

"ငါ သွားတော့မယ် ... အားရှိအောင် လာကျွေးတာနော်၊ မေမေကမှာထားလို့ ... နင့်ကို ထပ်နှိပ်စက်နေရင် ခွင့်မလွှတ်ဘူးတဲ့"

ကြယ် ဘာမှတုန့်ပြန်ပြောဆိုမနေတော့ဘဲ သူပေးတဲ့စားစရာတွေကို ယူလိုက်သည်။ မြန်မြန်သွားပါစေ ... ကြယ် မုန်းသည်။ လင်းဉာဏ် လာပေးတဲ့ဗူးကို ဖွင့်ကြည့်လိုက်တော့ ဟင်းတွေ။ သူ သတ်သတ်ထည့်ယူလာပုံပင်။ ခထူးတော့ပါဘူး မစားပြန်ရင်လည်း ကြယ့်ကို ပြဿနာရှာဦးမည် ဖြစ်သည်။

"အမေပြောတာ မှန်ပါတယ်၊ ကြယ် သည်းခံပြီးကြိုးစားရမယ် ... ကြယ့်ဘဝ လောကားထစ်တွေက ခနော်ခနဲ့ အခက်အခဲတွေ ရောပြွမ်းနေရင်လည်း ကြယ် တက်လှမ်းရမှာပဲ"

ကြယ်ဖြူ အမြဲတမ်း အနစ်နာခံလျက် သူ့ဘဝကို သူ လက်ခံခဲ့သည်။ အစေအပါးသမီး ဟုတ်တာပဲလေ။ ကြယ်တို့ဆွေမျိုးစဉ်ဆက်က အိမ်စေမျိုးရိုးပဲ။ လင်းဉာဏ်က သူဌေးသား။ နိမ့်ချဆက်ဆံခံရတာ အဆန်းလား။ ကြယ် မခံချင်စိတ်တွေနှင့်ပညာရေးမှာ ထူးချွန်စေရန် ကြိုးစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ အားရှိအောင်တော့ စားရမယ် ... သို့ နှိမ်စက်နေတာ"

လင်းညာဏ် ပေးတဲ့စားစရာတွေကို ကြယ်စားပြစ်သည်။ သူမဘဝ တစ်နေ့နေ့မှာ ချမ်းသာကြွယ်ဝစေရမယ်။ လုပ်ငန်းရှင်မကြီးဖြစ်ရမယ်။ လင်းညာဏ် နင်အထင်သေး အနှိမ်ခံဘဝ ငါမလွဲမသွေ လွတ်မြောက်ရမယ်။

ညနေ ကျောင်းဆင်းတော့ ကြယ်တစ်ယောက်ထဲ ဘတ်စ်ကားဂိတ်ကို လမ်းလျှောက်လာခဲ့သည်။ လင်းညာဏ်စဉ်ကိုတွေ့သည်။ အနဲ့တီလေးသော်ပါ လာကြိုနေ၏။ သူ့ရွှေသမီးကို အနဲ့တီလေးသော်ကိုယ်တိုင် သည်းသည်းလှုပ်လှုပ် နှုတ်ဆက်စကားတွေကို ကြယ် ဖြတ်သွားရင်း ကြားနေရ၏။ အင်းလေ ... လင်းညာဏ်နှင့် အနဲ့တီလေးသော်တို့က အဆင့်အတန်းခွဲခြားနေသူတွေပါ။ ကြယ် ဘတ်စ်ကားဂိတ်ကို ရောက်လာသည်။

"အမလေး ... ကားတွေကလည်း မလာဘူး၊ ဘတ်စ်ကားဂိတ်မှာ လူတွေအများကြီးပဲ"

ဘတ်စ်ကားဂိတ်မှာ ခရီးသည်တွေများနေသည်။ အမေက ကြယ့်ကို အရာရာတစ်ယောက်ထဲ နေထိုင်သွားလာတတ်စေချင်ခဲ့၏။ အမေမရှိလျှင် ကြယ်လေးတစ်ယောက်ထဲ မျက်စိသူငယ် နားသူငယ် အားငယ်နေမှာစိုးရိမ်လို့တဲ့။ ပြီးတော့လည်း အမေက အိမ်မှုကိစ္စတွေနှင့် ကြယ့်ကို တယုတယ လုပ်ပြနေလျှင် အနဲ့တီလေးသော်က မကြိုက်။ ရန်လုပ်နေတတ်၍လည်း အမေက ကြယ့်ကို လုံးဝဦးစားမပေးခဲ့။ ကြယ် ဘတ်စ်ကားဂိတ်မှာရပ်နေတုန်း လင်း





ညာဏ်တို့ကား ဖြတ်သွားတာ တွေ့လိုက်သည်။

"နင်တို့တူအရီးမှာ အကြင်နာတရား လုံးဝမရှိကြဘူး၊ ငါက နင်တို့အိမ်က အစေအပါးပဲဖြစ်နေပါစေဦး ... လမ်းကြုံတော့ ခေါ်သွားသင့်ပါတယ် လင်းညာဏ်"

လင်းညာဏ်စဉ်က ပိုဆိုးတယ်။ ကြယ့်ကို လှည့်၍ပင် အရေးအရာလုပ်ပြီး မကြည့်ခဲ့။ ဘာဖြစ်လဲ ... ငါ့ဘဝကို ငါ့ခြေထောက်နဲ့ ရပ်တည်နိုင်အောင် ငါကြိုးစားပြမယ်။

စောင့်ကြည့်နေပါ လင်းညာဏ်စဉ်။

"ဟော့ကောင်မလေး ... တို့ကားနဲ့လိုက်မလား၊ နင်တို့ခြံနဲ့ နီးတယ်လေ"

"ဟင်"

သူ့ကို သူမ သိနေသည်။ ကြယ်တို့ခြံနားက ကောင်လေးပါ။ လင်းညာဏ်စဉ်နှင့် အတန်းတူပါ။ အခန်းတော့ မတူပေ။

"လာလေ"

"မလိုက်ဘူး"

"လာပါ ... ဘတ်စ်ကားဂိတ်မှာလူတွေအများကြီးပဲ၊ နင် ဘယ်အချိန်အထိ ရပ်စောင့်နေမှာလဲ"

"ရပါတယ် မလိုက်ဘူး ... ငါ ဘတ်စ်ကားနဲ့ပဲပြန်မယ်"

"နင်တော်တော်ခေါင်းမာတဲ့ ကောင်မလေးပဲ ကြယ်ဖြူ"

"ဟင် ... နင် ... နင်က ငါ့နာမည်ကိုသိနေတာ"

"သိပါတယ် ... နင့်နာမည် မေကြယ်ဖြူ၊ အတန်းက ခုနစ်



www.burmeseclassic.com

www.burmeseclassic.com



တန်း–အေး၊ စာတော်တယ် ... လင်းဉာဏ်စဉ်တို့အိမ်မှာနေတယ်

သူက ကြယ်ဖြူ့အကြောင်း တော်တော်လေးသိနေတာပါ ... ဒါပေမဲ့ ... သူတို့လို သူဌေးသားတွေနှင့် ကြယ်ဖြူ မပတ်သက်လိုပေ။ ရှုပ်ရှုပ်ယှက်ယှက် ကြယ်ဖြူမျက်နှာထားလေးနှင့် အကြည့်တွေက ပင် လွှဲပြစ်ထားသည်။

"ငါနာမည်က မင်းသုတ ... မှတ်ထားနော်၊ နှင် မလိုက်ချင် ရင်လည်း အတင်းမခေါ်တော့ပါဘူး ... မေကြယ်ဖြူရယ်နော်"

ကြယ်ဖြူ တုန့်ပြန်ပြောမနေတော့ဘဲ မျက်နှာလေးလွှဲပြီး ရပ်နေလိုက်သည်။ ဘတ်စ်ကားကလည်း ဒီနေ့မှ ဘာဖြစ်လို့မျာ မလာရတာလဲ။ ကြယ် စီးမယ့်ကားနံပါတ်က မလာပေ။ တခြ ကားနံပါတ်တွေပဲ လာနေသည်။ လူတွေက များများလာ၍ ကြယ် ဖြူ မတိုးနိုင်။ အမေတော့ စိတ်ပူနေမှာပဲ။ သူမ အားငယ်စိတ်ဖေ နှင့် မျက်ရည်တွေတောင် ဝဲချင်လာ၏။ မင်းသုတဆိုတဲ့ကောင်ကာ နဲ့လိုက်သွားရင် အကောင်းသားပဲ။ မတတ်နိုင်တော့ ... ကားလ စောင့်ရင်း ကြယ် ဘတ်စ်ကားပေါ်တိုးကြိတ်တက်လိုက်လာရသည်

♥

အခန်း ( ၅ )

"ကြယ်ဖြူ ဘာဖြစ်လို့ရောက်မလာသေးတာလဲ ... ဘတ်စ် ကားစောင့်ရပါစေဦး ... လာသင့်နေပါပြီ"

ကြယ်ဖြူ ရောက်မလာသေးသဖြင့် လင်းဉာဏ် စိတ်ပူနေ သည်။ အန်တီလေးသော်သာ လာမကြိုလျှင် ကြယ့်ကို သူ့ကားပေါ် တင်ခေါ်ခဲ့ပါတယ်။ နှင် ဘာဖြစ်လို့နောက်ကျနေရတာလဲ ကြယ်။ ဒါ အရမ်းစိတ်ပူနေပြီ။ လင်း အပြင်ထွက်လာခဲ့သည်။

"ကြယ် ရောက်မလာသေးဘူး၊ ဘာဖြစ်လို့ နောက်ကျနေ မှန်းမသိဘူး ... မမသော် ဘတ်စ်ကားစောင့်ရလည်း ဒီလောက် အထိတော့ မကြာသင့်ဘူးထင်တယ်နော်"

ကြယ်ဖြူ့အမေကလည်း စိတ်ပူနေသည်။ အန်တီလေး သော်က ရောက်လာမှာပေါ့ ဘာတွေသည်းသည်းလှုပ်နေတာလဲ ထားမေဟု ပြောက်ပြီး ဘုရားပန်းအိုးတွေ တိုက်ခိုင်းထား၏။ မေမေ မရှိဘူး ... အရောင်းအဝယ်ကိစ္စတွေနှင့် အပြင်ထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ လင်း ဘာမှစဉ်းစားမနေတော့ဘဲ ခြံထဲပြေးထွက်လာခဲ့၏ ဒရိုင်ဘာလည်း မတွေ့ပေ။ လင်း မောင်းတတ်တယ်။ ကားမှောင် သင်ထားပေမယ့် လင်းမှာ လိုင်စင်မရှိလို့ မမောင်းရသေးဘူး။ လင် ကားပေါ်တက်ပြီး စက်နှိုးကာ ခြံထဲကနေ မောင်းထွက်လာခဲ့သည်

"ဟင်"

ခြံနှင့်နည်းနည်းလှမ်းလှမ်းမှာ ကားတစ်စီးရပ်သွားပြီး ကြယ် ဖြူ ဆင်းလာသည်။ ဒီကားကို လင်းသိတယ်။ ဘီတန်းကကောင်ရဲ့ ကားပဲ။ ကြယ်ဖြူ နောက်ကျတာ ဒီကောင့်ကားနဲ့လျှောက်သွားနေ လို့ပဲဖြစ်မယ်။ လင်း ဒေါသတွေပေါက်ကွဲထွက်သွားရသည်။

"ကြယ်ဖြူ ... နင် ဘာလုပ်တာလဲ၊ နင့်အရွယ်နဲ့ဒီလောက် အထိ နန့်ပုံနေရလား"

"မဟုတ်တာတွေ လာပြောမနေနဲ့နော် လင်းညက် ... ဝ ဘတ်စ်ကားနဲ့လာတာ၊ လမ်းတစ်ဝက်မှာကားပျက်လို့ သူကကာ ကြုံလိုက်လာတာ"

"အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့ကြယ်ဖြူ ... ဒီကော ကားက အစောကြီးထဲက ကျောင်းကနေ မောင်းထွက်သွားတာ နင့်ကားပျက်နေတာနဲ့ လမ်းကြုံစရာ ဘာအကြောင်းမှမရှိဘူး"

"သူက ရောက်လာတာပဲ ... ငါအရမ်းမိုးချုပ်နေပြီ၊ အတင် ခေါ်လို့ လိုက်လာခဲ့တာပါ"

ကြယ်ဖြူ စီးလာတဲ့ ဘတ်စ်ကားက လမ်းတစ်ဝက်မှာပျ





သွားသည်။ နောက်ကားကို ထပ်စောင့်နေတုန်းမှ မင်းသုတကား လေးရောက်လာပြီး ကြယ်ဖြူကို အတင်းအကျပ်ခေါ်တင်လာခဲ့ခြင်း ဖြစ်သည်။

"လာခဲ့"

"နင် ... နင် ဘာလုပ်တာလဲ"

"နင် ကားပျက်တယ်ဆိုရင် နင့်ကားပျက်က အဲဒီနေရာမှာ ရှိနေရမယ် သွားကြည့်မလို့ ..."

"လင်းညက် ... အဓိပ္ပာယ်မရှိတာတွေ နင်မှကားမမောင်း တတ်တာပဲ ... ဒုက္ခဖြစ်မယ်၊ အန်တီသော် သိသွားရင်လည်း စိတ် ဆိုးမှာ၊ ငါတောင်းပန်ပါတယ်၊ ခြံထဲပြန်ဝင်ကြရအောင်ပါ"

ကြယ်ဖြူက လက်အုပ်လေးချီပြီး တောင်းပန်နေပေမယ့် လင်း မယုံနိုင်။ လက်မခံချင်။ ဒီကောင့်ကားနဲ့ လမ်းကြုံစရာ ဘာ အကြောင်းမှမရှိဘူး။ သူကိုယ်တိုင်သွားကြည့်ချင်နေသည်။

"ခြံထဲဝင်ကြရအောင်ပါ ... ကြယ်ဖြူ ဒီလိုရှုတ်ရှုတ်ယှက် ယှက်တွေ မလုပ်တတ်ပါဘူး၊ တကယ်ပါ ယုံပေးပါနော်"

ကြယ်ဖြူ ငိုပြစ်ချင်သည်။ လင်း ကားမောင်းတတ်ပေမယ့် အန္တရာယ်ကျရောက်နိုင်၏။ အန်တီလေးသော် သိသွားရင်လည်း အကြီးအကျယ် ပြဿနာတက်နိုင်တာ ကြယ်သိနေသည်။ လင်း ဆိုးလွန်းပါတယ်။ ကြယ်ဖြူ့အပေါ် မယုံမကြည်နဲ့ ဘာဖြစ်လို့များ ဒီလောက်အထိ ရန်ရှာချင်နေရတာလဲ။ အမေလည်း စိတ်ပူနေဘာ



www.burmeseclassic.com

www.burmeseclassic.com



မယ်။ အိမ်ရှင်တွေကိုကြောက်ပြီး ကြယ့်ကိုလိုက်မရှာရဲတာ ဖြစ်နိုင်သည်။

"ပြန်ဝင်ပါ လင်းညာဏ်ရယ်နော် ... ကြယ် မလိမ်ပါဘူး။ တကယ်ပါ ကားပျက်လည်းရှိပါတယ်၊ ကားပြောင်းပေးဖို့ လူတွေ တောင်ရှိပါသေးတယ်"

အန့်တီလေးသော် တွေ့သွားလျှင် ကြယ်ဖြူ့ကိုပဲ ဆူပူကြိမ်းမောင်းအပြစ်တင်နိုင်သည်။

"တောင်းပန်ပါတယ် ... ရှိခိုးပါတယ်၊ ကြယ်ဖြူ့ကို ကြိုက်သလို အပြစ်ဒဏ်ခတ်ပါ၊ ကားနဲ့တော့မောင်းပြီး သွားမကြည့်ဖို့နော်"

ကြယ်ဖြူက တောင်းပန်ခယလွန်းတော့လည်း လင်း သနားသွားသည်။ ခြံကြီးထဲ ပြန်ဝင်လာခဲ့၏။ ကြယ်ဖြူက ကားပေါ်ကနေဆင်းသည်။

"လင်း အရင်ဝင်သွားပါနော်"

"တောက် ... "

လင်း နင်ဒေါသဖြစ်စမ်းပါ။ ငါ့ကို အပြစ်ဒဏ်ခတ်ချင်နေတာ မဟုတ်လား။ ငါက နင့်လက်ခုတ်ထဲကရေပါ လင်းညာဏ်ရယ်။ တိုက်ကြီးထဲဝင်လာတော့ အမေက စိုးရိမ်တကြီး မေးဖြေက်သည်။

"ကြယ်ရယ် ... အမေစိတ်ပူလိုက်ရတာ ကားနောက်ကျလို့လား"





"ကားကလည်း စောင့်ရတယ် အရေးထဲ ကားပျက်သွားလို့ ... "

ကားပျက်လို့ အိမ်ပြန်နောက်ကျတာကို ကြယ်စိတ်မညစ်ပါဘူး။ လင်းညာဏ်ကြောင့်ပဲ တော်တော်ဒုက္ခပေးတဲ့ လင်းညာဏ်စဉ်။

"လာ သမီးလေး ... အမေစိတ်ပူလို့ သေတော့မယ် ကလေးရယ် ... "

ဒေါ်ထားမေ အခုမှစိတ်အေးသွားရသည်။ သမီးကိုယ်လေးအား တင်းကျပ်စွာပွေ့ဖက်ထားလိုက်၏။ သမီးလေး ငယ်သေးတယ်။ ဒါပေမဲ့ ... အရွယ်က ထွားကြိုင်းလွန်းနေသည်။

"ဟဲ့ ထားမေ ... ညည်းအလုပ်တွေပြီးပြီလား၊ ဒီကောင်မလေးက ဘာဖြစ်လို့နောက်ကျနေရတာလဲ အသက်ငယ်တယ်ဆိုပြီး စိတ်ချမနေနဲ့ဦးနော် ထားမေ ... "

"ကားပျက်သွားလို့တဲ့ မမသော်"

"ပြီးရော ... ညည်းအလုပ်တွေ ညည်းဆက်လုပ်၊ ကြယ်ဖြူ့ကို ကြမ်းတွေတိုက်ခိုင်းဦး ... "

"ဟုတ်ကဲ့"

မမသော်ကတော့ ထားမေတို့ကို လုံးဝမျက်နှာသာမပေးပေ။ အပြစ်မရှိ အပြစ်ရှာ၍ ဆူပူပြောဆိုချင်နေသည်။

"လာ ... သမီးလေး ... အဝတ်အစားတွေလဲနော်၊ ကြမ်းတိုက်နဲ့ဦး ... ညစာ အရင်စား ... "



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလေးသော်က ဆူနေဦးမယ်အမေ ... ကြယ်က ရပ တယ်"

ကြယ့်ကို လင်းညဏ်က အစားအသောက်ကောင်းတွေ ကျွေးထားသည်။

"ကြယ်လေ ... သမီး ... "

"ရပါတယ် အမေ ... ကြယ် လုံးဝဗိုက်မဆာပါဘူး"

ကြယ် ကြမ်းတွေတိုက်ဖို့အတွက် ဆေးနှင့်အဝတ်ဒုတ်တံကို ယူ၍ အပေါ်ထပ်တက်လာခဲ့သည်။

"ကြယ်"

"ဟင်"

"ကြမ်းတိုက်မလို့လား"

"ဟုတ်တယ်"

"တိုက်"

အန်တီလေးသော် ရှိနေ၍ လင်းညဏ် မတိုက်နဲ့ပြောမလို့ ဟာ ... မတတ်သာတဲ့အဆုံး တိုက်ဟုပဲ မာမာထန်ထန် ပြောပြစ် လိုက်ရသည်။

"ပြောင်နေအောင်တိုက်နော် ... အမှိုက်တစ်မှုန်လေးရှိနေ ရင်တောင် နင် ထိုင်ထအခါတစ်ရာပြန်လုပ်ရမယ် ကြားလား ... "

အန်တီလေးသော်က လင်းတို့အနားရောက်လာသည်။ ကြယ်စင် ခြေထောက်ကို လင်းကဝိတ်ကန်လိုက်သဖြင့် ခွေခွေလေး





လဲကျသွား၏။ ဖလင်း လွန်သွားတယ် ... ကြယ်ဖြူ့ကို ထူမ,ပေးမိ တော့မလို့ဟာ အန်တီလေးက ညစာစားမယ်ဟု လက်ဆွဲခေါ်သွား ၍ လိုက်သွားရသည်။

"လင်းညဏ် လူဆိုးကောင် စိတ်ပုတ်တယ် အရမ်းရက်စက် တာပဲ ... "

ကြယ် လဲကျရာကနေ ပြန်၍လူးလဲထလိုက်သည်။

"အား ... ကျွတ် ... ကျွတ် ခြေထောက်က နာလိုက်တာ၊ ကျိုးသွားပြီလားပဲ ... ကျောင်းဆင်းတုန်းက မကျေနပ်ချက်တွေ ကြောင့် အပြစ်ဒဏ်ပေးတာပဲဖြစ်မယ် ... အား ... ကျွတ်"

နဂိုထဲက အမေသန့်ရှင်းရေးလုပ်ထားပြီးလို့ ပြောင်လက် သန့်ရှင်းနေတဲ့ အိမ်ကြမ်းပြင်တွေပါ။ ကြယ် ဂရုတစိုက်ထပ်လုပ်ရ သည်။ ထိုင်ထအခါတစ်ရာ မလုပ်နိုင်။ အမေ ရောက်လာသည်။ သူမ ခြေသလုံးနာနေပေမယ့် အမေ့ကိုပြုံးပြ၍ အလုပ်တွေကို ဆက် လုပ်နေလိုက်၏။ အမေက ဝိုင်ကူပေးပြီး ရပ်တော့ဟုပြောသည်။

"သမီးလေး ရေချိုးပြီး ညစာစားရဦးမယ်လေ ... တော် လောက်ပါပြီကွယ် ... လာ ... "

"ပြောင်ရဲ့လား အမေ ... "

"သမီး မလာခင်လေးတင် အမေသန့်ရှင်းရေးလုပ်ထားပါ တယ်ကွယ်"

"လင်းရော အမေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ညစာ စားနေကြတယ်လေ၊ သမီးလေး ရေချိုးဖို့ အမေ လာပြောတာပါ"

"ဟုတ်"

သမီးလေးကို ထားမေ သနားမိသည်။ မိမိကို စိတ်သောက မရောက်စေချင်၍ အမြဲတမ်းပျော်ရွှင်သွက်လက်စွာ နေထိုင်၏။ အလုပ်တွေ ဘယ်လောက်ပဲလုပ်နေရပါစေ အပြုံးမပျက်ခဲ့။ အမေ ရင်ကျိုးတော့မယ် သမီးလေးကို ရေချိုးဖို့ ပြင်ဆင်ပေးရသည်။

"ထားမေ"

"ရှင် ... မမသော်"

"ညည်းသမီးကိစ္စတွေ လုပ်မနေနဲ့ဦး ... ဒီမှာ လာသိမ်းဆည်းဦး ... "

"ဟုတ်"

ဒေါ်လေးထားမေက စားသောက်ခန်းထဲ ပြန်ဝင်လာသည်။

"ကြယ်လေးကို ရေချိုးခိုင်းနေတာပါ မမသော်"

"သန့်ရှင်းရေး ပြီးပြီလား"

"ဟုတ်ကဲ့"

ဘာပဲဖြစ်ဖြစ် ကြယ်ဖြူ ရေချိုးပြီဆိုတော့ လင်းလည်း စိတ်အေးသွားရသည်။ နင့်ကို ငါထိုင်ထ မလုပ်ခိုင်းတော့ပါဘူး ကြယ်။ ငါ့ကို နားလည်ပေးပါ။ ငါ့ရဲ့ရက်စက်မှုတွေက နင့်အနာဂတ်အတွက် လမ်းပြကြယ်ပါ။ လင်းဉာဏ် ထလာခဲ့သည်။ အနိတီလေးသော်က





နောက်မှထလာခဲ့၏။ လင်း တစ်ခုခုသတိရသလိုနှင့် စားသောက်ခန်းထဲ ပြန်ဝင်လာခဲ့သည်။

"ဒေါ်လေးထားမေ ... ကျန်တဲ့စားစရာတွေကို ကြယ်စားပါစေ ... လင်း အစေအပါးကောင်မလေး အားအင်တွေရှိမှဖြစ်မယ်လေ"

"ဟုတ်ပါပြီ လင်းရယ် ... "

"ချန်မထားပါနဲ့ စားပြစ်လိုက် ... ဒေါ်လေးထားကိုလည်း အားရှိစေချင်ပါတယ်"

"ကျေးဇူးပါပဲ လင်းလေးရယ်"

လင်းလေးကတော့ တစ်ခါတရံ မိမိအပေါ် စေတနာထားတတ်သည်။ အစားအစာကောင်းတွေ လာကျွေးတတ်၏။ မမသော်ကြောင့်ပဲ။ လင်းလေး ပြန်ထွက်သွားသည်။

"အမေ ... လင်းဉာဏ် ဘာလာလုပ်တာလဲ"

"ဘာမှမဟုတ်ပါဘူးကွယ်၊ လင်းလေးက အမေ့ကိုအစားအစာတွေစားဖို့ ကြယ့်ကိုလည်းကျွေးဖို့ လာပြောတာပါ ... လင်းလေးက စိတ်ရင်းတော့ကောင်းရှာပါတယ်"

ဘာကောင်းတာလဲ။ အမေ မသိပါဘူး။ ကြယ့်ကို အစားကောင်းအသောက်ကောင်းတွေ ကျွေးနေတာ သူ ညှင်းပန်းနှိပ်စက်ရင် အားရှိအောင်ပါ။ စိတ်ရင်းလည်း မကောင်းဘူး။ လင်းဉာဏ် အကြောင်းတွေ အမေမသိအောင် ကြယ် မပြောပြခဲ့။ အမေ စိတ်



www.burmeseclassic.com

www.burmeseclassic.com



သောကရောက်မှာ ကြယ် အကြောက်ဆုံးပဲ။

"လာပါ ကြယ်ရယ် ... ထမင်းစားတော့ ဝအောင်စားနော်"

"ဟုတ်"

အမေ့ကိုတော့ ကြယ် စိတ်ချမ်းသာပျော်ရွှင်စေချင်သည်။ ကြယ့်မှာ အမေတစ်ယောက်ထဲ သံယောဇဉ်တွယ်တာစရာ ရှိတာပါ။ အမေ ကျေနပ်စေရန် ထမင်းကို အားရပါးရ စားပြလိုက်၏။ အမှန်တကယ်လည်း လင်းညက် နှိပ်စက်လျှင် အားရှိအောင်စားထားရတာ ဖြစ်သည်။

"သမီး စာကျက်တော့မယ် အမေ ... အိမ်စာတွေလည်းပါလာတယ်၊ အတန်းထဲမှာ ကြယ်အမြဲတမ်း ပထမရချင်တယ်"

"လိမ်မာလိုက်တဲ့ သမီးလေးရယ် ... အားတင်းထားစမ်းပါ။ အမေကတော့ သမီးလေးရှေ့ရေးအတွက်ပဲ မျှော်လင့်ချက်တွေနဲ့ အသက်ရှင်သန်နေရတာပါ"

အမေ့ပါးပြင်ကို ရွှတ်ခနဲနမ်း၍ ကြယ်ဖြူ အိပ်ခန်းလေးထဲ ဝင်လာခဲ့သည်။

"အား ... ကျွတ် ... ကျွတ် ... လင်းညက် စိတ်ပုတ် ... ကန်လိုက်တာ ဆေးလိမ်းရဦးမယ်"

စာအုပ်တွေ မထုတ်ခင် ကြယ်ဖြူ ခြေသလုံးကို ဆေးလိမ်းရသေးသည်။ အညိုအမဲပင် စွဲနေ၏။ အမေ မသိအောင်ဆေးလိမ်းပြီး ကြယ် စာအုပ်တွေထုတ်နေသည်။





"ငါက မင်းသုတပါ ... နင့်ကို စိတ်မချလို့ ငါပြန်လာခဲ့တာပါ"

"ငါ မလိုက်ချင်ဘူး ... ကားပြောင်းစီးလိုက်ပါ့မယ် မင်းသုတ ငါက လင်းညက်စဉ်တို့ခြံက အိမ်စေသမီးပါ"

"နင်ဘာပဲဖြစ်ဖြစ် ငါကတော့ခင်တယ်၊ နင့်ကို လင်းညက်စဉ် နှိပ်စက်နေတာလဲသိတယ် ... ငါ အရမ်းသနားနေရတာသိလား"

"နင့်ဟာနင် သွားပါ ... နင်တို့ကားလည်း မစီးဘူး"

"တက်ပါ မေကြယ်ဖြူရယ် ... ငါ အတင်းဆွဲခေါ်မှာနော်၊ အိမ်ပြန်ဖို့ အရမ်းနောက်ကျနေပြီ ... တက်လေ ... "

မင်းသုတက အတင်းဆွဲခေါ်လာ၍ ကြယ် လိုက်လာခဲ့ရသည်။ မင်းသုတရဲ့ကားဒရိုင်ဘာကလဲ စိတ်သဘောထားပြည့်ဝ၏။ သမီးလေး မကြောက်နဲ့ တက်ပါဟု ခေါ်နေ၍ ကြယ် လိုက်လာခဲ့ခြင်းဖြစ်သည်။

"တို့အိမ်က အဆင့်အတန်း လုံးဝမခွဲခြားဘူး မေကြယ်ဖြူ၊ နင့်ကို ငါကားပေါ်တင်ခေါ်လာလည်း ပြဿနာမရှိဘူးနော်၊ လူသားအချင်းချင်း အခက်အခဲတွေ့နေရင် အကူအညီပေးရမယ်လို့ ဆုံးမထားတယ်"

မင်းသုတတို့ မိသားစုတွေက လူတွေကိုကူညီတဲ့အလုပ်တွေကို လုပ်သည်ဟုလည်း ဒရိုင်ဘာကြီးက ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ စာကြိုးစားရမယ် ... ဒီလိုဘဝမျိုးကနေ လွတ်မြောက်ဖို့ပဲ ... တကယ်တမ်း ငါပြောရရင် နင့်ထက်ငါကြီးပွားချမ်းသာချင်နေတယ် လင်းညာဏ်စဉ် ... "

ကြယ့်ရင်ထဲမှာ မခံချင်စိတ်တွေက ထုထည်အစိုင်အခဲကြီးမားနေသည်။ လင်းညာဏ်ကိုလည်း မုန်းတီးနေမိ၏။ မင်းသုတနဲ့ တခြားစီပဲ။ လူ့စိတ်မရှိတဲ့ကောင်။ ဒါပေမဲ့လည်း လင်းညာဏ်မေမေက ကြယ့်ကို သမီးတစ်ယောက်ပမာ အရေးပေးဆက်ဆံစောင့်ရှောက်ပေးနေခဲ့သည်။

"ကြယ် လုံးဝအရှုံးမပေးဘူး လင်းညာဏ် ... တစ်နေ့နေ့ နင်စောင့်ကြည့်လိုက်စမ်းပါ ... ငါ ပညာတတ်ကြီးတစ်ယောက် ဖြစ်စေရမယ် ... "

♥

အခန်း ( ၆ )

"မင်းသုတ ... မင်းနဲ့ဘာဆိုင်လို့ ငါတို့အိမ်က အစေခံမလေးတို့ ကားနဲ့တင်ခေါ်ခဲ့ရတာလဲ"

"လူတစ်ယောက် ဒုက္ခရောက်နေတာကို အစေခံပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် ငါတင်ခေါ်လာခဲ့မှာပဲ လင်းညာဏ်စဉ်၊ ကားက ပျက်နေတာလေ ... မင်းတို့ပဲ လူတစ်ယောက်ကို ညှာတာထောက်ထားခြင်း မရှိတာ ... "

"နောက်တစ်ခါထပ်ပြီး မင်းလာမပတ်သက်နဲ့ ဒါနောက်ဆုံးဖြစ်ပါစေ ... "

"ငါတို့ မိသားစုက လူသားချင်းစာနာတာ ထောက်ထားတာကွ ... "

"ခွပ် ... "

"ဟော့ကောင် ... "

မင်းသုတနှင့် လင်းညာဏ်စဉ်တို့ တစ်ယောက်နှင့်တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်လုံးထွေး သတ်ပုတ်သည့်အထိ ပြဿနာတက်ကြသဖြင့် ရုံးခန်းထဲရောက်သွားကြသည်။

"သူကစပြီး ထိုးတာပါ ဆရာကြီး ..."

"ဟုတ်လား ... လင်းညဏ်စဉ် ... ဘာကြောင့် သူ့ကိုထိုးရတာလဲ"

လင်းညဏ်စဉ် ဘာပြောရမှန်းမသိတော့ ... ကြယ့်ကိုလည်း ဆွဲမသွင်းလိုပေ ... သရဖီကရှိသေးတယ် ... ထိုးချင်လို့ထိုးတာဟုပဲ ပြောပစ်လိုက်သည်။

"မင်း ... တောင်းပန်ရမယ် လင်းညဏ်စဉ် ... တောင်းပန်လိုက်"

"ငါ မှားတယ် မင်းသုတ ... နောက်တစ်ခါ ဒါမျိုးမဖြစ်စေရဘူး"

လင်းညဏ်စဉ် တောင်းပန်လိုက်သည်။ ဒီကိစ္စမှာ မင်းသုတကလည်း ကြယ့်နာမည် မသုံးသွားတာကိုလည်း မကျေမနပ်ဖြစ်ရသည်။ ဒီကောင်က ကြယ့်ကို ကြိုက်နေတာများလား ... ဒေါသတွေက ပေါက်ကွဲထွက်ချင်လာသည်။

"တောက် ..."

ကြယ် နင်ကိုယ်တိုင်ရော မင်းသုတလိုကောင်မျိုးကို အထင်ကြီးနေတာလား ... သူ့မျက်နှာမှာရော မင်းသုတမျက်နှာမှာရော ဖူးရောင်ဒဏ်ရာတွေရှိ၍ အိမ်ကိုဖုန်းဆက်ခေါ်ခိုင်းပြီး ပြန်စေသည်။





"မင်းတို့နှစ်ယောက် သရဖီကို လုနေကြတာလား ပြောစမ်း"

သူငယ်ချင်းတွေက စနောက်မေးမြန်းနေကြသဖြင့် လင်းညဏ်စဉ် ကျောပိုးအိတ်ကို ဆွဲ၍ ထွက်လာသည်။

"လင်း ခဏ ..."

"ဘာလဲ သရဖီ"

"လင်းတို့နှစ်ယောက် ထိုးကြိတ်တဲ့အထိဖြစ်ရတာ သရဖီ့ကို လုကြတာလား"

နင့်ကိုများ လုစရာလားဟု လင်းပြောပြစ်ချင်ပေမယ့် မပြောဖြစ်။ ကြယ့်နာမည်ကို အထိခိုက်မခံနိုင်၍ဖြစ်သည်။ ကျောင်းအပြင်သို့ ထွက်လာခဲ့၏။ သရဖီ မကျေမနပ်နှင့် ကျန်ရစ်ခဲ့သည်။

"လင်းနော် ... ဒဏ်ရာတွေကို ဂရုစိုက်ဦး ... ကျောင်းဆင်းရင် လင်းတို့အိမ်ကိုလာခဲ့မယ် ..."

သေလိုက်ပါလား သရဖီနှယ် ... နင့်ကို ငါလုံးဝစိတ်မဝင်စားဘူး ... မင်းသုတက နင့်ကိုယူချင်တယ်ဆိုရင်တောင် ငါက ပေးလိုက်မှာ ... အန်တီလေးသော်က တထိတ်တလန့်နှင့်လာကြိုသည်။

"လင်းလင်းရယ် ဘယ်လိုဖြစ်ရတာလဲ ... အန်တီလေ စိတ်ပူလိုက်ရတာ ... အမလေး ဖူးရောင်ဒဏ်ရာတွေ နဲ့ပါလား ... ဘာဖြစ်လို့လဲ ဘယ်သူနဲ့ရန်ဖြစ်ကြတာလဲ ... သားကစပြီး ထိုးကြိတ်စိန်ခေါ်တာဆို ..."


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... လင်းကို ဘာအကြောင်းတွေမှ မေးမ
ပါနဲ့တော့ဗျာ ... အခု ကြယ်ဖြူ့ကိုပါ ပြန်ခေါ်ရမယ်"

"ဘာဖြစ်လို့လဲ လင်း ..."

"လင်းဒဏ်ရာတွေကို ဆေးလိမ်းနိုင်းမလို့"

ကြယ်ဖြူ့ကို မထားခဲ့လိုပေ ... မင်းသုတနှင့် ပတ်သ
ဆက်ဆံနေမှာကို လင်းသဝန်တိုနေမိသည်။

"သားလေးဒဏ်ရာတွေကို အန်တီလေးသော်ရှိတာပဲ"

"ကြယ်ဖြူ့ကို သွားခေါ်ပေးစမ်းပါ အန်တီလေးရာ ...
ကျွန်တော့် ဒေါသတွေက ဒီကောင်မလေးပေါ် စပုံချပြစ်မလို့"

အန်တီလေးသော်က သူ့အတင်းအကျပ်တောင်းဆိုသဖြ
ကြယ့်ကိုပါခေါ်လာပြီး သရဖီက လိုက်လာသည်။

"လင်းလေးရယ် သရဖီလေးကြောင့် ရန်ဖြစ်ကြတာလ
သရဖီပြောမှ အန်တီလေး သိလိုက်ရတယ်"

အရေးထဲ သရဖီကဝင်ပြီး ပနာလုပ်နေသေးသည်။ ကြယ်
မျက်နှာငယ်လေးနှင့် ထိုင်နေ၏။ ဒရိုင်ဘာကို မောင်းထွက်ခိုင်းလို
လေသည်။

"သရဖီလေးက ကျောင်းသူအသစ်ဖြစ်ပေမယ့် အရမ်းထ
ပေါ်ကျော်ကြားတာပဲ ... ကောင်လေးတွေ အရမ်းစိတ်ဝင်စား
တယ် ... သရဖီလေးက သူဌေးသမီးလေး"

ကြယ်ကတော့ မင်းသုတနှင့် လင်းဉာဏ်စဉ်တို့နှစ်ယော





ဖြစ်ကြတာ ကြယ့်ကြောင့်ဆိုတာ သိလိုက်သည်။ အန်တီလေး
သော်က သရဖီ့ကြောင့်ဟု ဝုဏ်ယူပြောလို့ မဆုံးတော့ ... တကယ်
လို့ လင်းဉာဏ်စဉ်လွန်တာပဲဖြစ်မယ် ... မနေ့ညက အဖြစ်ကို
သနော သွားရှာတာဖြစ်နိုင်သည်။

"ကြယ်ဖြူ ..."

"ရှင် ..."

"အိမ်ရောက်တာနဲ့ လင်းလေးအတွက် ဆေးလိမ်းပေး"

"ဟုတ်ကဲ့ ..."

"လင်းလေးအခန်းကိုလည်း သန့်ရှင်းရေးလုပ်ထားပေး ...
နေ့ သရဖီလေးလာမယ်"

"ဟုတ် ..."

ဒေါ်သော်မမကတော့ သရဖီလေးကြောင့် လင်းလေးရန်
တာ ဂုဏ်ယူနေမိသည်။ သရဖီးလေးနှင့်လင်းလေးကို နီးစပ်
ချင်၏။ မမသွင်က ဘာသိဘာသာနေထိုင်တာကို မကြိုက် ...
င်းလေး ရှေ့ရေးအတွက် စီစဉ်တာမှားလို့လား ... မိမိသဘော
ဘာရလျှင် မေကြယ်ဖြူတို့ သားအမိကို မောင်းမထုတ်တာလည်း
ဝင်ကျေမိ။ အိမ်စေခံသမီးက လှပချောမောနေတာ အန္တရာယ်ရှိ
ယ် ... လင်းလေးက စိတ်မဝင်စားလို့ တော်ပါသေးတယ် ...
ရဖီလေးနှင့် နီးစပ်မှုရှိစေရန် မိမိအစွမ်းကုန် ကြိုးပမ်းမည်ဖြစ်
သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်ဖြူ ... ညည်းအလုပ် ညည်းသွားလုပ်တော့"

"ဟုတ်ကဲ့ ..."

လင်းညာဏ်သူ့အိပ်ခန်းထဲရောက်တော့မှ သူ့မျက်နှာတ

လုံး ညိုမဲဖူးယောင်နေတာကို မှန်ထဲမှာတွေ့လိုက်ရသည်။

"မင်းသုတဆိုတဲ့ကောင် မျက်နှာလည်း မြင်မကော

အောင် ငါထိုးပစ်လိုက်တာပဲ"

မင်းသုတကို လင်းအခဲမကျေနိုင် မဆီမဆိုင် ကြယ့်ကို

အရောတဝင်လာလုပ်ရတယ်လို့ တွေးမိတိုင်း ဒေါသထွက်နေသ

"တူလေး ... အန်တီလေးသော် ဆေးလိမ်းပေးရမလာ

"ကြယ့်ကို လွှတ်ပေးလိုက်ပါ ... ဒီကောင်မလေး

နိုင်းမယ်"

"ဒါဆိုလည်း ကြယ့်ကိုလွှတ်ပေးလိုက်မယ်နော် ... အ

လေး စားစရာတွေ သွားဝယ်ထားရမယ် သရဖီလေးတို့ သား

လာမယ်ဆိုလို့ပါ ..."

အန်တီလေးသော်ကြောင့်လည်း သူစိတ်ညစ်ရသည်။ သူ

ထဲမှာ ကြယ်နှင့်တရင်းတနှီး ယုယကြင်နာစွာနေထိုင်လိုပေ

အဆင့်အတန်း ခွဲခြားတဲ့ အန်တီလေးသော်ကြောင့် ခက်နေ

ကြယ် ဆေးဗူးတွေနှင့် ရောက်လာသည်။

"ကြယ် ..."

"ဟင်"





"ငါဘာဖြစ်လို့ မင်းသုတနဲ့ရန်ဖြစ်တယ်ဆိုတာ နင်သိတယ်

ဟုတ်လား"

"သရဖီကြောင့်ဆို ..."

"ဘာ သရဖီကြောင့်လဲ ... နင်သိသိကြီးနဲ့"

"ကြယ် ဘာလုပ်လို့လဲ လင်းညာဏ် ... ကားလိုက်စီးတဲ့ ကိစ္စ

ခ မင်းသုတနဲ့လမ်းကြုံလို့ပါလို့ ပြောထားသားပဲ"

"ဝုန်း ..."

"လင်းညာဏ် ..."

"ဒိုင်း ..."

"မလုပ်ပါနဲ့ ပစ္စည်းတွေကို ဒေါသထွက်ရင် ကြယ့်ကိုလုပ်ပစ်

..."

"နင့်ကိုငါ သတ်ပစ်ချင်တယ်သိလား ... ဘာလဲ နင်က

င်းသုတလို သူဌေးသားကို မှန်းတာလား"

လင်းညာဏ်ကို ရှင်းပြနေရင်လည်း ပြဿနာက ပိုပြီးကြီးသွား

ာမှာပဲဖြစ်သည်။ အမြဲတမ်းကြယ့်ကို ညှဉ်းပမ်းနှိပ်စက်ဖို့ ပြဿနာ

တွေ မီးခွက်ထွန်းရှာနေခဲ့သည်။

"နင် နောက်ထပ်မင်းသုတနဲ့ ထပ်ပြီး ပတ်သက်ရဲပတ်သက်

ကြည့်စမ်း ... မင်းသုတကိုရော နင့်ကိုပါ နှစ်ယောင်းပြိုင်သတ်ပစ်

ယ်"

ကြယ့်ကို ဒေါသတကြီးကြိမ်းမောင်းနေသည်။ လင်းညာဏ်



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်နေတာလဲ ... မင်းသုတလို သူ့ဧည့်သည်တစ်ယောက်
ကြည့်ဘဝမှာ ရည်မှန်းချင့် မရှိတော့ဘူးလား ... နင့်ကို အရမ်းမုန်
တယ် ... ငါ့ဘဝတစ်ခုလုံး နင်က ချေမွဖျက်ဆီးပစ်တော့မလို့လား
လင်း ...

"တောက် ... "

"ငါ မပတ်သက်တော့ပါဘူး ... ပြဿနာတွေကို ထပ်မရှာ
နဲ့တော့နော်"

အန်တီလေးသော်ကို ကြောက်တယ် ... အမေလည်း စိတ်
ဆင်းရဲရမယ် ... ကြည့်အေးအေးချမ်းချမ်းပဲ နေချင်ပါပြီ ...
လင်းဉာဏ်ကြောင့် စိတ်သောကတွေရောက်ရတဲ့ ရက်တွေ
နေ့စဉ်ပင် ... ကြည့် သတိထားပြီး ဆေးတွေကို လိမ်းပေးနေ
သည်။

"ငါ့ကို တစ်ပတ်ကျော်ငေးနားပေးထားတယ် ... နင့်လည်း
မသွားနဲ့"

"ဘာဖြစ်လို့လဲ ... "

"မသွားနဲ့ဆို မသွားနဲ့ဟာ ... ငါမပါဘဲ နင်အပြင်မထွက်
ဘူး ... "

ကြည့်ကို သူတားဆီးထားချင်သည်။ မင်းသုလိုက်နှောင့်
ယှက်မှာ မလိုလားမိ ... ကြည့်နောက်လိုက်မှာ သေချာသည်။

"မင်းတို့ နှစ်ယောက် ဘာကြောင့် ရန်ဖြစ်ထိုးကြိတ်တာလဲ





ကျောင်းအုပ်ဆရာကြီး အမေးကို မင်းသုတလည်း မဖြေဖြစ်
သေး ဘာကြောင့်လဲ ကြည့်နာမည်မပါစေချင်လို့ပဲ ... ရှင်းနေသည်။
ဆင်းတွေးမိကိုင်း ဒေါသဖြစ်နေသည်။

"လင်း ... "

"ဘာလဲ ... "

"မင်းသုတနဲ့ ကြည့်ကြောင့် ပြဿနာဖြစ်ရတယ်ဆိုတော့
ကြည့်က ဘယ်အရွယ်လဲ ... ကိုယ့်အဆင့်နဲ့မတူတဲ့ ယောက်ျားကို
လည်း ကြည့်ဘယ်တော့မှ မမှန်းဘူး ... ကြည့်ပညာတတ်ကြီး ဖြစ်
ချင်တယ် ... အမေ့ကို တင့်တင့်တယ်တယ် ထားချင်တယ် ...
ကြည့် ကိုယ့်အစွမ်းအစနဲ့ပဲ ချမ်းသာချင်တာ"

ကြည့်ပြောနေရင်း အသားတွေတဆတ်ဆတ်တုန်ရင်လာ ပြီး
မျက်ရည်တွေလည်း လိမ့်ဆင်းကျလာသည်။ လင်းဉာဏ်လွန်တယ်
အရမ်းစိတ်မှတ်တာပဲ ... အစေခံသမီးဘဝကနေ ကြည့်ကလွတ်
မြောက်ဖို့ မကြိုးစားရတော့ဘူးလား ...

"ငါတောင်းပန်ပါတယ် လင်း ... ငါ့ဘဝကို အစေခံမသမီး
တယောက်အဖြစ်ပဲ တစ်သက်လုံး နင်ကြည့်ချင်နေတာလား"

"တိတ်စမ်း ... "

"နင် ဘယ်လောက်ပဲ ငါ့ကို အစေခံမသမီးအဖြစ်မြင်တွေ့
ချင်ပေမယ့် ငါကတော့ လွတ်မြောက်အောင်ကြိုးစားရမှာပဲ လင်း
ဉာဏ်စဉ် မှတ်ထား ... "



www.burmeseclassic.com

www.burmeseclassic.com



ကြယ် ဒေါသတကြီးပြောပြီး ထထွက်လာခဲ့သည်။ မတတ်နိုင်တော့ဘူး ... လင်းဉာဏ်ဒေါသထွက်လည်းထွက် ... သူမ ဖြ ထွက်လာခဲ့၏။

နောက်ကနေ လင်းဉာဏ်အော်ဟစ်တားဆီးနေသည်။

"ကြယ်ဖြူ ရပ်နေစမ်း ... ဟေ့ မေကြယ်ဖြူ"

မေကြယ်ဖြူက လှည့်မကြည့်တော့ ... သူ စိတ်လျှော့ လိုက်သည်။ ဒီကောင်မလေး လင်းကိုဘယ်တုန်းကများ ပြန်ပြော ဘူးလို့လဲ ... လင်းကိုယ်တိုင်လည်း ဘာမှဟုတ်သည့် ကိစ္စလေး နှင့် ဒေါသတွေ ဒီလောက်အထိ မပေါက်ကွဲသင့်ဟု ထင်သည်။

"ကြယ် ... ငါက မင်းအနာဂတ်ကို လှပစေချင်တဲ့သူပါ တကယ်ပါ ... ငါ့စေတနာကို မင်းဘာဖြစ်လို့ နားမလည်နိုင်ရတာ လဲ"

သူ အိပ်ရာပေါ် ပစ်လှဲချပစ်လိုက်သည်။ မင်းသုတက ကြယ် အပေါ် ကြင်နာမှုတွေပြသသွားခဲ့၏။ သူက မပြနိုင်။ ရက်စက်မှုတွေ နေ့စဉ် ပြသနေရသည်။

"အရာအားလုံး မင်းကြောင့်ပဲ မေကြယ်ဖြူ ... မင်းဘဝလေး လှပရှင်သန်စေချင်လို့ပါကွာ"

မင်းသုတဘဝမျိုးကို လင်းရယူချင်သည်။ မိဘတွေကအ လူမှုရေးတွေ ကူညီနေကြတာပါ။ တစ်ယောက်ထဲ ဒေါသတွေနှ ဆောက်တည်ရာမရအောင် နာကျင်နေ၏။ ကြယ်က စာကြိုးစား





သည်။

"လင်းရေ ... သရဖီလာတယ်ဟေ့ ... အောက်မှာ သရဖီ အမေရော ပါလာတယ် ... ဆင်းလာခဲ့နော်"

သရဖီလာတယ်ဆိုတဲ့ အသံက သူ့ဒေါသတွေကို ပိုမို တောက်သွားစေသည်။ မတတ်နိုင် အားယူပြီး ထလိုက်ရ၏။ ဘယ်လိုမိန်းကလေးလဲ ... မဆီမဆိုင် သူမကြောင့်ဆိုပြီး အမှတ်ဝင် နေသည်။ လင်း အောက်ထပ်သို့ ဆင်းလာခဲ့၏။ ဧည့်ခန်းမှာ သရဖီတို့ သားအမိထိုင်နေပြီး သရဖီက သူ့ကိုလာကြိုသည်။

"လင်း ... သက်သာသေးရဲ့လားကွာ ... မာမိက သရဖီ ကြောင့်ဆိုပြီး လိုက်လာခဲ့တာ"

မင်းနဲ့ဘာမှ မဆိုင်ဘူး သရဖီဟု ပြောရမှာလည်း အခက်၊ အောက်သက်သက်ကြီးနှင့် ဧည့်ခန်းမှာဝင်ထိုင်ရသည်။

"သားလေး လင်းရယ် ... မျက်နှာမှာ ဒဏ်ရာတွေများလိုက် တာ ... သမီးလေး သရဖီကြောင့် သားလင်း အစအနောက်လည်း ခံရတယ်ဆို"

သူ ဘာမှမပြောပဲ ငြိမ်နေလိုက်သည်။ အရေးထဲ သရဖီက တစ်မျိုး ... ။

"သား လင်းကလေး သရဖီမှ သရဖီပဲ ငွေရယ် ... အစအ နောက်လည်း ခံရတယ် ... မင်းသုတဆိုတဲ့ ကောင်လေးက သရဖီ ကို စိတ်ဝင်စားတယ်ပြောလို့ ထိုးပစ်လိုက်တာတဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပါပဲ ... အန်တီလေးသော်က ဝင်ဖြီး မီးလောင်ရာ လေပင့် နေသေးသည်။ လင်းလည်း မပြောပဲနှင့် စိတ်ညစ်သည်။

"သားလင်းကို ကျောင်းတစ်ပတ်မတက်ရဘူးဆို"

"ဟုတ်ကဲ့ ..."

"သမီး သရဖီအတွက် ရန်တွေမများပါနဲ့ကွယ် ... မသေကောင်း မပျောက်ကောင်း အန်တီ စိတ်မကောင်းလိုက်တာ ..."

လင်း ထထွက်လာချင်မိသည်။ ဘာဖြေလဲ အန်တီလေးသော်က တစ်မျိုး ... သူ့စိတ်တွေက ကြယ့်ဆီပဲရောက်နေသည်။ စားစရာတွေ လာချပေးနေရ၏။ သရဖီအမေက သူလေးက ဘယ်သူလဲ မေးတော့ အစေခံကောင်မလေးပါတဲ့ ... အန်တီလေးက သူတို့အိမ်မှာ မိဘလက်ထက်တည်းက အစေခံတွေကနေ ဆင်းသက်လာခဲ့ကြတာတဲ့ ... ကြယ့်မျက်ဝန်းလေးတွေထဲမှာ မျက်ရည်စတွေ ဝိုင်းတက်လာတာ အမှတ်မထင် တွေ့လိုက်သည်။

အခန်း ( ၇ )

အချိန်တွေက တရွေ့ရွေ့ကုန်ဆုံးသွားလေသည်။ လင်းညကျော်စဉ်က ဂုဏ်ထူးမပါခဲ့ ... ကြယ်အောင်တော့ ဂုဏ်ထူးငါးဘာသာပါပြီး အောင်မြင်သည်။

"ကြယ်လေး ဆေးတက္ကသိုလ်တက်ပါ ... မေမေသွင် ထောက်ပံ့ပေးမယ်"

"ဟင့်အင်း ... ကြယ် အင်ဂျင်နီယာတစ်ယောက် ဖြစ်ချင်တာပါ"

"ညည်းကလည်းအေ ... ကြီးကျယ်တော်မူနေလိုက်တာ နိုးရိုးပဲတက်"

အန်တီလေးသော်က လက်မခံ ... ကြယ်ကို နှောက်ယှက်နေပေမယ့် မေမေသွင်က လက်ခံပြီး စက်မှုတက္ကသိုလ်ပဲတက်စေသည်။

"မမသွင်ကြောင့် ခက်တာပဲနော် ... လင်းလေးကတော့



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးပဲတက်တာ … အိမ်စေမ သမီးက အင်ဂျင်နီယာဖြစ်သင့်လား"

"ကြယ်လေးကလည်း မမသွင်စောင့်ရှောက်ရမယ့်သူပဲ … သော် ဒီကိစ္စ မမသွင်ဆုံးဖြတ်မယ် … ကြယ်လေးကြိုးစား သလောက် ခံစားပါစေ"

ကြယ် စက်မှုတက္ကသိုလ်တက်ခွင့်ရသည်။ မင်းသုတရောပဲ

"နင်က မင်းသုတရှိနေလို့ စက်မှုတက္ကသိုလ်တက်ချင်နေတာ မဟုတ်လား ကြယ်"

"ကြယ့်ဘဝကို တည်ဆောက်ချင်တာပါ လင်းညဏ်၊ စောင့်ကြည့်နေပါ … ကြယ် ဘဝဆုံးတဲ့အထိ ကြယ်လေ ယောကျ်ားတစ်ယောက်ကိုယူဖို့ထက် ကြယ့်ဘဝကို ထူထောင်ဖို့ပါ"

ကြယ် အင်ဂျင်နီယာဖြစ်တာတော့ လင်းဝမ်းသာပျော်ရွှင်ရဆုံးပါ။ ဒါပေမယ့် မင်းသုတကရှိနေခဲ့သည်။ ကြယ်ကြောင့်ပဲ သူ့စိတ်တွေထဲမှာ ကြယ်ကလွဲပြီး ဘာမှ မရှိခဲ့။ ပညာရေးလည်း သာမန်သာ သူစိတ်ဝင်စားခဲ့သည်။ အချိန်တိုင်း စက္ကန့်တိုင်း ကြယ့်အတွက် ကြယ့်အတွက်ပဲ … နင့် သိရဲ့လား ကြယ်ရယ် … ငါ ဘဝတော့ နင့် အတွက် ဘယ်လောက်အထိ လုပ်ဆောင်ပေးနေခဲ့ပေမယ့်လည်း နင့် အမုန်းတွေပဲ ငါရယူနိုင်ခဲ့တယ် …

"ငါ့ကို ဘာဖြစ်လို့များ သူဌေးသားတစ်ယောက်နဲ့ လက်ထပ်လိုက်မှာ မနာလိုဝန်တိုဖြစ်နေရတာလဲ … လင်းညဏ်စည် နင့်အတွက် အစေခံမပဲ ဖြစ်နေစေချင်တာလား"





သူ ဘာမှ ဆက်မပြောတော့ … လှပချောမော အိစက်ဖူးစင်နေတဲ့ ကောင်မလေးကြောင့် မျက်နှာလေးကို စူးစိုက်ကြည့်မိနေသည်။ ကြယ် အရမ်းချောလာတယ်။ နင့်ကို ငါငယ်ငယ်လေးထဲက ချစ်ခဲ့တာပါ … သံယောဇဉ်တွေ ကြီးမားခဲ့ရတာပါ …

"ကြယ် …"

"ပြော …"

"နင်ဘယ်လောက်ပဲ အင်ဂျင်နီယာကြီးဖြစ်ဖြစ် … ဘာကြီးဖြစ်နေဖြစ်နေ ငါ့အစေခံပဲ …"

"ဘာ …"

"မင်းသုတနဲ့ ပတ်သက်ဖို့တော့ လုံးဝ မကြိုးစားနဲ့နော် လင်းညဏ်စည်အကြောင်း နင်အသိဆုံးပဲ"

"နင့်ကို မုန်းတယ်"

"ဘာပြောတယ်"

"မုန်းတယ် … မုန်းတယ် ဟုတ်တယ် … ဟုတ်တယ် ငါက နင့်ရဲ့ အစေခံမပဲ"

သူမ အရွဲ့တိုက်ပြီး အော်ပစ်ပြောသည်။ လင်းညဏ်စည် အရမ်းယုတ်မာတယ် … လူမဆန်တဲ့ကောင် ကြယ့်အပေါ် စိတ်ကောင်းနည်းနည်းမှ မရှိဘူး … ဒါပေမယ့် ကြယ်ဘာမှ ပြောပိုင်ခွင့်မရှိတော့ … အမေကလည်း ဆုံးပါးသွားပြီဖြစ်သည်။ မေမေသွင်ပဲ ရှိနေ၏။ ကျန်းမာရေး သိပ်မကောင်းသဖြင့် ကြယ်ပဲပြုစု



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ပေးနေရသည်။

"သမီးကြယ် ... အမေ့စကားကို နားထောင်ပါနော် ... မေမေသွင့်အနားမှာပဲ နေပါ ... ပညာတတ်ကြီးတစ်ယောက်ဖြစ်အောင် ကြိုးစားနော် ... လင်းဘယ်လောက်ပဲ အနိုင်ကျင့်ပါစေ သည်းခံပါ သမီးရယ် ... သမီးရည်မှန်းချက်တွေ မပျောက်ပါစေနဲ့ ကြယ် ... အမေ့စကားကို နားထောင်ပါ့မယ်လို့ ကတိပေးစမ်းပါ"

"ပေးပါတယ် အမေရယ် ... သမီးကြယ်ရဲ့ အရည်အချင်းကို အမေသိပါတယ်နော် ... ကြယ်ကြိုးစားမယ် မေမေသွင့်ကိုလည်း ကြယ် စောင့်ရှောက်ပေးမှာပါ ကတိပေးတယ် ... အထပ်ထပ်နော် ကတိ ..."

အမေ့စကားတွေကို ကြယ်နားထောင်ရမည်ဖြစ်သည်။ ပေးထားတဲ့ ကတိကိုလည်း ကြယ်မဖျက်ပါဘူးအမေ ... လင်းဉာဏ်ကိုတော့ ကြယ်မုန်းသည်။

"ကြယ် ..."

"ဟင် ..."

"ကားပေါ်တက်"

"ကြယ် ဘတ်စ်ကားနဲ့ပဲ သွားပါရစေ လင်းရယ်"

"မရဘူး ... မေမေ့အမိန့်ပဲ ကြယ်အရွယ်ရောက်နေပြီတဲ့ ဘတ်စ်ကားနဲ့သွားဖို့ လုံးဝ မသင့်တော်ဘူးတဲ့ ... မေမေပြောလို့ပဲ ..."

"အန်တီလေးသော်က ပြောလိမ့်မယ်"





"မရှိဘူး ..."

"ကြယ် ပြဿနာမဖြစ်ချင်ပါဘူး လင်း ... ဖြစ်နိုင်ရင် ကြယ့်ဘဝနဲ့ကြယ်ပဲ ဘတ်စ်ကားနဲ့သွားပါရစေ"

"တက် ..."

"ဒုက္ခပါပဲ"

"တက်နော် ... အေးအေးဆေးဆေး မတက်ရင် ငါပွဲတင်မှာ"

သူမ တက်လိုက်ရသည်။ လင်းကားနှင့်သွားရတာ ကြယ်မပျော်ရွှင်နိုင် ... သူ အနိုင်ကျင့်ချင်တိုင်း ကျင့်နေသည်။

"ကြယ် ..."

"ဟင်"

"မင်းသုတနဲ့ လုံးဝမပတ်သက်နဲ့နော် ... ငါမကြိုက်ဘူး"

ဟွန်း ... မဆီမဆိုင် လင်းဉာဏ်မကြိုက်တာနဲ့ပဲ ကြယ်က မင်းသုတနဲ့ စကားတောင်မပြောရတော့ဘူးလား ... မင်းသုတက ကြယ့်ထက် အတန်းကြီးသည် ခုထိမတွေ့ရသေးပါဘူး ... အန်တီလေးသော် မရှိတဲ့အချိန်တွေမှာသာ ကြယ်ကို လင်းဉာဏ်သူ့ကားပေါ် တင်ခေါ်ရတာပါ ... သူကျတော့ သရဖီနွယ်နဲ့ တတွဲတွဲအနှား ပြာလုပ်နေသေးသည်။

"သွားတော့ ညနေလာကြိုမယ် ..."

"မကြိုပါနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... မင်း သုတကားနဲ့လိုက်မလို့လား ..."

သူ့ကို ရှင်းလင်းပြနေရင်လည်း လင်းညာဏ်အမှုတ်က လက်
မှာ မဟုတ်ပေ။ ကြယ် ကြိုးစားမယ် ... နင်ဖြစ်စေချင်သလို အမေ
ခံမဘဝကို မေကြယ်ဖြူက လက်ခံမယ် ... ထင်နေလား
လင်းညာဏ်စဉ် ...

"အမေ ကြယ့်ကိုယုံကြည်ပေးပါနော် ... အမေဖြစ်စေချ
တာကို ကြယ်ဖြစ်အောင်လုပ်ပြမှာပါ"

သူမ ပညာရေးကိုပဲ အဓိကထားပြီး ကြိုးစားနေသည်
ဘယ်သူတွေ ဘာပြောပြောပါ။ ကြယ့်ဘဝ အစေခံမဘဝနဲ့တော
ဘယ်လိုအကြောင်းနဲ့မှ အဆုံးမသတ်စေရဘူး ... ညနေကျတော
ကြယ်ဖြူအတန်းပြီးချိန်တွင် လင်းရောက်မလာခဲ့။ ဖုန်းဆက်သည
အန်တီလေးသော်ခေါ်လို့ သရဖီတို့အိမ် သွားရမယ်တဲ့ ... ကြယ
ဘတ်စ်ကားနဲ့ ပြန်တဲ့။

"ကောင်းတယ် ... နင်မောင်းတဲ့ကားကိုလည်း ငါမစီးချင
ပါဘူး ... မုန်းလို့"

သူမ ပျော်ရွှင်သွက်လက်စွာဖြင့် ဘတ်စ်ကားဂိတ်သို့ ထွက
လာခဲ့သည်။

"ကြယ် ... မင်း ... မင်း မေကြယ်ဖြူ မဟုတ်လား"

"ဩော် ... ကိုမင်းသုတ ဟုတ်တယ် ကြယ်ပါ ..."

"မဆုံဖြစ်တာတောင်ကြာပြီ ... ကြယ် အရမ်းထွားလာတ





... အပျိုကြီးပဲ မင်းဂုဏ်ထူးတွေနဲ့ အောင်တယ်လို့သတင်းကြား
ယ် ... မုန့်ကျွေးကျောင်း မတက်ဘူးလား"

"ဟင့်အင်း ... ကြယ်က ဗီသုကာတစ်ယောက်ပဲ ဖြစ်ချင်တာ
..."

"ကိုယ်လိုက်ပို့ပေးမယ် ကြယ် ..."

"နေပါစေ ကိုမင်းသုတ ... ကြယ်ဘတ်စ်ကားနဲ့ပဲပြန်ပါ့မယ်
တ်ကြာ လင်းသိသွားရင် ပြောစရာ ဖြစ်မှာကြောက်လို့ပါ"

"ဒါဆိုလည်း ခဏလေးနော် ကြယ်"

"ကိုမင်းသုတ ဘာလုပ်မလို့လဲ"

"ဘတ်စ်ကားဂိတ် လိုက်ပို့မလို့ ..."

"မပို့ပါနဲ့နော် ... တောင်းပန်ပါတယ် ကြယ့်ကိုလည်း
မျိုးမထင်ပါနဲ့"

"ကြယ် ..."

"ရှင် ..."

"လင်းညာဏ်စဉ်ကို ဘာဖြစ်လို့ ... ဒီလောက်အထိကြောက်
ရတာလဲ ကြယ် ..."

"ကျွန်မက အစေခံမသမီးပါ ... လင်းက ငယ်ကြောက်လေ"

မင်းသုတက တကယ်တော့ ကြယ့်ကိုကြည့်ပြီး သနားမိနေ
သည်။ ငယ်ငယ်လေးထဲက ကြယ့်အပေါ် အကြင်နာတွေနှင့် အချစ်
တွေ ဖြစ်တည်နေခဲ့လေသည်။ ကြယ် အနှောက်အယှက်ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်၍ ကြယ်ကို ထပ်မပက်သက်ပဲနေခဲ့၏။ အခု မထင်မှတ်
ကြယ်နှင့်ဆုံလိုက်စဉ် မင်းသုတနှလုံးသားတွေထဲက အချစ်
ပြန်လည်ရှင်သန်လာခဲ့ရသည်။

"သွားပြီနော် ... "

"ကြယ် ... "

"ဟင် ... "

"ကိုယ် ... "

ကြယ် သူပြောမယ့်စကားတွေကို ဆက်ပြီး နားမထော
တော့ပဲ ထွက်လာခဲ့သည်။ ဘတ်စ်ကားဂိတ်ရောက်တော့ လူ
ကများနေ၏။ ငယ်စဉ်က မင်းသုတနှင့် ဖြစ်ပျက်ခဲ့ရတာတွေ
ပြန်၍ သတိရမိလာ၏။ ကြယ့်အပေါ် အကြင်နာဆုံးယောကျ်ား
တစ်ယောက် ... ဒါပေမယ့်လည်း ကြယ်လုံးဝ အတွေးတွေ
မောင်းထုတ်ပစ်လိုက်သည်။ ကိုမင်းသုတရောက်လာမှာလည်း
စိတ်ပူမိနေ၏။ ဘတ်စ်ကားရောက်လာသည့်နှင့် အတင်းတိုးကြိ
တက်လာခဲ့သည်။

"ဟူး ... မလွယ်ပါလားနော် ... အမေရ ... ကြယ့်ဘ
တကယ် မလွယ်တာပါ ... တခါတလေ ကြယ်အရမ်းအားငယ်
ကြောက်လိုက်တာ"

အမေရှိစဉ်ကတော့ ကြယ်ဘယ်တုန်းကမှ မောပမ်းနွမ်းနယ်
ဟန် စိတ်ညစ်ဟန်မပြခဲ့ ... အမေ့စိတ်တွေ အနှောက်အယှက် မဖြစ်





ဆိုရ၍ဖြစ်သည်။

"ကြယ်လေး ပြန်လာပြီလား ... မေမေတွက်စောင့်နေတာ
"

"မေမေသွင် ဘာဖြစ်လို့လဲဟင် ... ပြောစမ်းပါ နေမကောင်း
လား ... "

"ကြယ် ... "

"ရှင် ... "

"မေမေသွင် ပြောတဲ့စကားတွေကို သေသေချာချာ
ထောင်နော်"

"ဟုတ် ... "

"သမီးနာမည်နဲ့ မေမေသွင်ဘဏ်မှာ ငွေတွေစုဆောင်းပေး
တယ်လေ ... အဲဒါ ပေးမလို့"

"ရှင် ... "

"ဘဏ်စာအုပ်ပါ ... သော်လုံးဝ သိစေနဲ့ ... သမီးလေး
ကြယ်ရဲ့ ဘဝရှေ့ရေးအတွက်ပဲ လက်ခံပါ ... မေမေသွင် စိတ်ချမ်း
အောင်ပါ ... "

"မေမေသွင်ရယ် ... ကြယ့်အတွက် စိတ်မပူပါနဲ့ ... ကြယ်
လမ်းပြကြယ်ပါ ... အားမာန်တွေ အပြည့်ရှိတယ်"

"မေမေသွင် မရှိတော့ရင် သော်ကမောင်းထုတ်ပစ်မှာပဲ
သမီးလေးကြယ်က မေမေသွင့်သမီးလေးပါ ကြိုးစားနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သွင်မရဲ့ အဆုတ်ကင်ဆာရောဂါ ခံစားနေရသည် ဆေးကုသရင်း အသက်ဆုံးရှုံးရတော့မည်ဖြစ်၏။ နိုင်ငံခြားမှာလည်း သွားကုတာ မရတော့။ ဒေါ်သွင်မမ မိမိမွေးရပ်မြေမှာပဲ ခေါင်းချချင်တဲ့ ဆန္ဒတွေ ပြင်းပြသည်။

"ကြယ်လေးမှာ သတ္တိရှိတယ် … ရည်မှန်းချက်တွေ ကြီးမား တယ် … မေမေသွင်စိတ်ချပါတယ် … ပညာတစ်ပိုင်းတစ်စနဲ့ လမ်း မဆုံးအောင် ငွေတွေဘဏ်မှာ ထည့်ထားပေးခဲ့တာပဲ"

"မေမေသွင်ရယ် … "

"စိတ်မကောင်း မဖြစ်နဲ့နော် … ကြယ် အားလည်းမငယ်နဲ့ မေမေသွင့် အစီအစဉ်အတိုင်းပဲ ဆက်လုပ်ပါ … ဘဏ်စာရင်းစာအုပ် ကို သေသေချာချာ သိမ်းထားနော် … ဘယ်သူမှ ပြစရာလည်းမလို ဘူး၊ ပေးလိုက်စရာလည်း မလိုဘူး … သမီးအမေရဲ့လုပ်အားခတွေ စုပေးထားတာပါ … "

ကြယ်လေး မိမိသမီးလေးပဲ … ထားမေက မိမိတို့မိသားစု အပေါ် သစ္စာရှိသည်။ ကြယ့်အဖေက မိမိအသက်ကို ကယ်တင်ဖူးခဲ့ သောကြောင့်ပါ။ သားလင်းဉာဏ်စဉ်နှင့် နီးစပ်သွားမှာကြောက် ၏။ အဆင့်အတန်း မတူဘူးဆိုပြီး ကြယ်လေးအား နှိမ်ချဆက်ဆံ နေရလသည်။ ဒေါ်သွင်မမ လက်မခံနိုင်။ ကြယ်လေးအတွက် မိမိ လုပ်သင့်တာတွေ လုပ်ဆောင်ပေးခဲ့ရမည်ဖြစ်သည်။

"သွားတော့ ဘဏ်စာအုပ်ကိုသေသေချာချာသိမ်းထားနော်





သတ္တိရှိရှိ ရင်ဆိုင်ပါ … မေမေသွင်ပေးတဲ့ ငွေတွေက သမီးရသင့်တာ ပါ"

"ဟုတ် … "

"မေမေသွင့်အနားမှာ သိပ်မနေနဲ့နော် … သော် မနာလို ခန့်တိုဖြစ်နေတာလေ … "

ကြယ် ပြန်ထွက်လာခဲ့သည်။ မေမေသွင်ရယ် ဒီကျေးဇူးတွေ တို ကြယ်ဘယ်လိုဆပ်ရမလဲဟင် … ကြယ့်ကို တစ်ယောက်ထဲ မထားခဲ့ပါနဲ့ဦး … ကြယ်ကျေးဇူးပြန်ဆပ်နိုင်တဲ့အထိ ပြန်ပြီးအသက် ရှင်နေပေးပါ။ မေမေသွင့်ကို ဆရာဝန်က ခြောက်လပဲအသက်ရှင် နေနိုင်တော့မည်ဟု ပြောထားသည်။

"ဟယ် … ကြယ်ဖြူ ငါ့အစ်မအခန်းထဲ ဘာဝင်လုပ်နေတာ လဲ … ငါတို့မရှိတုန်း ဘာတွေနှုန်းနှပ်တောင်းဆိုနေတာလဲ … တူလေး ဒီကောင်မကို ရှာစမ်း … "

ကြယ့်အခန်းလေးထဲဝင်ခါနီးတွင် အန်တီလေးသော်ရဲ့အသံ ကြောင့် သူမခြေလှမ်းတုန့်ခနဲရပ်သွားသည်။

"လာစမ်း … "

"အန်တီလေးရာ ထားလိုက်စမ်းပါ … မေမေက ဘာပေးမှာ လဲ ကျွန်းမာရေးချို့တဲ့သူပါ … အရေးကြီးတာက မေမေ့ကို အန်တီ လေးသွားတွေ့လိုက်ပါ သွားလေ … "

အန်တီလေးသော်ကို လင်း အတင်းတွန်းပို့နေသည်။ ကြယ့် လက်ထဲမှာ အိတ်လေးတစ်အိတ် ဆုပ်ကိုင်ထားတာတွေ့လိုက်ရ၏။ လင်းတို့ သရဖီတို့အိမ်က ပြန်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြယ် ..."

"ဟင် ..."

"နင် ဘာနဲ့ပြန်လဲ"

"ဘတ်စ်နဲ့ ..."

"တကယ်နော်"

"အင်း ..."

"သွားတော့ ... ဝင်"

ကြယ့်အခန်းလေးထဲ ဝင်လာခဲ့သည်။

"ဟူး ... မောလိုက်တာနော်"

မေမေသွင်ပေးလိုက်တဲ့ ငွေစုစာအုပ်လေးကို သိမ်းထာ လိုက်သည်။ ကြယ် ဖွင့်မကြည့်ချင်တော့ပါဘူး ... အမေ့လုပ်အား တွေပဲတဲ့ ... အရင်က အမေနှင့်ကြယ်တို့နှစ်ယောက် အတူတူ ထိုင်ခဲ့တဲ့ အခန်းတွေက ကြယ်တစ်ယောက်ထဲနေတော့ ကျယ်ဝ သည်။ မေမေသွင်ကိုယ်တိုင် ပြင်ဆင်ပေးထားသဖြင့် အနံ့တီလေ သော်လည်း ဘာမှမကန့်ကွက်နိုင်တော့။ သန့်ရှင်းသပ်ရပ်စွာ အဆ ရှိရှိ အခန်းလေးပါ ကျေးဇူးအများကြီးတင်တယ် မေမေသွင် ကြယ်လေး ကြိုးစားပါ့မယ် ... ဘဝကို ဘယ်တော့မှ ဒူးထောက အရှုံးမပေးပါဘူး ... မျက်လုံးခန်လေးတွေကို မှိတ်ဝစ်လိုက်လေ သည်။

♥

နှင်း ( ၁ )

ကြယ် ...

နင့်ကိုငါ ချစ်တယ် ... နင့်ကိုငါ အရမ်းချစ်နေပြီ ... ဘယ်လို ချစ်ရမလဲ ... ငယ်ငယ်လေးထဲက နင့်ဘဝအတွက်ပဲ ငါပေးဆပ်ခဲ့ တာပါ ကြယ် ...

"သရဖီနဲ့သား လက်ထပ်ရမယ် လင်းလေး ... စိတ်ကူးမလွဲနဲ့ နော် ... သရဖီက ချမ်းသာတယ် ... တစ်ဦးတည်းသော သမီးလေး ပါ ... ဂုဏ်ဒြပ်တွေထပ်ကြရမယ်လေ"

အန်တီလေးသော်စကားတွေကို လင်း လက်မခံနိုင်ပေ။ ဘဝင်းမှာ ငွေလည်း မလိုဘူး ... ဂုဏ်ဒြပ်တွေလည်း မလိုဘူး ... ကြယ်ပဲ လိုအပ်တယ်ဗျ ... မေမေ့ဆီဝင်တွေ့သည်။

"မေမေ ..."

"ဟင် ..."

"နေကောင်းလား"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မကောင်းဘူး ... မေမေ့ကျန်းမာရေးက တဖြည်းဖြ
ဆိုးနေပြီ သားလင်း လိမ်မာပါ"

"လင်းအတွက်တော့ မမသွင် ဘာမှသောကမရောက
ကိုယ့် ကျန်းမာရေးပဲဂရုစိုက်ပါ ... မမသွင်ကို သော်ပြောချင်
ကလေ ဟိုကောင်မလေး မေကြယ်ဖြူအတွက်ပဲ ... "

"ကြယ်က ဘာဖြစ်လို့လဲ သော်"

"မောင်းထုတ်ပစ်ချင်တယ်"

"ဘာအေ့ ... "

"မမသွင် စဉ်းစားပါ ... အစေခံမသမီးကို လက်ခံထား
လင်းလေး ရှေ့ရေးအတွက်"

"ထားလိုက်ပါသော် ... ညည်းလုပ်ချင်ရင်တောင် မမ
သေမှ လုပ်ပါ ... ညည်းက လုပ်မှာပါမိသော် ... လင်းနဲ့ သရ
လက်ထပ်ကြမှာပဲ"

"ကျွန်မ စိတ်ပူတယ် ... အမိက ကြယ်လေးရှိနေတာ ဘ
တုန်းကမှ သော် စိတ်မအေးရဘူး"

"မမသွင် နေမကောင်းဘူး ... သားကလည်း ကြယ်လေ
အစေခံမ သမီးကို စိတ်ဝင်စားမလား"

"အင်းလေ ... တူလေး လင်းက ဒီကောင်မလေးကို အ
အပါးအဖြစ်ပဲ သတ်မှတ်ထားတာပဲနော် တူလေးလင်း"

"ဟုတ်တယ် အန်တီလေးသော်က ဘာတွေစိတ်ပူနေ





လဲ ... လင်းနဲ့ တန်လို့လား အစေခံမကို ... "

"ဟုတ်တယ် သော် ... အလကားနေရင်း စိတ်တွေပူမနေနဲ့
မမသွင်အသက်ကို ကယ်တင်ပေးခဲ့တဲ့ ကြယ့်အဖေအတွက် ကျေးဇူး
ဆပ်ပေးတာပါ"

သွင်လည်း သော့်ကိုထိန်းချုပ်ထားရတာ မောပမ်းနေသည်။
သော်က အဆင့်အတန်းခွဲခြားတယ် ... သွင်က ထားမေကိုလည်း
သနားတယ်။ သူ့သမီးလေးကို စောင့်ရှောက်ပေးဖို့ အထပ်ထပ်မှာ
ခဲ့တာပါ ...

"တော်ပါတော့ သော်ရယ် ... ညည်းတူလေး ဘဝကိုပဲ
စောင့်ရှောက်ထားပေးပါ ... မမသွင်နားတော့မယ်"

"မေမေ ... "

"ဟင် ... "

"လင်းကို ယုံကြည်ပေးပါ ... မေမေ စီးပွားရေးတွေအားလုံး
လင်းတာဝန်ယူပေးမှာပါ"

"လင်း ... "

"မေမေ ... "

"သရဖီကို လက်ထပ်လိုက်ပါ"

"ဗျာ ... "

လင်းနဲ့သရဖီ ချစ်သူတွေအဆင့်ပင်မဖြစ်ကြသေးတာ သွင်
သိသည်။ သော် ကျေနပ်စေဖို့ပဲ အမိကဖြစ်နေရ၏။ ကြယ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



အထိခိုက်မခံနိုင်ဘူး … သော်နှင့်လည်း မိမိအတိုက်အခံမလုပ်လို့ပေ … သော်က တူလေးအတွက် ဘယ်လောက်အထိပေးဆပ်နိုင်တာလည်း မိမိသိထားသည်။

"သရဖို့ကို မမသွင်က ချွေးမအဖြစ်လက်ခံတယ်နော်"

"သော်ရယ် … ညည်းလက်ထဲအပ်ထားတာပဲ"

ကြယ်လေးကို မထိခိုက်ဖို့က အဓိကဖြစ်နေသည်။ ကြယ်လေး သနားစရာ။ သားလင်းကြောင့် သော်က နှိမ်ချဆက်ဆံနေ၏။ ကြယ်လေးစိတ်တွေ ဘယ်လောက်အထိ ဖြူစင်နေလဲဆိုတာ သွင်သိသည်။

"သော်သွားတော့မယ်နော် မမ … "

"အေး … "

"မေမေ … သွားသွားမယ် … လူ့လောကကြီးထဲမှာ မေမေရှိနေပေးပါဗျာ … လင်းအတွက် လိုအပ်လို့ပါ"

မေမေရှိနေမှ ကြယ့်ဘဝအနာဂတ် လုံခြုံမှုရှိမှာပါ မေမေ အန်တီသော့်ကို မယုံဘူး … သူ့ အခန်းထဲဝင်လာခဲ့သည်။

"ကြယ် … နင့်ကြောင့်ပါ ငါ့ရင်တွေဘယ်လောက်ပူနေရလဲ ဟိုကောင် မင်းသုတနဲ့နင် တစ်နေ့နေ့ ချစ်သူတွေဖြစ်ကြရင် … "

"တောက် … "

"ဝုန်း … "

"ဒိုင်း … "





တွေ့ရာတွေကို ကန်ကြောက်ပြစ်လိုက်သည်။ ကြယ် သူ့ကို ည်းနည်းလေးမှ ပြေပြေလည်လည် မဆက်ဆံချင်ဘူး … မုန်းတယ် ဆုဝင် ပြောလိုက်သေး၏။ ကြယ့်ကို ချစ်သည်။

"ကြယ်ဖြူ … ကြယ်ဖြူ ဒီကိုလာခဲ့စမ်း … ငါ့အခန်းကိုလာရှင်းပေး … "

သူ့ ဒေါသတကြီးနှင့် အော်ဟစ်နေသဖြင့် အန်တီလေးသော် ဝင်လာသည်။

"ဘာဖြစ်လို့လဲ လင်းလေး … "

"လင်းအိပ်ခန်း ရှုပ်ပွနေလို့ပါ ရှင်းခိုင်းမလို့ … "

"ရှင်းနေပါတယ် လင်းရယ် … ဘာဖြစ်လို့လဲ"

"မရဘူး … ကြယ်ဖြူ … ကြယ်ဖြူ ထွက်လာခဲ့စမ်း"

သူ့ ဘာမှန်းမသိဘဲ ဒေါသတကြီးအော်ဟစ်နေသဖြင့် အန်တီသော် ဘာမှမတတ်နိုင်တော့ဘဲ ကြယ်ကို သွားခေါ်ပေးရသည်။

"ဟဲ့ကောင်မလေး … လင်းလေး စိတ်တိုင်းကျအောင်လုပ်ပေးစမ်း သန့်ရှင်းရေးလုပ်ပေး … "

"ဟုတ် … "

"လင်းလေး … အန်တီလေးသော်မှာ အလုပ်တစ်ခုရှိလို့ အပြင်သွားရမယ် မြန်မြန်ပြန်လာမှာပါ … "

ကြယ်ကတော့ လင်းညဏ်ပြဿနာရှာပြန်ပြီဟု တွေးသည်။ အလကားကောင် သက်သက်မဲ့အကြောင်းရှာပြီး ကြယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ညှဉ်းပန်းနှိပ်စက်ဦးမည်ဖြစ်သည်။

"ကြယ် ... "

"ပြော"

"ငါ့ အိပ်ခန်းကို သေသေချာချာ သန့်ရှင်းရေးလုပ်ပေး"

"လုပ်ထား ပြီးပါပြီ"

"ဒီမှာ ဖွရှုပ်နေတယ်လေ"

လင်း တမင်ပစ်ပေါက်ထားတာပါ ... အလကားနေရင်း ဒေါသတွေ ထွက်နေတဲ့ လင်းညာဏ်စဥ်ပဲ။

"ကြယ် ... "

"ဟင် ... "

"နင်နဲ့ဟိုကောင် မင်းသုတတွေ့ကြတယ် မဟုတ်လား"

"မတွေ့ပါဘူး ... "

"နင်တို့က တစ်ကျောင်းထဲပဲ"

"အဓိပ္ပါယ်မရှိလိုက်တာ ... "

"ကြယ် ... "

"ဒုက္ခပါပဲ ... ဒီမှာ ငါအလုပ်တွေလုပ်ရဦးမယ် ... ပြီးတော့ ကျောင်းစာတွေလုပ်ဖို့လည်း ရှိသေးတယ်လင်းရယ်"

လင်းအကြည့်တွေက ကြယ့်မျက်နှာလေးဆီ စူးစိုက်ရော ... နေ၍ ကြယ် အထိတ်တလန့်နှင့် ဒီကောင် ဘာဆက်ပြီးယုတ် ... ဦးမလဲဟု တွေးကာကြောက်လာသည်။





"နင့်ကိုငါက ချစ်တယ်ဆိုရင်ရောကြယ်"

"ဘာ ... ဘာတွေလာပြောနေတာလဲ ... လင်းညာဏ် ... နော် ငါ့ဘဝကို အဆုံးမရှိ ခြောက်ထဲတွန်းချပစ်ဖို့ ကြံစည်လာပြန် ... လား ... "

လင်း လှုယုတ်မာ ... ငယ်စဥ်က အစေခံမအဖြစ် မညှာ ... တာညှဉ်းပမ်းနှိပ်စက် လာခဲ့သည်။ အခု အသက်အရွယ်ရလာတော့ ... ချော်တော်တင်ဖို့ ကြံစည်လာနိုင်၏။ ကြယ် လုံးဝ လက်မခံနိုင်။

"နင့်အခန်းသန့်ရှင်းရေး လုပ်ပေးရတာအပမ်းမကြီးဘူး လင်း ... နင်မကျေနပ်ရင် ကြိုက်တဲ့အပြစ်ဒဏ်ပေးပါ ... ဒါပေမယ့် ငါ့ကို ... ချော်တော်တင်စော်ကားဖို့တော့ နင်လုံးဝ မကြံစည်နဲ့နော်"

"ဘာ ... နင် ... နင်ဘာပြောလိုက်တယ် ငါက နင့်ကို ... ချော်တော်တင်ဖို့ ဟုတ်လား ... "

"ဟုတ်တယ် လင်းညာဏ်စဥ် ... ငါအရွယ်ရောက်လာလို့ ... နင်တစ်မျိုးကြံစည်မလို့ မဟုတ်လား"

"နင်က အဲဒီလိုထင်ထားတာလား"

"နင်လက်ထပ်မှာက သရဖီနွယ်လေ ... နင်ချစ်တာ တန်ဘိုး ... ထားတာက သူ့ကိုပဲ မဟုတ်လား"

"မဟုတ်ဘူးကြယ် ... ငါ့နှလုံးသားတွေထဲမှာ အမြဲတမ်း ... ချစ်ပြီး တန်ဘိုးထားရတာက နင်ပဲ"

လင်းမဖြစ်တော့ဘူး ရင်ထဲကခံစားချက်တွေကို ဖော်ရော ...



www.burmeseclassic.com

www.burmeseclassic.com



စီးစီး ဖွင့်ပြောပြဖို့ လင်းဆုံးဖြတ်ထားလိုက်သည်။

"ကြယ့်ကိုချစ်တယ် ..."

"အမိပွါယ်မရှိဟာပဲ လင်းညာဏ်စဉ် ... ငါကတော့ နင့်ကို အပြတ်သားဆုံးပြောလိုက်မယ် ... ငါ အမုန်းဆုံးက နင်ပဲ အဆင့်အတန်းခွဲခြားတတ်တဲ့ နင်နဲ့အန်တီသော် ငါ့ကို တော့ငအေမလို့ မထင်နဲ့"

သူမ အခန်းထဲကလှည့်ထွက်သွားတော့မလို့ ပြင်လိုက်စဉ် အန်တီလေးသော် ဝင်လာသည်။

"ကြယ်ဖြူနော် ငါ့အခန်းထဲမှာ အမှိုက်တစ်တပင်တောင် မရှိစေနဲ့ ... နင့်ကိုနင် စက်မှုတက္ကသိုလ်ကျောင်းသူဆိုပြီး ဘဝင်လေဟပ်မနေနဲ့"

လင်း ချက်ချင်းပဲ လေသံမာမာနှင့်ကြယ့်ကို အော်ဟစ်ခိုင်းစေလိုက်သည်။ အန်တီလေးသော်က မြန်လိုက်တာ ကြယ်က အခန်းကို သန့်ရှင်းရေးလုပ်နေသည်။ ကြယ် ကြေကွဲနေမလား ငါ သိပါတယ် ... နင့် မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်နှက်နေမယ်ဆိုတာလေ ... အန်တီလေးသော်ကြောင့်ပါ ... လင်းဒေါသတွေနှင့် အရာအားလုံးကို ရင်ဆိုင်ပစ်ချင်သည်။

"ကြယ်ဖြူ ... ညည်းသွားတော့ အခန်းက သန့်ပြန့်နေပါပြီ အေ ... သွား"

"ဟုတ် ..."





ကြယ်လည်း ထွက်ပြေးသွားချင်တာပါ ... လင်းညာဏ်စဉ် သတစ်မျိုးတမည် အကောက်ကြံစည်တော့မည်ဖြစ်သည်။ ကြယ် သက်မခံနိုင်ပေ။ ဘယ်လောက်ပဲ သူတို့အိမ်က အိမ်စေဖြစ်နေပါစေ နင်စော်ကားလို့ရမယ် ထင်လား ... အသက်ချင်းလဲပစ်မယ် သူမ ထွက်လာခဲ့သည်။ အိပ်ခန်းလေးထဲ ပြန်ရောက်လာတော့ အခန်းတံခါးကို အရင်ကထက် သတိဝီရိယကြီးစွာ ပိတ်ပစ်လိုက်သည်။

"အမေ ... ကြယ့်ဘဝ မလုံခြုံတော့ဘူး လင်းညာဏ် တစ်မျိုးတစ်မည် ကြံစည်ဖို့ ကြိုးစားလာတယ် လူယုတ်မာပါ ..."

မေမေ့သွင့်ကိုလည်း မတိုင်ချင် ... ရောဂါဝေဒနာတွေ ပြင်းထန်စွာခံစားနေရချိန်ဖြစ်သည်။

"လင်းညာဏ်စဉ် နင့်ကိုငါအရမ်းမုန်းတယ် သိလား ... နင့် အတွင်းစိတ်တွေကို ငါမသိဘူး ထင်နေလား"

အန်တီလေးသော်ရောက်လာတာနှင့် လင်းအသံက ချက်ချင်းပြောင်းသွားသည်။ မာကျောခက်ထန်သွားသည်။

"မေကြယ်ဖြူ ... ဟဲ့ကောင်မလေး ကြယ်ဖြူ"

"ရှင် ..."

သူမ အခန်းတံခါးကို အတင်းတုဖွင့်နေသည်။

"ညည်းက ကြီးကြီးကျယ်ကျယ်နဲ့ ဘာကိုကြောက်ပြီး တံခါးတို စောစောစီးစီး ဂျက်ချထားရတာလဲ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ပါဘူး ... ကြွယ်က ဒီလိုပဲဖွင့်ထားတာဝါ ... အခု မှေပြီး ပိတ်မိလိုက်တယ်"

ဒေါ်သော်မမ စိတ်ထဲမှာ ကြွယ်ဖြူကို မသင်္ကာဖြစ်ရသည် ... ကောင်မလေး မိမိတူလင်းလေးအား အချိန်မရွေး ဖြားယောင်းသွေးဆောင်သွားနိုင်၏။ ကြွယ်ဖြူတစ်နေ့တခြား ချောလာသည်။

"ကြွယ်ဖြူ ..."

"ရှင် ..."

"ညည်းကို ဟိုလေးငါးခြံကျော်က ကောင်လေး မင်းသုတဆိုလားပဲ ခင်မင်တယ်ဆို"

"ဒီလောက်လည်း မဟုတ်ပါဘူး ... ငယ်ငယ်ကတစ်ကျောင်းထဲပဲ မဟုတ်လား"

"အခုလည်း စက်မှုတက္ကသိုလ်တစ်ကျောင်းထဲပဲ မဟုတ်လား"

"ဟုတ် ..."

"ချိတ်လိုက် ..."

"ရှင် ..."

"ရအောင် ချိတ်လို့ပြောတာ ... ဒီမှာညည်းရှိနေတာကို သရဖီလေးတို့ဘက်က မကြိုက်ဘူး"

"ကြွယ်က ..."





"မမသွင်ကြောင့်ပဲအေ ... ညည်းကို လုံးဝသဘောမကျဘူး ...စေသမီးက ငါ့တူလေးလင်းထက် ပညာရေးမှာသာနေတာ ... မဖြစ်သင့်ဘူး ..."

အန်တီလေးသော်က မကြာခဏပင် ကြွယ့်ကိုမထားလို ...ကြောင်း ပြောတတ်သည်။

"မေမေသွင် ... လူ့လောကကြီးထဲမှာ မရှိတော့ရင် ကြွယ် ...တ်သွားမှာ အန်တီလေးသော် ..."

"မမသွင်ကြောင့် ခက်တာပဲ ... အိမ်စေသမီးက အမေစခံ ...ဖြစ်သင့်တာ ... ကျောင်းများထားပေးရတယ်လို့ တစ်ခုတော့ ...ထိပေးထားမယ့်နော် ... ငါ့တူလေး လင်းရှေ့မှာ အနေအထိုင် ...ခြင်ဖို့ ... မြူဆွယ်ဖြားယောင်းဖို့တော့ လုံးဝမကြိုးစားနဲ့"

"ရှင် ..."

"ဘာရှင်လဲ ..."

"ဒေါက် ..."

"အမေ့ ..."

"နင်တို့လို အဆင့်အတန်းမျိုးတွေက သူဌေးသားဆိုရင် ...ခိုင်ချိုင်ချင်ကြတယ် ... အင်းလေ သူဌေးသားတွေကလည်း ...ညည်းတို့လို အစေခံမလေးတွေအပေါ် ခြေတော်ပဲတင်ချင်ကြတာ ...ပျော်အပျက်ကြံစည်မယ် သတိထားနေ ..."

ပြောထားရမယ် ... ဒေါ်သော်မမကတော့ မယုံဘူး ... စေ


www.burmeseclassic.com

www.burmeseclassic.com



စောက နှစ်ယောက်လုံး အမူအရာတွေ ဖျက်နေကြသည်ဟု
သည်။ စိတ်ပူတယ် လင်းလေး အမူအရာတွေက သရုဖီအပေါ်
ခင်နှစ်သက်ပုံ မရ ... ။

"မကြယ်ဖြူနော် ... ညည်းသတိထားနေထိုင်
နောက်ဆို လင်းလင်းခေါ်တိုင်း အခန်းထဲမှာ နှစ်ယောက်ထဲမ
ငြင်းပစ် ... "

"ဟုတ် ... "

"ဟဲကယ်ပါပဲ မမသွင်ကြောင့် ခက်နေတာ ... ညည်း
ကောင်မလေးမျိုးကို အစောကြီးထဲက လက်မခံသင့်ဘူး"

အန်တီသော်ခေါက်လိုက်၍ ကြယ်ခေါင်းထူပူနာကြင်သွ
ရသည်။ ဒီအရွယ်ကြီးရောက်နေတာတောင် ကြယ့်ကို ရိုက်နှ
လက်ပါချင်နေ၏။ ကြယ်ဘယ်လိုဆန့်ကျင်မလဲ ... အန်တီ
ကြည့်ရတာ ကြယ်နှင့် လင်းညာဏ်စဉ်ကို မသကာ်ပုံပင်။ ကြ
အမုန်းဆုံးက လင်းညာဏ်ပဲ ... နင့်ကို အရမ်းမုန်းတယ် ... နင့်ကြ
ပဲ ငါကိုများ ချစ်တယ်တဲ့ ... လူယုတ်မာကောင် နင်ဘယ်လော
ပဲ ချမ်းသာနေပါစေ ... ကြယ်ဖြူက လုံးဝ အထင်မကြီးဘူး မှ
ထား ...

"အမေက ကြယ့်ကို မေမေသွင့်အနားမှာ နေရမယ်တဲ့ ...
ကျေးဇူးတရားတွေကို သမီးဆပ်ပါတဲ့ ... "

ကြယ် ငိုပစ်ချင်သည်။ အမေ့ကို လွမ်းလိုက်တာ ကြ





ယောက်ထဲ ဘယ်လောက်အားငယ်နေမယ်ဆိုတာ အမေ
သိထားခဲ့တာလားဟင် ... ကြယ်ငိုသည် ... တစ်ညလုံး ကြယ့်
တွေကယောင်ခြောက်ခြားနှင့် လင်းညာဏ်ရဲ့နင့်ကို ချစ်တယ်ဆို
အသံတွေကိုပဲ ကြားနေရ၏။ မေ့ပစ်လို့မရ အခန်းထဲမှာ မလုံ
မှုနှင့် ငုတ်တုတ်လေး ထထိုင်နေလိုက်ရသည်။

♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၉ )

"လင်း ... "

တောက် အရေးထဲကွာ လင်းကကြယ့်အကြောင်းရေ စဉ်းစားနေချင်တာပါ ... သရဖီကရောက်လာသည်။ လင်းမကြိ အန်တီသော်ကြောင့်ပါ ...

"လင်းကို ကျောင်းသွားဖို့လာခေါ်တာပါ ... ပြင်ဆင် အိပ်ပုတ်ကြီး ထ ... "

လင်းလိုယောက်ျားတစ်ယောက်ကို သရဖီအပိုင်ချုပ် ထားလိုနေခဲ့သည်။ လင်းဆီက ချစ်ခွင့်မတောင်းတာကို သရဖီ မကျေနပ်မိ ... သရဖီကလည်း မာန့်နှင့်လင်းဆီက ချစ်ပါ တယ် ပြောလာစေရန် ဖြားယောင်းချွေးဆောင်နေလေသည်။

"ကိုယ် ဒီနေ့အတန်းမရှိဘူး ... သရဖီ တစ်ယောက်ထဲပဲသ ပါ"

"အတန်းမရှိလည်း သရဖီနဲ့လိုက်ခဲ့ ... ဈေးဝယ်ထွက်မ တယ်"





"ကိုယ် မလိုက်ချင်ဘူးကွာ"

"မရဘူး လိုက်ရမယ် ထ ... "

သရဖီက အတင်းဆွဲထူနေသည်။ ကြယ်နဲ့တခြားစီပဲ ကြယ့် ငွေကြေးမချမ်းသာပေမယ့် မာနတွေတော့ချမ်းသာ၏။ လင်းကို ည်းနည်းလေးမှ ဖြားယောင်းမြူဆွယ်မှု မရှိခဲ့။ သူ ချစ်မြတ်နိုး နိုးထားရတာက ကြယ် ...

"အန်တီလေးရေ ... ဒီမှာ လင်းညာကစ်ဥလေ သရဖီခေါ် ာ မလိုက်ဘူးတဲ့ ပြောပေးပါဦး"

လင်းမထချင် ... သရဖီ့ကိုလည်း မုန်းတီးမိသည်။ ကြယ်ရော ူ ချစ်တယ်လို့ပြောပြီးပြီ ... အဖြေတောင်းရမယ် ... နင့်ဆီ ်ပါတယ်ဆိုတဲ့အဖြေ ငါ့ကိုပေးရမယ် ...

"လင်း ... "

သရဖီအော်သည်။ လင်းတို့အခန်းဆီ အန်တီလေးသော် င်လာ၏။ ယောက်ျားတစ်ယောက်နေတဲ့ အိပ်ခန်းထဲအထိ ပိုင်စိုး ိုင်နင်းဝင်ရောက်လာတဲ့ မိန်းမတစ်ယောက်ကို လင်းအထင်မကြီး

"လင်း ... ထတော့လေ ... သရဖီနဲ့ ကျောင်းကိုသွားပါ သမီးလေးက တကူးတကလာခေါ်နေတာပဲ"

"လင်းနားချင်လို့ပါ ... မေမေ့အနားမှာလည်း လင်းနေချင် တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ... လိုက်ရမယ် သရဖီခေါ်ရာနောက်ကိုလိုက်ရ

အန်တီလေးသော်ပြောပေးပါဦး ..."

"ဟုတ်တယ်လင်း ... လိုက်သွားလိုက်နော်"

အန်တီလေးသော် ပြောလွန်းသဖြင့် လင်းထလိုက်ရ

သည်။

"သရဖီအောက်ထပ်မှာ စောင့်နေမယ်နော်_ဆင်းခဲ့ ..."

သရဖီအောက်ထပ်သို့ ဆင်းလာသည်။ ညနေခန်းမှာတ

တော့ မေကြယ်ဖြူဆိုတဲ့ အိမ်ဖော်မကိုတွေ့လိုက်စဉ် အိမ်ဖော်

ဒီလောက်အထိ ဦးစားပေးထားတာ သရဖီမကျေနပ်ဖြစ်ရ

"ဟဲ့ကောင်မလေး ခဏ ..."

"ရှင် ..."

"ဒီမှာ ငါကော်ဖီတစ်ခွက်လောက် သောက်ချင်တယ်

ပေး"

"ကျွန်မ ကျောင်းသွားရတော့မယ် ... ဒီမှာ ဒေါ်ခက်

ရှိပါတယ် ... မှာပေးမယ်နော်"

"နင်လုပ်ပေး ... ဘာကျောင်းလဲ ... ညည်းကများ"

"ဟုတ်ကဲ့ ..."

မေကြယ်ဖြူက အိမ်ဖော်မသာပြောရတယ် ချောမော

သည်။ သရဖီမကျေနပ်ဘူး ... လင်းစိတ်ဝင်စားလောက်တယ်

ပြီးတော့လည်း အင်္ဂလိပ်ကျောင်းသူ ... သရဖီ မကျေနပ်





ပြီး သဝန်ကြောင်နေမိသည်။

"အန်တီလေး ..."

"ပြောလေ သရဖီလေး ..."

"ဟိုကောင်မလေးကို ဘာဖြစ်လို့ မြှောက်စားနေရတာလဲ"

"မမသွင်ပါ ... သူ့အသက်သခင် ကျေးဇူးရှင်ဆိုပြီး မြှောက်

စားပေးနေတာ"

"သူက ..."

သရဖီဆက်မပြောချင်တော့ ... ကျက်သရေမရှိလိုက်တာ

နော် ... လင်းနှင့် နီးစပ်သွားရင် ဘယ်လိုလုပ်ရမလဲ ... သရဖီ

အနေတွေသာ တင်းခံနေတာ လင်းကို အရူးအမူးချစ်မိနေပြီဖြစ်

သည်။

"မမသရဖီ ... ဒီမှာကော်ဖီပါ"

"ချခဲ့ ..."

လင်း အောက်ထပ်ကိုဆင်း လာတာနှင့် ကြုံသည် သရဖီ

အား ကြယ်က တရိုတသေနှင့် ကော်ဖီခွက်ချပေးနေရတာ လင်း

တွေ့ကြုံ ... ကိုယ့်ကျောင်းကိုယ် မသွားဘဲ ဘာဖြစ်လို့ အစေခံမ

လုပ်နေရတာလဲ ...

"ကြယ်ဖြူ ..."

"ရှင်"

"နင်ကျောင်းမသွားသေးဘူးလား ... သူများကထားပေးနေ



www.burmeseclassic.com

www.burmeseclassic.com



တာ ငိုက်ဆံမဖြုန်းနဲ့နော်"

"ဟုတ်ကဲ့ ..."

"လင်းကလည်း အိမ်စေမကိုများ ဘာဖြစ်လို့ ဒီလော
မြှောက်စားနေရတာလဲ"

"မင်း မသိရင်အသာနေစမ်းပါ ... သရဖီ ... ကြယ်
တော့"

ကြယ့်ကို အစေအပါးတစ်ယောက်လို ဆက်ဆံနေတ
လင်း မကြိုက် ... ဒေါသတွေပေါက်ကွဲ လွှင့်ထွက်ချင်နေသည်

"လင်း ..."

"ပြော"

"လင်းက မေကြယ်ဖြူကိုထိရင် မခံနိုင်သလိုပဲ"

"ထားလိုက်ပါ အိမ်ဖော်မလေးတစ်ယောက်အကြော
စကားထဲထည့်ပြောစရာတောင် မလိုဘူး"

သူ ပြင်ဆင်ပြီး သရဖီနောက်သို့ လိုက်လာခဲ့ရသည်။
မကျေနပ်ဆုံးက လင်းကို သူမရဲ့ကိုယ်ရံတော်သဖွယ် ပြုမူ
ဆောင်နေတာပဲဖြစ်၏။ ပစ္စည်းတွေ သယ်ပေးရသည်။

"သရဖီလေး ဒက်ဒီရှာဖွေသမျှ စည်းစိမ်ဥစ္စာတွေကို သုံး
သလိုသုံး ဖြုန်းချင်သလိုဖြုန်းနိုင်တယ် ... ဒက်ဒီ ကုမ္ပဏီမှာလ
ဒါရိုက်တာလေ ..."

မင်းဟာမင်း ဘာကြီးပဲဖြစ်နေဖြစ်နေ လင်းညာဏ်စဉ်ကို





ဆွယ်ဖြားယောင်းပို့ရမယ်မထင်နဲ့ ... လင်းနှလုံးသားတွေထဲမှာ
လွှမ်းမိုးထားနိုင်တာက ကြယ် ...

"ကြယ့်ကိုချစ်တယ် ... ယုံကြည်ပေးပါကြယ် ... မင်း
အတွက်ပါ"

လင်းငယ်စဉ်လေးထဲက ကြယ့်ကို စောင့်ရှောက်ခဲ့တာပဲဖြစ်
သည်။ သရဖီနှင့်လိုက်နေရတာ လင်းစိတ်တို့နေ၏။ ကြယ် အနေ
ချောင်စေရန် အန်တီလေးသော် သဘောကျနေထိုင်ပြရသည်။

"လင်း ..."

"ဟင်"

"ရှင့်ကိုကြည့်ရတာ စိတ်မပါသလိုပဲ ... ဘာတွေဖြစ်နေတာ
လဲ"

"သရဖီ ..."

"ပြော ..."

"ကိုယ်ပြချင်ပြီ ... ကိုယ်က မင်းရဲ့အစေအပါးတော့ မဟုတ်
ဘူးနော်"

"ဟင်း ဟင်း ဟင်း ... ကိုယ်ရံတော် တပ်မှူးလေးပေါ့"

"ကိုယ်ပြန်မယ်"

"ဘာဖြစ်နေတာလဲ ... ပဲတွေအရမ်းပေးမနေနဲ့ ... ညစာ
စားဦးမယ်"

"မစားတော့ဘူး ကိုယ်ပြန်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်တွေထဲမှာ အပြင်းပြဆုံးတွေ့ချင်နေတာက ကြယ်ပင် ... မင်းသုတနဲ့တွေ့နေပြီလား ... မတွေ့ဘူးဆိုတာ မဖြစ်နိုင်ဘူး ... တစ်ကျောင်းထဲပဲ ကြယ့်ဆီက ချစ်ပါတယ်ဆိုတဲ့အဖြေကို ရအောင် တောင်းယူပြမယ် ... အရေးထဲ သရဖီက သူ့အနားကို လိုက်ကပ်နေသည်။ စားသောက်ဆိုင်ထဲ အတင်းခေါ်သွားသဖြင့် လင်း လိုက်ရသေး၏။ စိတ်ညစ်သည်။

"လင်း ..."

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ ... မျက်နှာကြီးကို သုန်သုန် မှုန်မှုန်နဲ့"

"ကိုယ့်မှာ အလုပ်ကိစ္စတွေ ရှိသေးတယ်သရဖီ"

"လင်းဘာစားမလဲ ... မှာနော် ပြီးတော့ ကျွန်မကြိုက်တဲ့ အစားအသောက်တွေကိုလည်း ရှင်စဉ်းစားပြီးမှာပေးပါ"

"မင်းကြိုက်တဲ့ အစားအစာတွေကို ကိုယ်က ဘယ်လိုလုပ် သိမှာလဲ သရဖီ"

"ရှင့်ကို ဦးဆောင်ခိုင်းတာပါ ..."

"မသိဘူးလေကွာ ..."

"လင်း ဘာဖြစ်နေတာလဲ လုံးဝ စိတ်မရှည်ဘူး ... အံန်တီ လေးသော်ကို တိုင်လိုက်မှာနော်"

တိုင်ကွာဟု အော်ပစ်ချင်သည်။ ကြယ့်မျက်နှာလေးကို မြင်





မြင်လာတော့လည်း လင်းအတတ်နိုင်ဆုံး သည်းခံပေးလိုက်၏။ သူနှင့်သရဖီတို့ အပြန်တွင် ကြယ့်ကို ဘတ်စ်ကားဂိတ်မှာရပ်နေတာ တွေ့လိုက်သည်။

"တွေ့လား ... လင်း အစေခံမက ဘတ်စ်ကားဂိတ်မှာ"

"ကားကို ရပ်လိုက်ပါ သရဖီ ..."

"ဘာလဲ ... အစေခံမကို ကားပေါ်တင်ခေါ်မလို့လား"

"သရဖီ ..."

"အရေးအရာ လုပ်မနေနဲ့"

သရဖီက ကားကိုဆက်မောင်းသွားသည်။ ကြယ့်ကို စိတ်မချ။ ဘတ်စ်ကားဂိတ်မှာ လူရမ်းကားတွေရှိနေရင် ဘယ်လို လုပ်မလဲ ... ကြယ့်ကို စိတ်မချတော့ ... သရဖီကြောင့် သူ့အကြည့် တွေ အောက်သို့ မင်းသုတကား ဖြတ်သွားတာကိုတွေ့လိုက်သဖြင့် စိတ်တွေကို မထိန်းချုပ်ထားနိုင်တော့ပဲ ကားကိုရပ်ခိုင်းလိုက်သည်။

"ကားကို ရပ်လိုက်စမ်းပါ"

"ဘာဖြစ်လို့လဲဟင် ..."

"ရပ်စမ်းပါ ..."

"မရပ်ဘူး ... ဘာဖြစ်လို့ ရပ်ခိုင်းတာလည်းဆိုတာပြော"

"တောက် ..."

သူ ဒေါသတွေပေါက်ကွဲပြီး ကားစတီယာရင်ကို ဆွဲလိုက်မှ ကားရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆက်သွားတော့ သရဖီ ... ကိုယ့်မှာ ကိစ္စတွေရှိ[illegible]တယ်"

"ပြီးရော ... ရှင်လုပ်ရပ်တွေကို အနံ့တီလေးသော်[illegible]ဖုန်းဆက်မယ်"

"ဆက်ကွာ ... "

သူ အငှားကားတစ်စီးတားပြီး ကြယ်ရပ်နေတဲ့ ဘတ်စ်ကား[illegible]ဂိတ်ကိုရောက်လာခဲ့သည်။ ကြယ်က ရှိမနေတော့ပေ။

"ဟိုကောင် မင်းသုတကားနဲ့ပါသွားပြီ ထင်တယ်"

သူ ဒေါသတွေထွက်ပြီး ကြယ့်ဆီကိုဖုန်းဆက်သည်။

"ကြယ် အိမ်ပြန်ရောက်တော့မယ် လင်းဉာဏ် ... အခု[illegible]ဘတ်စ်ကားပေါ်မှာပါ ... "

"မလိမ်နဲ့ နှင် မင်းသုတကားနဲ့လိုက်သွားတာပဲ"

"မဟုတ်ပါဘူး ... လင်းရယ်၊ တကယ်ပါ ဒီမှာ ခရီးသည်တွေရဲ့ အသံတွေကြားတယ် မဟုတ်လား"

"နှင် ဆင်းလိုက်"

"လင်း ... "

"ဆင်းဆိုဆင်းလိုက် ငါအငှားကားနဲ့ လိုက်လာခဲ့မယ် နှင်ဘယ်မှတ်တိုင်မှာ ဆင်းလဲပြော ... "

"ဒုက္ခပါပဲ ... "

"ဆင်းနော် ... "





လင်းကို ဘယ်လိုမှပြော၍ မရနိုင်မှန်း ကြယ်သိသည်။ ရှေ့မှတ်တိုင်မှာ ကားရပ်သည်နှင့် ကြယ်ဆင်းလိုက်၏။ မကြာခင် လင်းရောက်လာလေသည်။

"တက် ... "

"လင်း ... "

"စကား မများနဲ့ ... "

ကြယ့်လက်ကိုဆွဲ၍ ကားပေါ်တက်စေသည်။

"သရဖီရော လင်း ... "

"ထားခဲ့တယ် ... "

"လင်း ဘာတွေလုပ်နေတာလဲဆိုတာရော လင်းကိုယ်လင်းသိရဲ့လား"

"သိတယ် ... "

"ဒုက္ခပါပဲ"

"မေကြယ်ဖြူ မင်းက ငါနဲ့စကားပြောတိုင်း ဒုက္ခပါပဲဆိုတဲ့စကားကို အလကားရလို့ပြောနေတာလား"

"မဟုတ်ပါဘူး ... လင်းဉာဏ်ရယ် ပြဿနာတွေက မိုးမီးလောင်သွားလိမ့်မယ် ... ကြယ့်ကို မောင်းထုတ်ခံရတာက အကြောင်း မဟုတ်ပါဘူး ... မေမေသွင် စိတ်မကောင်းဖြစ်ရမယ်ပြီးတော့ သရဖီနဲ့လင်းဆိုတာ တစ်နေ့နေ့ လက်ထပ်ကြရမှာလေ"

"နှင် ဆက်မပြောနဲ့တော့ ကြယ် ... အဲဒါ ငါ့ကိစ္စပဲ ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အငှားကားသမားအား စားသောက်ဆိုင်တစ်ခုဆီ မောင်းခိုင်းလိုက်သည်။

"လင်း ... ဘာလုပ်မလို့လဲ အိမ်ပြန်ကြရအောင်ပါဟာနော် ကြယ်တောင်းပန်ပါတယ်"

"မရဘူး ... တစ်ခုခုစားမယ် လင်းဗိုက်ဆာလို့"

လင်းက ဘယ်လိုမှပြောမရ ... သူမ လက်လေးကိုဆွဲ၍ စားသောက်ဆိုင်ထဲ ဝင်လာသည်။ အရေးထဲ မင်းသုတက သူငယ်ချင်းတွေနှင့် ထိုင်နေ၏။ ကြယ် မကြည့်ရဲ လင်းဝုန်းဒိုင်းကြဲအောင် ပြဿနာတွေ ရှာမှာလည်း ကြောက်သည်။

"ထိုင် ... "

"အင်း ... "

"ဟိုကောင့်ကိုတွေ့လား ကျော့ပေးထိုင်"

ဒုက္ခပါပဲဟု ညီးညူမိတော့မလို့ လင်းဒေါသတွေကို မဆွပေးချင်၍ ဖြစ်သည်။

"ဘာစားမလဲ ... "

"ကြိုက်တာမှာပါ ... ကြယ်က ဘာမဆိုစားတတ်တယ်"

"ငါက ဒီလိုအခွင့်အရေးမျိုး သူ့ရဖို့ကိုတောင် ပေးတာ မဟုတ်ဘူးနော်"

"လင်းညာဏ် ... "

"ပြော ... "





"ဒီအခွင့်အရေးက ကြယ်နဲ့မထိုက်တန်ဘူးဆိုတာ လင်းညာဏ်သိပါတယ် ... ဘာဖြစ်လို့ ကြယ့်ကိုလမ်းပေါ်ရောက်အောင် တွန်းပို့ချင်ရတာပါ"

"ဘာ ... "

"အမလေး ဖြည်းဖြည်းအော်ပါ ... "

လင်းညာဏ်အော်သံကြောင့် ပတ်ဝန်းကျင်ကလူတွေပင် လှည့်ကြည့်ကြသည်။ မင်းသုတရောပဲ ကြယ့်ခန္ဓာကိုယ်လေး သေးသိမ်ကျုံ့ဝင်သွားသလို ခံစားလိုက်ရ၏။ ဘုရားရေ လင်းညာဏ် ဘယ်အညိုးတွေနဲ့များ ကြယ့်ကို အရှက်တကွဲဖြစ်စေရန် ကြံစည်လုပ်ဆောင်နေရတာလဲ ... မင်းသုတတို့ ရှိနေတာ သိ၍ တမင်ခေါ်ပြီး နှိပ်စက်နေခြင်းဖြစ်သည်။

"ဘာလဲ ကြယ် ... မင်းသုတရှေ့မှာ နင် အရှက်ကွဲမှာ အရမ်းကြောက်နေလို့လား ... ပဲများ မနေနဲ့ ... "

ကြယ်ငြိမ်နေလိုက်ရသည်။ လင်းညာဏ်ကိုကြောက်လို့ပါ ... မင်းသုတလို သူဌေးသားတစ်ယောက်ကို ကြယ့်လို အိမ်ဖော်မက ရှန်လို့ရမတဲ့လား ... ကြယ်မယုံကြည်ဘူး ... အထင်လည်း မကြီးဘူး ... ကြယ့်အဝရစ်တည်နိုင်မှုက တဖြည်းဖြည်း လင်းညာဏ်စဉ်ကြောင့်ပဲ ခက်ခဲသထက် ခက်ခဲလာသည်ဟုထင်သည်။

"စား ... "

"အင်းပါ ... "



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်အဆင့်ကိုယ်သိနော် ကြယ် ..."

ကြယ် နှုတ်ပိတ်နေလိုက်သည်။ လင်းညဏ်ပြောဆိုနေကျပဲ ဟာ ... ကြယ်က လင်းအတွက် ဘာမှ တန်ဘိုးမရှိတဲ့ ဟင်းရွက် ကန်စွန်းရွက်ပဲ အံမယ့်ကို သတိရမိ၏။ ကြယ် ရှေ့ဆက်ရပ်တည်နိုင် စွမ်းမှုရှိပါတော့မလား ... အမေရယ် ကြယ်က လင်းညဏ်ကြိုးဆွဲ ရာ ကနေရတဲ့ ရုပ်သေးရုပ် ... မင်းသမီး မဟုတ်ပါဘူး ... မင်းသား ရဲ့ အစေအပါး ကျေးကျွန် ... ။

♥

န်း ( ၁၀ )

သရဖီက အန်တီလေးသော်ကို တိုင်တော့ကြယ့်ကိုပဲဆူ ည်။

"ကြယ်နဲ့ မဆိုင်ပါဘူး အန်တီလေး သရဖီနဲ့ ဆက်မလိုက်ချင် ဘူလို့ဆင်းတာ"

"လင်းလေးရယ် သရဖီလေးက တစ်နေ့လင်းလေးနဲ့ လက် ဝ်ရမယ်လေ ... ရွှေချင်းထပ် ဂုဏ်ဒြပ်ခြင်းထပ်ကြမယ့်ပွဲလေ"

"အန်တီလေးသော် ... ကျေးဇူးပြုပြီး သရဖီရဲ့ အစေအပါး တို့ ရောက်အောင်မလုပ်ပါနဲ့တော့ လင်းသည်းမခံနိုင်တော့ဘူး င်းတို့ကရော ဆင်းရဲနေလို့လား"

"လင်း ... လူကြီးတွေက ကောင်းမယ်ထင်လို့ စီစဉ်တာ ် လက်ခံမယ်ဆို ... သရဖီလို ဇနီးလောင်း ဘယ်လိုရှာမလဲ"

ဒေါ်အေးသော်မမှ စိတ်ထဲမှာ မသင်္ကာဖြစ်နေသည်။ ကြယ်ဖြူ ဒီကောင်မလေးကိုများ လင်းလေးက စိတ်ဝင်စားနေတာလား


www.burmeseclassic.com

www.burmeseclassic.com



သရဖီကပြောတော့ ကြယ့်ကိုတွေ့ပြီးမှ စိတ်ပြောင်းသွားတာ ကြယ့်ကိုတော့ လင်းလေး မျက်နှာသာမပေးခဲ့။ ငယ်စဉ်လေးထဲ နှိမ်ထားတာပါ ... ဒေါ်သော်မမ ဘယ်လိုစဉ်းစားရမှန်းပင် မ စွပ်စွဲပြန်ရင်လည်း စိတ်ဝင်စားသွားမှာ ကြောက်သည်။

"လင်း မိန်းမကိစ္စတွေကို စိတ်မဝင်စားပါဘူး အန်တီလေ တကယ်ပါ မေမေ့အတွက်ပဲ စိတ်ပူနေတယ် ... လင်းအနေနဲ့ သ ထက်မက မှန်းနိုင်ဝါတယ်ဗျာ"

အန်တီလေးကြောင့် သရဖီကိုလည်း ပြာလုပ်နေရတာ လ ရှက်လာသည်။ သရဖီ အလိုကျလည်း လိုက်လုပ်ပေးမနေနိုင်တေ သူ့ ရင်ထဲမှာ ကြယ်ပဲရှိတယ်။

"လင်း မင်းနဲ့ကြယ် သိပ်ပြီးအရောတဝင်မနေနဲ့တော့ သ မကြိုက်ဘူး"

"ဘာဆိုင်လဲဗျာ ... ကြယ်က လင်းရဲ့ အဝတ်အစား လင်းငယ် ငယ်လေးထဲက လင်းဝေယျာဝစ္စတွေကို လုပ်ပေးရတာ လ မတားနဲ့"

"အန်တီလေးကိုတောင် ခွန်းတုံ့ပြန်နေပြီလား"

"အန်တီလေးနော် မဆီမဆိုင်ကြယ့်ကို ဆွဲမထည့်ပါနဲ့ ကြယ့်ကို မောင်းထုတ်ပစ်ရင် လင်းလည်းဒီမှာ မနေတော့ဘူး ကြယ့်လို အဆင့်မျိုးကို လင်းဘဏ်စဉ်က မှန်းမယ်ထင်လား သ နေရာတကာ ဝင်ပါနေတာတွေကို မကြိုက်တာပဲ"





လင်းလေးကို မပြောရဲတော့ပေ။ မေကြယ်ဖြူကို အဝေး ...အောင် ဘယ်လိုလုပ်ရမလဲ။ မိမိကသာ စိတ်ပူနေရတာပါ ...က အစေအပါးအဖြစ် တသက်လုံးညှဉ်းပမ်း နှိပ်စက်လာခဲ့ ...။ ဒေါ်သော်မမကတော့ ကြယ်ဖြူကိုပဲ မဲပြီး နှပ်ကွပ်ဖို့စဉ်းစား ...သည်။

"ကြယ်ဖြူ ..."

"ရှင် ..."

"နင်က အရွယ်ရောက်နေပြီနော် ... လင်းလေးအနား သိပ် ...ပ်ရဘူး ဝေးဝေးရှောင် ... နောက်မှ ပြဿနာတွေတက်ရင် ...တာဝန်မယူဘူးနော် ... မိန်းကလေးဆိုတာ အနေအထိုင်ဆင် ...မှ လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးမယ်"

ကြယ်ဖြူ တစ်နေ့တခြား လှပချောမောလာတာလည်း ...သော်မမ သတိထားမိ၍ စိတ်ပူသည်။ တားဆီးလို့လည်း မရ။ ...သွင် မရှိလို့ကတော့ လင်းလေးအနားမှာ မေကြယ်ဖြူကို တစ် ... တစ်စက္ကန့်တောင် မထားဘူး ... ငယ်ငယ်လေးထဲက ဇမ ...ယ်ဖြူကို ကြည့်မရ ... သားရွယ်တူရှိနေတာကို မမသွင်က ပြော ...ခဲ့ရ ...

"နင့်ကိုငါ သတိပေးထားတယ်နော် ... လင်းလေးက ...လင်ဖန်းနဲ့ အချင်းဆေးထားတာ ... နင်ခြေတော်တင်ခံရလိမ့် ...မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ကြယ့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေစီးကျလာသည် ပြောရက်လိုက်တာ အန်တီလေးကတော့ ကြယ့်ကို နှိမ်နှိမ်ချ ပြော ဆိုနေကြပါ ... ကြယ် ကြိတ်၍ မျက်ရည်ကျရပေါင်းလည်း အကြိမ် တွေ များလှန်း၏။ မေမေသွင် ရှိနေသရွေ့ ကြယ်ဘယ် ထွက် မသွားဖို့ ဆုံးဖြတ်ထားသည်။

"ကြယ်လေးရေ ... မေမေသွင်က ခေါ်လောက်လာပါပြီ တဲ့"

"ဟုတ် ..."

အမေ့နေရာ ဝင်လာတဲ့ အိမ်ဖော်ကြီးဒေါ်ခက်ခက်က လာ ခေါ်သည်။ ကြယ့်ကိုသနားပါတယ် ကိုယ်ချင်းစာတတ်ပြီး စည ရေး ကြိုးစားနိုင်ရန် ကူညီနေ၏။ ကြယ် မျက်ရည်တွေကို သုတ်ပြီး မေမေသွင့်အခန်းထဲ ဝင်လာခဲ့သည်။

"ကြယ် ... ရောက်လာပြီလား"

"ဟုတ် ..."

"မေမေသွင် ဒီနေ့ အရမ်းမောသလိုပဲကွယ် ... အနားမှာနေ ပေးနော်"

"ဆရာဝန်ကို ဖုန်းခေါ်ပေးရမလားဟင်"

"မဆက်နဲ့ မေမေသွင်က မထူးတော့ပါဘူး ... ကြယ်လေး ကိုပဲ သနားတာပါ ... ညည်းလေးငိုထားတယ် မဟုတ်လား ကြယ်"

ဒေါ်သွင်မမ သဲ့သဲ့လေးကြားသည်။ သော်ဆိုးတယ် သာ





သင်းလေးကို ကြယ်နှင့်စွပ်စွဲပုတ်ခတ် ရန်လုပ်နေတာကို သဘော ကျမိပေ။

"တကယ်လို့သာ မေမေသွင် တစ်ခုခုဖြစ်သွားရင် ကြယ် လေး ဒီကနေ ထွက်သွားတော့ ... ဘဝကို အရှုံးမပေးပါနဲ့ အအောင် မြင်ဆုံး ဘဝတစ်ခုရအောင် ကြိုးစားနော်"

"ဟုတ် ..."

"လိမ်မာရေးခြားရှိလွန်းတဲ့ ကြယ်လေး ... မေမေ သွင် စိတ်ချပါတယ်လေ ... မျက်ရည်မကျနဲ့ ဘဝကို အရှုံးပေးတာနဲ့ အတူတူပဲကွယ် ..."

"မေမေသွင်ရယ် ..."

မေမေသွင့်ရင်ခွင်ထဲ တိုးဝင်၍ ကြယ် ငြိမ်သက်နေမိသည်။ ဟုတ်တယ် ကြယ်မငိုဘူး မျက်ရည်လည်းမကျဘူး ... ရင့်ကျက် တည်ငြိမ်စွာ ဖြတ်သန်းဖို့ပဲ အင်အားရှိစေရမည်။ မေမေသွင့်ကို နှိပ် နယ်ပေးပြီး ပြန်ထွက်လာခဲ့သည်။

"ကြယ် ..."

"ဟင် ... လင်းညာဏ်"

သူမ အိပ်ခန်းထဲဝင်ခါနီးတွင် လင်းညာဏ်က သူမလက်လေး ကို ဆုပ်ကိုင်လိုက်သဖြင့် အလန့်တကြား ရုန်းဖယ်ပစ်မိသည်။

"လင်းညာဏ် နင် ... နင် ဘာလုပ်တာလဲ ... လွှတ်နော် ငါ့ကိုစော်ကားဖို့ မကြံစည်နဲ့ ငါအော်လိုက်မှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှူးတိုးတိုး ..."

"လွှတ် ..."

"ကြယ် ..."

"ဘာလဲ ..."

"နင့်ကို ငါချစ်တယ်"

"ငါကတော့ နင့်ကိုအမုန်းဆုံးပဲ"

ကြယ့်နှလုံးသားတွေထဲမှာ လင်းညဏ်စဉ်ကို တူးတူးခါ[illegible] မကြည့်ချင်လောက်အောင် ရွံမုန်းနေမိသည်။

"ငါ အောက်လိုက်မှာနော် ... လင်းညဏ်စဉ် နင့်အစော်[illegible] ကို ငါငြိမ်ခံနေမယ် ထင်လို့လား ..."

"အော်လေ ... အော်လိုက် ငါ့နှလုံးသားတွေထဲမှာ နင့်[illegible] ချစ်လို့ နာကျင်ပေါက်ကွဲနေရတယ် ... နင့်ကို ငါနှိပ်စက်နေတာ[illegible] အားလုံး နင့်ဘဝအတွက် နင့်အနာဂတ်အတွက် အချစ်တွေနဲ့[illegible] တာ ..."

"သေလိုက် အရူးကောင် လူယုတ်မာ နင့်လိုသူခွေးသား[illegible] ကို ငါလုံးဝအထင်မကြီးဘူး ... [illegible]မေသွင့်မျက်နှာကြောင့် [illegible] သည်းခံနေတာပဲ"

လင်းညဏ်လက်ထဲကနေ သူမလက်လေးကို ဆောင့်ဆွဲ[illegible] ဖယ်ပစ်လိုက်သည်။ လင်းညဏ်က မလွှတ်ဘဲ သူမခန္ဓာကိုယ်[illegible] အား သိမ်းကျုံးပွေ့ဖက်ကာ ကြယ့်နှုတ်ခမ်းအစုံကို နမ်းလိုက်[illegible]





ကြယ်ရုန်းဖယ်ခါရမ်းနေပေမယ့် မလွှတ်တော့။ လင်းညဏ် လူယုတ်မာ ခွေးကောင် ... အနမ်းတွေကြာရှည်လျက် လင်းညဏ်ချာခနဲ လှည့်ထွက်သွားသည်။

"လင်းညဏ် လူယုတ်မာ အကျင့်မကောင်းတဲ့အကောင်"

သူမကြမ်းပြင်လေးပေါ် ခွေခနဲကျသွားသည်။ မျက်ရည်တွေဟာ သူမမျက်ဝန်းလေးထဲမှာ ပြည့်လျှံနေပေမယ့် ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျမလာစေရန် ထိန်းချုပ်ထားလိုက်၏။ ငါမငိုဘူး မျက်ရည်မကျဘူး ... မေမေသွင့်ကြောင့်ပါ နင် ဘယ်လောက်အထိ ငါ့ကို စော်ကားမလဲ ... အနိုတီလေးသော် ပြောသလို လင်ကောင်မပေါ်ခဲ ဗိုက်ကြီးအောင်အထိလား ... အိမ်ဖော်မလေးတွေရဲ့ ဘဝကို ဖျက်ဆီးတာ ခြေတော်တင်တာ နင့်တို့လိုကောင်မျိုးတွေ ယုတ်မာတဲ့ အကျင့်စရိုက်တစ်ခုပဲ ... ကြယ့် နှုတ်ခမ်းလေး စပ်ဖျင်းနာကျင်နေသည်။

"အမေ ... ကြယ် ဘာလုပ်ရမလဲ ... ဒီကနေ လွတ်မြောက်ရာကို ကြယ်ထွက်သွားချင်ပါတယ် ... မေမေသွင် အသက်ရှင်သရွေ့ သမီး မသွားရဘူးတဲ့"

မေမေသွင့်ကို စိတ်ဝေဒနာတွေ ထပ်ပြီး မခံစားစေချင်ပါဘူး။ ကြယ့်ကို သမီးနှင့်မခြား ဆက်ဆံကျွေးမွေး စောင့်ရှောက်ထားတာပါ ... သူမ အခန်းတံခါးကို လုံအောင်ပိတ်ပြီး အိပ်ရာလေးပေါ်မှာ ဖာစ်ယောက်ထဲ ငုတ်တုတ်လေးထိုင်နေမိသည်။ အိပ်ရာဝင်ခါနီး



www.burmeseclassic.com

www.burmeseclassic.com



မှ သူမ ဖုန်းဝင်လာ၍ ကြည့်လိုက်ရာ မင်းသုတဆိုတဲ့ နာမည်ေ
ပေါ်လာ၏။ ဘုရားရေ ကြယ့်ဖုန်းနံပါတ်ကို ဘယ်ကနေရလာ
လဲ။ အရေးထဲ ... ကြယ် နားမထောင်ဘဲ ဖုန်းကိုပိတ်ပစ်လို
သည်။

"ကြယ့်ကို အထင်သေးကြတာလား ... ရှင်တို့လို သူ
သားတွေကို မေကြယ်ဖြူက အပိုင်ချိုင်မယ်ထင်နေကြလား မ
စရာကောင်းလိုက်တာ ..."

ကြယ်ဘာကိုမှ ဆက်မတွေးတော့ပဲ အိပ်ပစ်သည်။ ဘ
လွယ်လွယ်နှင့် အရှုံးမပေးဖို့လည်း ဆုံးဖြတ်ထား၏။ အိပ်ပစ်သ

"ကြယ်ဖြူ ... ဟဲ့ ကြည်ဖြူ ထစမ်း ... တံခါးဖွင့်စမ်း

"ဟင် ..."

အလုပ်သမားအဒေါ်ကြီးခက်ခက် အသံကြောင့် သူမလူ
ထကာ တံခါးဖွင့်ပေးလိုက်သည်။

"ကြယ် ... မေမေသွင် ဆုံးသွားပြီ"

"ဟင် ..."

"ဒေါ်ခက်သွားကြည့်တာ ... အခု လင်းလေးနဲ့ အန်တီေ
သော်တို့ အနားမှာရှိကြတယ် ..."

"မေမေသွင်ရယ် ဖြစ်မှဖြစ်ရလေ ..."

"ကြယ် ..."

"ရှင် ..."





"ညည်းလေး နှုတ်ခမ်းက ဘာဖြစ်တာလဲ ... ယောင်ရမ်းနေ
လားလို့"

"ဟင် ..."

"အဆိပ်ရှိတဲ့ အကောင်တစ်ကောင်ကောင်ကိုက်တာထင်
တယ်"

"ဟုတ် ... ဟုတ်မယ် ထင်တယ်"

"လာ ... လာ ဒေါ်သော်မမကတော့ လူးလို့မှ်ငိုနေတယ်
လင်းလေးလည်း ငိုတယ် ..."

သူမ မှန်ထဲမှာ ကြည့်လိုက်တော့ သူမ နှုတ်ခမ်းတွေက ဖူး
ယောင်နေသလိုဖြစ်၍ ရုတ်တရက် အပြင်ထွက်ရမှာပင် ရှက်သွား
သည်။

"ဟဲ့ ... လာလေ ... တို့ကို ဘာခိုင်းမလဲ မသိဘူး ... ညည်း
လေးတော့ ကံဆိုးပြီထင်တယ် ... ဒေါ်သော်မမက အရှင်သခင်မ
ကြီး ဖြစ်သွားပြီလေ ..."

"ကြယ်လည်း ဆုံးဖြတ်ထားပြီပါပြီ ... ဒေါ်ခက်ခက်ရယ်
မေမေသွင် မရှိမှတော့ ကြယ် ထွက်သွားဖို့ပဲရှိပါတော့တယ်"

ဒေါ်ခက်က သူမလက်လေးကို ဆွဲ၍ မေမေသွင့်အခန်းထဲ
ဝင်လာခဲ့ကြသည်။

"မသွင်ရေ ... သော် ဘယ်လိုဖြေရမလဲဟင် ... သူတော်
ကောင်းမကြီးရဲ့ ... လင်းလေးကို သော့်လက်ထဲ ဝကွပ်အပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီလားဟင် ...”

ကြယ့်ခြေလှမ်းတွေက မေမေသွင့်အနားမှာ တုန့်ခနဲရပ်သွားသည်။ အေးချမ်းစွာ အိပ်နေသကဲ့သို့ သူ့လောကကြီးထဲကနေ ထွက်ခွာသွားတဲ့ မေမေသွင် ... ။

“ကြယ် မငိုဘူး မေမေသွင် ... လူတစ်ယောက် မျက်ရည်ကျတယ်ဆိုတာ ဘဝကို အရှုံးပေးချင်လို့တဲ့ ကြယ် မျက်ရည်ကျတာကို မေမေသွင် မကြိုက်ဘူး မဟုတ်လား ... စိတ်ချပါ ကြယ့်ဘဝကို အလွယ်တကူ အရှုံးမပေးပါဘူး ...”

ကြယ် မငိုပေ။ လင်းဉာဏ်နှင့် မျက်နှာချင်းမဆိုင်မိအောင်ပဲ ရှောင်နေလိုက်သည်။ ကြယ်နဲ့ ဒီတိုက်ကြီးရဲ့ ရေစက်ကုန်ပါပြီ။ မေမေသွင် ကြယ့်ဘဝ အအောင်မြင်ဆုံးဘဝ အထွတ်အထိပ် ရစေရပါ့မယ် ... အန်တီလေးသော်က ငိုနေရင်း မဆီမဆိုင် ကြယ့်ကို လှည့်ပြီး မျက်စောင်းထိုးနေသေးသည်။

“ဟဲ့ ... နင့် နှုတ်ခမ်းက ဘာဖြစ်တာလဲ ... ဘယ်လိုများ အိပ်လည်းမသိဘူး ... ဖယ်စမ်း”

လင်းကတော့ ကြယ့်နှုတ်ခမ်းဖူးယောင်နေတာကို ချစ်သည်။ သူလိုက်ကြည့်လျှင် ကြယ်အကြည့်ကို လွှဲပစ်နေ၏။ မေမေ့ကြောင့် လင်း ဘယ်လောက်အထိ ပူဆွေးသောက ရောက်နေရလဲ ကြယ်သိလား ... မေမေ့ကို ဆုံးရှုံးရတာရော။ ထပ်ပြီး ကြယ့်ကိုလည်း ဆုံးရှုံးရတော့မယ်ဆိုတာ သိနေလို့ပဲ ... ။





“မေကြည်ဖြူ မမသွင်က နင့်ရဲ့ကျေးဇူးရှင်လေ ... နင်အခုဖြစ်လို့ မျက်ရည်တစ်စက်တောင် မကျရတာလဲ ညည်းအသဲမာလိုက်တာ”

ကြယ်မငိုဘူး ... မေမေသွင် မရှိမှ ရှေ့ဆက်သတ္တိရှိရှိရင်ဆိုင်ရတော့မယ် ... မေမေသွင်ကလည်း ပြောသွားတယ် ... မငိုနဲ့တဲ့ ဘဝကို လွယ်လွယ်ကူကူ အရှုံးမပေးရဘူးတဲ့ ... ကြယ် လှည့်ထွက်လာခဲ့သည်။

“မသွင်ရေ ... သော်တစ်ယောက်တည်း ဘဝကိုရှေ့ဆက်ရမှာ အားမရှိတော့ဘူး ... ဘူလေး ရှေ့ရေးအတွက် သော့ခေါင်းပေါ်အားလုံး ပုံကျသွားပြီပေါ့နော်”

မေမေ မရှိတော့တာကို ကြယ်ဝမ်းနည်းကြေကွဲဟန်သာပြပြီး မငိုခဲ့ ... ။ လင်းသိပါတယ် ... မင်းသတ္တိတွေမွေးပစ်လိုက်တာမဟုတ်လား ... မေမေ မရှိမှ ကြယ့်ကို လင်းပိုပြီးစောင့်ရှောက်ဖို့လိုအပ်လာပြီ ဖြစ်သည်။

“မေမေ ခံစားနေရတဲ့ ဝေဒနာတွေက ပြင်းထန်လွန်းပါတယ် အန်တီလေးရာ ...”

ကြယ့်အတွက် မေမေစိတ်ချပါ ... ကြယ့်ကို လင်းလက်ထပ်ယူမယ် ... လင်း ဘယ်လောက်အထိ ကြယ့်အပေါ် သံယောဇဉ်ကြီးတယ်ဆိုတာ မေမေသိသွားခဲ့တယ် မဟုတ်လား ...

“သားက ကြယ့်ကို သံယောဇဉ်နဲ့ အကာအကွယ်ပေးနေ



www.burmeseclassic.com

www.burmeseclassic.com



တာ မေမေ သိပါတယ်ကွယ် ... ကြယ်လေးကို မေမေ သမီးလေးလို ချစ်ပါတယ် ... သံယောဇဉ်လည်း ကြီးပါတယ် ... ဒါပေမယ့်လေ မင်း အန်တီသော်ကလည်း လင်းလေးကို အရမ်းချစ်ရှာတယ် ... အန်တီလေးသော်ရဲ့ ဆန္ဒတွေကို သား မဆန့်ကျင်ပါနဲ့နော်"

မေမေကိုယ်တိုင် ညီမသော်ကို အချစ်ကြီးချစ်သည်။ လင်းညက်ရဲ့ သံယောဇဉ်နှင့် အပျိုကြီးဘ၀ကို ခံယူ၍ စောင့်ရှောက်လာသူ ဖြစ်၏။ ထို့ကြောင့်ပင် လင်းကို ညီမသဘောအတိုင်းပဲ စောင့်ရှောက်ခွင့်ပေးထားသည်။

"ငိုနေလို့ မပြီးသေးဘူး ... အန်တီလေး စီစဉ်စရာကိစ္စတွေ စီစဉ်ပါ ... "

"အင်း ... ဟုတ်တယ် အမလေး အခုမှ သတိရတယ် ... သရဖီလေးတို့ မိဘတွေဆီ ဖုန်းဆက်ရမယ် ... သူတို့အကူအညီ ယူရမယ်လေ ... အရေးကြီး သွေးနီးရမယ့် ... ဆွေမျိုးဆိုလို့ ဒါပဲရှိတာ ... "

လင်း စိတ်အပျက်ဆုံးက သရဖီတို့မိသားစုအား အန်တီလေးသော် အလွန်အမင်း အားကိုးတကြီး ဖြစ်နေလေသည်။ ရှေ့ဆက်ပြီး အန်တီလေး ဘာတွေစီစဉ်ဦးမလဲ။ ကြယ် ... နင်ကတော့ လူတွေ ကွယ်ရာမှာ မျက်ရည်ကျမှာ မဟုတ်လား ... မေမေ မရှိတော့တာ နင့်အတွက် နေမင်းကြီး ကွယ်ပျောက်သွားတာပါ ... ညက လင်း စိတ်တွေ ဘယ်လိုမှ ထိန်းချုပ်လို့မရဘဲ ကြယ့်နှုတ်ခမ်းလေး





ကို နမ်းပစ်မိ၏။ နှုတ်ခမ်းလေးက ဖူးယောင်နေခဲ့ ... မင်းကို စော်ကားချင်လို့ မဟုတ်ပါဘူး ကြယ် ... မင်းနှုတ်ခမ်းလေးကို တခြားယောက်ျားတစ်ယောက်ယောက် မနမ်းရှိုက်ခင် ကိုယ်နမ်းပစ်လိုက်တာပါ ... အရမ်းချစ်တယ် ကြယ် ... တိုက်တိုက်ဆိုင်ဆိုင် မေမေ ဆုံးခင်တစ်ည ဖြစ်နေသည်။

♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၁ )

"ညည်းက အပြင်မှာသွားနေနိုင်လောက်အောင် ငွေကြေးတွေက အရမ်းပြည့်စုံနေလို့လား မေကြယ်စင် ..."

"မဟုတ်ပါဘူး အန်တီလေးရယ် ... ကြယ်မနေသင့်တော့ဘူး ထင်လို့ပါ ... တစ်လတစ်သောင်းလောက်ပဲ ပေးရတဲ့ဘော်ဒါဆောင်တွေ ရှိပါတယ်"

"ဘာအေ့ ..."

မေကြယ်ဖြူကို အပြင်ကိုမောင်းထုတ်ပစ်လိုက်ချင်ပေမယ့် လင်းကြောင့်ပါ။ လင်းအပြင်သို့ လိုက်သွားမှာ စိုးရိမ်ရသည်။ မေကြယ်ဖြူကို အစောကြီးထဲက အပြတ်ပြောပစ်ရမှာ ... အခုတော့ တသွေးတမွေးနှင့် ပညာတတ် [illegible]နးကလေးဖြစ်နေသည်။

"မေမေသွင် မရှိရင် ကြွေ[illegible]ပြီး ဒီမှာနေစရာ အကြောင်းမရှိတော့ပါဘူး ... ကြယ် ခြေထောက်ပေါ် ကြယ်ရပ်တည်နိုင်အောင် ကြိုးစားပါ့မယ်"





မေမေသွင်ပေးထားတဲ့ ဘဏ်စာအုပ်ရှိနေသည်။ ကြယ်ရပ်တည်နိုင်ပါတယ်။ ပြီးတော့ အချိန်ပိုင်းအလုပ်တွေလည်း ကြယ်လုပ်ချင်တယ်လေ ... လင်းညဏ်နှင့် အန်တီလေးသော်တို့ရဲ့ အနှိမ်မခံနိုင်တော့ပါဘူး ... လင်း မရိုးသားတော့ဘူး ... အိမ်စေမအပေါ် ရှင့်နှလုံးသားတွေထဲမှာ အချစ်ဆိုတာ မရှိနိုင်ပါဘူး ...။

"ကောင်းပြီလေ ... ညည်းသဘောပဲ နေနိုင်တယ် ... အဓိက ငါ့တူလေး လင်းညဏ်နဲ့ မပတ်သက်ဖို့ပဲ"

"စိတ်ချပါ ... ကျွန်မဘဝမှာ လင်းညဏ်စဉ်နဲ့ပတ်သက်မှုလုံးဝ မရှိစေရပါဘူး ... ကတိပေးပါတယ်"

"ညည်းကတိကို ညည်းတည်ပါနော် ကြယ် ..."

"ဟုတ်ကဲ့ပါ ..."

ကြယ် နေထိုင်စရာ အိမ်ရှာပြီးပါပြီ ... ဘော်ဒါဆောင်တစ်ခုမှာပါ ... အခန်းတစ်ခန်း သီးသန့်ရမည်ဖြစ်သည်။

"ကြယ် ... မနက်ဖြန်ပဲ ပြောင်းပါ့မယ်"

"ကောင်းပြီလေ ... ညည်းသဘောပဲ ကျုပ်ကတော့ ငယ်ငယ်လေးထဲက ထားချင်တာ ... ညည်းကို မောင်းထုတ်ပစ်ချင်တာ"

မေကြယ်ဖြူ ညည်းကို ကျုပ်မျက်စိအောက်မှာပဲ ထားရမယ်၊ လင်းလေး အကြောင်း မိမိအသိဆုံးပင်။ ကြယ်ဖြူကို သံယောဇဉ်ကြီးတယ် ... အတည်ရော အပျော်ရော အနိုးစပ်မခံနိုင်ဘူး ဆိုရိုး



www.burmeseclassic.com

www.burmeseclassic.com



ကို သိပ်စိတ်မဝင်စားတာလည်း မိမိသိသည်။ ကြယ်ဖြူကျောင်းသွားသဖြင့် မိမိမှာနေတဲ့သော့ဖြင့် ကြယ်ဖြူ့အခန်းကိုရှာတော့၏။ ကြယ်ဖြူက ထွက်သွားဖို့ အထုပ်တွေပြင်ထားသည်။

"ဘောင်မမှာ အကြံတစ်ခုခုတော့ ရှိရမယ်"

ပစ္စည်းတွေကို အသေးစိတ်ရှာဖွေရာ မထင်မှတ်ဘဲ ဘဏ်စာရင်းစာအုပ်တစ်အုပ်တွေ့လိုက်ရသည်။

"ဒါကြောင့်ကိုး ကြည့်စမ်း ... ငွေတွေ မမသွင်တော်တော်လုပ်ပေးထားတာပဲ ... လုပ်ပေးစရာလား ဒီကောင်မ လက်မထောင်နိုင်အောင် ..."

ဒေါ်သော်မမက ဘာမှစဉ်းစားမနေတော့ပဲ ဘဏ်စာအုပ်အား သိမ်းထားလိုက်သည်။

"မပေးဘူး ... ညည်းလိုကောင်မမျိုးကို ဘာဝပျက်အောင်လုပ်ပစ်မယ် ... စောင့်ကြည့်နေပါ"

အိမ်စေမကို ဒီလောက်များပြားတဲ့ငွေတွေ ပေးစရာလား။ လင်းလေး မရှိစေချင်ပေ ... မေကြယ်ဖြူ့ကို နှိပ်ကွပ်ပစ်ရမယ်။ ပစ္စည်းတွေကို နေသားတကျ ပြန်ထားပြီး ထွက်လာခဲ့သည်။

"ညည်းကများ ငါ့အစ်မ ပိုက်ဆံတွေနဲ့ အခန့်သားနေထိုင်ဦးမယ် ... ကျွန်ပီပီ ကျွန်လိုပဲနေရမှာ"

မမသွင် မြှောက်စားထား၍ မေကြယ်ဖြူ မြင့်နေတာ ... စက်မှုတက္ကသိုလ် ကျောင်းသူဖြစ်နေသည်။ သော်ကတော့ လင်းနှင့်





...ပ်သွားမှာကို မလိုလားနိုင်ပဲဖြစ်နေ၏။ နောက်နေ့ ကြယ်ဖြူ ...ပြောင်းတော့မယ်ဆိုတော့ လင်းက ပြဿနာရှာသည်။

"ကြယ် ... နင် ဘယ်မှသွားနေစရာ မလိုဘူး ... နင်က ...ဝရ ငါ့အစေခံပဲလေ"

"မေမေသွင် မရှိတော့တဲ့အတွက် ကြယ် ဆက်မနေနိုင်ဘူး ...င်းညာဏ်စဉ် ... ကြယ် လုပ်ပိုင်ခွင့်ပဲ ... လင်းညာဏ်ရဲ့ အိမ်စေမ ...ဖြစ်လက်မှတ်ရေးထိုးထားလို့လား ... တံဆိပ်ခပ်နှိပ်ထားလား ...ကျွန်ပိုင် ကျွန်ပိုင်စနစ် မဟုတ်ဘူးနော် ..."

"ဘာ ..."

ကြယ်က လင်းကိုပင် မာမာထန်ထန် ပြန်ပြောနေပြီဖြစ်...ည်။ လင်းအကြည့်တွေက ကြယ်မျက်ဝန်းတွေထဲ ထိုးဖောက်...တော်ပင်။ မင်းကို ငါနမ်းယုံလေးပဲနမ်းမိတာ မှားတယ် ... ငါ့ဓနိုး...ဖြစ် သိမ်းပိုက်ပစ်ရမှာ ... ကြယ့်မျက်ဝန်းတွေထဲမှာ မုန်းတီးနာ...ည်းမှုတွေနှင့် ပြည့်နှက်နေသည်။

"ကြယ့်ကို ဒီကနေ့ထွက်သွားခွင့်ပြုပါ ... တောင်းပန်ပါတယ် ...င်းညာဏ်စဉ် ... ငါ့ကို မနှောက်ယှက်ပါနဲ့တော့ ..."

"ဟုတ်တယ် လင်းလေး ... သွားသင့်နေပါပြီ ... သူ့ဘဝ ...နှုန်းကန့်ပါစေ ..."

"အန်တီလေး သော် ..."

"အန်တီလေး အမိန့်ပဲ ... မမသွင်မရှိတော့တာနဲ့ ... မင်းက



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးကို မလေးမစား ဆက်ဆံချင်ပြီလားဟင် ... ညဏ်ရေ

“လင်းပြောတာကို နားထောင်ပေးပါ အန်တီလေး ... သူ ဒီမှာပဲထားပေးပါ ... လင်းကတိပေးပါတယ် သရဖီနဲ့ လက်ထပ် မယ်လို့ ...”

ကြယ်ဖြူကို အပြင်မှာထားရတာ လင်း စိတ်မချနိုင်ဘ မင်းသုတရှိနေ၍ ဖြစ်သည်။ နင်က ငါ့မိန်းမပဲဖြစ်ရမယ် ကြယ် တခြားဘယ်သူ့ မိန်းမမှ မဖြစ်စေရဘူး ... အန်တီလေး ကျေနပ် ရန် အချိုးသတ်ပြီး ကတိပေးလိုက်တာဖြစ်သည်။

“လင်းညဏ်သွားလည်း ကြယ်မနေဘူး ... ဒါ ကြယ့်လုပ်ပို ခွင့်ပဲ ... ရှင့်အစေအပါးအဖြစ် ကြယ်မနေနိုင်တော့ဘူး ... ထွက်သွ ရလိမ့်မယ် လင်းညဏ် ... ထပ်ပြီး တားနေရင် ရဲစခန်းကို တိုင် လိမ့်မယ်”

“ကြယ် ... နင် ဘာပြောတာလဲ မေမေ မရှိတာနဲ့ပဲ နင် ငါ့ကိုထောင်ထဲ ပို့တော့မလို့လား”

“ညည်းကများ ကြီးကျယ်နေလိုက်တာ ... ကျွန်မကမျ ထွက်သွားစမ်း ... အခု ချက်ချင်းထွက်သွား ... ညည်းမျက်နှာ မကြည့်ချင်ဘူး ... အကျင့်ပျက်မ ...”

ကြယ် ဘာမှရှင်းလင်းပြောဆိုမနေတော့ဘဲ ပစ္စည်းေ သယ်ပြီး ထွက်လာခဲ့သည်။ လင်းညဏ်လိုက်ပို့ပေးမယ်ပြော တောင် လက်မခံ ... ကြယ့်ဘဝနဲ့ ကြယ်ပဲ ... ဇွတ်အတင်းပဲထွ





ာခဲ့သည်။ ကြယ် စုပေါင်းနေထိုင်တဲ့ တိုက်ခန်းမှာ သီးသန့်အခန်း ားကို လစာငွေပိုပေး၍ မှာထား၏။ စရံပေးထားပြီးပါပြီ ... ပြောင်းရွှေ့ပြီးမှ ဘဏ်ကနေငွေထုတ်၍ အကြေချေရန် တိုက်ခန်း င်က လက်ခံထားသည်။

“မေကြယ်ဖြူ ပြောင်းလာပြီလားကွယ့် ... သမီးကို ပညာ ကြိုးစားလို့ အန်တီခင်က သီးသန့်အခန်းလေးဖွဲ့ပေးထားတာပါ။ အခွေမျိုး အသိုင်းအဝိုင်းလည်း မရှိတော့ဘူးဆိုတော့လေ ...”

“ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် အန်တီခင်ရယ် ဒီနေ့ ဏ်မှာငွေထုတ်ပြီး လစာအပြီးချေပေးပါ့မယ်နော်”

“ရပါတယ် ကြယ်ရယ် ... တစ်ရက်တော့ အန်တီစောင့်ပေး ယ်”

“ဟုတ်ကဲ့ ... ကျေးဇူးပါပဲ”

တကယ်တော့ ကြယ် သီးသန့်တိုက်ခန်းလေး ငှားပြီးနေနိုင် ည်။ မေမေသွင်ပေးထားခဲ့တဲ့ ငွေကများပါတယ် ... ဒေါ်လေး က လခတွေ ကြိုယူထားသဖြင့် အန်တီသော်က အလုပ်ကနေ က်ခွင့်မပေးဘဲ ဖြစ်နေသည်။ ကြယ်ပစ္စည်းတွေ နေရာချပြီး ဘဏ် အုပ်ကိုရှာတော့ မတွေ့ပေ။ ကြယ် အထိတ်တလန့်ဖြစ်သွားရ၏။ မှ ဘဏ်စာအုပ်ကို သေသေချာချာ သိမ်းထားတာပါ ထပ်ရှာ ည်။ ပစ္စည်းတွေအားလုံး ထုတ်ပြီး ရှာပေမယ့် ဘဏ်စာအုပ်က တော့ ပျောက်ဆုံးသွားပြီဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလေးသော်နဲ့ လင်းညဏ်ပဲ ... နင်တို့ တော်တော
လေး ရက်စက်ပါလား ... ကြယ့်အပေါ် ဘယ်ဘဝက အညှိုးနဲ့မ
ဒုက္ခတောထဲတွန်းပို့ချင်ရတာလဲ"

မဖြစ်တော့ဘူး ကြယ့်မှာ အိမ်ခန်းငှားခပင် မရှိတော့ဘူ
ဘယ်လိုလုပ်ရမလဲ နေစရာလည်းမရှိ ... ကြယ့်စိတ်တွေ ကယော
ချောက်ချားနှင့် ဆောက်တည်ရာမရအောင် ထိတ်လန့်သွားရသည်

"ကြယ့်ကို ဘဝပျက်အောင် လုပ်ပစ်လိုက်တာပဲ ... ကြ
မရှိတုန်း ကြယ့်အခန်းထဲဝင်ပြီး ဘဏ်စာအုပ်ခိုးသွားတာဖဲ ...

မေမေသွင်ရေ ကြယ်တော့ ဘဝပျက်ပါပြီ ... အိမ်လခေ
ဘယ်လိုပေးချေရတော့မလဲ ... တခြားသူတွေ သိသွားမှာကြော
သဖြင့် ကြယ် ဟန်မပျက် ထွက်လာခဲ့သည်။

"ကြယ် ဘာဆက်လုပ်ရတော့မလဲ ... အိမ်ခန်းရှင်က အထ
အညာမလေးလို့ ထင်သွားရင် ဒုက္ခပါပဲ"

ကြယ် စိတ်သောကတွေကြီးစွာ ရောက်ရပြီး လမ်းပေါ်မှ
ဦးတည်ရာမဲ့ လျှောက်သွားနေမိသည်။

"ကြယ့်ဘဝ သွားပါပြီ ... ကျောင်းဆက်တက်ဖို့ ငွေလည်
မရှိတော့ဘူး ... တမင် ဘဝပျက်အောင် လုပ်ပစ်လိုက်တာပဲ"

ဘဏ်ကိုတော့ သွားပြီး ကြယ့်ဘဏ်စာအုပ်ပျောက်ကြောင်
အကြောင်းကြားဖို့ စိတ်ကူးရသွားသည်။ ဘဏ်မှာက ကြယ့်နာမည်
နဲ့ သွင်းထားတာပါ ... ရှင်ကြီးတို့ ဒီလိုမတရားသိမ်းပိုက်လို့ ရမ





သင်နေလား ... မေကြယ်ဖြူက အရင်ကလို ခေါင်းငုံ့ခံနေမှာ
ဟုတ်တော့ဘူး ... ကြယ် ဘဏ်ကိုအရင်သွားပြီး ဘဏ်စာအုပ်
ပျောက်သွားကြောင်း အကြောင်းကြားလိုက်သည်။

"လင်းညဏ် ... နင့်အကြံ ဒီလောက်အထိ ပက်စက်ရလား။
ငါ့ကို ဘဝပျက်တဲ့အထိ လုပ်ရက်တယ် ..."

ကြယ် မငိုပါဘူး ... မျက်ရည် ဘယ်တော့မှ မကျဘူး ...
ကြယ် သတ္တိရှိရှိ ရင်ဆိုင်ဖို့ဆုံးဖြတ်ထားမိသည်။ အန်တီလေးသော်
သို့ ကြယ်ရောက်လာ၏။ လင်းညဏ်လည်း ရှိနေသည်။

"ညည်း ... ညည်း ဘာလာလုပ်တာလဲ ... မေကြယ်ဖြူ
ပိုင်စိုးပိုင်နှင်းနဲ့ ..."

"အန်တီလေးသော် ခိုးယူထားတဲ့ ကြယ့်ဘဏ်စာအုပ်ပေး"

"ဘာအေ့ ... ဘာပြောတယ် ညည်းကများကျုပ်ကို မလေး
စားနဲ့ သူခိုးလာစွပ်စွဲနေရလား ..."

"ကျွန်မကို မေမေသွင်က ဘဏ်စာအုပ်ပေးသွားတယ် ...
အမေ့လခတွေတဲ့ ... စုပေးထားတာတဲ့ ကျွန်မကို ဒုက္ခရောက်
အောင် မလုပ်ပါနဲ့ ..."

"ကြယ် ..."

"မင်းဖယ်နေစမ်း လင်းလေး ... ဒီကိစ္စ အန်တီလေးသော်
ရှင်းမယ်"

"နင့်ကိုတွေ့ရတာအတော်ပဲ လင်းညဏ် ... ငါ့ကို ဘဝပျက်



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်နေတာတွေ ရပ်တန်းကရပ်လိုက်ပါ ... ငါ့ဘဏ်စာအု
ပြန်ပေးပါ ... မပေးဘူးဆိုရင်လည်း နင့်တို့ထုတ်ယူလို့ ရမယ်မထ
နဲ့နော် ... မေမေသွင် မရှိတဲ့နောက် ငါ မေကြွယ်ဖြူက နင်တို့အိမ်
ကျွန်စာရင်းကဖျက်ပြီ ... ငါ့ကို လွတ်လပ်ခွင့်ပေးပါ ... ငါရပ်တ
ခွင့်မရှိစေချင်တာ ဘာကြောင့်လဲ ... လင်းညာဏ် ..."

"နင် ... ဘာတွေလာပြောနေတာလဲ ကြွယ် ... ဘယ်
ဘဏ်စာအုပ်လဲ ... ငါ မသိဘူး"

"နင် မသိရင် ... နင့်အဒေါ်ပဲ ငါ့ကို မေမေသွင်က ဘဏ်
အုပ်တစ်အုပ်လုပ်ပြီး ငွေစုပေးထားတယ် ... မေမေသွင် မရှိတော့
ငါ ရပ်တည်နိုင်ဖို့ အခု ပျောက်သွားတယ်"

"ဟဲ့ကောင်မ ... ညည်းကများ ရာရာစစအေ ... ကျုပ်
များ သူခိုးစွပ်စွဲရတယ်လို့ ကျွန်မ,ကများ ..."

"အန်တီလေးသော် ..."

"လင်းလေး ... သား မသိရင် အသာနေစမ်းပါ ... ဒီကော
မက လျော်ကြေးလိုချင်နေတာ ... မဆီမဆိုင် ဘဏ်စာအုပ်
အန်တီလေးကို သူခိုးစွပ်စွဲတယ် ... ညည်းကို ကျုပ် ရဲခန်းမတိုင်
ထွက်သွားနော် ... ကျုပ်ခိုးတော့ ညည်းလက်ပူးလက်ကြပ်မိလို့လ

"ကျွန်မ ပြန်မယ် ... ဘဏ်စာအုပ်မရှိလည်း ကျွန်မရပ်တ
နိုင်တယ် မေကြွယ်ဖြူကို အစေခံမဆိုပြီး အထင်မသေးပါနဲ့"

"ဟဲ့ကောင်မ ... အစေခံမ"





လင်းဘာမှ ပြောမနေတော့ဘဲ ကြွယ့်နောက်သို့ပြေးလိုက်
လာခဲ့သည်။

"ကြွယ် နေဦး ဘာဘဏ်စာအုပ်လဲ ... ရှင်းရှင်းပြော"

"နင့်အဒေါ်ပေါ့ ... ငါ့ကို မေမေသွင်ပေးထားတဲ့ ဘဏ်စာ
အုပ်ကို ယူထားတယ် ... ငါမရှိတုန်း အခန်းထဲဝင်ရှာတာလေ ...
ယူထားလိုက်တယ် ... ငါ့မှာ အိမ်ခန်းငှားခတောင် ပေးစရာမရှိ
တော့ဘူး ..."

"ငါပေးမယ် ကြွယ် ... နင်ယူပါ နင့်လိပ်စာပြော ..."

"ကောင်းပြီလေ ... လင်းညာဏ် ကြွယ် ဒီနေ့ပေးရမှာ ...
ဒါကြောင့် နင့်ဆီလာတော့ ငါယူရလိမ့်မယ် ..."

"ကြွယ်ရယ် ..."

"ဒီမှာ နင့်ကိုတစ်ခုတော့ပြောစရာရှိတယ်နော် ... နင် ငါ့ကို
သိမ်းပိုက်ဖို့တော့ မကြိုးစားနဲ့ ... ငါက နင့်ထက်သာအောင် ကြိုး
စားမယ် ... နင့်ထက် ချမ်းသာကြွယ်ဝပြီး ပညာတတ်ယောက်ျား
တစ်ယောက်ကို အရယူမှာ ..."

"ဘာပြောတယ် ..."

"ဖယ်ပါ ... နင့်အဒေါ်ရောက်လာရင် ငါ့ရှိုးမျှစ်ချိုး နှစ်ပြား
မတန်အောင် အပြောခံရဦးမယ်"

လင်းညာဏ်ကို တွန်းဖယ်၍ ကြွယ်ထွက်ပြေးသွားသည်။

"လင်းလေး ..."



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလေး ဘာလုပ်တာလဲ ... မေမေပေးထားခဲ့တာ ပြန်ပေးလိုက်ပါ"

"မပေးဘူး ... တမင်ယူထားလိုက်တာလေ ... လင်းလေ ဘာလဲ အစေခံမဘက်ကနာမနေနဲ့ လင်းလေး ... အမေသဖွ ချစ်ခင်လေးစားအားကိုးလာရတဲ့ အန်တီလေးသော့်ကိုတောင် ရ လုပ်လာတယ်ပေါ့ ... "

"ဒုက္ခပါပဲဗျာ ... "

အန်တီလေးသော်က ထစ်ခနဲဆို မျက်ရည်တစမ်းစမ်းနှင့် သည်။ လင်းဉာဏ်လုပ်ချင်တာတွေက နောက်ဆုတ်လိုက်ရမြ ... လင်း ဘဝမှာ ဒီအခေါ်တစ်ယောက်ထဲရှိတာပါ ... ကြယ့်နော လိုက်ချင်တဲ့ လင်းခြေလှမ်းက ရပ်တန့်သွားသည်။

"ဒီကောင်မလေးကို ဘာမှထောက်ပံ့နေစရာမလိုဘူး ... လင်းလေ အန်တီလေးသော့်စကားကို နားထောင်ပါ ... ည သရဖီလေး အိမ်သွားကြမယ် ... လင်းလေးနဲ့ လူကြီးချင်း စေ့စပ်ဖို့ စကားပြောရမယ် ... အိမ်[illegible]ကို ချေးမတော်ရမလား

"လင်းက ကြယ့်ကို လက်ထပ်ပါ့မယ်လို့ ဘယ်သူပြော လင်းပြောလား ... ကြယ့်ဘဏ်စာအုပ်ကို ပြန်ပေးလိုက်ရင် ကြ ကို လုံးဝ မပတ်သက်တော့ဘူး ... သရဖီကို လက်ထပ်မယ် ...

"မင်း တကယ်ပြောတာနော် ... "

"လင်း ကတိပေးတယ် ... "





"ကောင်းပြီ ... ဘဏ်စာအုပ်ကို လင်းလေးကိုယ်တိုင်သွား ပေးလိုက် ... နောက်ဆုံး ကူညီခွင့်ပေးတာနော်"

"ဟုတ်ကဲ့ပါ ... "

အန်တီလေးသော်က ကြယ့်နာမည်နှင့်ထားတဲ့ ဘဏ်စာအုပ်လေးကို ပြန်ပေးသည်။ မေမေပေးထားခဲ့တာပါ။ အန်တီလေး လုပ်ရပ်က လွန်သည်။

"လင်း ... သားကို အရမ်းချစ်လို့ အန်တီလေးသော် မျက်စိအောက်ကနေ အပျောက်မခံနိုင်အောင် မင်းကို မွေးကင်းစလေးထဲက စောင့်ရှောက်ပေးခဲ့တာပါ ... မင်းမိဘတွေထက် အချစ်ပိုတယ် လင်းလေးဘဝ ရှေ့ရေးအကောင်းဆုံးတွေပဲ ပိုင်ဆိုင်စေအောင် နေ့စဉ်နဲ့အမျှ စက္ကန့်မလပ် စဉ်းစားကြံစည်နေလာခဲ့တယ် ... အန်တီလေးကို သနားပါဦး သားလေးရယ်နော် ... "

လင်းဉာဏ်စဉ် ဘဏ်စာအုပ်လေးကို ဆွဲယူပြီး အမြန်ဆုံး ထွက်လာခဲ့သည်။

♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

"ရှော ..."

"ပေး ..."

"နင့်အတွက် တိုက်ခန်းစီစဉ်ပေးမယ် ကြယ် ..."

"ဟား ဟား ဟား ..."

"ဟား ဟား ဟား ..."

"ဟား ဟား ဟား ဟင်း ဟင်း ..."

ကြယ် အဆက်မပြတ်ရယ်မောပစ်လိုက်သည်။ လင်းညာ နင်တော်တော်ရယ်ရတာပဲ ကြယ်ဖြူက နင်ထားရာနေ စရော မယ့် ... အစေခံမ တစ်ယောက် မဟုတ်တော့ဘူး။

"တိုက်ခန်း ဟုတ်လား လင်းညာ သွားသေလိုက် လား ... ဒီပိုက်ဆံတွေကို ငါလက်ခံတာတောင် မေမေသွင်ပေး ငါ့အမေရဲ့ ကျွန်ခံထားလို့ရတဲ့ လစာတွေဖြစ်လို့ တိုက်ခန်းတစ်ခ က အရမ်းနည်းမနေဘူးလား လင်းညာ ..."





"ကြယ် ဘာဖြစ်ချင်တာလဲ ... ကိုယ့်ဆီက ဘယ်လောက် လိုချင်တာလဲ ... လက်ထပ်မလား ... ကိုယ်ယောကျ်ားပါ ... ကြယ့် ကိုတာဝန်ယူနိုင်တယ်"

"အန့်တီလေးက အမွေဖြတ်ရင်လား ဒီခြံကြီးနဲ့တိုက်က လင်းညာ့ပိုင်တာလေ ... နင့်မိဘတွေ အမွေမဟုတ်ဘူးလား"

"ကြယ် ..."

"ငါ့ကိုလက်ထပ်ပြီး ဒီတိုက်ကြီးပေါ် ငါတက်နေရမှဖြစ်မယ်"

ဘဏ်စာအုပ်ကို ဆတ်ခနဲဆောင့်ဆွဲယူလိုက်ပြီး ထွက်လာခဲ့ သည်။ နင်တို့တူအရီးနိုပ်စက်တာကိုငါတစ်သက်လုံး မခံဘူး ... ငါ့ကို အချောင်စော်ကားဖို့ မကြံနဲ့ ကြယ်နာကြည်းနေသည်။ ဘဏ်ကနေ ငွေထုတ်ပြီး အိမ်ခန်းငှားခကို ရှင်းရ၏။ နည်းနည်းလေး စိတ်အေး သွားရသည်။

"ကြယ်လေး ဖွတ်လွတ်လပ်လပ် နေနော် ... အခန်းလေး က သီးသန့်ဆိုတော့ တခြားကောင်မလေးတွေနဲ့ ရှုပ်ထွေးစရာမလို တော့ဘူး ..."

"ဟုတ် ..."

သူမ အခန်းလေးထဲဝင်လာခဲ့သည်။ သိပ်တော့ မကျဉ်းပါ ဘူး ... မေမေသွင့် ကျေးဇူးပါပဲ ... ဒေါ်သော်မမကိုတော့ ကြယ် မုန်းမိ၏။ သူတူကို ဖြားယောင်းသွေးဆောင်ပြီး အရယူမယ်ထင်နေ လား ... မေကြယ်ဖြူမှာ မာနတွေရှိတယ် ... ဘာပဲဖြစ်ဖြစ် လင်း

www.burmeseclassic.com

www.burmeseclassic.com



ညာဏ်တို့အိမ်မှာ နေရတာထက် စိတ်တွေပျော်ပါးနေသည်။

"ကြယ့်ကို ချစ်တယ် ... လက်ထပ်ပါရစေ"

သူမ နှုတ်ခမ်းလေးတွေ နာကျင်တင်းကျပ်နေဆဲပင်။ လင်းညာဏ် အယုတ်တမာကောင် မညှာမတာ အနိုင်ကျင့်လွန်းသည်။

"နှင့်အနမ်းတွေက ငါ့နှလုံးသားတွေထဲမှာ ခါးသည်းရှုံ့ရှာ စက်ဆုတ်ဖွယ်အထိပဲ မုန်းတယ် ..."

လင်းညာဏ် လှည့်ထွက်သွားတော့လည်း ကြယ့်ရင်ထဲမှာ သံယောဇဉ် အမျှင်တန်းလေးက ငြိတွယ်ချင်သလိုလို ...

"အလကားကောင် ကြယ့်ကိုတစ်သက်လုံး နှိပ်စက်နေခဲ့တာ အားမရသေးဘူး ..."

နင့်အဒေါ် အတ္တကြီးတဲ့ မိန်းမကြီး ငါ့အမေနေရာမှာ ဖြစ်နိုင်ရင် ထားပစ်ချင်တယ် ... နင်တို့တူအရီးကြောင့် ငါ ဘယ်တော့မှ မျက်ရည်မကျဘူး လင်းညာဏ်စဉ် ... သူမ မညှာရေးအတွက်ပဲ အချိန်ကုန်ခံဖို့ ဆုံးဖြတ်ထားသည်။ သူမ ကျောင်းတက်၏။ အတန်းတွေကို မှန်မှန်တက်သည်။

"ကြယ်ဖြူ ..."

"ဟင် ... ကိုမင်းသုတ"

"လင်းညာဏ်စဉ်တို့အိမ်မှာ မနေတော့ဘူး မဟုတ်လား"

"အင်း ... ကြယ် အခန်းငှားနေပါတယ် အများနဲ့ပေါ့ ..."

"ကြယ် အဲဒီမှာ မနေပါနဲ့ ... ကိုယ်တို့ခြံထဲမှာ လာနေလို့ ရပါတယ်"

"အမလေး တော်ပါတော့ ... လင်းညာဏ်က မီးလာရှို့လိမ့်မယ်"

"လင်းညာဏ်စဉ်နဲ့ သရဖီတို့ လူကြီးချင်းစေ့စပ်တော့မယ်လို့ သတင်းတွေထွက်နေတယ် ..."

"ဟုတ်မှာပေါ့လေ ..."

ကြယ့်နှလုံးသားတွေ ဘာဖြစ်လို့များ နာကျင်စူးနင့်သွားရတာလဲ ... လင်းညာဏ်ကို မုန်းလွန်းလို့လား အနိုမ်ခံ အပြစ်ပယ်ခံရသော ... သရဖီနှင့် စေ့စပ်တော့မယ့်ကောင်က ကြယ့်ကိုလက်ထပ်ဖို့ လာတောင်းဆိုနေသေးသည်။

"ကြယ်နေထိုင်ရေး အဆင်ပြေပါတယ် မင်းသုတ ... အမေက ကြယ်ငယ်ငယ်လေးထဲကပဲ ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်အောင် လေ့ကျင့်ပေးခဲ့ပါတယ် ..."

မင်းသုတကတော့ မေကြယ်ဖြူရဲ့ ဣန္ဒြေသိက္ခာကြီးမားစွာ ရပ်တည်နိုင်မှုကို အထင်ကြီးသည်။ ကြယ့်ကို ငယ်စဉ်လေးထဲက သူတချစ်မြတ်နိုးခဲ့ရတာပါ ... လင်းညာဏ်ကြောင့် အနေဝေးရ၏။ ကြယ် လွတ်လပ်စွာ နေထိုင်ဖို့ သူတရှောင်နေခဲ့သည်။

"မာမီကတော့ သားပြောတဲ့မေကြယ်ဖြူဆိုတာကို သဘောကျတယ် ရုပ်ရည်ရော နေထိုင်မှုရော စံပြပဲ ... လူ့လောကကြီးထဲမှာ လူဖြစ်လာတာပဲ ... အားလုံး အတူတူပဲလေ"







www.burmeseclassic.com

www.burmeseclassic.com



"သုတက မေကြယ်ဖြူကို ချစ်တယ်ဆိုရင် မာမီက ချွေးမအဖြစ် လက်ခံနိုင်မလားဟင် ..."

"သားရယ် ... မင်းနဲ့တစ်သက်လုံး ပေါင်းသင်းရမယ့် မိန်းကလေးက သားချစ်မြတ်နိုးတဲ့ မိန်းကလေးပဲဖြစ်သင့်တယ်လို့ မာမီ ပြောထားသားပဲ"

သုတ မိဘတွေက အဆင့်အတန်းမခွဲခြားကြ ... လူမှုရေး ပရဟိတတွေပင် လုပ်နေသည်။ မေကြယ်ဖြူနှင့် တွေ့ဆုံဖို့ သုတ အခွင့်အရေးတွေ စောင့်နေခဲ့တာကြာပါပြီ။

"တခုခုကျေးပါရစေ ကြယ်ဖြူ ... ကိုယ်တို့ ပြန်ဆုံကြတဲ့ အမှတ်တရလေ"

"စိတ်မဆိုးနဲ့နော် ကိုမင်းသုတ ... အတန်းတွေရှိသေးလို့ပါ ကြယ်ကို ဘယ်လိုမှမထင်ပါနဲ့"

ကြယ့်ဘဝမှာ အမဲစက်တစ်စက်လေးမျှပင် အစွန်းမထင်အောင် နေပြချင်သည်။ တစ်ယောက်ထဲနေရတဲ့ အနိမ့်ဆုံး အဆင့်က မိန်းကလေးပါ ... ခရေပန်းဆိုတာ ဖတ်ဝင်ပန်းမဟုတ်ပါဘူး ကိုမင်းသုတရယ် အနင်းခံပန်းပါ ... ရှင့်လို သူဌေးသားတွေ လုံးဝ စိတ်မဝင်စား အထင်မကြီးနိုင်တဲ့ ကြယ့်ဘဝ အနိမ့်ဆုံး အနင်းခံ အဆင့်က မေကြယ်ဖြူကို လာပတ်သက်တာနဲ့ အတင်းအဖျင်း အပြောခံရပြီး ပတ်ဝန်းကျင်ရဲ့ တံတွေးခွက်မှာ ပက်လက်မျောရမှာ ပါ ... သူမ ပြတ်သားစွာ ငြင်းပစ်လိုက်သည်။ ကြယ့်ဘဝ မရပ်တည်





နိုင်သေးဘူး ... အင်ဂျင်နီယာဘွဲ့လည်း မရသေးဘူး ... ဒါပေမယ့်လည်း မေကြယ်ဖြူက လင်းညာဏ်စဥ်ထက် သာလွန်တဲ့ဘဝကို ပိုင်ဆိုင်စေရမယ် ... နင့်ကို ငါ့ရှေ့မှာ ဒူးထောက်ခစားစေချင်တယ်။

"ကိုယ်နဲ့ကြယ်က သူငယ်ချင်းဟောင်းတွေပါ ... ပြီးတော့ ကိုယ်တို့တစ်မိသားစုလုံးက ပရဟိတသမားတွေပါ ကြယ် ... ရိုးရိုးသားသား သူငယ်ချင်းအဖြစ်တောင် မိတ်ဆုံစားခွင့် မရှိဘူးလား"

"အဲ့ဒီအတွက်တော့ တောင်းပန်ပါတယ် ... ကြယ်ဖြူက အခေါင်မှာနေရတာပါ ... ကြီးကျယ်တာ မဟုတ်ဘူးနော် ကိုမင်းသုတ ခွင့်ပြုပါဦး"

ကိုမင်းသုတကို နှုတ်ဆက်ပြီး ထွက်သွားဖို့ပြင်လိုက်စဥ်မှာပင် သူမတို့အနားသို့ ကားတစ်စီး ထိုးရပ်လာပြီး လင်းညာဏ်ဆင်းလာသည်။

"ဟေ့ကောင် ... မင်းသုတ မင်းအမှတ်မရှိသေးဘူးလား၊ ကြယ်နဲ့ ဘယ်တော့မှ မပတ်သက်ဖို့ ငါပြောထားတယ်လေ"

"မင်းနဲ့ မေကြယ်ဖြူက ဘာဆိုင်တော့လို့လဲ ... မင်းတို့ခြံထဲမှာလည်း နေတာမှ မဟုတ်တာ"

"မရဘူး ... ကြယ်ဘယ်မှာပဲနေနေ ငါပိုင်တယ် ... မင်းက အချောင်သမားပဲ ကြယ့်ကိုလာပြီး ဖြားယောင်းသွေးဆောင် စည်းရုံးနေတာလား ... ဘာတွေ မက်လုံးလာပေးနေလဲ ..."

"လင်းညာဏ် ..."



www.burmeseclassic.com

www.burmeseclassic.com

"နှင်နဲ့တာမှ မဆိုင်ဘူးကြယ် ... နင့်ပါးစပ်ပိတ်ထား"

"နင် အရမ်းလွန်နေပြီနော် ... တို့က တစ်ကျောင်းထဲ တက်နေကြတာ မိတ်ဆွေတွေအဖြစ် စကားပြောနေကြတာပါ"

"သွားမယ် ... "

"ငါ့လက်ကိုလွှတ်နော် လင်းညာဏ် ... လွှတ်နော် ... အရင်ကလို ငါက နင့်အစေခံ မဟုတ်တော့ဘူး"

"မလွှတ်ဘူးဟာ ... ငါပြောထားပြီးပြီ ... နင်က ငါ့ရဲ့ထာဝရအစေခံပဲ ... နင့်ကို ငါပိုင်တယ်"

"လွှတ် ... လွှတ်နော် လင်းညာဏ် အရင်ကအကျင့်စရိုက်တွေ ပျောက်သင့်ပါပြီ ... ပတ်ဝန်းကျင်ကိုလည်း ဂရုစိုက်ပါဦး"

"လာစမ်းပါဟာ ... "

"လင်းညာဏ်စည် မင်းအရမ်းလွန်လာပြီ ... မိန်းကလေးကို လက်မခံတာပဲ"

"မင်းနဲ့ ဘာဆိုင်လဲ ... "

"မေကြယ်ဖြူက ငါလက်ထပ်မယ့် မိန်းကလေးပဲ ... "

"ဘာ ... "

"ခွပ် ... ခွပ်"

"ဟေ့ကောင် ... လင်းညာဏ်စည် မင်းထွက်သွားတော့နော်"

"ငါထွက်သွားမယ်ဆိုရင်တောင် မင်းကိုသတ်ပြီး ကြယ်လိုက်ယ် ဒါပဲ ... "

လင်းညာဏ် လက်ထဲမှာဓားမြှောင်ကိုတွေ့လိုက်သဖြင့် ကြယ် အထိတ်တလန့်နှင့် လင်းညာဏ်နောက်သို့ လိုက်ရန်ကားပေါ် တက်လိုက်သည်။

ရင်တွေတဆတ်ဆတ်တုန်ရင်လာရ၏။ လင်းညာဏ်ကား ထင်းထွက်လာလို့ တော်ပါသေးရဲ့ မျက်ရည်တွေပြည့်ဝိုင်းလာသည်။

"လင်းညာဏ် ဘယ်ဘဝက အညိုးတွေနဲ့များ မေကြယ်ဖြူကို ရက်စက်နေရတာလဲ ... လွှတ်မြောက်ခွင့်ဆိုတာ မေကြယ်ဖြူမှာ လုံးဝမရှိတော့ဘူးလား"

လင်းညာဏ်လည်း စိတ်ထဲမှာ ဒေါသတွေနဲ့ပေါက်ကွဲပြီး ကားထိမောင်းလို့ မရတော့ ... လူသတ်ချင်စိတ်တွေ ပေါက်နေသည်။

"ကြယ် ... "

"ဘာလဲ ... "

"နင်နဲ့ငါ လက်ထပ်မယ် ... နင့်ကိုငါ လုံးဝလက်လွှတ်ဆုံးရှုံးနိုင်ဘူး ... နင့်ကို ငါနဲ့အဝေးဆုံးမှာထားရတာ ငါဘယ်လောက်ထိ စိတ်ပူရလဲ ... ပေါက်ကွဲတော့မယ့် မီးတောင်ထိပ်ဝကြီးဖြစ်တယ်"

"ဘာလဲ ... ငါ့ကို မနှိပ်စက်ရလို့လား ... အင်ဂျင်နီယာမ ဖြစ်တော့မယ့် ငါ့ဘဝကို နင့်ခြေဖဝါးအောက်က မြေမှုန့်အထိ သွားအောင် နင်းခြေပစ်မလို့လား"




ဖိုးလပြည့်စာပေ
www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ... ကြယ်၊ မင်းအထင်မှားနေတာပါ ... ကို
အချစ်တွေကို မင်းယုံကြည်ပေးပါ"

"ဟင်း ဟင်း ဟင်း ... "

ကြယ်ရဲ့ လှောင်ပြောင်ရယ်မောသံကို လင်းဉာဏ်ကြေ
လာသည်။ ကြယ့်ကို သူဘယ်လိုအကြောင်းမျိုးနဲ့မှ လက်လွှတ်
နိုင် ... ကြယ့်လက်လေးကို ဆွဲ၍ ကားပေါ်က ဆင်းလိုက်ပြီး ကြ
ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။

"ကိုယ့်ကို ယုံကြည်ပေးပါလား ကြယ်ရယ် ... မင်းသဘေ
မင်းဆန္ဒတွေ အတိုင်း ဖြစ်စေရပါ့မယ် ... ဒီစိန်လက်စွပ်လေ
လက်ခံပေးပါနော်"

လင်းဉာဏ်စဉ် ဘာအကွက်တွေဖန်လိုက်ပြန်ပြီလဲ ...
ဘူး၊ မကြယ်ဖြူလို အစေခံမသမီးရှေ့မှာ ဒူးထောက်ခစားရေ
သည်။ နင့်ကို ငါယုံမယ်ထင်လို့လား လင်းဉာဏ်စဉ် ငါနဲ့ပတ်
လာရင် နင့်နှလုံးသားက ရက်စက်မှုအပေါင်း သရုပ်ဆောင်
တာပါ ... ။

"ကြယ့်အတွက် ကိုယ်ဝယ်ထားတာ မဟုတ်ဘူး ... ကို
မေမေ ငယ်ငယ်က ကိုယ့်ဖေဖေ့ လက်ထပ်တုန်းက ဝတ်
လက်ထပ်လက်စွပ်ပဲ ... သားလင်းလေး ချစ်မြတ်နိုးတဲ့ မိန်းက
တစ်ယောက်ကို ပေးဖို့ခွင့်ရှိတယ်တဲ့ ... "

မေမေသွင် လက်ထပ်တုန်းက စိန်လက်စွပ်ကို ကြယ်
ဖူးခဲ့သည်။





"သားလင်းကို မေမေသွင်က ချစ်သူရွေးခွင့်ပြုထားတယ်
ကြယ်လေး သားနဲ့တစ်သက်လုံးပေါင်းရမှာလေ ... ဒီလက်စွပ်က
အမေသွင်လက်ထပ်တုန်းက ဝတ်ခဲ့တာ လင်းဖေဖေဝတ်ပေးခဲ့တာ
လေ ... ကြယ့်အရွယ်ပဲ"

ရှေးစိန်တစ်လုံးဖြစ်ပြီး တန်ဘိုးကြီးသည်ဟု မေမေသွင်က
ပြောခဲ့သည်။ မကြယ်ဖြူတ ရှင်ချစ်မြတ်နိုးတဲ့ မိန်းမတစ်ယောက်
သား လင်းဉာဏ်စဉ် ...

"ကြယ် ... လက်ခံပေးပါ ... ကိုယ့်ကို လှလိမ်ဆိုတဲ့ အကြည့်
တွေနဲ့ မကြည့်ပါနဲ့ ... "

ကြယ့်လက်ကိုဆွဲယူလိုက်တော့ သူမ ဆတ်ခနဲရုန်းဖယ်
လိုက်သည်။

"ကြယ်နဲ့မတန်ပါဘူး လင်းဉာဏ် ... အကောင်းဆုံးအကြံ
ဉာဏ်လေးပေးတာပါ သရဖီနွယ်ကို ပေးလိုက်တာက ကျက်သရေ
ရှိပါတယ် ... နင့်အဒေါ်လည်း အရမ်းပျော်ရွှင်ကြည်နူးရလိမ့်မယ်"

"သရဖီကို ငါဘယ်တုန်းကမှ မချစ်ခဲ့ဘူးကြယ် ... "

"သွားသေလိုက်ပါလား" ဟု ပြောပစ်လိုက်ချင်သည်။ လင်း
နှင့် စကားတွေ အများကြီးမပြောချင်တော့သဖြင့် လက်စွပ်ကို
လက်မခံနိုင်ကြောင်း စဉ်းစားမယ်ဟုသာ ပြောလိုက်သည်။

"ကြယ် ... "

"ဖြင့် ... "

"နင် ... နင် မင်းသုတကို ချည်မှန်းနေလို့လား ... နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



မင်းသုတာက မက်လုံးတွေပေးပြီး နှုးနှပ်နေတာပါဟာ မယုံနဲ့"

"ကြယ့်ကို ပြန်ပို့ပေးပါ ... အဆောင်မှူး နေထိုင်ရတဲ့ မိန်း
ကလေးတစ်ယောက်ဘဝ နင်နားလည်ပေးပါ လင်းညဏ်"

ကြယ်ရယ် နင် အရမ်းလှနေတယ် ... နင့်ကို ချစ်
သံယောဇဉ်တွေကြီးရလို့ အနိတိလေးသော် ကျေနပ်အောင် ငါ
စက်ပေးနေရတာပါ ... ငါရှင်းပြလည်း နင်ယုံမှာ မဟုတ်ဘူးကြယ်

"မင်းသုတာကို ငါသတ်ပစ်မှာနော် ... နင် ဘယ်ယောက်
နဲ့မှပတ်သက်ဖို့ မစဉ်းစားနဲ့ လင်းညဏ်အကြောင်း ကောင်းကော
ပြမယ် ... "

"တကယ်ပါပဲ ... "

"ဒုက္ခပါပဲလို့ မပြောတော့ဘူးလား ... နင် ငယ်ငယ်တည်း
အဲဒီစကားကို ကန်ထရိုက်ဆွဲထားတာလေ"

လင်းညဏ် စိတ်ဆိုးဒေါသဖြစ်အောင် ကြယ်ထပ်မပြော
တော့ ... ကြယ်ပြန်ချင်ပြီ ... လင်းညဏ်အဆောင်ကို ပြန်မပို့မချ
အချိုသတ်ထားရသည်။

"ကဲ ... ကားပေါ်ပြန်တက် အဆောင်ပြန်ပို့ပေးမယ်"

"အင်း ... "

"နင် တော်တော်ပြန်ချင်နေပုံပဲ ... ငါ့ကိုကြောက်နေတာ
မဟုတ်လား ... "

"ဒုက္ခပါပဲ ... ဩော်"

"နင်က အရမ်းချစ်စရာကောင်းတယ် ကြယ် ... ငါအရူး





ချစ်တယ်"

"အမေ့ ... "

ကြယ် ကားပေါ်ရောက်သည်နှင့် လင်းညဏ်က ကြယ့်အား
သိမ်းကြုံးဖက်ပြီး နမ်း၏။ သူမ ရုန်းဖယ်ရင်း လူပြတ်တဲ့နေရာဖြစ်၍
အကူအညီလည်း မရှိ ... ကြယ်ရှက်လို့ သေတော့မယ် ... ပြီးတော့
သူမ လက်လေးကို ဆွဲယူပြီး စိန်လက်စွပ်ကို အတင်းအကျပ်ပေးခဲ့
သည်။

"မချွတ်နဲ့ မေမေပေးခိုင်းထားလို့ ... ငါက ကြယ့်ကိုပေးချင်
တယ်ပြောတော့ သားချစ်မြတ်နိုးတဲ့ မိန်းကလေးဆိုရင် ရတယ်တဲ့
ကြယ့်ကိုတော့ ဒုက္ခမပေးနဲ့နော်တဲ့ ... "

သူမကို အဆောင်ရှေ့မှာ လျှောလျှောလျူလျူ ချပေးသည်။
ကြယ်လည်း အထွန့်မတက်ရဲ ... ။

"နင်က ငါပိုင်ဆိုင်မယ့် ချစ်သူ ဇနီးလောင်း မိန်းမနော်
မေမေ့နဲ့ မေကြယ်ဖြူ ... ဒီမှာတွေ့လား"

"လင်းညဏ်နော် ... "

လင်းညဏ်က သူ့ခေါင်းမှာချထားတဲ့ ခေါင်းမြှောင်ကို မြှောက်
ပြီး ကားကို ဝေါခနဲ မောင်းထွက်သွားတော့သည်။

♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

"လင်း ... သရဖီကို လက်မထပ်နိုင်ဘူး အန်တီလေးသော

"ဘာပြောတယ် လင်း ... မင်း ကိုယ်တိုင် အန်တီလေး
ကတိပေးလို့ အန်တီလေး ဘာဏ်စာအုပ်ပြန်ပေးလိုက်တာလေ"

"သရဖီကို လင်းလုံးဝချစ်လို့ မရဘူး အန်တီလေး ... ဘ
တစ်လျှောက်လုံး လက်တွဲသွားဖို့လည်း မဖြစ်ဘူး ... သရဖီက မ
ကြေးချမ်းသာပေမယ့် စိတ်ဓာတ်ညံ့ဖျင်းတယ်"

"လင်းနော် ... မရဘူး ... အန်တီလေး အားလုံးစီစဉ်ပြီး
မင်းကိုပြောပြရဦးမယ် ... အန်တီလေးကျန်းမာရေး သိပ်မကော
ချင်ဘူး မောမောနေတယ် ..."

ဒေါ်သော်မမ အဖြစ်ကတော့ကယ်လည်း နှလုံးအားနည်းလွန်း
သည်။

"လင်း မယုံရင် အန်တီလေးဆေးခန်းပြထားတဲ့ စာ
စာတမ်းတွေ ကြည့်ပါ ... သားကို မပြောပြချင်လို့ပါကွယ်"

"ဟင် ..."





အန်တီလေး ထုတ်ပြတဲ့ စာရွက်စာတမ်းတွေကို တွေ့လိုက်
တော့ လင်းဘာလုပ်မှန်း မသိပဲ ... ကြယ်ကတော့ လူ့လိမ်
ထုတ်မာတစ်ယောက်ဟု သတ်မှတ်လိုက်မှာ အသေအချာပဲဖြစ်
သည်။

"သရဖီကို လင်းမဖြစ်မနေ လက်ထပ်ရမယ် ... အန်တီလေး
တ်ထိခိုက်ပြီး သေတာ မြင်တွေ့ချင်လို့လား လင်းညာက်စဉ်"

ကြယ်ဖြူနဲ့ နီးစပ်သွားမှာ မိမိအစိုးရိမ်ဆုံးပင် မဖြစ်ဘူး ...
မြန်ဆုံး လက်ထပ်ပေးရမယ် ... မိမိကျ ကျန်းမာရေး မကောင်း
တော့ဘူး ... လင်း အလိုမလိုက်နိုင်ဘူး ...

"အန်တီလေး စီစဉ်နေပြီ ... သရဖီတို့ကလည်း လက်ခံ
တယ်"

လင်း ဘာပြောလို့ရတော့မှာလဲ အန်တီလေးက မေမေ
ာက်ပင် လင်းနှင့်ရင်းနှီးတွယ်မှုဝင်သူမို့ ကြယ်နဲ့ဝေးပြီလား ... ဒီတစ်
ခါတော့ သူဘယ်လိုမှ ရှောင်လွှဲနိုင်ခြင်း မရှိ။ ကြယ့်ကို စွန့်လွှတ်ဖို့
ရှိသည်။

"လက်ထပ်ပွဲကြီးတောင် စီစဉ်နေပြီ လင်း ..."

"ဗျာ ..."

"မင်းတို့ အသိပေးတော့မလို့ ... မနက်ဖြန် ဖိတ်စာတွေရ
... လိုက်ဝေဖို့ပဲရှိတယ်"

"အန်တီလေး ... ဘာဖြစ်လို့ လင်းမသိပဲ ဒီအထိစီစဉ်ရတာ



www.burmeseclassic.com

www.burmeseclassic.com



လဲဗျာ ... ”

“သရဖို့ကို လက်လွှတ်မခံနိုင်တော့လို့ပါ ... လင်းက အန်
လေးကို ကတိပေးထားတာလေ ... မင်းယောကျ်ား မဟုတ်
လား”

လင်းဘယ်လိုမှ မတတ်နိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွ
သည်။ လင်းချစ်တာက ကြယ် ... သူ့နှလုံးသားတွေ စူးနင့်နာကျ
နေ၏။ ဖိတ်စာတောင် ရိုက်ပြီးပြီတဲ့ အန်တီလေး ရက်စက်တာ

“ကြယ့်ကိုချစ်လို့ ကြယ့်ဘဝရှေ့ရေးအတွက် အန်တီလေ
အထင်မလွဲစေဖို့ လင်းချစ်မြတ်နိုးရတဲ့ မေကြယ်ဖြူကို အဖက်မ
သလို အစေခံတစ်ယောက်လို နှိမ်ချဆက်ဆံခဲ့ရတယ်”

သူ့ရင်ထဲမှာ ထိန်းချုပ်ဆောက်တည်ရာမရတော့ ... အန်
လေး ဖြစ်ချင်ရာဖြစ် ကြယ့်ကို လက်ထပ်ပစ်လိုက်ချင်သည်။ သ
ရောက်လာ၏။ ဖိတ်စာတွေကိုဝေဖို့ စီစဉ်ဖို့တဲ့ လင်းရူးသွပ်စွာ
ဟစ်ပစ်ချင်သည်။

“လင်းက သရဖို့ဆန္ဒအတိုင်း စီစဉ်ပါဆိုလို့လေ ... သ
အားလုံး စီစဉ်ထားတယ် ... အစီအစဉ်တွေကို လာပြီးတင်ပြ
နော် ... ”

လင်းဉာဏ်စဉ် ရှင့်နှလုံးသားတွေထဲမှာ ဘယ်သူရှိနေလဉ
ဆိုတာ သရဖီသိပါတယ်နော် ... အစေခံမ မေကြယ်ဖြူပဲ ... ဒါပေ
သရဖီကတော့ လင်းရမယ့် အမွေတွေကို မက်မောစွာ အရယူဖို





စည်ထားသည်။ အန်တီလေးသော် ပြောတာပဲ ... သူ့အမေကျန်ခဲ့
တာတွေက အဖိုးတန်ရှေးဟောင်း စိန်တွေကြီးပဲတဲ့ ... ။

“လာပါ လင်းရယ် ... သဘာက်ခါ ရက်ရာဇာမှ ကျွန်မတို့
တရားဝင်လက်မှတ်ရေးထိုးကြမယ် ... သရဖီတို့အိမ်မှာပဲ စီစဉ်ထား
တယ်နော် ... အန်တီလေး”

“ဟုတ်တယ် လင်းလေး ... ”

“အန်တီလေး သဘောကျသလိုသာ စီစဉ်ပါတော့ဗျာ ...
လင်း ဘာမှ မပြောတော့ပါဘူး”

လင်းဉာဏ်ကို သရဖီက မင်္ဂလာပွဲအစီအစဉ်တွေ တင်ပြနေ
သည်။ သူ လုံးဝ စိတ်မဝင်စား၊ ကြယ့်ကိုပဲ တွေ့ချင်သည်။ သူ့ကို
လက်ထပ်ပါမယ်လို့ ကြယ်ဆုံးဖြတ်မလား ... ကြယ့်ကိုတော့ ယုံ
ပါတယ် ... ဘဝကို တိုးတက်အောင်ကြိုးစားမည့် မိန်းကလေးဖြစ်
သည်။

“သတို့သားအရံတွေ သတို့သမီးအရံတွေရော မင်္ဂလာပန်းကြဲ
ဖို့ရော အားလုံးစီစဉ်ထားတယ် ... သရဖီတော်တယ် ... မဟုတ်
လားမောင် ... ”

သရဖီက မောင်ဟု ချွဲချွဲပြစ်ပြစ် ညုတုတုခေါ်ရင်း ... သူ့ရင်
ခွင်ထဲဝင်လာသည်။ တွန်းဖယ်ပစ်ချင်၏။ ကြယ်ကလွဲပြီး ဘယ်မိန်း
ကလေးကိုမှ ချစ်မရ ... သူ့အနမ်းတွေက ကြယ့်အတွက်ပဲ ...

“မောင် ... ”



www.burmeseclassic.com

www.burmeseclassic.com



"သရဖီ ကိုယ့်ကိုနားလည်ပေးပါ ... ရုတ်တရက်ကြီး ပြောင်းဖို့ခက်တယ် ... လက်ထပ်ပွဲအတွက်ကတော့ မင်းတို့သဘောကျစီစဉ်ပါ ..."

"မောင်ရယ် ... မကြာခင် လင်မယားဖြစ်တော့မှာပဲဟာ မောင့်အနမ်းလေးလိုချင်တယ်"

သူမ နှုတ်ခမ်းရဲရဲတွေကို သူနမ်းရန် အလိုက်သင့်မော့ပေးနေရာ လင်းရှူနေသည်။

"ဖယ်ပါ သရဖီ ... ကိုယ် အဲဒီလိုကြီး မနေတတ်ဘူး"

"မောင် ..."

"ကိုယ်သွားစရာရှိတယ်"

"ဘယ်သွားမှာလဲ ... အိမ်စေမဆီကိုလား"

"မင်း စကားပြောတာကြည့်ပြောပါ သရဖီ ... မဆိုင်တဲ့လူကို ဆွဲမထည့်ပါနဲ့"

"မောင်က နာတာလား"

"တော်ပြီကွာ ... နောက်တစ်ခါ မေကြယ်ဖြူ နာမည်မပါစေနဲ့ သရဖီ ... မင်းနဲ့ကိုယ် ပဋိပက္ခတွေ မဖြစ်ချင်လို့ သတိပေးတာပဲ"

သရဖီ မကျေနပ် ... မေကြယ်ဖြူဆိုတဲ့ ကောင်မနှင့်လင်း ဘာဏ်စဉ် ဘယ်လိုအတိုင်းအတာတွေအထိ ဖြစ်ကြလဲ ... အနှိတီလေးသော်က သူနှင့်ဗွက်ကြီးစီစဉ်နေသည်။

"ကဲပါ ... မေကြယ်ဖြူအကြောင်း မပြောတော့ဘူး ...





မောင်နဲ့ ကျွန်မတို့အပြင်ထွက်မယ် ..."

လင်း ငြင်းမရ ... သရဖီက ရှုတ်အတင်းခေါ်နေသည်။ သူလိုက်ခဲ့ရ၏။ ကြယ်တို့ အဆောင်ရှေ့တဆိုင်မှာ တမင်ဝယ်နေ၏။ ကြယ်ထွက်လာတော့ တွေ့သွားသည်။

"မေကြယ်ဖြူ ... ညည်းက ဒီမှာနေတာလား ... မသိပါဘူး သရဖီနဲ့ လင်းလက်ထပ်တော့မယ် ... မနက်ဖြန်တောင် ဖိတ်စာတွေဝေတော့မှာလေ ... တစ်ပတ်အတွင်း တရားဝင်လက်မှတ်ထိုးကြမယ် ... နော် မောင် ..."

ကြယ့်လက်လေးမှာ လင်းပေးထားတဲ့ လပ်စွပ်လေးကို ဝတ်ထားသည်။ ကြယ့်အဖြေပဲ ... လင်းစိတ်တွေ ချောက်ချောက်ချားချားနှင့် ကြယ့်လက်လေးကိုဆွဲ၍ ထွက်ပြေးချင်သွား၏။ သရဖီက သူ့လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

"ဟုတ်ကဲ့ ... ဝမ်းသာပါတယ် ... ဒီလိုပဲ ဖြစ်သင့်ပါတယ်လေ ..."

သရဖီ့အကြည့်တွေက ကြယ်ဖြူဝတ်ထားတဲ့ စိန်လက်စွပ်ဆီရောက်သွားသည်။ အရောင်အသွေးကို ကြည့်လိုက်သည်နှင့် တန်ဘိုးကြီး စိန်ဖြစ်သည်။ သရဖီ သိလိုက်၏။ လင်းဘာဏ်ပေးထားတာပဲဖြစ်နိုင်သည်။

"နေပါဦး မေကြယ်ဖြူ ... ညည်းဝတ်ထားတဲ့ စိန်လပ်စွပ်က ကောင်းလှချည်လား ... ဘယ်သူပေးထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်ဒါလား ... အတော်ပါပဲ ကြယ်ကလည်း ပိုင်ရှင်ကို ပြန်ပေးချင်တာလေ ... လင်းညဏ်ပေးထားတာလေ ... ကြယ် ငြင်းတာမရလို့ ရှေ့ပါ ... "

လင်းညဏ်လက်စွပ်ကို ချွတ်ပြီးပေးလိုက်သည်။ လင်းညဏ် မပေးဖို့ အမှုအယာပြပေမယ့် ကြယ်လက်ခံမထားနိုင်ပါဘူး ... နင် တော်တော် အကြံပက်စက်တယ် လင်းညဏ် ... မိန်းမတစ်ယောက် နဲ့ လက်ထပ်ဖို့ ဖိတ်စာတောင်ဝေတော့မယ် ... ကြယ့်ဘဝကို ဖျက် ဆီးဖို့အထိ ကြံစည်နေတာပဲ ... လင်းညဏ်ပေးတဲ့ လက်စွပ်ကို ပြန်ပေးလိုက်ရ၍ ကြယ်စိတ်ချမ်းသာသွားသည်။

"ကောင်းတယ် ... မသရဖီတို့ မင်္ဂလာပွဲအတွက် ကြယ် ဂုဏ်ယူဝမ်းမြောက်ပါတယ်"

"ဖိတ်မှာနော် ... လာရမယ်"

"မင်္ဂလာပွဲကိုတော့ လာနိုင်မယ် မထင်ဘူး ... ကြယ် မတတ်နိုင်လို့ပါ ... "

"အင်း ... ဒီစိန်လပ်စွပ်လေးက ဆိုက်တဲ့လူဆီပြန်ရောက် လာတာပဲ မေကြယ်ဖြူ ... ရှေးဟောင်းစိန်ပဲ မောင့်မေမေပစ္စည်း လား"

"ကြယ့်ကို ပြန်ပေးလိုက်ပါ ... သရဖီ၊ ဒါက ကြယ့်ကို မေမေ ပေးခဲ့တာ ... ကြယ် ပြန်ယူလိုက်"

"အို ... ဘယ်သူပဲပေးပေး ... ကြယ် လက်ခံမထားချင်ပါ





ဘူး ... လင်းညဏ် ... ကြယ်နဲ့မှ မထိုက်တန်တာပဲ မသရဖီ ယူထား ပါ"

သူမ လှည့်ထွက်လာခဲ့သည်။ နင်က ငါ့ကို ပစ္စည်းတွေ မက် လုံးပေးပြီး ဖြားယောင်းသွေးဆောင်နေတာပါ။ ငါသိသားပဲ တစ်နေ့ နင်လက်ထပ်မှာ သရဖီနွယ်ကိုဆိုတာ ကြယ် လှည့်မကြည့်တော့။ ဘတ်စ်ကားရပ်လာသည်နှင့် တက်လိုက်သည်။

"ကြယ် ... "

"ဟင် ... ကိုမင်းသုတ"

ဘတ်စ်ကားပေါ်မှာ ကိုယ်မင်းသုတကို တွေ့လိုက်သဖြင့် ကြယ် အံ့သြသွားသည်။

"ကိုယ့်ကားပျက်နေလို့ ဝပ်ရှော့ပို့ထားတယ်လေ ... တခါ တလေ ဘတ်စ်ကားစီးပြီး သွားကြည့်ချင်လို့ စီးတာပါ ... "

ကိုယ် မေကြယ်ဖြူနဲ့ ဘဝတူချင်တယ် ... ဘတ်စ်ကားစီးပြီး သွားလာခဲ့ရတဲ့ ဘဝလေးကို သူနှစ်သက်မိသည်။ ပိုက်ဆံချေတာ ရာလည်း ရောက်၏။ ကြယ် တက်စီးမယ်ဆိုတာလည်း သိနေ၍ ဖြစ်သည်။

"ကြယ် ... "

"ဟင် ... "

"ဘတ်စ်ကားစီးရတဲ့ ဘဝလေးကိုနှစ်သက်တယ်"

"အင်းနော် ... "



www.burmeseclassic.com

www.burmeseclassic.com



ကြယ်လည်း ရောယောင်ပြီး အင်းနော်ဟု ပြောလိုက်သည်။ ကြယ့်စိတ်တွေ ဝေ့နေတယ် ... ယောကျ်ားတစ်ယောက်ရဲ့ ခေါ် ကားမှုကို ခံလိုက်ရတဲ့ ခံစားချက်တွေ ခါးသည်းလွန်း၏။ လင်းညွှာ စဉ် လူလိမ် လူယုတ်မာ ဒူးထောက်ပြီးတော့တောင် လက်ထပ်ခွင့် တောင်းခဲ့သေး၏။ မင်းသုတနဲ့တခြားစီပဲ ကျောင်းရှေ့မှာ ဆင်း တော့ ကိုမင်းသုတနှင့် ယှဉ်တွဲလျှောက်လာခဲ့သည်။

"လင်းညွှာဏ်စဉ်တွေ့ရင် ကိုယ်တော့ ထပ်ပြီး အထိုးခံရဦး မယ် ထင်တယ် ကြယ် ..."

"သူ လက်ထပ်တော့မယ် ..."

"ဘာပြောတယ် ကြယ် ..."

"သရဖီနွယ်နဲ့ပါ ဖိတ်စာတွေတောင်ဝေတော့မယ်"

"ဒီကောင် ဘာလုပ်တာလဲ ကြယ့်ကိုလက်ထပ်မှာဆို ... ဟာ ... မဟုတ်သေးပါဘူး ... ဘာတွေဖြစ်တာလဲ"

"ကြယ့်ကိစ္စတွေ စိတ်မဝင်စားပါနဲ့ ကိုမင်းသုတ ... ကြယ် ငယ်ငယ်လေးထဲက တွေ့ကြုံရင်ဆိုင်လာခဲ့ရတာပါ ... ကြယ်က သူ့ကျွန်လေ ..."

"ကြယ် ..."

"သွားမယ်နော် အတန်းတွေ အရေးကြီးလို့ပါ ..."

ကြယ် နှုတ်ဆက်ပြီးထွက်လာခဲ့သည်။ မျက်ရည်တွေက ပြုတ်ကျချင်တယ် ... မငိုပါဘူးဆိုမှနော် ... မေမေသွင်ရော အမေ





ရောက မျက်ရည်တွေ အလွယ်တကူမကျစေနဲ့တဲ့ ဘဝကိုလွယ် လွယ်နဲ့ အရှုံးမပေးနဲ့တဲ့ လင်းညွှာဏ်စဉ်နှင့်အဝေးဆုံးမှာ နေချင် သည်။

"ဘုရားရေ ကြယ် ... ကြယ်လေ မထင်မှတ်ဘဲ လင်းညွှာဏ် ကို ချစ်မိသွားပြီ ..."

လင်းညွှာဏ်လက်ထပ်ခွင့်တောင်းတဲ့ လက်စွပ်လေးကို ကြယ်မြတ်နိုးစွာ ဝတ်ဆင်ထားမိခဲ့သည်။ အဖြေပါ။ ကျွန်မဘက် က ရှင် လက်ထပ်ခွင့်တောင်းတာ လက်ခံပါတယ်လို့ အဖြေပေးတာ လေ ... သူမ တစ်ညလုံး ပျော်နေခဲ့၏။ လင်းညွှာဏ်ကို အရမ်း မုန်း တီးရွံရှာနေခဲ့မယ်လို့ ထင်ထားတာ ... လင်းညွှာဏ်ရဲ့ အနမ်းတွေကို သူမ နှစ်သက်မြတ်နိုးသွားသည်။

"ကြယ် မထင်ဘူး ... ရှင့်ကို တစ်ကြိမ်တစ်ခါလေးပဲ ယုံကြည်မိလိုက်တာပါ ... ရှင့်ရဲ့ အကြီးမားဆုံး ထိုးနှက်မှုပဲ"

ကြယ်နေတဲ့အဆောင်ရှေ့ကို သူနှင့်လက်ထပ်မယ့် မိန်းက လေးတစ်ယောက်အား ရက်စက်စွာခေါ်ဆောင်လာခဲ့သည်။

"နင် တမင်လုပ်တာ မဟုတ်လား ... နောက်ဆုံး ထိုးနှက် ချက်က အပြင်းဆုံးပဲ ... တရားဝင်လက်မှတ်တောင် ထိုးတော့မယ် တဲ့ ... ကြယ့်ကို နင့်မယားငယ် တိတ်တိတ်ပုန်း အဆင့်ရောက်လ အောင် လိမ္မာပါးနပ်စွာ တွန်းပို့လိုက်တာလား"

ကြယ်မငိုချင်ဘူး ... မျက်ရည်တွေ လိမ့်ကျလာလို့ ဖြစ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



နင်က အစေခံဘဲ … လင်းညာဏ်ရဲ့ လိမ်ညာမှုတွေ သိသိကြီးနဲ့ သာယာသွားရလား … မေကြယ်ဖြူကို ညနေကျောင်းဆင်းတော့ ကိုမင်းသုတထိုင်ပြီး စောင့်နေသည်။

"ကြယ် …"

"ရှင်"

"ကိုယ် ထပ်ပြီးတောင်းဆိုလို့ရမလား …"

"အပြင်မှာ တစ်ခုခုစားဖို့လား"

"ဟုတ်တယ် ကြယ်"

"ကောင်းသားပဲ"

"ကြယ် … မင်း လက်ခံတာလား"

"ကျွန်မတို့နှစ်ယောက်က မိတ်ဆွေတွေပဲ … ဘာဖြစ်လဲ ပြီးတော့ လွတ်လပ်တဲ့သူတွေ …"

"ကြယ်ရယ် …"

မင်းသုတကတော့ ကြယ့်ဆီက ခွင့်ပြုချက်ကြောင့် အတိုင်းအဆမရှိ ပျော်ရွှင်မိသည်။ ကြယ်က သူ့ကားကို မစီးဘူးဆိုတာသိ၍ ကားမယူဘဲ ဘတ်စ်ကားစီးလာတာပါ။ ကြယ့်မျက်နှာလေးက နွမ်းဖတ်ကြေကွဲနေသည်။

"ဒီတစ်ခါတော့ လင်းညာဏ်စဉ်ကို ပြတ်ပြတ်သားသား ရင်ဆိုင်ပစ်ရမယ် ကြယ် … မင်း လုံခြုံမှုအတွက် အကာအကွယ်ပေးမယ်"





"လင်းညာဏ်စဉ်ကို မေ့ပစ်လိုက်ပါ ကိုမင်းသုတ …"

"ဟုတ်တယ် ကြယ် … မေ့ပစ်လိုက်ကြစို့ … ကြယ့်ကို နှောက်ယှက်ရင်တော့ သူသေကိုယ်သေပဲ … စားစားချင်း … တုတ်တုတ်ချင်းပဲနော်"

ကိုမင်းသုတက ရယ်စရာတွေပြောနေပေမယ့်လည်း ကြယ် ရယ်နိုင် … လင်းညာဏ်စဉ် အကြောင်းမေ့ပစ်ဖို့သာပြောနေတာ ကြယ့်ရင်ထဲမှာ မထင်မှတ်ဘဲ လင်းညာဏ်စဉ်အကြောင်းတွေ ပြည့်လျှံနေသည်။

"နင့်ကို မုန်းတယ် လင်းညာဏ် … ငါ့ရင်ထဲမှာ တုံးတုံးခဲခဲကို မုန်းနေတာပါ … ရွံတယ် … ယုတ်မာတဲ့ကောင်"

ကိုမင်းသုတနှင့် စိတ်ပြေလက်ပျောက်တွဲသွားတွဲလာ လုပ်နေပေမယ့် ကြယ်မပျော်ရွှင်ပေ။ လင်းညာဏ်ရောက်လာပြီး ပြုံးသနားစေချင်နေမိသည်။ နင်ရောက်လာတော့မှာ မဟုတ်ပါဘူး … လင်းညာဏ်။ နင်ပြောတော့ ကြယ့်ကိုပဲ လက်ထပ်မှာဆို … ကြယ်က နင့်ဓနီးလောင်း နင်ထာဝရ ပိုင်ဆိုင်ခွင့်ရှိတဲ့ ချစ်သူဆို … မဆောင်ပြန်ရောက်တော့လည်း အခန်းလေးထဲမှာ တစ်ယောက်တည်း နာကျင်ပေါက်ကွဲနေသည်။

♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၄ )

မထင်မှတ်ပဲနှင့် ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာပွဲကြီးနှင့် အတူ လင်းဉာဏ်စဉ်တစ်ယောက် သရဖီနှင့် လက်ထပ်လိုက်သည်။ အန်တီလေးက အပျော်ဆုံးပဲ ရယ်မောသံတွေ ... သရဖီအား နှီ[illegible] မြှောက်သံတွေ မေမေထားခဲ့တဲ့ လက်ဝတ်ရတနာတွေအပ်နေ[illegible] မင်္ဂလာဦးညက လင်းအတွက် ခါးသီးစက်ဆုပ်ရွံရှာဖွယ် ဖြစ်နေသည်။

"ဒီလက်ဝတ်ရတနာတွေက မမသျှင်စုဆောင်းထားတာတွေ လေ ... လင်းလေး ဇနီးအတွက်တဲ့ ... အ[illegible] သရဖီလေးပိုင်သွားပြီ"

သရဖို့စိတ်ထဲမှာ နည်းလိုက်တာ[illegible]ဟုထင်သည်။ အဖွားကြီး လူလည်ကျတာပဲ ... ဒီထက်အများ[illegible]ရှိနေနိုင်၏။ သရဖီ မကျေ နပ်။

"အန်တီလေး သော်ကရော သရဖို့ကို ဘာလက်ဖွဲ့မှာလဲ"

"ဒီခြံကြီး ဒီတိုက်ကြီး ပြီးတော့ ဘဏ်စာရင်းတွေ ...





[illegible]င်းလေး ပိုင်ဆိုင်သမျှတွေအားလုံး သရဖီလေးပိုင်ပြီလေ ... [illegible]န်တီလေးက လင်းနာမည်နဲ့ပဲ အားလုံးထားတာပါ ..."

ရှင်ကြီးမှာလည်း အတွင်းပစ္စည်းတွေရှိမှာပေါ့ ... စိန်တွေ [illegible]လ ... ဒေါ်သော်မမက သရဖီနှင့်လင်းကို ချုပ်ကိုင်ထားမယ့် မိန်းမ [illegible]ကြီးဆိုတာ သရဖီသိနေသည်။ ရမလား ... သရဖီ မိဘတွေက ဘာမှ [illegible]ပေးဘူး ... တမင် မယူတာပါ ... သရဖို့တာဝန်အားလုံး [illegible]ယာကျြားတာဝန်ပဲလေ ... ။

"သမီးလေး သရဖီ ... အနားယူတော့နော် ပျော်ရွှင်ပါစေ"

ဒေါ်သော်မမက သရဖို့နဖူးလေးကိုနမ်းပြီး ထွက်သွားသည်။ [illegible]ရဖို့ယောကျ်ား လင်းဉာဏ်စဉ်က ဘယ်မှာလဲ ... မင်္ဂအိပ်ခန်းကြီး [illegible] ပန်းသွေးရောင်တွေ လွှမ်းခြုံတောက်ပနေ၏။ သရဖီတစ် [illegible]ယောက်ထဲ သတို့သား မရှိဘဲ ရပ်နေသည်။

"လင်းဉာဏ်စဉ် ရှင်ဘယ်မှာလဲ ... မင်္ဂလာဦးညမှာ သတို့ [illegible]သားရော အကြင်နာတွေ ကင်းမဲ့လိုက်တာ ... သရဖီနှယ်ကို ဒါမျိုး [illegible]ာလုပ်လို့ ဘယ်ရမလဲ"

သရဖီ လသာဆောင်ဘက်သို့ ထွက်လာခဲ့သည်။ လင်းဉာဏ် [illegible]ဉ်က အရက်သောက်နေ၏။ သတို့သမီးကို စိတ်ဝင်စားပုံမရ ... [illegible] ရှင့်အတွေးထဲမှာ အစေခံမပဲရှိနေတာ မဟုတ်လား ... ။

"မောင် ..."

"ခဏလေး ..."



www.burmeseclassic.com

www.burmeseclassic.com



"ညဥ့်နက်နေပြီလေ ... အိပ်ကြမယ် မိန်းကလေးကစပြီး အိပ်ရအောင်ပါလို့ပြောရတာ ... အောက်တော့ အောက်တယ်နော် မောင် ..."

မောင်က လူချော လုံခန့် ဖြူဝင်းနေနေတဲ့ အသားအရည်ကို ပိုင်ဆိုင်ထားသည်။ အရမ်းချောတဲ့ ယောက်ျားတစ်ယောက်။

"သရဖီ ... ကိုယ် အဆင်သင့်မဖြစ်သေးဘူး"

"ဘာကိုလဲ မောင် ..."

"မင်းနဲ့ မင်္ဂလာဦးညကိုဖြတ်သန်းဖို့"

လင်းဉာဏ် အရမ်းမူးနေသည်။ ကြယ့်ကိုပဲ တမ်းတပြီး လသာဆောင်ထွက်ကာ ကောင်းကင်ပေါ်က ကြယ်တွေကိုပဲ ကြည့် ပစ်နေ၏။ အလွမ်းပြေပါ၏။ သရဖီ့အတွင်းစိတ်ကြီးက အချစ်ဆိုတာ ထက် သူပိုင်ဆိုင်ထားတဲ့ စည်းစိမ်ဥစ္စာတွေကို မက်မောတာဖြစ် သည်။

"ရှင်ရူးနေလား ... သရဖီ့ကို ဒီလိုအရှိုးမှိုး လာမချိုးနဲ့နော် လင်းဉာဏ် ..."

"မောင်လို့ ခေါ်စမ်းပါ ..."

"အိမ်စေမကို မရလို့ အသက်ကျွဲခတ်နေတာလား လင်းဉာဏ် စဉ်"

"ဘာ ..."

သရဖီပါးပြင်ကို ရိုက်ပစ်ဖို့ လက်ကိုမြှောက်လိုက်ပြီးမှ သူ စိတ်တွေကို ထိန်းချုပ်လိုက်သည်။





"မောင်က ကျွန်မကို ရိုက်မလို့လား ... ဘာလဲ အစေခံမကို ထိလို့ နာတာပေါ့လေ ..."

"မင်းထွက်သွား သရဖီ ... နောက်ထပ် မေကြယ်ဖြူ့ကို ထပ်စော်ကားရင် မင်းကို သတ်ပစ်မိလိမ့်မယ်"

"ရှင်က စိန်ခေါ်တာလား ... သရဖီနဲ့ မင်္ဂလာဦးညကို ဖြတ် သန်းဖို့ အဆင်သင့် မဖြစ်သေးဘူးပေါ့လေ ... ရတယ်လေ ... ကျွန်မ က သတို့သားအလာကို မျက်ရည်တွေနဲ့စောင့်နေမယ့် သတို့သမီး လောင်း မဟုတ်ဘူးနော် ..."

"သွားကွာ ... မင်းသွားချင်တဲ့နေရာကိုသွား ... မင်းလိုချင် တဲ့ ပစ္စည်းတွေရပြီ မဟုတ်လား ... သရဖီ ယောကျ်ားတစ်ယောက် ကို လက်ထပ်ယူတာ မင်းအတွက် ဒီလောက်လွယ်ကူလား"

"ဟုတ်တယ် ... ကျွန်မ ဒါကြောင့်လက်ထပ်တာ ... ဘာဖြစ် သဲ ရှင်တစ်ယောက်ထဲ အရက်သောက်ပြီးနေတော့"

သရဖီ ကားမောင်းပြီး ထွက်သွားသံ ကြားရသည်။ သွားပါစေ။ ဒီလိုမိန်းမတစ်ယောက်နဲ့ မင်္ဂလာအိပ်ခန်းကြီးထဲမှာ ဘယ်လို အိပ်စက်ရမှာလဲ ...။ မင်း ဘယ်လိုမိန်းမမျိုးလည်းဆိုတာ မသိဘူးထင်လား ... အရက်ကိုတစ်ခွက်ပြီး တစ်ခွက်သောက်ပစ် လိုက်သည်။

"လင်းလေး ... မင်းဘာဖြစ်လို့ အန်တီလေးသော်ကို



www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးမှ စိတ်ဆင်းရဲအောင်လုပ်ရတာလဲ"

"ကျွန်တော် လက်ထပ်ပြီးပြီပဲ ... အန်တီလေးပျော်နေ
တယ် ... ရယ်မောမြူးတူးနေတာ အန်တီလေး အသံစီနေတယ်

"လင်း ... "

"ကျွန်တော် တစ်ယောက်ထဲပဲနေချင်တယ် ... ရှိခိုး
တောင်းပန်ပါတယ် အန်တီလေးရယ် ... ထပ်စိတ်ညစ်တယ်
မပြောပါနဲ့တော့ ... "

လင်းလေးအရမ်းမူးနေပြီ ... တစ်ကြိမ်တစ်ခါမျှ အရ
သောက်တတ်သည့် အကျင့်မရှိခဲ့။ အစေခံမကို လက်ထပ်လိုက်
စိုးရိမ်လို့ သရဖီနဲ့အတင်းအကျပ် စီစဉ်လိုက်ရ၏။ သရဖီဘယ်သွား
တာလဲ ... မိဘအိမ်ပြန်သွားတာပဲဖြစ်နိုင်သည်။

"သရဖီလေး ဘယ်သွားတာလဲ ... ပြဿနာပဲ လင်းလေး
ရယ် သရဖီ့မိဘတွေက သူ့သမီးကို ဖူးဖူးမှုတ် အထိတ်အထိတ်
တာပါ"

"ဘာအတွက်အထိပ်လဲ နိုက်ကလပ်တွေကို ဒူးပေါ်
ပေါ်တွေဝတ်ပြီး တက်ကနေတာလဲ"

"လင်းလေး ဘာတွေပြောနေတာလဲ ... မဟုတ်တာ
သရဖီလေး မိဘတွေက အရမ်းစည်းကမ်းကြီးတာ"

"တော်ပါပြီဗျာ ... အန်တီလေးသော်လည်း အိပ်ပါတော့
ကျွန်တော်တစ်ယောက်ထဲပဲနေပါရစေ"





"မင်း အရက်တွေ အရမ်းသောက်မနေနဲ့တော့ လင်းလေး
တော်ပါတော့ကွယ် ... "

ဒေါ်သော်မမ ပြောပြီး ပြန်လာခဲ့သည်။ လင်းလေးကို သရဖီ
နဲ့ လက်ထပ်ပေးခဲ့တာ မှားသွားပြီလားပဲ ... သရဖီ့မိဘတွေက
မိမိတို့ဘက်ကိုပဲ တာဝန်ယူစေတော့ သူတို့ဘက်မှ ဘာလက်ဖွဲ့အဖြစ်
နည်းနည်းလေးမှ မပေးဘဲ မသိချင်ယောင်ဆောင်နေကြသည်။ ပြီး
တော့လည်း သရဖီက မျက်နှာထားကတစ်မျိုးပဲ မာထန်ထန်နှင့်
မသွင်ချွန်ထားတဲ့ လက်ဝတ်ရတနာတွေ သာမက မိမိပိုင်ဆိုင်တာ
တွေပါ လိုချင်ပုံပင်။ အမလေး နိုက်ကလပ်မှာတက်ကတယ်တဲ့
ဘယ်လိုလုပ်ရမလဲ ဒေါ်သော်မမ စိတ်တွေပူပြီး အိပ်စက်လို့မရ
စောင့်နေမိ၏။ မိုးလင်းခါနီးမှ သရဖီပြန်ရောက်လာသည်။
ဒေါ်သော် မမ အောက်ကို ပြေးဆင်းပြီး တံခါးဖွင့်ပေးလိုက်ရ၏။
သရဖီ့ခန္ဓာကိုယ်က ဒယိမ်းဒယိုင်နှင့် အရက်နံ့တွေက
ထောင်းထောင်းထနေသည်။

"သရဖီလေး ... "

"အန်တီလေးက ကျွန်မကိုစောင့်နေတာလား ... သူကလေ
လင်းညာဏ်စဉ်ဆိုတဲ့ကောင်က ကျွန်မနဲ့မင်္ဂလာဦးညကို ဖြတ်သန်း
ဖို့ အဆင်သင့်မဖြစ်သေးဘူးတဲ့"

"ဟင် ... သမီးလေး သရဖီ ညည်းလေးဘယ်ကိုသွားတာ
လဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်လို့ သွားကခဲ့တာ ... ဒီကောင်စုတ်က အိမ်ေ
ကိုချစ်နေတာ ရှင်သိလား ... သိသိကြီးနဲ့ ကျွန်မလက်ထဲထိုးအ
တာ"

"သရဖီလေးရယ် အန်တီလေးတောင်းပန်ပါတယ်ကွယ် ...
ဒီညတော့ အိပ်လိုက်ပါ"

"ရပါတယ် ... ကျွန်မအတွက်ဘာမှ စိတ်မပူနဲ့ ကျွန်မပေ
ပျော်နေတတ်တာ အန်တီလေး သိတယ်နော်"

"သိပါတယ် ... နေပါ သရဖီလေးကြိုက်သလိုနေပါနော်"

"သွားပြီ ... "

လင်းညဏ်စဉ်ကို သရဖီဆိုတဲ့ မိန်းမက ကောင်းကော
ပညာပေးရမယ် ... နိုက်ကလပ်မှာ တစ်ညလုံးသွားကပစ်လို
သည်။ ဒါသရဖီအစပဲရှိသေးတယ်နော် ... ဒေါ်သော်မလည်း
မယ် ... အချစ်ဆိုတာကို ကျွန်မက သိုပ်တန်ဘိုးမထားတတ်ဘူ
ရှင့်ကို နည်းနည်းလေးချစ်မိသွားတယ်၊ နည်းနည်းလေးခံစားရတာ
ပူလောင်လိုက်တာနော် ... သူမ အငိုတက်လာခဲ့သည်။

"ဒေါက် ... ဒေါက်"

"ဒေါက် ... ဒေါက် ... ဒေါက်"

"ဒေါက် ... "

တမင်ဒေါက်ဖိနပ်ကို မချွတ် ... အပေါ်ထပ်လှေခါးထစ်ပေ
ပေါ် ခပ်ပြင်းပြင်းတက်လာခဲ့သည်။

"ကျွိ ... "





"ဟင် ... "

အခန်းထဲမှာ လင်တော်မောင်မရှိ။ လသာဆောင်မှာနေမှာ
ပါ ... သရဖီ အိပ်ချင်နေပြီ မင်္ဂလာအိပ်ယာကြီးပေါ် ပစ်လှဲချလိုက်
သည်။

"မောင် ... မောင်ရယ် ရှင့်ကို သရဖီချစ်တယ် ... ဒါပေမယ့်
ကျွန်မက အချစ်ကိုဦးစားပေးမှာ မဟုတ်ဘူးနော်"

သူမ အိပ်ပျော်သွားသည်။ နေမြင့်မှနိုးလာရာ မောင်က
မရှိတော့။ သူမ ဂရုမစိုက်ပါဘူး ... ဘာရှာနေစရာလိုလို့လဲ ...
ရေချိုးခန်းထဲဝင်ပြီး ရေပန်းအောက်ဝင်လိုက်သည်။

"အား ... ကောင်းလိုက်တာ လန်းသွားတာပဲ ... သရဖီနွယ်
ဘဝမှာ ချမ်းသာခြင်းလိုအပ်တယ် ... အပျော်တွေမက်တယ် ...
ရှင်က အစေခံမနဲ့ပဲတန်တာ"

သူမ ရေချိုးပြီး စားစရာတွေကို အခန်းထဲလာပို့ဖို့ ပြောလိုက်
သည်။ သရဖီက အဝတ်အစားတွေ ဝိုင်းဝိုင်းလည်ပြီး နေထိုင်လာခဲ့
တာပါ။

"ကော်ဖီအေး ... ပေါင်မုန့်မီးကင်ထောပတ်သုတ်ခဲ့ ... အင်း
ထပ်မှာမယ်"

"ဟုတ်ကဲ့ ... "

"အန်တီလေးကိုပြောလိုက်ပါ အိမ်ဖော်က သရဖီအတွက်
ငါးပျော်ကာရှိမှလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

ဒေါ်ခက်ကတော့ ဒီမိန်းမကို အမုန်းကြီးမုန်းမိသည်။ ကြီး ကျယ်နေလိုက်တာ အိမ်ဖော်ငါးယောက်တဲ့ ... ဘာလုပ်နိုင်းမလဲ ... လင်းလေးလည်း သူ့အိပ်ခန်းမှာ သွားအိပ်နေ၏။ ဒေါ်သော် မမကြောင့်ပါ ... ။

"ဟဲ့ ... မခက် သမီးလေးသရဖီမှာတာတွေ အားလုံးပြည့် ပြည့်စုံစုံ ပြောစရာမရှိအောင် လုပ်ပေး ... "

"မမမေကြီးသော် ... "

"ပြော ... "

"မမရလေး သရဖီက အိမ်ဖော်ငါးယောက်လောက်ခန့်ပေးပါ တဲ့ ... "

"အင်းလေး ... သမီးလေးက သူဌေးသမီးလေးဆိုတော့ အိမ်ဖော်တွေ အများကြီးနဲ့နေခဲ့တာပဲ"

ဒေါ်သော်မမ ဘယ်လိုလုပ်ရမလဲ ... ဒေါ်ခက်ခက်ရှေ့မှာ သရဖီလေး သိက္ခာမကျစေရန် ပြောနေရသည်။ အိမ်ဖော်တွေအများ ကြီး ဘာလုပ်မှာလဲ ... မိမိတို့မှာ လူမ[illegible]ပ်မရှိတာ ... အရင်ထဲက မမသွင်ရော သော်ပါ အိမ်မှုကိစ္စတွေလုပ်ကြ၏။ ဝါသနာပါသည်။

"မခက် ... "

"ရှင် ... "

"အိမ်ဖော်ပွဲစားတွေဆီ ဖုန်းဆက်စမ်း ... အိမ်ဖော်တွေလို





တယ် သရဖီလေး စိတ်ချမ်းသာအောင်လုပ်ပေးရမယ် ... လင်းလေး က ပြဿနာရှာနေတာလေ ... "

ဒေါ်သော်မမကိုယ်တိုင် သရဖီလေးမှာတဲ့ စားစရာတွေကို သွားပို့ပေးရသည်။

"သရဖီလေး ဘာလိုအပ်သေးလဲ ... လိုတာပြောနော်"

ကျွန်မလိုအပ်နေတာက ရှင့်တူလေ လင်းညာဏ်စဉ်ပဲ ... အဲဒါ ပို့ပေးပါ ... သူမ မျက်နှာထားတင်းတင်းနှင့် ပြောပစ်လိုက်ချင် သည်။ အစဖြစ်နေလို့ပါ ... ညက များသွားလို့ အရှိန်မပြေချင်သေး ပေ။

"ကျွန်မ သံပုရာရည်ချဉ်ချဉ်လေး တစ်ခွက်သောက်ချင်တယ် အန်တီလေး ... ခေါင်းကိုက်နေလို့"

"ဆရာဝန် ခေါ်ပေးရမလားဟင်"

"အန်တီလေးကလည်း ကျွန်မက အရက်သောက်ထားတာ လေ နည်းနည်း စဉ်းစဉ်းစားစားပြောပါဦး"

သရဖီရင်ထဲမှာ မကျေနပ်ချက်တွေ ပြည့်နှက်နေသည်။ လင်းညာဏ်စဉ်ကြောင့်ပဲ သရဖီကိုမှုး ...

"သရဖီလေး ဟိုလေ ကော်ဖီကန့်ပါတယ် အဲဒါအချဉ်နဲ့"

"ကျွန်မလုပ်ခိုင်းတာသာလုပ်ပေးစမ်းပါ ... ကော်ဖီ မသောက်ချင်တော့လို့ ထပ်မှာတာ"

"ဟုတ်ပါပြီကွယ် ... မကြာခင် အလုပ်သမားတွေဆီပဲငှား



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ့မယ် သရဖီလေး အိမ်မှာလိုလေ ...”

“အမြန်ဆုံးခန့်ပေးပါ”

“အေးပါကွယ် ... လိုအပ်တာပြောနော်”

“အန်တီလေး ...”

“ဟင် ...”

“ကျွန်မကို ခဏခဏ လိုအပ်တာပြောခိုင်းနေတယ် ... ကျွန်မလိုအပ်တာ ပြောရမလား ...”

“ပြောလေ သရဖီလေး ... ပြောပါ”

“အန်တီလေးတူ လင်းညဏ်စဉ်ကို ကျွန်မရှိတဲ့ မင်္ဂလာအိပ်ခန်းကြီးထဲ ပို့ပေးပါလား”

“ဟင် ...”

“ဘာဟင်လဲ ... ရှင်ကြီး တာဝန်လေ ကျွန်မနဲ့မင်္ဂလာဦးညကို ဖြတ်သန်းဖို့ အဆင်သင့်မဖြစ်သေးဘူးတဲ့”

ဒေါ်သော်မမ ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်နေသည်။ မိမိအပြစ်ပါ သရဖီလေးကိုလည်း အားနာမိ၏။ လင်းလေးက တစ်သက်လုံး အဒေါ်စကားကို နားထောင်ပြီး အဒေါ်စိတ်ဆင်းရဲအောင် မလုပ်တတ်ဘူးလို့ ပြောထားခဲ့သည်။

“လင်းလေးကို ပိုင်တွယ်ဆို ... အခု ကျွန်မ ဘာလုပ်ရမလဲ၊ လင်ငုတ်တုတ်နဲ့ အပျိုစင်ဘဝမျိုး ခံယူလိုက်ရမှာလား ... ကျွန်မကို မထိခိုက် မနစ်နာအောင် လုပ်ပေးစမ်းပါ”





သူမ စိတ်လည်းညစ် မခံချင်စိတ်တွေနှင့် အော်ဟစ်သောင်းကျန်းပစ်ချင်သည်။

“လင်းညဏ်စဉ်ကို လွှတ်ပေးစမ်းပါ ... ကျွန်မဆီကို ရှင်ကြီးတာဝန်နော် ... ကျွန်မ လုပ်ချင်တာတွေ အားလုံးလုပ်ပစ်မှာ”

“ဟုတ်ပါပြီ သမီးလေးရယ် ... တောင်းပန်ပါတယ် အန်တီလေး အနူးအညွတ်တောင်းပန်တာပါ ... ခဏလေးစောင့်နေပါ လင်းလေး ရောက်လာစေရပါ့မယ်”

“အခုလွှတ်ပေး ... ကျွန်မရှေ့မှာ ဒူးထောက်တောင်းပန်ခိုင်းရမယ်”

ဒေါ်သော်မမ အလျှင်အမြန်ပဲ အောက်ထပ်သို့ဆင်းလာခဲ့သည်။ မောလိုက်တာ ရင်ညွန့်ဆီမှ အောင့်တက်တဲ့ ဝေဒနာတွေကို ခံစားနေရ၏။ လင်းလေးကို လွှတ်ပေးရမယ် ... ဟုတ်တယ် မိမိတာဝန်ပါ ... လင်းလေးအခန်းထဲဝင်လိုက်တော့ ဆံပင်တွေ ဖွာလံကျဲလျက် ခုတင်ပေါ်မှာ ငုတ်တုတ်လေး ထိုင်နေသည်။

“လင်းလေး ... သားရယ် အန်တီလေးသော်ရဲ့ မျက်နှာကို ထောက်ထားညှာတာပါဦးနော် ... ရေချိုးပြီး အဝတ်အစားတွေလဲနော် ... သရဖီလေး စောင့်နေတယ်”

“မသွားဘူးဗျာ ... မသွားဘူး ... ဒီမိန်းမကို လုံးဝမချစ်လို့ မရတာ သရဖီလိုချင်တာတွေ ပေးလိုက်စမ်းပါ ... အကုန်လုံးပဲ ကျွန်တော် မလိုအပ်ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"လင်းလေးရယ် ညားကာစ လင်မယားတွေပါ ... သရဖီလေးက ပြောတယ် ... သူလိုအပ်တာ လင်းလေးတဲ့"

"တောက် ..."

ယောက်ျားနဲ့ယှဉ်ပြီး လုပ်ချင်တာလုပ်တဲ့ မိန်းမ ... လင်း မသွားနိုင်ဘူး ... သူ့ဟာသူ နိုက်ကလပ်ပဲသွားသွား ... ဘယ်ပဲ သွားသွား ...

"ထ ... ရေချိုးခန်းထဲဝင်ပြီး သန့်ရှင်းရေးလုပ်လိုက်ပါ ... ထပါသားရယ်"

"သူ အမိန့်ပေးခေါ်တိုင်း ... ကျွန်တော် မသွားနိုင်ဘူးဗျာ၊ သူ့ရဲ့အကျင့်စရိုက်တွေကို မကြိုက်ဘူး ... ကျွန်တော်က ဇနီးပဲ လိုချင်တာ ... ကျွန်တော့်ကို ပြုစုယုယနိုင်တဲ့ မိန်းမဗျ ..."

"မဟုတ်သေးပါဘူးကွယ် ... စိတ်ကို နည်းနည်းလျှော့ချစ် လိုက်ပါ ... အန့်တီလေးကို သနားပါဦး"

"မသွားဘူးဗျာ ..."

"လင်းလေး ... အား ... အမလေး ရင်ဝကအောင့်တယ် အား ..."

"ဟင် ... အန့်တီလေး"

ဒေါ်သော်မမ ဟန်ဆောင်လုပ်ပြနေတာမဟုတ်ဘဲ ရင်ဝက အောင့်လာပြီး အသက်ရှူရတာ မဝတော့ မောနေသည်။

"အန့်တီလေး ... အန့်တီလေးသော် ... ဒေါ်ခက်ရေ လာပါ





ဦး ဆရာဝန်ဆီ အမြန်ဖုန်းဆက်ပါ ... ဒေါ်ခက်ရေ ..."

လင်းညက် လူတွေကိုအော်ဟစ်ပြီး ခေါ်လိုက်သဖြင့် ဒေါ်ခက်ရော သရဖီပါရောက်လာသည်။ သရဖီ့နှုတ်ခမ်းတွေတ တွန့်မဲ့သွား၏။ အဖွားကြီးပေးနေတဲ့ သဘောမျိုး ...

"လင်းညက်စဉ် ကျွန်မဆီရောက်လာဖို့ ဒီလောက်ကြီး အယောင်မျှားပြနေစရာမလိုပါဘူး ... လင်းညက်စဉ်က ဘာကောင် မို့လို့လဲ ..."

စိတ်ထဲကနေပြောပြီး သရဖီကျောခိုင်းထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

"ကြယ့်ကို လက်ထပ်ပါရစေ ... ကိုယ့် မာမီကိုယ်တိုင်က သဘောတူ လက်ခံတယ် ... ကိုယ်ပြောလိုက်ပြီ"

"ရှင် ... "

"ကြယ် လိုက်ခဲ့ပါ ... ကိုယ့်မာမီက ကြယ့်ကိုနွေးထွေးစွာ ဆီးကြိုပါလိမ့်မယ်"

"ကျွန်မကို သိလို့လား ဟင် ... "

"သိပါတယ် ... ကြယ့်အကြောင်းနဲ့ ကိုယ်အများကြီးပြောပြထားပါတယ် ... လှသာ သိပ်မတွေ့ဖူးတာ ... "

ကြယ် တွေဝေငေးငိုင်စွာ လင်းဆိုသတိရနေသည်။ လင်းက ယုတ်မာတဲ့ကောင်ပဲ ... ကြယ့်ကို ခိုစက်ချင်နေတာ ... ဒါပေမဲ့ နှလုံးသားတွေက လင်းကိုတမ်းတနေဆဲပင်။ ခါးသည်းစွာ မုန်းတီးခဲ့သော လင်းညဏ်စဉ်က လူမပါးပြင်တွေ နှုတ်ခမ်းတွေကို နမ်းရှိုက်ခဲ့တာကြောင့်လား ... ။





"ကြယ် ... "

"ရှင် ... "

"ကိုယ့်မာမီက ကြယ့်ကိုတွေ့ချင်နေတယ် ... ကြယ့် ဘဝ သည်းသိကြတယ် ... ကိုယ် ခမ်းနားတင့်တယ်စွာ လက်ထပ်ယူမှာပါ ... "

ကျွန်မနှလုံးသားတွေထဲမှာ လင်းရှိနေတယ် ... တကယ့်ကို ထင်မှတ်တာပါ ... တကယ်ဆို ကျွန်မ လင်းညဏ်စဉ်ကို လက်တုန့်ပြန်ပြီး ကိုမင်းသုတနဲ့လက်ထပ် ပြချင်ပါတယ် ...

"သမီးလေးကြယ် ... သား လင်းညဏ်ကလေ သမီးကိုချစ်လို့ သမီးဘဝလေးတင့်တင့်တယ်တယ် ရပ်တည်ခွင့်ရအောင် သော့ ခနအရ နေထိုင်ပြတာလဲ ... ဖြစ်နိုင်ပါတယ်"

မေမေသွင်ကပြောခဲ့သည်။

"သမီးရယ် သူက အရှင်သခင်ပဲ ... သမီးက မမသွင်မျက်နှာကိုပဲ ထောက်ထားပြီး သည်းခံရမယ် ... လင်းလေးက အမေ့လက်ပေါ်မှာ ကြီးပြင်းလာတဲ့ကလေး ... "

အမေက လင်းညဏ်ကို ချစ်သည်။ ကြယ်က မုန်းတယ်ပြောတိုင်း ဆူတတ်၏။ ကျေးဇူးမကန်းရဘူးတဲ့ ကြယ်နာကျင်နေသည်။

"ဒီလက်စွပ်လေးက မေမေပေးထားခဲ့တာပဲကြယ်၊ သားချစ်မြတ်နိုးပြီး လက်ထပ်မယ့် ဘဝလက်တွဲဖော်ကို ပေးရမယ်တဲ့ ... ကိုယ် ချစ်မြတ်နိုးရတဲ့သူက ကြယ်ပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



သူမ ရှေ့မှာနူးထောက်တောင်းပန်ခဲ့တဲ့ လင်းညာဏ်ကြယ် သရဖီဆိုတဲ့ မိန်းမနဲ့ လက်ထပ်ဖို့ ဖိတ်စာတွေတောင်ရိုက်ထား သည်။

"ကြယ် ..."

"ဟင် ..."

"ကြယ် ဘာတွေစဉ်းစားနေတာလဲ ... ကိုယ့်မာမိနဲ့လ တွေ့လိုက်ပါ ... နောက်မှ ကြယ်ဆုံးဖြတ်မယ်ဆိုရင်လည်း ကိုယ် လက်ခံပါတယ်"

"ကြယ်လေ ... လက်ထပ်ဖို့ကိစ္စကို မစဉ်းစားချင်သေး ဘူး ... ကြယ်ဘဝကို ကြယ့်ရဲ့အစွမ်းအစတွေနဲ့ တည်ဆောက်ချ တယ် ... တစ်နေ့နေ့ပေါ့ ကျွန်မစဉ်းစားပါ့မယ် ... ကျွန်မ ကြီးကျ ခမ်းနားတာတော့ မဟုတ်ပါဘူးနော် ..."

လင်းကြောင့်လား မေမေ့သွင့်ကြောင့်လား အမေကမှာ ထားခဲ့လို့လား ... တခြားယောကျ်ားတစ်ယောက်နှင့် ချစ်သူအဖြ တောင် စဉ်စားစိတ်ကူးမရ ...။

"ကယ်ပါ ... ကြယ်ရယ် ... မစဉ်းစားနဲ့တော့ ကြယ်ပြော သလိုပဲ တစ်နေ့နေ့ပေါ့ ... အဖိုးကြီးဖြစ်တဲ့အထိ ကိုယ်စောင့်မယ်"

"ကျွန်မကို နားလည်ပေးပါ ..."

ကိုမင်းသုတကိုအားနာတယ် ... သူမဘဝကို သိသိကြီးနှင့် ပါ။ လင်းညာဏ်စဉ်လက်ကနေ လွှတ်မြောက်ခဲ့ရတာတောင် ဘာဖြစ်





လို့အပျော်တွေ ပျောက်ဆုံးနေရတာလဲ ... ကိုမင်းသုတက သူမအား တယုတယ အကြင်နာတွေပေးခဲ့သည်။

"အဆောင်မှာ ကြယ်နေရတာ ကျဉ်းကြပ်ပါတယ် ... ကိုယ့် ဆာမီက တိုက်ခန်းတွေဝယ်ထားတယ် ... ကြယ် နေပါ"

"ကြယ် နေလို့ဖြစ်ပါတယ် ... ဒီလိုလေးပဲ နေချင်တယ်"

"ကြယ့်သဘောပါပဲ နေနော် ... လိုအပ်တာရှိရင်ပြော ကြယ့် ကိုလေ ကိုယ် ငယ်ငယ်လေးထဲက ကြိတ်ပြီးချစ်နေခဲ့တာပါ ကြယ် ယုံနော် ..."

ကိုမင်းသုတကိုယုံသည်။ မိဘတွေကလည်း လူမှုရေးဝန် ထမ်းတွေ ... ဒါပေမယ့် ကြယ်ကတော့ လင်းညာဏ်စဉ်ရဲ့အစေခံမ ဘဝကို စွဲလန်းနှစ်သက်နေသည်ထင်သည်။ သူမ အချိန်တွေကို အဆောင်ပြန်၍ နေထိုင်ခြင်းဖြင့် အသုံးချခဲ့၏။ ကိုမင်းသုတနှင့်တွဲ သွားတွဲလာမလုပ်ခဲ့ ... အဆောင်ကို ပြန်လာခဲ့သည်။

"ကြယ်လေး ဧည့်ခန်းမှာ ညည်းလေးကိုတွေ့ချင်လို့ ဧည့် သည်တစ်ယောက် စောင့်နေတယ်"

"ဟုတ်ကဲ့ ..."

အဆောင်မှူးကလာပြောသဖြင့် သီးသန့်ထားတဲ့ ဧည့်ခန်း သို့ ထွက်လာခဲ့သည်။ ဧည့်ခန်းတွင် ထိုင်နေသူက သရဖီပင်။ သူမ ဆီ ဘာလာလုပ်တာလဲ ... ပတ်သက်တွေ့ဆုံစရာ အကြောင်း တစ်စုံတစ်ရာမရှိသူတွေ ဖြစ်၏။ သူမ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာကိစ္စများရှိလို့ ကြယ့်ကိုလာတွေ့ရတာလဲ … မသရဖီ”

“ကြယ်ဖြူက ပိုပြီးတောင်ချောမောလှပနေတာပါလား … ဒါကြောင့် လင်းညာဏ်စဉ်က စွဲလန်းနေတာကိုး”

“ရှင် … ရှင်ဘာတွေလာပြောနေတာလဲ … ဒီကိစ္စက ကျွန်မနဲ့ ဘာမှမဆိုင်ဘူးနော်”

မသရဖီရဲ့ အထင်သေးရှုံ့ချတဲ့အကြည့်တွေကို ကြယ် ရဲရဲဝံ့ဝံ့ မာမာထန်ထန် ပြန်လည်တုန့်ပြန်ကြည့်ဖြစ်သည်။

“မကြည်ဖြူ …”

“ပြောပါ …”

“အန်တီလေးသော် နေမကောင်းဘူး … ညည်းပြန်လာပြီး ပြုစုသင့်တယ်ထင်လို့ပါ”

“မဖြစ်နိုင်ပါဘူး … ကျွန်မ အဲဒီအသိုင်းအဝိုင်းနဲ့ အဝေးဆုံးမှာ နေတာပါ … စိတ်ချပါ မသရဖီ … လင်းညာဏ်စဉ်လိုကောင်ကို ကျွန်မ အရမ်းမုန်းတီးတယ် … ဘယ်လိုအကြောင်းနဲ့မှ မပတ်သက်ပါဘူး”

“ငါကလည်း အဲဒါကိုလာပြောတာပဲ … ညည်းဘဝလေး ပျက်စီးမှာစိုးလို့ ငွေကြေးမညီး ချူဖို့မစဉ်းစားနဲ့နော် … ငါ့ယောက္ခမကြီးက ညည်းကိုကြိတ်ပေးထားတဲ့ စိန်တွေရှိသေးလား”

“မရှိပါဘူး … ကျွန်မကိုပေးထားတာ မသရဖီကိုပြန်ပေး





ထားလိုက်ပြီလေ …”

“နင့်ကို ငါမေးစရာရှိသေးတယ်”

“မေးပါ …”

“ဒေါ်သော်မမရော အတွင်းပစ္စည်းတွေ ဘယ်လောက်ရှိလဲ”

“ကြယ် မသိပါဘူး”

“ညည်းက သူတို့ဆီမှာ ငယ်ငယ်လေးတည်းက နေတာပဲ သိရမှာပေါ့”

“ကြယ်မပြောပြနိုင်ပါဘူး … အဲဒီကိစ္စတွေ မေ့ထားလိုက်တာကြာပါပြီ ဒီအတွက်လာတာလား …”

“ညည်းကို လင်းညာဏ်စဉ်နဲ့ ဝေးဝေးနေအောင် လာသတိပေးတာပဲ မောင်နဲ့ ကျူပ်ကွယ်ရာမှာ ပတ်သက်ရင်တော့ ညည်းဘဝအဖတ်ဆယ်လို့မရအောင် စုတ်ပြတ်သတ်သွားစေရမယ်”

“ရှင်ပြန်ပါ … နောက်ထပ် ကျွန်မနဲ့လာတွေ့ဖို့ မကြိုးစားပါနဲ့ … ကျွန်မ ကိုမင်းသုတနဲ့လက်ထပ်မယ် … လူကြီးတွေနဲ့ တွေ့ဖို့တောင် စီစဉ်နေပါပြီ”

မေကြယ်ဖြူကို ယောကျ်ားတွေ စွဲလန်းနှစ်သက်ကြတာလည်း မပြောနှင့် ဖူးညွန့်နုဖတ်နေတဲ့ မျက်နှာလေးက မနာလိုဝန်တိုစရာ … လင်းညာဏ်စဉ်က ကြယ်မှ ကြယ်ဖြစ်နေ၍ သရဖီလာရောက်ဟန့်တား သတိလာပေးရသည်။

“ကောင်းပါတယ် … ညည်းစကားအတိုင်း မင်းသုတနဲ့လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ယူပါ ... လင်းညာဏ်စဉ်နဲ့ အဝေးဆုံးမှာနေရင် ပြီးတာပါပဲ"

"မသရဖီကို ပြောလိုက်ရဦးမယ် ... ကျွန်မ အမုန်းဆုံး အရ ကြည်းဆုံး စက်ဆုပ်ရွံရှာဆုံးကှ ရှင်နဲ့လက်ထပ်ထားတဲ့ လင်းညာ စဉ်ပဲ ..."

ကြယ်က ထွက်လာခဲ့သည်။ သူမ အခန်းလေးထဲရောက တော့ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေက ပြည့်ဝိုင်းလာသည် မျက်ရည် အလကားရတိုင်း မငိုဘူးလို့ ဆုံးဖြတ်၏။ ကြယ်ငိုချင် သည ချုံးပွဲချပြီး ငိုချင်နေတာပါ ... လင်းညာဏ်စဉ်ကို မေ့ပစ်လ မရတာကိုပဲ ဒေါသဖြစ်ရတာ ... အဆောင်မှူးက လာတွေ့သည်

"ကြယ်လေး ..."

"ဟင်"

"မင်းဝမ်းနည်းကြေကွဲနေတာလား"

"ကြယ် ... ကြယ်လေး အေးချမ်းငြော်ရှင်တဲ့ ဘဝလေ တစ်ခုကို ပိုင်ဆိုင်ချင်ပါတယ် ... မမချစ်ရယ်"

"မင်းသုတလိုယောကျ်ားလေး တစ်ယောက်ကို မင်းရွေ ချယ်သင့်တယ်"

"ရှင် ..."

"မင်းသုတ မာမီနဲ့ မမချစ်တို့က ခင်မင်တယ် ... ကြယ် လေးကို မင်းသုတ မာမီကိုယ်တိုင်ကလေ့လာ စုံစမ်းခိုင်းထားတာ သူ့သားက အရမ်းချစ်နေလို့တဲ့ ... ကြယ်လေးလို ဖြူစင်ရိုးသားတဲ့





မိန်းကလေးမျိုးကိုမှ သူက ရွေးမတော်ချင်တာတဲ့ ... အစ်ကိုရာ သူ့ သား ချစ်မြတ်နိုးနေလို့တဲ့"

သူမ မျက်ဝန်းတွေထဲက မျက်ရည်တွေကြောင့် မမချစ် မျက်နှာပြင်က ဝေ့ဝါးနေသည်။ ကြယ် ငြင်းဆန်ပစ်ချင်နေ၏။ ကိုမင်းသုတကို ကြယ်မချစ်လို့ပါ ... အရမ်းမုန်းမိနေရင် အရမ်းလည်း ချစ်တတ်သွားနိုင်တယ်ဆိုတာ အမှန်ပဲဖြစ်သည်။

"ဟိုမိန်းမက လင်းညာဏ်စဉ်နဲ့ မိန်းမဆိုတာ မမချစ်သိတယ် ကြယ်လေးအကြောင်း မမချစ်အားလုံးသိပါတယ်"

"မမချစ် ..."

"ပြောလေကြယ် ..."

"ကြယ် တစ်ယောက်ထဲနေပါရစေနော် ... အချစ်ရေးတွေ အိမ်ထောင်ရေးတွေကို မစဉ်းစားချင်သေးဘူး"

"ကြယ်လေးဘာမှ အားမငယ်နဲ့နော် ... အကူအညီလိုရင် ပြောပါ ... မမချစ် ညီမလေးတစ်ယောက်လို သတ်မှတ်ထားပါ တယ်ကွယ်"

ကြယ်လေးကို ချစ်ချစ်ချော သနားတယ် ... အားကိုးရာ မဲ့နေတဲ့ ကလေးမ ပညာရေးမှာလည်း ကြိုးစားသည်။

"နောက်တစ်ခါ ကြယ်လေးကို လာတွေ့မယ့် ဧည့်သည်ဆို ရင် အတွေ့မခံတော့ဘူး ... ကြယ်လေး စိတ်ညစ်အောင်လုပ်တဲ့ လူတွေသိမယ်"



www.burmeseclassic.com

www.burmeseclassic.com



မမချစ်ကိုလည်း ကျေးဇူးတင်ပါတယ် … ကြယ့်ကို ဓေ
ရောက်သည်။ ကြယ်တစ်ယောက်ထဲ မျက်ဝန်းတွေက ကြောင်
အိပ်စက်လို့မရ … အတိတ်ကအရိပ်တွေ လွှမ်းမိုးနှောက်ယှက်နေ
ဖြစ်နေ၏။ သူမ အိပ်မက်ထဲသို့ လင်းညဏ်စဉ်ရောက်ရောက်လာ
ကြယ် မေ့ပစ်ဖို့ပဲ ကြိုးစားနေသည်။

“ဟုတ်တယ် … ကြယ် လက်ထပ်ရမှာက ကိုမင်းသုတ
လင်းညဏ်စဉ်ကို မေ့ပစ်ရမယ်”

သူမ စိတ်တွေကို ပျော်ရွှင်အောင်ထားပြီး ပညာရေးဘ
အာရုံစိုက်ထားဖို့ ဆုံးဖြတ်လိုက်သည်။ သူမ စောစောထ ပြင်
ပြီး ကျောင်းသို့ ထွက်လာခဲ့သည်။ သူမ ကျောင်းဝင်းထဲဝင်
တော့ ကိုမင်းသုတက ရပ်စောင့်နေ၏။ ကားပေါ်ကနေ မိန်းမပြ
တစ်ယောက် ဆင်းလာသည်။

“ဒါက ကိုယ့်မာမီပါ ကြယ်”

“ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ်”

“မာမီ … သူလေ မကြည်ဖြူဆိုတာ … ”

“ဪ … သားပြောနေတဲ့ ကြယ်လား … တော်တေ
လေး ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ”

ကိုမင်းသုတ မာမီက သူမလက်လေးကိုဆုပ်ကိုင်ထား
ကားထဲဝင်ထိုင်စေကာ စားသောက်ဆိုင်တစ်ခုသို့ မောင်းစေသ

“တစ်ခုခုစားရင်း စကားပြောကြရအောင်ပါ”





ကြယ် မငြင်းချင် … လူကြီးတွေက ဖော်ဖော်ရွေရွေခေါ်နေ၍ ဖြစ်သည်။ စားသောက်ဆိုင်ရောက်တော့ ကြယ် စားချင်တာတွေကို မေးပြီးမှာနေ၏။ ကြယ်မမှာတတ်။ အကောင်းဆုံးစားသောက်ဆိုင်ဆိုတာ ကြယ်တို့လို အိမ်ဖော်မလေးတွေ သွားရောက်ခွင့် ရှိတဲ့နေရာ မဟုတ်ပေ။

“ကြယ် … ”

“ရှင် … ”

“သမီးလေးက ဘယ်လိုဘဝမျိုးကပဲလာလာ … လူ့လောကကြီးထဲက လူသားတစ်ယောက်လို့ပဲ အန်တီက သတ်မှတ်ထားတယ်လေ”

ကိုမင်းသုတ မာမီက ဖြူနုချောမော ခန့်ညားသူပါ။ စိတ်သဘောထားကလည်း ဖြူသည်။ ကြယ်လေးစားမိ၏။ ကြယ့်လက်လေးကို ဖြစ်ညှစ်ဆုပ်ကိုင်ထားသည်။

“သားကို လက်ထပ်ပါ”

“ရှင်”

“ကြယ်လေးကို သားက အရမ်းကိုချစ်နေတယ် … အန်တီသဘောတူပါတယ် … ကြယ်လေး မျက်နှာမငယ်စေရပါဘူး … အန်တီ အနူးညွှတ်တောင်းဆိုတာပါကွယ်”

“ဟုတ်ကဲ့ … ကြယ်လောလောဆယ်တော့ ပညာရေးကိုပဲ အာရုံစိုက်ထားချင်ပါတယ် … အန်တီ့ကိုလည်း ကြယ်လေးစားပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် ... စိတ် သဘောထား ပြည့်ဝ ဖြူစင်လို့ပါ"

"ကိုယ်ကလေ ကြယ်နဲ့စေ့စပ်ထားချင်တယ်"

"ကြယ့်ကို စဉ်းစားခွင့်ပြုပါ ... လောလောဆယ် ကြယ့်ဘာဝ အနည်မထိုင်သေးပါဘူး ... ကြယ်က"

"ကြယ်ကတွေ ဘာတွေပြောမနေနဲ့တော့နော် ... အတိတ်ကို မေ့ပစ်လိုက် ... သမီးလေးက အင်ဂျင်နီယာကျောင်းသူကြီးနော်"

ကိုမင်းသုတ မာမီကကြယ့်ကို အပြုံးတွေနှင့် ကြည့်ရင်းအားပေးသည်။ စားစရာတွေလည်း မီခင်တစ်ယောက်ကဲ့သို့ တယုတယရွေးနေ၏။ ကြယ် အရှမ်းအားနာသည်။

"ဟင် ... လင်းပါလား တစ်ယောက်ထဲ အရက်တွေသောက်နေတယ်"

ဘုရားရေ ... လင်းနဲ့ သူမ မျက်နှာချင်းဆိုင်လို့ မဖြစ်ဘူး။ လင်း ဘယ်တုန်းကများ အရက်တွေသောက်ဖူးလို့လဲ လင်းဝိန်ချူးသွားသည်။

"ကြယ် ..."

"ဟင် ..."

"ပြန်ကြမလား ..."

"ဘာဖြစ်လို့လဲသား ... စားစရာတွေတောင် အကုန်မစားရသေးဘူး"





"လင်းညာဏ်စဉ်လေ မာမီ ... ဟိုဘက်မှာရှိနေတယ်"

"ဘာဖြစ်လဲ ... ကြယ်လေးနဲ့သူ ဘာမှဆိုင်တော့တာမှမဟုတ်တာပဲ ... ဟန်မပျက် ထိုင်နေပါ"

လင်းညာဏ်က သူမတို့ကို မတွေ့ပေ။ ခေါင်းငိုက်စိုက်ချနေသည်။ သူ့ အရက်တွေအလွန်အကျွံ သောက်ထားပုံပဲ။ ကြည့်ပါဦး။ အဝတ်အစားတွေ ကပိုကရိုနဲ့ ... ဆံပင်တွေက ညှဉ်းသိုးဖွာလန်နေ၏။ အန်တီသော်လည်း ကျန်းမာရေးမကောင်းဘူးတဲ့ ... ကြယ်သတင်းကြားထားတာက မသရဖီနှယ် ညစဉ်ကလပ်တွေတက်နေသည်တဲ့ ... ဘာတွေ ဖြစ်နေတာလဲ လင်းညာဏ်ရယ် ... သူမ စားသောက်နေရတာ လည်ချောင်းဝမှာ တစ်ဆို့နေသည်။

♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

ကြယ့်ကိုတွေ့လိုက်သည်။ မင်းသုတနဲ့ယောက္ခမကြီး တောင်ပါလိုက်သေးတယ် ... မင်း အရမ်းပျော်နေတာလား မေကြယ်ဖြူ ... သူ မူးနေ၏။ ကြယ်တို့ထွက်သွားမှာ တွေ့လိုက်၍ သူထလိုက်သည်။

"ဝုန်း ... "

"အား ... "

"ဂျလွမ် ... လွမ်း ... "

"ဟေ့လူ ... ဘာဖြစ်တာလဲ"

လင်းဉာဏ်အထတွင် လဲကျသွားသဖြင့် စားပွဲပေါ်ရှိနေသော စားစရာတွေ ပန်းကန်တွေ ပြုတ်ကျသွားသည်။

"ကြယ် ... မေကြယ်ဖြူ ခဏ ... "

"ဝုန်း ... "

"ဒိုင်း ... "





"ဒီမှာ ကို ... ဘယ်သူ့ကို ခေါ်နေတာလဲ"

"အဲ ... အဲ ... ဒါ ... ငါ့ချစ်သူကွ ... ငါ အရမ်း ... ဒီနှလုံးသားတွေထဲ နှစ်ပြီး ချစ်ရသူ ... "

"အစ်ကိုက လူပျိုလား ... ပိုက်ဆံချမ်းသာတဲ့ အစ်ကို့ကို ဘာလို့ မကြိုက်ရတာလဲ"

"ဟင် ... "

သူက မိန်းမနဲ့ ကြယ့်အမှားမှ မဟုတ်တာပဲ ... သူ လက်ထပ်ခဲ့သည်။

"ဒါက ငါမှားတာ ... ငါ မိန်းမတစ်ယောက်နဲ့လက်ထပ်ခဲ့တယ် ... ငါက လူအိုကွ"

"ဟာဗျာ ... အစ်ကိုကလည်း မိန်းမရှိလျက်သားနဲ့ စိတ်ကို ထိန်းပါ ... ဒီမှာ ကွဲကုန်ပြီ"

"လျော်ပေးမယ့် ဘယ်လောက်ကျလဲပြော ... "

သူ ပိုက်ဆံအိတ်ကို ပစ်ပေးလိုက်သည်။ မင်းသုတနဲ့ကြယ်တို့ ...

"အန်တီလေးကြောင့်ပဲ ... ကြယ့်ကို နှိမ်ချဆက်ဆံတာ အန်တီလေး"

သူ ပြန်ထိုင်သည်။ အရက်ကိုဆက်သောက်၏။ ဆိုင်ပိတ်တဲ့အထိ သောက်သည်။

"အစ်ကို ဆိုင်ပိတ်တော့မယ် ... ပြန်လို့ ဖြစ်မလား အိုင်သ



www.burmeseclassic.com

www.burmeseclassic.com



အငှားလိုမလား"

"ရတယ် ... ငါပြန်နိုင်တယ်ကွ ... အရက်က မမူးလို့ခက်နေတာ"

"တော်ပါတော့ အစ်ကိုရာ"

"အေး ... တော်ပြီ ... ငါ ပြန်မယ်"

ကြယ် ... ငါရင်တွေနာကျင်နေရတယ် မေမေအစောကြီး လူ့လောကကြီးထဲက ထွက်သွားရလို့ပဲ ... သားကိုဘာဖြစ်လို့ ဥပေက္ခာပြုထားခဲ့ရတာလဲ ... ကြယ်နဲ့ ဝေးသွားအောင်လား မေမေ ... သူ ကားပေါ်တက်ပြီး ကြယ်နေတဲ့ အဆောင်ကိုရောက်လာသည်။

"မေကြယ်ဖြူကိုတွေ့ချင်တယ် ... မင်းကို ငါစကားလေး တစ်ခွန်းနှစ်ခွန်းပဲ မေးချင်တာပါ ... အဆောင်ရှေ့ကို ထွက်လာခဲ့ပါ"

လင်းညာဏ်ဖုန်းဆက်ပြီး လှမ်းခေါ်သည်။

"လင်း ... ပြန်ပါ ကြယ်ရတော့ ... ပန်ပါတယ်နော် ... အဆောင်မှာ စည်းကမ်းနဲ့နေရတာပါ"

"ဟုတ်လား ... ငါ့ကို နင်မတွေ့ချင်လို့ ဆင်ခြင်တွေ ပေးနေတာ မဟုတ်လား မေကြည်ဖြူ ..."

လင်း အရမ်းမူးနေတာပဲ၊ ကြယ် စိတ်ပူမိသည်။ ကြယ် စိတ်ညစ်လာရ၏။ ဘယ်လိုလုပ်ရမလဲ ... အဆောင်ကနေ ထွက်လို့ရ





ပေမယ့် မသရဖီက တားဆီးထားသည်။ လင်းညာဏ်စဥ့်နဲ့ အဝေးဆုံးမှာနေပါတဲ့ ...။

"ဟော့ ... အစေခံမလေး ... နင်ဘာတွေကြီးကျယ်နေတာလဲ ထွက်ခဲ့စမ်း နင်ဘယ်တုန်းကများ ငါ့အမိန့်ကို လွန်ဆန်နိုင်လို့လဲ ... အခုထွက်ခဲ့"

"လင်း ... ငါထွက်လာလို့ မရဘူးလို့ပြောထားတယ်နော် အခုပြန် ... နင့်အစေခံမဘဝကို ငါဘယ်အထိခံယူနေရဦးမှာလဲ ... ပြောစမ်းပါ ... နင် အားမရသေးဘူးလား"

လင်းညာဏ် အသံကြီးက လေးလေးတွဲတွဲကြီး တော်တော်လေးမူးနေသည်။ စိတ်ပူလိုက်တာ ကားကိုဘယ်လိုများမောင်းလာတာလဲ ... ဒုက္ခပါပဲ ...။

"မေကြယ်ဖြူ ... နင်က ငါ့ကိုဒုက္ခပါပဲလို့ ... ညည်းညူပြောဆိုဦးမလို့လား ... ကောင်းပြီ နင့်ကိုအစေခံမဘဝက လွတ်လပ်ခွင့်ပေးတယ် ... ထွက်မလာနဲ့တော့ Good Night"

လင်း အသံတိတ်သွားသဖြင့် ကြယ် အထိတ်တလန့်ဖြစ်သွားရသည်။ ဖုန်းက မပိတ်ရသေးဘူး ပြုတ်ကျသံကြားရ၏။ လင်းဘာဖြစ်သွားပြီလဲ ... သူမ ဘယ်လိုမှ ထိန်းချုပ်ထားနိုင်ခြင်း မရှိတော့ဘဲ အပြင်သို့ပြေးထွက်လာခဲ့သည်။

"ကြယ်လေး ... ဘယ်လဲ"

"ဖအလေးပါ မမချစ် ... ခဏ"



www.burmeseclassic.com

www.burmeseclassic.com



သူမ အရှည်ကြီး ရှင်းပြမနေတော့ဘဲ ပြေးထွက်လာခဲ့သည်။ အဆောင်နှင့် ခပ်လှမ်းလှမ်း လင်းကားကရပ်ထား၏။ ကားနား ရောက်တော့ ကားဘေးမှာ လင်းလဲကျနေသည်။

"လင်း … လင်း … ဒုက္ခပါပဲ … လင်းဉာဏ်"

"ဒုက္ခပါပဲ … "

လင်းဉာဏ် အမူးလွန်ပြီးလဲကျနေခြင်းဖြစ်သည်။ ခေါင်းမှာ သွေးတွေနဲ့ ဘုရားရေ လင်းခေါင်းထိသွားတာလား … ကယ်ကြပါ ပါဦး … လင်းကလည်း ခေါ်မရ … သူမ ကြံရာမရသည်နှင့် ခမချစ် ဆီ ဖုန်းဆက်ခေါ်ရသည်။

"မမချစ် လာပါဦး … ဒီမှာ သူ … သူ လင်းဉာဏ် အရက် အမူးလွန်ပြီး လဲနေလို့"

လင်းကိုခေါ်ကြည့်တော့လည်း မရပေ။ မမချစ် ရောက်လာ သည်။

"လင်း … လင်း ခေါင်းမှာသွေးတွေနဲ့ ဘယ်လိုလုပ်ရမလဲ ဟင်"

"ဘာမှမဖြစ်ပါဘူး … ခေါင်းနည်းနည်းကွဲသွားတာပါ"

"များတယ်ထင်တယ် မမ … ကြည့်ပါဦး သေသေချာချာ ကြည့်ပါ … "

"ကဲ … မရွှေကြယ်ဖြူ … ညည်းလေးကို ညှဉ်းပမ်းနှိပ်စက် လာတဲ့ကောင်အတွက် ဒီလောက်အထိ အဖြစ်သည်းပြမနေနဲ့





မချစ်ပဲ ကားမောင်းပြီး သူ့အိမ်ပြန်ပို့ပေးလိုက်မယ်"

"ဟုတ်တယ် … ကောင်းတယ် … ဆေး ဆေးခန်းပြရဦးမယ် ထင်ရာကလေ … "

"ကောင်းပါပြီ … ဆေးခန်းဝင်ပြမယ် … ဟုတ်ပြီလား"

"အင်း … "

လင်းရယ် … နင် ဒီလောက်အထိ ဖြစ်သွားလိမ့်မယ်လို့ ငါ ထင်ဘူး … မမေသွင်သာတွေ့ရင် ကြယ့်ကို အပြစ်တင်ဆူပွက် လားပဲ …

"အင်း … အား"

"လင်း … လင်း ဉာဏ်"

"ကြယ် … "

"ဟင် … "

"နင့်ကိုလေ ငါမယ်လေးထဲက အရမ်းချစ်ခဲ့တာပါ … ဆိုယောခဲ့တွေ ငြိတွယ်ခဲ့ရတယ် … အား ကြယ်ရယ် … ငါ့ကို ထင်မလွဲပါနဲ့ နင့်ကိုလေ … အန်တီလေးက ငါ့နားမှာထား အောင် … နှိပ်စက်ပြရတာပါ … နင့်ဘဝ ရှေ့ရေးအတွက် နင့်ပညာ ရေးအတွက် နင့်ဘဝရပ်တည်မှုအတွက် ငါက လူကြမ်းမင်းသားဝင် လုပ်ပြရတာလေ"

လင်းဉာဏ်ယောင်ရမ်းပြီး အသိကင်းမဲ့လျက်ပြောနေခြင်း ဖြစ်သည်။ ဖြစ်မှ ဖြစ်ရလေ လင်းဉာဏ်ရယ် … ။



www.burmeseclassic.com

www.burmeseclassic.com

"နင်က ငါ့နှလုံးသားထဲက မြတ်နိုး ... တန်ဘိုးထားရတဲ့ မင်းသမီးလေးပါ ... အစေခံမလေး မဟုတ်ပါဘူး ... ငါ လက်ထပ်ရတာ အန်တီလေးကြောင့်ပဲ ... ငါ မသိအောင် စီစဉ်ထားကြတာပါဟာ ... အား ... ကျွတ် ... ကျွတ်"

"လင်း ... လင်းညဏ်"

"သရဖီနွယ်ကို ငါဘယ်တုန်းကမှ မချစ်ခဲ့ဘူး ... ခုလည်း ငါ လူပျိုပဲကြွယ် ... ငါ ဒီမိန်းမနဲ့ မအိပ်ဘူး"

ကြွယ့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပြည့်လာသည်။ ငါ့ မျက်ရည်တွေကျတော့မယ် ... ငါ့ချစ်တဲ့ လင်းညဏ်ရယ် ...

"ကြွယ် ... အရမ်းကြီးပျော့မသွားနဲ့ဦး ... သူက မိန်းမနဲ့ ဟိုသရဖီအကြောင်း သိတယ် မဟုတ်လား ... ပြဿနာကြီးကြီးရှာမှာ"

ဆေးခန်းရောက်တော့ ဒဏ်ရာက သုံးချက်ပဲချုပ်ရသည်။ လင်း အမူးပြေသွား၏။ သူမကို တအံ့တသြကြည့်နေသည်။

"အစေခံမလေးပါလား ... လင်းညဏ်လို လူယုတ်မာ တစ်ယောက်ကို ဆေးခန်းတော့ ပို့ပေးသားပဲ"

"လင်း ... "

"ဘာလဲ ... ပြော"

"အရက်တွေ ဘာဖြစ်လို့အရမ်းသောက်နေရတာလဲ ... ကြွယ့်ကို အစေခံမပဲသဘောထားထား ဘာပဲထားထား နင့်အနား





ငါနေပိုင်ခွင့် မရှိတော့ဘူးလေ ..."

"ဒီမိန်းမကို ငါကွာမယ် ... သူလိုချင်တာတွေ အကုန်ပေး ...တ်မယ် ... ဒါ ဒီမိန်းမကို မချစ်ဘူး ... နင် ငါ့အနားမှာ အစေခံ လေးအဖြစ် လာနေပေးပါ ... အရာရာအားလုံးကို စွန့်လွှတ်မယ်"

"အရူးထမနေစမ်းပါနဲ့ လင်းညဏ်စည် ... အပိုတွေ ... ငါနဲ့ ...ဦးသုတတို့ လက်ထပ်တော့မယ် ... ငါ့ဘဝကို ချမ်းသာတိုးတက် ...ပွားစေချင်တယ်ဆိုရင် ... နင် နှောက်ယှက်ဖို့ မစဉ်းစားပါနဲ့ ...ာ့ဟာနော် ..."

"ဘာ ... "

"ဘာဖြစ်လို့ ဒီလောက်အော်ရတာလဲ ... ငါ လင်ကောင်း ...းကောင်းရတာ နင်ဝမ်းမသာဘူးလား"

နင့်ကြောင့်သာ ငါ့ဘဝအပျက်ခံမယ် ... ငါ့ကြောင့်တော့ ...ဘဝကို အပျက်မခံပါနဲ့လင်းညဏ်စည် ... နင်နဲ့အဝေးဆုံးဆုံးမှာ နေရလိမ့်မယ်။

"ဟိုမှာ ငါ့အဆောင်မှူးစောင့်နေတယ် ... နင်ကားမောင်း ...ရတယ် မဟုတ်လား လင်း ..."

"အင်း ... "

"နင့်အိမ်ထောင်ရေးကိုသာ အဆင်ပြေအောင် နေထိုင်ပါ ...င်း ... ပြဿနာတွေကို မီးခွက်ထွန်း မရှာစေချင်ဘူး ... အန်တီ ...းသော် နေမကောင်းဘူးလို့ကြားတယ် ... နင် စောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်လေ ... လင်း၊ ဆင်ခြင်ပါတော့ ... ”

ကြယ် အရမ်းကိုလူကြီးဆန်ပြီး ရင့်ကျက်နေတာပါလား ... သူ့ သံယောဇဉ်ကြီးရတဲ့ ကြယ့်ကို ဘီလူးခေါင်းစွပ်ပြီး လူကြမ်းကြီး အဖြစ် သရုပ်ဆောင်လာခဲ့ရတာကို ပြောပြချင်သည်။ ဟုတ်တယ် ကြယ် ... နင်ပြောသလိုပဲ ဘာထူးတော့မှာလဲ ... အနန်တီလေးသော် ကို ငါပစ်ပယ်လိုက်လို့မှ မဖြစ်တာ ...

“ကြယ်ပြန်တော့မယ်နော် ... အရှုံးမထစမ်းပါနဲ့ ... နင့် အစေခံမလေးအဖြစ် ငါ့ကိုလွှတ်မြောက်ခွင့်ပေးပါတော့ ... ငါ့အမေ ရဲ့ မျက်နှာကို ထောက်ထားပြီးတော့လေ ... ဟုတ်ပြီလား”

“ကြယ်ရယ် ... ”

ကြယ့်မျက်ဝန်းလေးတွေကို လင်းညာဏ်အကြာကြီးပဲ စူးစိုက် ကြည့်မိနေသည်။ သူ့ အတွေ့ချင်ဆုံး အရိပ်တွေ ... အကြင်နာတွေ အချစ်တွေကိုတော့ မရှာတော့ပါဘူး ... ကြယ့်ဘဝကို ကောင်းစား စေချင်ဆုံးက လင်းညာဏ်စဉ်ပဲလေ ... ။

“ငါနားလည်ပါပြီကြယ် ... ဟုတ်တယ် နင်သူဌေးသားပညာ တတ်တစ်ယောက်နဲ့ လက်ထပ်မှာကို ငါဘာဖြစ်လို့ နှောက်ယှက် နေရတာလဲ ... နောက်ဆို နင့်အတွက် လူယုတ်မာတစ်ယောက် ဘဝကို ငါမခံယူဘူးကြယ် ...

“ကျေးဇူးတင်လိုက်တာ လင်းညာဏ်ရယ် ဖြစ်သင့်ပါတယ်”

“ကြယ် ... ”





“ဟင်”

“မင်းသုတကိုချစ်လား ... အမှန်အတိုင်းဖြေနော် ... မလိမ် နဲ့”

ကြယ် ရုတ်တရက်ကြီး ထိုအဖြေကိုပေးဖို့ တုန့်ဆိုင်းတွေဝေ နေသည်။ လင်းရယ် နင်ကိုယ်တိုင်ရော မသရဖီကို မချစ်နိုင်ဘူး မဟုတ်လား ... လင်းနဲ့ ကြယ်က စိတ်ချင်းဆက်စပ်ပါတယ် ... နင့်ကို ဘယ်လောက်ပဲမုန်းတယ်ပြောပြော ... တကယ်တမ်း ဆန်းစစ်လိုက်တော့ ငါချစ်တာက လင်းညာဏ်စဉ်ပါနော် ...

“ဖြေလေ ကြယ် ... ”

“အင်း ... ချစ်တယ်”

“လူလိမ်မလေး”

“တကယ်ပါဆို ... ”

“ကြယ်က အချစ်ကိုသိလို့လား ... ငါက လူကြမ်းကြီး လူ ယုတ်မာကြီး ... နင့်ကို ညှမ်းပမ်းနှိပ်စက်ခဲ့တယ် ... နင့်ကိုခြေ တော်တင်ဖို့ကြံစည်တယ် ... ”

“တော်ပါတော့လင်းရာ ... ဆက်ပြောမနေပါနဲ့တော့ ကြယ် က အချစ်ထက် လုပ်သင့်တာကိုပဲ လုပ်တာပါ ပြန်တော့နော်”

“ကြယ် ... ”

“ဟင်”

“နင်နဲ့မင်းသုတကို ငါလုံးဝမနှောက်ယှက်တော့ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ကြပါ ... မင်းသူတာက နှင့်ကိုချစ်တယ် တန့်ကိုးထားတ
သူ့အမေကိုယ်တိုင် ချွေးမအဖြစ်လက်ခံတယ်ဆိုတော့ နှင်ကော
တယ်"

အရက်မူးတုန်းက လင်းညွှာဏ်ပြောခဲ့တဲ့ စကားတွေ
ကြယ့်နှလုံးသားတွေထဲအထိ နက်ရှိုင်းစွာ တိုးဝင်နေသည်။ ကြ
တဖြည်းဖြည်း ပြန်တွေးကြည့်လိုက်တော့ လင်းညွှာဏ်အပြုအမူ
က ကြယ့်အတွက်ဆိုတာပေါ်လာ၏။ အမေ့ကို စောင့်ရှောက်ခဲ့
ပါ။ ကြယ်ကျောင်းနေခွင့်ရတာ ... မေမေသွင် ဘယ်လော
ထားချင်ပါစေ အနံ့တီလေးသော်က တစ်မိသားစုလုံးအပေါ် သြ
ညောင်းသူဖြစ်ခဲ့သည်။

"ကဲ ... မင်းသားနဲ့မင်းသမီး အလွမ်းခန်းရိုက်နေတာ
လိုက်ပါတော့ ... ပြန်ကြရအောင်ပါ"

"ဟုတ် ..."

မမချစ်က လှမ်းအော်ပြောနေ၍ ကြယ်ပြန်ဖို့ နှုတ်ဆ
သည်။

"ကြယ် ..."

"ပြော ..."

"နှုတ်ဆက်ကြမယ်"

"ဘိုင် ..."

"နိုင်ငံခြားမှာလို ..."





"ဘာ ..."

"မိတ်ဆွေ သူငယ်ချင်း ခင်မင်ရင်းနှီးနေတဲ့သူတွေ ဖြူဖြူစင်
စင် နှုတ်ဆက်ကြမှာပါဟ ..."

"လင်းစုတ် ..."

နောက်ဆုံးအခါနေနှင့် လင်းညွှာဏ်ရဲ့ဆန္ဒတွေကို ကြယ်ဖြည့်
ဆွမ်းပေးချင်သည်။

"နောက်ဆုံးပါဟာ ... နောက်ထပ် ကြယ့်ကို ဘယ်လို
အကြောင်းတွေနဲ့မှ လင်းတွေ့ဖို့ မကြိုးစားတော့ဘူး ကတိပေးပါ
တယ်"

"ပြီးရော ..."

တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာပွေ့ဖက်လိုက်မိ
ကြလေသည်။ ရင်ခုန်သံတွေက တဒိန်းဒိန်း ရိုက်ခတ်မြည်ဟီးသွား
တော့၏။ အချစ်ဆိုတာကို နှလုံးသားတွေကတော့ သိရှိခံစားတတ်
မယ်ထင်တယ်နော် ထင်းညွှာဏ် ...

"မရှုန်းနဲ့ ခဏလေး ..."

"အရက်စော် နံတယ် ..."

"Sorry"

ကြယ့်ကို သူ့လက်တွေက ဖြေလျှော့ပေးလိုက်သည်။ လင်း
ဘာမှ ဆက်ပြောမနေတော့ဘဲ သူ့ကားပေါ်ပြန်တက်ကာ မောင်း
ထွက်သွား၏။ မမချစ်က ကြယ့်အနားရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဇတ်သိမ်းခန်းက လှပသားပဲ ... ရင်နာစရာ"

"နောက်ဆုံးဖြစ်လို့ မမချစ်ရယ်"

"ကြယ်လေး ဆုံးဖြတ်လိုက်ပြီလား"

"ဘာကိုလဲဟင် ... "

"မင်းသုတကို လက်ထပ်ဖို့ ... "

"အင်း ... "

"ကောင်းလိုက်တာ ... မှန်တယ်"

မမချစ်က ဝမ်းသာအားရနှင့်လက်မထောင်ပြသည်။ နှ ယောက်သား အဆောင်သို့ အငှားကားနှင့်ပြန်လာခဲ့ကြ၏။ သူ နေထိုင်တဲ့ အခန်းလေးထဲရောက်မှ ကြယ် ထိန်းချုပ်ထားရော ဝမ်းနည်းကြေကွဲမှုတွေ တာတမံတစ်ခု ကျိုးပေါက်သလို တသိ သိမ့် ရှိုက်ငိုမိသည်။

"အဟင့် ဟင့် ... အဟင့်"

"အီး ... ဟီး"

"ဟီး ... "

အခန်း ( ၁၇ )

"အန်တီသော်က သရဖီဘဝကြီးတစ်ခုလုံးကို နင်းခြေဖျက် ဆီးပစ်လိုက်တာပဲ ... အခု သရဖီဘာလုပ်ရမှာလဲ လင်ရှိအပျိုလေ"

"ဟုတ်ပါတယ်ကွယ် ခဏလေးသည်းခံစောင့်ပေးပါ အန်တီ လေး ဆုံးမပါ့မယ်"

"ကျွန်မ အရမ်းနစ်နာနေပြီ အန်တီလေး ... ဒီကိစ္စ ဘယ်လို တာဝန်ယူပေးမှာလဲ"

"သရဖီလေးပြောပါ ... အန်တီလေး ဘယ်လိုတာဝန်ယူပေး ရမလဲဆိုတာ ... "

"ကောင်းပြီလေ ... နောက်မှပြောမယ် ... အခုလောလော ဆယ်တော့ ရှင်ပိုင်တဲ့ အတွင်းပစ္စည်းတွေပေးပါ ... "

"သရဖီလေးကို ပေးထားပြီးပြီပဲ"

"ရှင်ကြီးဖွက်ထားတာတွေ ရှိသေးတယ် ... သရဖီကိုပြော တော့ အများကြီးပဲဆို ... "

ဝိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သရဖီက ငွေမက်တဲ့ မိန်းကလေးတစ်ယောက်ဆိုတာ ဒေါ်သော်မမ သိလိုက်သည်။ ညစဉ်ကလပ်တွေ တက်နေတယ် ... တခါတရံလာပို့တဲ့ သူတွေက ယောကျ်ားလေးတွေပါနေသေး၏ မိမိ မတားရဲ ... လင်းလေးကလည်း နေချင်သလိုနေသည်။

"ဘယ်လိုလဲ ဒေါ်သော်မမ ... အရမ်းလှလည်းကျလို့ မရဘူးနော် ... သရဖီနှယ်ကို လျှော့တွက်မထားနဲ့"

ဒေါ်သော်မမတဲ့ မင်းသမီးခေါင်းကျွတ်သွားပြီ ... ဘိလူး တစ်ယောက်ရဲ့ မာထန်တဲ့မျက်နှာမျိုးပေါ်လာသည်။

"ရှင်ကြီးတူက အရက်သမားဖြစ်နေပြီး ပညာရေးလည်း ဆက်မတက်တော့ဘူး ... အသုံးမကျတဲ့ ယောကျ်ားတစ်ယောက်"

"သရဖီလေးရယ် ... အန်တီလေး တောင်းပန်ပါတယ် ... လင်းလေးခဏပါ"

"ဘာ ခဏလဲ ... ရှင့်တူက အစေခံမဆီသွားနေတာလေ"

"ဟင် ..."

"ကျွန်မကို ရှင်ကြီးအတွင်းပစ္စည်းတွေပေးနော် ... မပေးရင် ရှင်ကြီးတူကို ထောင်ထဲထည့်ပစ်မယ်"

"အမလေး မလုပ်ပါနဲ့ သမီးလေးရယ် ... အန်တီပေးပါ့မယ် သားလင်းပဲ ပိုင်ဆိုင်ရမယ့် ပစ္စည်းတွေပါ"

"ဒါဆိုပေး ..."

သရဖီကို ကြည့်ရတာ ကြောက်စရာကောင်းလွန်းနေသည်။





မျက်လုံးတွေတလည်း ရဲရဲနီ၍ မျက်ဝန်းတွေကျနေ၏။ ဆေးတွေသုံးစွဲထားပုံပင်။ ဒေါ်သော်မမကို စူးစူးဝါးဝါးကြည့်နေ၍ ဒေါ်သော်မမ ကြောက် ကြောက်လန့်လန့်နှင့် မီးခံသေတ္တာသော့ပေးလိုက်ရ၏။ အမလေး မောလိုက်တာ အသက်တောင်ရှုလို့ မရတော့ဘူး ... သရဖီနှင့် လင်းလေးကို လက်ထပ်ပေးလိုက်မိတာ မှားတယ် ... အရမ်းမှား တယ် ... နောင်တတွေရလာသည်။

"ဒီမှာ အန်တီလေး ရှင့်တူကို မပြောပြနဲ့နော် ... ပြောတာ နဲ့ တစ်တိုက်လုံး မီးလောင်တိုက်သွင်းပစ်လိုက်မယ် ... သရဖီကို ဘာမှတ်နေလဲ"

"အင်းပါ ... အင်းပါ"

"မီးခံသေတ္တာကို ပြန်ပိတ်လိုက်"

"အင်း ..."

သရဖီအမိန့်ပေးသမျှ ဒေါ်သော်မမလုပ်ဆောင်ပေးနေရသည်။ ကြောက်စရာကောင်းလွန်းတဲ့ မိန်းမ သရဲသဘက်စီးနေသလိုပင် ... နောက်မှ သရဖီ့အကျင့်စရိုက်တွေကို မိမိသိလိုက်ရ၏။ မမသွင်က လင်းလေးကို ကြယ်နဲ့လက်ထပ်စေချင်ခဲ့သည်။

"ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုတဲ့ စကားပုံ ငသော် ကြားဖူးတယ် မဟုတ်လား ... ထားမေကို အိမ်ဖော်လို မသတ်မှတ်ပါနဲ့ ... ကိုယ်နဲ့ နှစ်ပေါင်းများစွာ အတူနေထိုင်လာကြတာ ... ကြယ်လေးက မမသွင်တို့သမီးလေးပါ ဘယ်လောက်ကျက်သရေ



www.burmeseclassic.com

www.burmeseclassic.com



ရှိလဲ"

"မမသွင်နော် ... မကြံကောင်း မစည်ရာ ဘာကိုယ့်သမီးလဲ ... လူမှာအမျိုး ကြက်မှာအရိုးတဲ့ ... အဲဒီစကားပုံရော ... မကြားဖူးမှာပေါ့ ... အစေခံသမီးက အစေခံသမီးပဲ မျိုးရိုးစဉ်ဆက်အစေခံတွေ ... မမသွင် ရူးနေလား ... အစေခံမသမီးကို ချွေးမတော်မလို့လား ... အရှက်မရှိလိုက်တာ ... မမသွင်ရဲ့သား လူတောထဲ မတိုးရဲအောင် လုပ်ရက်တယ် ..."

မမသွင်ဆန္ဒတွေကို သော်အကြီးအကျယ်ပြဿနာရှာပြီး ကန့်ကွက်ခဲ့သည်။ ထားမေတို့ သားအမိကို မောင်းချနှင်ထုတ်ဖို့ ကြံစည်ခဲ့၏။ မမသွင်ကြောင့်ပါ ... အမလေး အခုတော့ ဒုက္ခဖြစ်ရပြီ။ သရဖီ ဘာဆက်လုပ်ဦးမလဲ ... လင်းလေး အန္တရာယ်ဖြစ်တော့မယ်ထင်တယ် ... ရင်ထဲမှာ မွန်းကျပ်လာသည်။

"မောလိုက်တာ ... သမီးလေး သရဖီ အန်တီလေးကို ဆေးခန်းပို့ပေးပါ"

"မပို့ပေးနိုင်ဘူး ရှင်ကြီးသေမှ စည်းစိမ်ဥစ္စာတွေ အားလုံးကျွန်မရမှာလေ"

"ဟင်း ... ဟင်း"

"ဟား ... ဟား"

"သမီးလေး ... သရဖီ အန်တီလေးတောင်းပန်ပါတယ် ... ခက်ခက်ကို ခေါ်ပေးပါနော်"

"သွားပြီ ... ရှင်ကြီးသေချင်သေ မသေရင်လည်း ပေါက်ကရ





တွေပြောဖို့တော့ မကြံစည်နဲ့ သေပြီသာမှတ် ... ရှင်ကြီးတွေ ဒုက္ခရောက်မှာနော်"

"မလုပ်ပါနဲ့ အန်တီလေး ... တောင်းပန်ပါတယ်နော်"

သရဖီလှည့် မကြည့်တော့ဘဲ ထွက်သွားသည်။ မောလိုက်တာ ဘယ်လိုလုပ်ရမလဲ ... ဆေးပုလင်းရှိရာသို့သွားတာ မလှမ်းနိုင်။

"မမသော် ... ဘာဖြစ်လို့လဲ မောနေတာလား ... အမလေး ခက်ရောက်လာလို့ပဲ"

"ဆေး ... ဆေး"

"ဟုတ်ကဲ့ ..."

ခက်ခက်ရောက်လာပြီး မိမိသောက်နေကျဆေးကို သောက်လိုက်တော့မှ ဒေါ်သော်မမ သက်သာသွားသည်။

"မမသော် ဆရာဝန်ဆီ ကျွန်မ ဖုန်းဆက်လိုက်မယ်နော်"

"အေး ..."

ဒီမိန်းမကြီး အိမ်ဖော်တွေအပေါ် နှိမ်ချဆက်ဆံပေမယ့် မိမိကတော့ လူတစ်ယောက် ဝေဒနာတွေခံစားနေရတာကိုဥပေက္ခာမပြုနိုင်။ ဆရာဝန်ဆီရော လင်းလေးဆီပါ ဖုန်းဆက်ပေးလိုက်သည်။

"ကျေးဇူးပဲခက်ရယ် ... မမမှားသွားပါတယ် ... နင်တို့ကို နှိမ်ချဆက်ဆံခဲ့မိတာလေ ... မမသော် တောင်းပန်ပါတယ်"

အိမ်ဖော်တွေ အပေါ် မိမိနှိမ်ချဆက်ဆံမိတာတွေ တောင်း



www.burmeseclassic.com

www.burmeseclassic.com



ပန်မိသည်။ မိမိဖွင့်မပြောရဲ သရဖီက ကြောက်စရာကောင်းလွန်းသည်။ မကြာခင် ဆရာဝန်ရောက်လာပြီး လင်းလေးလည်းရောက်လာ၏။ အရက်တွေ မူးရူး၍ ပြန်မလာတာကိုပဲ ဝမ်းသာမိသည်။

"လင်းလေး သားရယ်"

"အန်တီလေး ဘာဖြစ်လို့လဲ ... လင်းအတွက် စိတ်တွေပူနေလို့လားဗျာ"

"လင်း ..."

"ပြောလေ အန်တီလေး"

"လိမ္မာပါတော့ ... ဒါပေမယ့် အန်တီလေး တစ်ခုတောင်းပန်ချင်တယ် ... အဲဒါက လင်းလေးကို သရဖီနဲ့အတင်းအကျပ် လက်ထပ်ပေးခဲ့မိတာပဲ မှားသွားပြီ ..."

"အန်တီလေး မမှားပါဘူး ... လင်းအတွက် စေတနာနဲ့ လုပ်တာပါ ... ဆိုးတာက လင်းပဲ ... အစေခံမကိုမှ သွားချစ်မိတာကိုး ..."

ကြယ့်ကို အစေခံမလို့ သူငယ်ငယ်လေးထဲက ခေါ်ခဲ့တာ ကြယ်အတွက်ပါ ... အန်တီလေးရှေ့မှာ ဒီလိုခေါ်မှ ကြယ်ဆက်နေထိုင်ခွင့်ရမှာ မဟုတ်လား ...

"လင်းရယ် ... ကြယ်လေးကို တောင်းပန်ချင်တယ် ... ကြယ်လေး နာမည်ကို အန်တီလေးကျေနပ်အောင် အစေခံမလို့ မခေါ်ပါနဲ့တော့နော်"





"ဘာ ... ဘာပြောတယ် အန်တီလေး"

"အစေခံတွေဖြစ်ပေမယ့်လည်း စိတ်ဓာတ်မနိမ့်ကျကြပါဘူး။ ကြယ်လေးကို မောင်းချမိတာ ... နှိမ်ချဆက်ဆံမိတာတွေ မှားသွားတယ်လေ ... ကြယ်က သားလင်းလေး ချစ်မြတ်နိုးရတဲ့ မိန်းကလေးပါကွယ်"

အန်တီလေးစကားတွေကို လင်းတအံ့တသြကြီး နားထောင်နေမိသည်။ ပြောင်းလဲသွားတဲ့ စိတ်တွေ အခုမှ ဘာအသုံးဝင်တော့မှာလဲ ... ကြယ်က မင်းသုတနဲ့ လက်ထပ်တော့မယ် ... အန်တီလေးကို အသိမပေးလိုတော့၍ မပြောဘဲနေလိုက်၏။ ဘာပဲဖြစ်ဖြစ် အန်တီလေးကို စိတ်ချမ်းသာအောင်ပဲထားဖို့ ဆုံးဖြတ်ထားလိုက်သည်။

"အန်တီလေး ဆေးခန်းကို သွားကြရအောင်နော်"

"ဆရာဝန်ခေါ်ထားပါပြီ ... ခက်ခက်ခေါ်ပေးတာလေ"

"သရဖီရောဟင်"

"အပြင်သွားတယ် ... လင်းရယ် ကိုယ့်အိမ်ထောင်ရေးကိုတော့ တည်ငြိမ်အောင် ကြိုးစားစေချင်ပါတယ် ... သရဖီနဲ့လက်ထပ်ထားပြီးပြီပဲ"

သရဖီ စိတ်ဓာတ်ကို ဒေါ်သော်မမသိလိုက်ပြီဖြစ်သည်။ ဒါပေမယ့်လည်း လင်းလေးကို ပြောပြမနေတော့ ... သရဖီက ငွေခက်ပြီး ရက်စက်ယုတ်မာတဲ့ မိန်းကလေးပါ ... ကြယ်လေးကို မိမိ



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာကောက်ကျစ်ခဲ့မိတာကို နောင်တရနေမိ၏။ စိတ်သောက တွေက မိမိအပေါ် ဖြည်မဆည်နိုင်အောင်ဖြစ်ရသည်။ ဆရာဝန် ရောက်လာ၏။ ဒေါ်သော်မမကို စစ်ဆေးသည်။

"မမသော်က ရုတ်တရက် စိတ်ထိခိုက်စရာတွေကြုံတွေ့ လိုက်ရတယ် ထင်တယ် ... ရှောရှနေတယ် ဘာမှစိတ်မပူပါနဲ့ အပူ သောကတွေကိုတော့ ရှောင်သင့်နေပါပြီ ... လင်းဉာဏ်စည်လည်း အဒေါ်အတွက် ထည့်စဉ်းစားပါဦးကွာနော်"

"ဟုတ်ကဲ့ ..."

"ဂရုစိုက်လိုက်ဦး ... အသက်အရွယ်အရ စိတ်ဆင်းရဲမှု ဒဏ် တွေ မခံစားနိုင်တော့ဘူးကွာ"

မိသားစု ဆရာဝန်ဖြစ်၍ ခင်မင်ရင်းနှီးသည် လင်းသိပါပြီ ကြယ့်အတွက် သူလုပ်ပေးနိုင်တာမှ မရှိတာပဲ ... အကောင်းဆုံးက ထပ်မနှောက်ယှက်ဖို့ပဲဖြစ်၏။ အန်တီလေးနှော် အခန်းထဲကနေ ထွက်လာခဲ့သည်။ သရဖီ့ဆီ ဖုန်းဆက်၏။ ဖုန်းက ဧရိယာပြင်ပတဲ့ ဘယ်နေရာတွေများ ရောက်နေလဲ သရဖီ ကလပ်တွေတက်ပြီး ထင်တိုင်းကြဲနေတာ သူသိထားသည်။

"သရဖီ ကိုယ်တို့နှစ်ယောက် အနေအထိုင်တွေပြုပြင်ပြီး မိသားစုဘဝလေးကို ပြန်တည်ဆောက်ကြရအောင်နော်"

သူပြောမည့်စကားတွေပဲဖြစ်သည်။ သူလည်းမှားတာပဲ။ ကြယ့်အတွက် ရှုံးသွပ်ပေတေလေလွင့်နေခဲ့၏။ သရဖီပြန်အလာကို





လသာဆောင်ကနေ ထွက်စောင့်နေမိသည်။

"တီ ... တီ"

"တီ ..."

သရဖီ့ကားဟွန်းသံလည်း မဟုတ်ဘူး။ ခြံစောင့်ကြီးက တံခါးဖွင့်ပေးလိုက်သဖြင့် တန်ဘိုးကြီးကားတစ်စီးဝင်လာသည်။ ကားပေါ်မှ သရဖီဆင်းလာတာ မဟုတ်ဘဲ ငယ်ရွယ်တဲ့ယောကျ်ား တစ်ယောက် ဆင်းလာပြီး သရဖီထိုင်နေတဲ့ တံခါးကို ဖွင့်ပေးရင်း သရဖီအား တွဲ၍ ဆင်းစေ၏။ ပြီးတော့ သူတို့နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်၍ အနမ်းမိုး တွေ ရွာသွန်းဖြိုးနေလေသည်။

"ဟာ ... ဘာတွေလဲ"

"တောက် ..."

ဒေါသတွေ ထောင်းခနဲ ထွက်သွားပြီး ပြဿနာဖြစ်ဖို့ စိတ်ကူးမိပေမယ့် သူ့စိတ်တွေကို ထိန်းချုပ်ပစ်လိုက်သည်။

"နှစ်ယောက်လုံးမှာ အပြစ်တွေနဲ့ပဲ ... ပြဿနာ မရှာတော့ ပါဘူးလေ ... အကျင့်စရိုက်တွေ ပြန်ပြင်ကြဖို့ပဲညှိမယ်"

သူတို့က တော်တော်နှင့်အပေါ်ထပ် တက်မလာသဖြင့် လင်းပဲ အိပ်ခန်းထဲဝင်၍ စောင့်နေလိုက်သည်။ သရဖီဝင်လာ၏။ ဒေါက်မြင့်ဖိနပ်သံ တဒေါက်ဒေါက်နှင့် ခြေသံပြင်းပြင်းတက်လာပြီး တံခါးကိုဖွင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဒီအိမ်ခန်းကို ဘယ်သူဖွင့်တာလဲ … အထဲမှာ ဘယ်သူလဲ"

"ဝှန်း … "

"ဟင်"

သရဇီ မှုးလာတာပဲ … ခန္ဓာကိုယ်ကိုပင် အနိုင်နိုင်ထိန်းချုပ်နေရသည်။

"ဩော် … ဘယ်သူများလဲလို့ မောင်ရောက်နေတာပဲ အင်းလေ … သရဇီအိမ်ခန်းကို ဖွင့်ဝင်ခွင့်ရှိတာ မောင်တစ်ယောက်ထဲရှိတာပဲလေ"

မှေးစင်းနေတဲ့ မျက်ဝန်းတွေကို အနိုင်နိုင်ဖွင့်ကြည့်ရင်း လေးတွဲစွာပြောနေသည်။

"သရဇီ မင်းနဲ့ကိုယ် ညှိနှိုင်းဆွေးနွေးဖို့ လာခဲ့တာပါ … မင်းအရမ်းမှုးနေပြီ … မနက်မှ တွေ့မယ်"

"အခုပဲတွေ့ချင်တယ် မောင်ရယ် … ကျွန်မတို့က ညားကာစ ဇနီးမောင်နှံတွေလေ … မောင် ဘယ်သွားမလို့လဲ … ကျွန်မတို့ အတူတူအိပ်ရမယ်လေနော် … မောင်"

လင်းလက်တွေကို အတင်းအကျပ်ပွေ့ဖက်ထားတဲ့ သရဇီ လက်တွေကို သူဖယ်ပစ်သည်။

"မင်းအိပ်လိုက်တော့ သရဇီ … အနာဂတ်အတွက် ကိုယ်တို့ မနက်မှ ဆွေးနွေးမယ်"





"ဘာလဲ … ကျွန်မကို ကွာရှင်းမလို့လား ကိုလင်းဉာဏ်စဉ် …ာင်းတယ် … ရှင်က ဘာကောင်မို့လို့လဲ … ကွာပေးမယ် … …ပေးမယ့် တစ်ခုတော့ ရှိတယ်နော် … ရှင် ပိုင်ဆိုင်သမျှ စည်းစိမ် …တွအားလုံး ကျွန်မကို ပေးရမှာနော် ဘယ်လိုလဲ"

"မင်း နားလိုက်တော့ သရဇီ … "

"ကျွန်မက အဖျိုစင်ပဲရှိသေးတာနော် … ကျွန်မရဲ့ နစ်နာမှု…တွက အများကြီးပဲ လျော်ကြေးက ကြီးမှရမယ်"

သူဘာမှ ဆက်မပြောတော့ဘဲ ပြန်ထွက်လာခဲ့သည်။

"လင်းဉာဏ်စဉ် လူလိမ်လူယုတ်မာ သစ္စာမဲ့တဲ့ကောင် …ချိုကို ဘာကောင်မထင်နေလို့လဲ … နင့်ရဲ့ သစ္စာမဲ့ဖောက်ပြန်မှု…တွကို ဖွပစ်မယ် … နင့်ကောင်မ မေကြယ်ဖြူလား … ကြယ်လား …ကောင်မ လူ့လောကကြီးထဲမှာ ရပ်တည်လို့မရအောင် အရှက်ခွဲပစ်…ယ် … ငါတောင်းတဲ့ နစ်နာကြေးကိုပေး … "

သရဇီ့ အသံကြီးက ကျယ်လောင်စွာပေါက်ကွဲမြည်ဟီးနေ…ည်။ အန်တီလေးသော်ကြားမှာ သူစိုးရိမ်မိသွား၏။ ကြယ်ကို…ည်း အရှက်သိက္ခာမဲ့ရမှာ လင်းမလိုလားမိ။ အားလုံးက လင်း…ဖြစ်တွေပဲ မင်းသုတကို ကြယ်မချစ်မနှစ်သက်ပဲ လက်ထပ်မှာပဲ…သည်။

"ကြယ်ရယ် မင်းကိုတော့ ဂုဏ်သိက္ခာအမဲ့မခံနိုင်ဘူး … …ယ်လမ်းဘေးမှာတဲထိုးပြီး နေပါရစေ … ကြယ်က အမြဲ…



www.burmeseclassic.com

www.burmeseclassic.com



သက်သက် လေးပါလား”

အနိတိလေးသော် ကြည်ဖြူစေရန် လင်းချစ်မြတ်နိုး
ကြယ့်ကို အနိုင်ကျင့် နှိမ်ချဆက်ဆံခဲ့ရတာပါ။ ဘယ်သူက အမှား
လွန်ကျူးခဲ့ရတာလဲ ... ကြယ့်ကို ထပ်ပြီးနောက်ယှက် ဟန့်
တာမျိုးတွေ လင်းဘယ်တော့မှ ထပ်မလုပ်နိုင်တော့ဘူး ...
သူတာ ရင်ခွင်ထဲမှာ ကြယ့်ဘဝလေး အေးချမ်းပါစေတော့ကွာ သ
အော်ဟစ်သောင်းကျန်းနေလေသည်။

အခန်း ( ၁၈ )

“ကိုယ်အိမ်ထောင်ရေးကို ပြန်ပြီး ညှိနှိုင်းကြမယ် သရဖီ
ကိုယ်မှားပါတယ် ... တောင်းပန်ပါတယ် မင်းဖြစ်စေချင်တဲ့ ဆန္ဒ
အတိုင်း ကိုယ်ဆောင်ရွက်ပေးပါ့မယ်”

သရဖီကတော့ လင်းညာဏ်စဥ်နှင့်ကွာရှင်းပြတ်စဲချင်သည်။
သူ့စည်းစိမ်ဥစ္စာတွေ ဘယ်လိုအရယူရမလဲ ... စဥ်းစားကြံစည်
နေခဲ့၏။ လင်းညာဏ်စဥ်ကိုရော ဒေါ်သော်မမကိုပါ မောင်းထုတ်
ပစ်ချင်သည်။

“သရဖီကတော့ အချစ်မရှိအိမ်ထောင်ရေးကို မဆက်ချင်ဘူး
လင်းညာဏ်စဥ် ... ရှင့်ဘက်စပြီး အမှားတွေကျူးလွန်တာလေ”

“ကိုယ်တောင်းပန်နေပြီပဲ ... သရဖီ ကိုယ့်ကို တပတ်
လောက်ပဲ အချိန်ပေးပါ”

“ဘာလဲ ... မင်္ဂလာဦးညကို ဖြတ်သန်းဖို့ ရှင့်မှာ အဆင်သင့်
က ခုထိ မဖြစ်သေးဘူးလားဟင်”

နိုးလာပြည့်တာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ သရဖီ ... ကိုယ် အိမ်ထဲမှာနေပါ့မယ် ... ရော
လည်း ဆက်မတက်ခဲ့တော့ဘူး ... ကိုယ် စီးပွားရေးလုပ်မယ် ရ
အိမ်ထောင်ရေးကို ပြန်ပြီး တည်ဆောက်ပါ့မယ်လို့ ကတိပေးမ
သရဖီ"

"ဟား ဟား ဟား ..."

"သရဖီ ..."

"ရှင်ဟာ အမေကြွယ်ဖြူရဲ့ ဂုဏ်သိက္ခာအတွက်လား သူ
ကတော်ဖြစ်တော့မှာမို့လေ"

"အရင်က အဖြစ်အပျက်တွေ ကိစ္စတွေအားလုံးကို မေ့
မယ် ... မင်းကို စိတ်အနှောက်အယှက်ဖြစ်အောင် ကိုယ်မလုပ်တေ
ဘူး ..."

"ကျွန်မက အပျော်အပါးမက်တယ်လေ ... ဘယ်လို
ကျွန်မကို ပျော်ရွှင်အောင်ထားနိုင်မလား"

ကြွယ်အတွက် လင်းဘာပဲဖြစ်ဖြစ် ဘယ်လိုဘဝမျိုးကို
ရောက်ရောက်လုပ်ဆောင်ဖို့ ဆုံးဖြတ်ထားသည်။

"မင်းသဘောပါပဲကြွယ် ... ကိုယ့်ဘက်က မင်းနဲ့ကွာရှ
ခွင့်မတောင်းဆိုပါဘူး ... အန်တီလေး သော်ကလည်း ကိုယ့်အိ
ထောင်ရေးကို အဆင်ပြေစေချင်ပါတယ်"

ဒေါ်သော်မမ အဖွားကြီး သူ့တူကို ဘာမှမပြော၍ သ
ကျေနပ်သွားရသည်။ ဒီလိုပဲ ဖြစ်ရမယ်လေ ... သရဖီကတော့ လင်





ဉာဏ်စဉ်ကို မောင်းထုတ်ပစ်ဖို့ပဲ ဆုံးဖြတ်ထားသည်။

"ကောင်းပြီလေ ... စဉ်းစားမယ် ဘယ်လိုပဲဖြစ်ဖြစ် ဒီခြံကြီး
ကိုတော့ ကျွန်မ အပိုင်ရမှဖြစ်မယ်"

"ကိုယ်တို့ ထပ်ညှိကြတာပေါ့ သရဖီ"

"Ok"

သရဖီက သူ့ကို သိုင်းဖက်၍ အနမ်းတွေတောင်းဆိုဟန်ဖြင့်
သူမ နှုတ်ခမ်းရဲရဲတောက်တောက်ကို ထိုးပေးနေသည်။ မနေ့ညက
ယောကျ်ားတစ်ယောက်နဲ့ နမ်းထားတဲ့ နှုတ်ခမ်းတွေ သူက သူမ
ခန္ဓာကိုယ်အား ဖယ်ရှားပစ်လိုက်သည်။

"ဘာလဲ မောင်က ခုထိအဆင်သင့်မဖြစ်သေးတာပေါ့လေ"

လင်းဉာဏ်စဉ်ရဲ့ အချစ်တွေနှင့် အယုအယအနမ်းတွေကို
သရဖီခောင်းတ မိခဲ့တာတော့ အမှန်ပဲဖြစ်သည်။ လင်းဉာဏ်စဉ်
က ယောကျ်ားပီသစွာ ချောမောနေသူ ...။

"ကိုယ်အတတ်နိုင်ဆုံး ကိုယ့်ဇနီးစိတ်ချမ်းသာအောင်
ကြိုးစားမှာပါ ... တစ်ပတ်လေး အချိန်တော့ပေးပါကွာ"

"မချစ်သော်လည်း အောင့်ကာနမ်းလေ"

"မဟုတ်ပါဘူး ... သရဖီ ပြီးတော့ ကိုယ်တစ်ခုလောက်
တောင်းပန်ချင်တာက မင်းလည်း တခြားယောကျ်ားတွေနဲ့"

"ဘာလဲ ... ညက ပုံစံကိုရှင်တွေ့တယ်ပေါ့လေ"

"အခုချိန်ကစပြီး နောက်ပိုင်းကိစ္စတွေကို မေ့ပစ်လိုက်ကြရ



www.burmeseclassic.com

www.burmeseclassic.com



အောင်ပါ သရဖီ"

ရှင်တွေ့သွားတာပဲ သရဖီသိနေတယ်လေ ... လင်းညာဏ်စဉ်လို လသာဆောင်မှာ ရပ်နေတာတွေ့လိုက်လို့ တမင်လုပ်ပြတာပါ မဆိုးပါဘူး ... ရှင် ခွင့်လွှတ်နိုင်သားပဲ ... သူမ နှုတ်ခမ်းသားလေးတွေက မဲ့ရွဲ့နေသည်။

"သရဖီရော ကိုယ်ရော မိသားစုအနာဂတ်ကို အကောင်းဆုံးပုံဖော်ကြမယ်လေ ..."

"Ok ဟုတ်ပြီ ... ကျွန်မတို့ ညှိနှိုင်းကြတာပေါ့"

သရဖီကတော့ လင်းညာဏ်စဉ်ကို ဘယ်လိုအကျပ်ကိုင်ပြီး စည်းစိမ်တွေလုယူရမလဲဆိုတာပဲ စဉ်းစားနေသည်။ လင်းညာဏ်စဉ်ကို မချစ်တော့ ... သရဖီ့အခြေအနေတွေက အလွန်အကျွံတွေဖြစ်နေသည်။ သူမ သုံးချင်တိုင်း ဖြုန်းချင်တိုင်းဖြုန်းဖြစ်နေခဲ့၏။

လင်းညာဏ်စဉ်နဲ့ကွာရှင်းမှုဖြစ်မည်။

သူမ ကားလေးနှင့်အပြင်ထွက်လာခဲ့သည်။ သရဖီနှင့် တွဲနေသူ ချစ်သူမကျ ထွန်းသက်မောင်ကတော့ လင်းညာဏ်စဉ်နဲ့ ကွာရှင်းလိုက်တဲ့ သူနှင့်ဘဝတစ်ခုကို တည်ဆောက်ဖို့ပြောသည်။

"မောင်နဲ့သရဖီတို့ နိုင်ငံခြားမှာသွားနေကြမယ် ... လင်းညာဏ်စဉ်ရမယ့် အမွေတွေက အများကြီးပဲဟာ ... မောင်တို့ အပိုင်ကိုင်ကြမယ် သရဖီ ..."

မောင်က သရဖီကိုပွေ့ဖက်တာ အရင်ကလောက် မသာယာ





တော့ပေ ... ထွန်းသက်မောင်နှင့်သူမက လင်းညာဏ်စဉ်နှင့် လက်မထပ်ခင်ထဲကပဲ နှစ်ဦးသဘောတူလက်ထပ်ထားခဲ့ကြသည်။

"သရဖီ ..."

"ဟင်"

"ဘာတွေ စဉ်းစားနေတွေဝေနေတာလဲ ... မောင် အစီအစဉ်အတိုင်းလုပ်ပါ လင်းညာဏ်စဉ်ကို မယားခိုးမှုနဲ့ ခြိမ်းခြောက်မယ်"

"သရဖီလည်း ပြဿနာတက်နိုင်တယ်နော် မောင်"

"ခြိမ်းခြောက်မှာပါကွ ... သူ့အဒေါ်ရော လင်းညာဏ်စဉ်ရော အရှက်တကွဲမခံနိုင်ကြပါဘူး"

တကယ်တမ်းကျတော့ ထွန်းသက်မောင်ကို သရဖီစိတ်ကုန်နေသည်။ ဖြုန်းသုံးလွန်းတယ် လင်းညာဏ်စဉ်နှင့်ပဲ မိသားစုဘဝဘေးကို တည်ဆောက်ချင်လာ၏။ ထွန်းသက်မောင်ကိုလည်း သရဖီလွန်ဆန်၍ မရပေ။ ဘယ်လိုပြင်းရမလဲ ... သရဖီ လုပ်ရပ်တွေကို လူကြီးတွေလည်း မသိကြပေ။

"မနက်ဖြန် မောင်ဖုန်းဆက်မယ် ... သရဖီ အသာငြိမ်နေ ... မောင့်အစွမ်းအစတွေကို သရဖီသိတယ် မဟုတ်လားကွာ"

ထွန်းသက်မောင်ရဲ့ အတ္တကြီးတဲ့ ရမ္မက်တွေကို သရဖီ မုန်းတီးနာကြည်းနေသည်။ အရင်ကလို မဟုတ်တော့ မထင်မှတ်ဘဲနှင့် လင်းညာဏ်စဉ်ကို ချစ်မိသွား၏။ သရဖီ နောင်တတွေရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ရယ် ပျော်ပျော်နေစမ်းပါ ... မောင်ရင်ခွင်ထဲမှာ စည်းစိမ်းချမ်းသာတွေ အပြည့်နဲ့နေပါ ... နိုင်ငံခြားကိုလစ်ကြမယ် လွှာဝက တိုတိုလေးပါကွာ"

မောင်ရယ် သရဖီချစ်တာ လင်းညာဏ်စဉ်ဆိုတဲ့မောင့်ကို ပါနော် ... တဖြည်းဖြည်း ကြွေနေပြီ။ သရဖီ ဖျှိစင်လို့ပြောခဲ့ပေမယ့် တကယ်တော့ ထွန်းသက်မောင်နှင့် တရားဝင်လက်ထပ်ထားတာ အတူတူနေထိုင်ကြတာ တစ်နှစ်လောက်ရှိနေပြီဖြစ်သည်။

"မောင်တို့ ကလပ်သွားကြမလား ... သရဖီ့ကိုကြည့်ရတာ စိတ်ညစ်နေသလိုပဲ ... အရင်က သရဖီပုံစံ အကျင့်စရိုက်တွေ မဟုတ်ဘူးကွာ"

"ဟင့်အင်း ... ဘယ်မှ မသွားချင်ဘူး ... ကျွန်မနေမကောင်းသလိုကြီးပဲ မောင်ရယ် ... ပြန်ကြရအောင်"

"မပြန်ရပါဘူးကွာ ... မောင့်ရင်ခွင့်ထဲမှာ ငြိမ်ငြိမ်လေးနေစမ်းပါ ... အချစ်ရယ်နော်"

သရဖီ လွမ်းမောတမ်းတသတိရနေသူက လင်းညာဏ်စဉ်ကိုပါ လက်ထပ်ထားကြပေမယ့် လင်မယားအရာ မမြောက်ကြသေးပေ။ ထွန်းသက်မောင်ရဲ့ အစီအစဉ်ဖြင့် လင်းညာဏ်စဉ်ကို သရဖီလက်ထပ်ခဲ့ရသည်။

"လင်းညာဏ်စဉ်ကို အပိုင်ချုပ်ကိုင်စမ်းပါ သရဖီရယ် ... ဒီကောင်က မင်းအပေါ် တန်ဘိုးမှမထားတာ ... "





ထွန်းသက်မောင်ရဲ့ ထောင်ချောက်ထဲမှာ သရဖီလူလယ်မ ဟုထင်ပြီး တိုးဝင်မိခဲ့တာ ရှန်းထွက်မရဖြစ်နေသည်။

"သရဖီ ဘယ်လိုလုပ်ရမလဲ ... မောင်နဲ့မခွဲနိုင်တော့ဘူး ... အေးချမ်းတဲ့ မိသားစုဘဝလေးကို မောင်နဲ့ တည်ဆောက်ချင်ပါတယ်"

သရဖီ ဆန္ဒတွေ ပြင်းပြနေလေသည်။ ထွန်းသက်မောင်ကို မချစ်တော့ ... ဆန့်ကျင်၍လည်း မဖြစ်တော့ ... သရဖီမိဘတွေကို အရှက်တကွဲဖြစ်အောင် လုပ်မည်တဲ့ ... ထွန်းသက်မောင်က ဈေးဝယ်ထွက်ရအောင်ဆိုပြီး ခေါ်လာခဲ့၏။ သရဖီကို အကြီးအကျယ် ချော့မော့ကြင်နာ ယုယပြသည်။

"သရဖီရယ် မောင်ဘယ်လောက်အထိ အချစ်လေးကိုချစ်တယ်ဆိုတာ သိစမ်းပါ ... ချစ်လေးကောင်းစာရေးပါ အပျော်တွေကို ပေးချင်လို့"

ထွန်းသက်မောင် ဘယ်လောက်ပဲ ယုယကြင်နာနေပါစေ အသက်မပါတော့သလိုကြီးဟုထင်မိနေသည်။ ငွေကြေးကြောင့်ပါခင်းက မိန်းကလေးတွေကို ဇန်းပြပြီး လုပ်စားနေသည်။ ဈေးဝယ်စင်တာကြီးတစ်ခုရောက်တော့ မေကြယ်ဖြူတို့ အတွဲကိုတွေ့လိုက်ရ၏။ လင်းညာဏ်စဉ်ကို ပြဖို့ သရဖီဓာတ်ပုံတွေ ရိုက်ထားသည်။

"ကြယ် ... "

"ဟင် ... မမသရဖီတစ်ယောက်ထဲလှား လင်းရော"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာကျန်ခဲ့တယ်လေ ... သူက ..."

"ကြယ်နဲ့လက်ထပ်မယ့် မင်းသုတလေ ..."

"ဩော် ... မင်းသုတပဲ သရဖီက နာမည်ပဲကြားဖူးနေတာ အရမ်းကို လိုက်ဖက်လွန်းတဲ့ စုံတွဲပါလား"

မင်းသုတကို ကြယ် ပြတ်ပြတ်သားသား ရွေးချယ်လိုက်လို့ လင်းညာဏ်စဉ်စိတ်တွေ လျော့ပစ်လိုက်တာဖြစ်နိုင်သည်။

"ကိုယ် ... သူက လင်းညာဏ်စိုး သရဖီနွယ်ပါ"

"မသရဖီနွယ်နာမည်ကိုလည်း ကြယ်ပြောပြလို့ကြားဖူးနေပါတယ် ... တွေ့ရတာ ဝမ်းသာပါတယ်"

"ဒါနဲ့ ကြယ်တို့ ဘယ်တော့ မင်္ဂလာပွဲ ကျင်းပကြမှာလဲ"

"မကြာခင်မှာ လူကြီးတွေတောင် စကားပြောထားပြီးပါပြီ"

"ကြယ် ကံကောင်းတယ် ... ဂုဏ်ယူပါတယ် ကြယ်ရယ် ပျော်ရွှင်ကြပါစေ ..."

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ မမ"

အိမ်ဖော်မလေး မေကြယ်ဖြူအောင် ဘဝက တင့်တယ် အေးချမ်းနေလိုက်တာ ... ကြယ်က သူမကိုယ်သူမ အနေအထိုင် တတ်သည် တန်ဘိုးရှိအောင် ပြသနိုင်၏။ သရဖီမှသာ ထွန်းသက် မောင်တစ်နေရာမှာ စောင့်နေ၍ နှုတ်ဆက်ပြီးပြန်လာခဲ့သည်။

"ဘယ်သူလဲ ..."





"မေကြယ်ဖြူဆိုတာလေ ... လင်းညာဏ်တို့ရဲ့ အိမ်စေမလေး"

"ချောလှချည်လား ... ဝင်းမှည့်နေတာပဲ ... လင်းညာဏ်စဉ်နဲ့ရော လွတ်ကင်းရဲ့လားကွာ"

ထွန်းသက်မောင်ရဲ့ တဏှာမျက်ဝန်းတွေကို သရဖီမုန်းတီးလာရသည်။ လင်းညာဏ်စဉ်နဲ့ တခြားစီပဲ ... ယခင်က အရိုင်းစိတ်တွေ ပျောက်သွားရ၏။ လင်းညာဏ်စဉ်နှင့် ညှိနှိုင်းပြီးတည်းက တစိမ့်စိမ့်တွေးပြီး လင်းညာဏ်စဉ်အား လက်မလွှတ်နိုင်ဖြစ်လေသည်။

"မောင်ချစ်တာက သရဖီတစ်ယောက်တည်းပဲ ရှိတာပါကွာ နော် ... မောင်နဲ့ သရဖီနိုင်ငံခြားကို ထွက်သွားပြီး လောကစည်းစိမ်တွေ အပြည့်အဝခံစားကြမယ်"

သရဖီ မင်းစိတ်တွေ ဘယ်လိုဖြစ်ပြီး ချက်ချင်းပြောင်းလဲသွားရတာလဲ ... မနေ့ကတောင် ဒေါ်သော်မမဆီက လက်ဝတ်ရတနာတွေ အကြွမ်းဖက်ယူလာသေးသည်။ ထွန်းသက်မောင်ကတော့ အစီအစဉ်အတိုင်း လုပ်နေ၏။ မလုပ်ရင် ဘာမှညာတာထောက်ထားနေမှာ မဟုတ်ဘူး ... တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သရဖီ့ကိုလည်း စွန့်ပစ်မည်ဖြစ်သည်။

♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

"မောင် ... ဒီမှာကြည့်ပါဦး ကြယ်တို့စုံတွဲ ဈေးဝယ်ထွက်လာကြတာလေ ... ဘယ်လောက် လိုက်ဖက်လဲ"

"သရဖီ ..."

"ဟင် ..."

"အတိတ်တွေကို အစမဖော်ကြေးကွာနော် ... ဘယ်လိုလဲ သရဖီ စဉ်းစားပြီးပြီလား ... မောင်နဲ့ သရဖီတို့ ဘဝသစ်အစပျိုးဖို့လေ"

"ဟင့်အင်း ..."

"ဘာဖြစ်လို့ မစဉ်းစားတာလဲ သရဖီ ... အရေးကြီးတယ်လေ"

ကြယ့်ဘဝကို သူလုံးဝ မနှောက်ယှက်လိုတော့ပေ။ ကြယ်အေးချမ်းပါစေ ... မင်းသုတနဲ့တွေ့တော့ ကြယ့်ဘက်က အတိအကျ အဖြေမပေးသေးဘူးတဲ့ ... သူ့ဘက်မှ ကြယ့်ကို စွန့်လွှတ်ဖို့





ဆုံးဖြတ်ထားသည်။ ကြယ်နှင့် ပတ်သက်တာတွေ မကြားချင်ပေ။ သရဖီကို ချစ်နိုင်ဖို့ပဲ သူကြိုးစားမည်။ အန်တီလေးသော်လည်း စိတ်ချမ်းသာမည်ဖြစ်သည်။

"မောင်တောင်းပန်ပါတယ် သရဖီရယ်နော် ... တစ်ပတ်အတွင်း မောင်တို့ ပြန်ပေါင်းထုတ်ပွဲကို ပြန်ကျင်းပကြမယ်"

"မောင်ရယ် ..."

သရဖီ ဘာဆက်လုပ်ရတော့မလဲ ထွန်းသက်မောင်က လင်းညဏ်စဉ်ကို ခြိမ်းခြောက်တော့မည်ဖြစ်သည်။ လင်းညဏ်စဉ်ဘက်က ပြုပြင်ပြောင်းလဲခဲ့၏။ မောင်တဲ့ သူမ ခန္ဓာကိုယ်လေးအား ပွေ့ဖက်ထားသည်အထိပင်။ သရဖီ အရမ်းပင် တုန်လှုပ်ခြောက်ခြားနေရ၏။ ထွန်းသက်မောင် ဆန္ဒတွေကို သရဖီ မလိုက်လျောနိုင်တော့ပေ။ မောင့်ကိုပဲ သရဖီ ချစ်မိသွားရလေသည်။

"ဖြစ်ပျက်ခဲ့တဲ့ အဖြစ်တွေအားလုံးက မောင့်ဘက်က အမှားတွေပါ သရဖီ ... မောင်နဲ့ သရဖီက လက်ထပ်ထားကြတာပဲ သရဖီ့အရှက်တွေ သရဖီ့ဂုဏ်သိက္ခာတွေ ထည့်စဉ်းစားရမယ် မောင်တောင်းပန်ပါတယ်"

လင်းညဏ်ဘက်က အမှားဘဲ အန်တီလေးသော် စီစဉ်တာလည်း ဖြစ်သည်။ သူ့ဘက်မှစတင်၍ ဥပေက္ခာပြု စိမ်းကားခဲ့၏။ သရဖီလည်း အမှားအယွင်းတွေ လုပ်မိခဲ့မှာပဲလေ။ အတိတ်က အဖြစ်အပျက်တွေအားလုံး လင်းညဏ်မေ့ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"သရဖီ ပြန်စဉ်းစားပါ ... အနာဂတ်မှာ မောင်တို့တည် တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ချစ်ကြမယ် ... မိသားစုဘဝ လေး တည်ဆောက်မယ် ... ဘယ်လိုလဲ"

ထွန်းသက်မောင်ကို ဘယ်လိုဆန့်ကျင်ရမလဲ ... လူဆိုးလူ မိုက်တစ်ယောက်နဲ့ ဘယ်လိုမှ ဘဝခရီးကို ဆက်လို့မဖြစ်ဘူး ... တစ်နေ့နေ့ သရဖီ့ကို စွန့်ပစ်ထားခဲ့မည်ဖြစ်သည်။

"ဒီညစာကို အပြစ်မှာစားကြမယ် ... အန်တီလေးကိုလည်း ခေါ်သွားမယ် ... သရဖီကို အန်တီလေးသော် အရမ်းချစ်တယ်လေ"

သရဖီ အံ့မှားအယွင်းတွေကို ထပ်ခါထပ်ခါ ကျူးလွန်မိပြီ ဖြစ်သည်။ ဆေးကြောင်ပြီး အန်တီလေးဆီက လက်ဝတ်ရတနာတွေ အတင်းတောင်းယူခဲ့တဲ့အပြင် အန်တီလေးကိုပါ သေကြောင်းကြံ စည်ခဲ့မိသည်။ အန်တီလေးသော်က ပြန်မပြောခဲ့ ... သရဖီ နောင်တ ရနေ၏။ သရဖီ ဘာဆက်လုပ်ရတော့မလဲ ... မောင်က သူမအား လိုက်လျောကြင်နာမှုတွေပြလာသည်။

"မောင့်ကို မယုံတာလား သရဖီ ... စီးပွားရေးတွေလည်း မောင်ကြိုးစားလုပ်မှာပါ သားသမီးတွေရဲ့အနာဂတ်လည်း ရှိသေး တယ် ... ဘာပဲဖြစ်ဖြစ်ကွာ သရဖီ့မိဘတွေကိုလည်း မောင် တောင်းပန်ရမယ်"

သရဖီ့မိဘတွေက သရဖီ့အကြောင်းတွေ လင်းညဏ်နှင့် မင်္ဂလာဆောင်ပြီးမှ သိကြ၍ မသိမသာ အမွေဖြတ်ထားခြင်းဖြစ်





သည်။

"တစ်ပတ်အတွင်း သရဖီစဉ်းစားဦးမယ်လေ ... ရှင်က ကြယ့် ကြောင့် ကျွန်မကို အချိုသတ်နေတာလား ... ဘာလား"

"ကြယ်နဲ့ မဆိုင်ပါဘူး ... မောင် အသိနဲ့ ထိန်းချုပ်တာပါ အဓိပ္ပါယ်မရှိတဲ့ အလုပ်တွေ ဆက်မလုပ်ကြတာကောင်းမယ်ထင်လို့ ပါ သရဖီ ... "

"မောင်က သရဖီနဲ့မင်္ဂလာဦးညကို ဖြတ်သန်းဖို့ အဆင်သင့် ဖြစ်ပြီပေါ့လေ ... "

"မောင် တောင်းပန်ပြီးပြီလေ ... အန်တီလေးကိုသွား ပြော ကြမယ် ... မောင်နဲ့ သရဖီပြန်ပေါင်းထုတ်ကြတော့မယ်လို့"

သရဖီ ငြင်းဖို့ စိတ်ကူးလိုက်ပေမယ့် မောင်က သူမလက် လေးကို ဆွဲပြီး အန်တီလေးသော် အိပ်ခန်းထဲဝင်လာသည်။

"အန်တီလေး ဒီမှာကြည့်ပါဦး ... လင်းနဲ့ သရဖီ ပြန်ပေါင်း ထုပ်ကြတော့မယ်လေ"

ဒေါ်သော်မမ အံ့ထိတ်တလန့်ကြည့်မိသည်။ သရဖီ့ သတင်း တွေကို မိမိမကြားချင်မှ အဆုံးဖြစ်နေရ၏။ ဒါပေမယ့် လင်းအတွက် ပေါင်းတာပဲကောင်းပါတယ်လေဟု တွေးလိုက်သည်။

"ကောင်းတယ် ကောင်းတယ် ... အန်တီလေးအတွေ့ချင် ဆုံး မြင်ကွင်းပါပဲကွယ်"

ကြယ့်အတွက်လည်း ပါသည်။ သူဌေးသားတစ်ယောက်နှင့်


www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်တော့မယ့် ကြယ့်ကိုနာမည်မပျက်စေလိုပေ။ လင်းလေးကိုယ်တိုင်လည်း အဒေါ်အတွက် ကြယ့်အတွက်ရွေးချယ်မှုတစ်ခု ဖြစ်နိုင်၏။ ဒေါ်သော်မမ အပြုံးတွေက တောက်ပမှု မရှိတော့တာ မိမိသိသည်။

"ဒီညစာကို လင်းတို့အပြင်မှာ ထွက်စားကြမယ်နော် ... အန်တီလေးလိုက်ခဲ့ရမယ် ... သရဖီ့မိဘတွေကိုလည်း သွားတွေ့မယ် ... လင်းအားလုံးကို ပြန်တောင်းပန်ချင်လို့ပါ"

လင်းရယ် သားမမှားပါဘူး ... အန်တီလေးရဲ့ အတ္တတွေကြောင့်ပါ ... နောက်ဆုံးတော့ အကြီးအကျယ် ပြန်ပေးဆပ်ခဲ့ရတာက အန်တီလေးပါ။

"အန်တီလေး သိပ်နေမကောင်းဘူးလင်းလေး ... မလိုက်တော့ဘူးနော် ... သားနဲ့သမီးတို့ပဲ ထွက်စားကြပါ"

"ဒါဆိုလည်း လင်းတို့ပြန်ပေါင်းထုတ်မင်္ဂလာပွဲကျင်းပဖို့ အန်တီလေး စီစဉ်ပေးနော်"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ အန်တီလေး ကြိုးစားပေးမယ်"

"သရဖီလာ ... မောင်တို့ပဲ အပြင်ထွက်စားကြမယ်"

"အန်တီလေးသော်မှ နေမကောင်းတာပဲ မောင်ရယ် ... အိမ်မှာပဲ ညစာစားလိုက်ရအောင်ပါနော်"

"သွားကြပါ ... သားနဲ့သမီးတို့ပဲသွားကြပါ ... မင်းတို့နှစ်ယောက် အဆင်ပြေတာကိုပဲ အန်တီလေး စိတ်ချမ်းသာပါတယ်"





သရဖီမသွားချင် ... ထွန်းသက်မောင်ကို ကြောက်နေရသည်။ တွေ့သွားရင် မလွယ်ဘူး သရဖီအား လုံးဝပြတ်ပြတ်သားသား ဆန့်ကျင်ရန်ပြောထားသည်။

"လာပါ မောင်တို့အလေ့အကျင့်ရအောင် အပြင်ထွက်ကြမယ် ... သရဖီပျင်းနေမှာစိုးလို့ပါ ... နောက်ဆို သရဖီတစ်ယောက်ထဲ အပြင်ထွက်ခွင့်မပြုတော့ဘူး ... မောင်လိုက်ပို့ပေးမယ်"

မောင်က အတင်းအကျပ်ခေါ်တော့လည်း သရဖီလိုက်ခဲ့ရသည်။ ထင်ထားသည့်အတိုင်းပင် ထွန်းသက်မောင်က နောက်မှ တကောက်ကောက်လိုက်နေသည်။ သရဖီအား လာတွေ့ရန် အချက်ပြနေ၏။ သရဖီ မသိချင်ယောင်ဆောင်နေတော့ ဖုန်းဆက်သည်။

"သရဖီ ... အရမ်းကြည်နေတာပါလား ... မင်းကိုဘာပြောထားလဲ"

"အခြေအနေအရပါ မောင် ... နောက်နေ့မှတွေ့မယ်နော်"

"မရဘူး ... မင်းအပြတ်ဖြတ်တော့လေ ... မင်းမဖြတ်ရင် ငါကိုယ်တိုင် ဖြတ်မှာနော်"

"အင်းပါ ... အင်းပါ"

သူမ ဖုန်းကိုပိတ်ပစ်လိုက်သည်။ လင်းညာတ်စဉ်အား ရက်စက်ချင်တဲ့ အင်အားတွေ သရဖီ့မှာ မရှိတော့ ... ယောကျ်ားကောင်းတစ်ယောက်ကို စွန့်ပစ်ဖို့ သတ္တိမရှိဘဲဖြစ်နေသည်။

"သရဖီ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"စားလေ ... တကယ်ဆိုရင်လေ မောင်က အသားရေ မကြိုက်ဘူး ... အသီးအရွက်တွေပဲကြိုက်တာပါ ... အခု အသာ ကြိုက်တဲ့ သရဖီကြောင့် မောင် အသားတွေစားတာ အကျင့်လု ရမယ်"

သူ ... ကြယ့်ကို သတိရသည်။ ငယ်စဉ်က အန်တီလေ ကြောင့် ကြယ်အသီးအရွက်တွေပဲစားနေရသည်။ လင်းက အသာ မကြိုက်ဘူး ... အသီးအရွက်ပဲ ကြိုက်တယ်ပြောပြီး ကြယ်နှင့် စားခဲ့သည်။

"ကြယ် ... မင်း အမုန်းဆုံးက လင်းညာဏ်စဉ်ပဲ မဟုတ်လာ တဖတ်သတ်အချစ်ဆိုတာ အရမ်းခံစားရတယ်ကြယ် ... "

ရင်ထဲမှာ ကြယ့်နာမည်လေးက ပဲ့တင်ထပ်နေသည်။ အကြိမ်ပေါင်းများစွာပါပဲ ... မေ့ပစ်လိုက်ဖို့ ကြိုးစားရင် ပို၍သတိရ လွမ်းဆွတ်လာရ၏။ စားပြီးသည်နှင့် လင်းပြန်လာခဲ့သည်။

"ကျေးဇူးပဲ လင်းညာဏ် ... မနက်ဖြန်မှတွေ့မယ်လေ ... သရဖီ အနားယူတော့မယ်နော်"

"ကောင်းပြီ သရဖီ ... မင်းနှင့်ပြုချက်ရတာနဲ့ ဒီအိပ်ခန်းကြီး ထဲ ကိုယ်ပြောင်းလာမှာနော်"

လင်းညာဏ်စဉ် ပြန်ထွက်သွားမှ ထွန်းသက်မောင်ဆီ ဖုန်း ဆက်ရသည်။





"သရဖီထွက်လာခဲ့မယ် စောင့်နေကျ နေရာမှာပဲစောင့်နေပါ နော်"

ထွန်းသက်မောင် လိုက်လာမှာလည်း စိတ်ပူမိသည်။ သရဖီ ထွက်ရမယ် ... လင်းညာဏ်သိသွားလို့ မဖြစ်ဘူး ... သူမ ကားကို ဖြည်းဖြည်းလေးမောင်းပြီး ပြန်ထွက်လာခဲ့၏။ တွေ့နေကျကလပ် မှာ ထွန်းသက်မောင်က စောင့်နေသည်။

"မင်း အရမ်းပျော်နေတယ်ပေါ့လေ သရဖီ"

"လင်းညာဏ်ဘက်က သရဖီကိုပြန်ဆက်ဖို့ တောင်းပန်တယ် ညီတယ်လေ ... သရဖီ ဘာဆက်လုပ်ရမလဲ သူ့ကို အချိုသတ်လိုက် မယ်"

"မရဘူး ... သရဖီ"

"ဟင် ... "

"မောင်က ဒီကနေထွက်ရတော့မယ် ... အမြန်ဆုံးလုပ်စမ်း ပါကွ ... မင်းက သစ္စာမဲ့မလို့လား"

"မဟုတ်ပါဘူးမောင်ရယ် ... ရှေ့ဆက် အကျိုးအမြတ်တွေ ရဖို့ရှိလို့ပါ ... မောင်တောင်းသလောက် ရဖီလေးပေးနိုင်တယ်လေ"

"လောလောဆယ် သရဖီမှာမှ မရှိတာပဲ ... ဘယ်လိုပေး ရမလဲ ... "

"ဒီအောင့်ကို အကျပ်ကိုင်ရမယ်လေ ... မင်းကွာရှင်းဖို့ ကြိုးစားရမယ် သရဖီ ... အခုပဲ ငါဖုန်းဆက်ပြောလိုက်မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ဦးမောင်ရယ် ... သရဖီတောင်းပန်ပါတယ် ... အရေးကြီးတာက မောင်သုံးချင်တိုင်းသုံးဖို့ ငွေလိုနေတာ မဟု[illegible] လား"

"ငါမစောင့်နိုင်တော့ဘူး ... သရဖီ ... မင်း ဟိုကောင့်[illegible] ကြွေပြီး သက်သက်အချိန်တွေဆွဲနေတာ ငါသိတယ် ... မင်းဖယ်[illegible] စမ်းပါ ငါဆက်လုပ်မယ်"

"မလုပ်ပါနဲ့ သရဖီတောင်းပန်ပါတယ် ... သရဖီလေ သူ့[illegible] အရမ်းချစ်မိသွားပြီ ... လင်းညဏ်နဲ့ပေါင်းခွင့်ပေးပါ"

"ဘာပြောတယ် ... "

"သရဖီမလုပ်နိုင်ဘူး ... လင်းညဏ်နဲ့ မိသားစုဘဝလေး[illegible] တည်ဆောက်ပါရစေနော် ... တောင်းပန်ပါတယ် ... သရဖီကိုခွ[illegible] ပြုပေးပါ ကိုထွန်းသက်မောင်တောင်းသမျှ ပေးပါ့မယ်"

"ဖြန်း ... "

"အား ... "

"နင်က သစ္စာမဲ့ချင်တာပေါ့လေ[illegible] ... ထွန်းသက်မောင်ကို[illegible] ဘာထင်နေလဲ"

"ဒုတ် ... ဒုတ်"

"အမလေး ... ဆက်မလုပ်ပါနဲ့တော့ ရှင်တောင်းတဲ့ငွေကြေး[illegible] ပေးမယ်လို့ ပြောထားပြီးပြီပဲ ... ခွင့်ပြုပေးပါ"

"ဖြန်း ... ဖြန်း ... "





"အား ... "

"ကဲဟာ ... သစ္စာမဲ့ချင်ဦး ... ငါ့ကိုဆန့်ကျင်ရင် သေလမ်းပဲရွေးရမယ်ဆိုတာ နင်သိတယ်နော် သရဖီ ... သေစမ်း"

"ဒုတ် ... ဒုတ်"

"ဖောင်း ... ဖောင်း"

"အား ... သေပါပြီ"

ထွန်းသက်မောင် ဒေါသထွက်ပြီး သရဖီ့ခန္ဓာကိုယ်အနှံ့ လက်သီးချက်တွေရော ခြေကန်ချက်တွေရော ဒလစပ်ပစ်သွင်းနေမိသည်။ သူထွက်ပြေးရတော့မယ် ... ဒီနိုင်ငံမှာ ကြာကြာနေလို့ မရတော့ဘူး ... အမှုတွေက အများကြီးပဲ သေဒဏ်တောင် ကျခံရမလား မသိဘူး ... သူ့ အားကိုးတကြီးဖြစ်နေတဲ့ သရဖီက သစ္စာမဲ့တယ်ဆိုတော့ ဒေါသတွေပေါက်ကွဲကာ ရိုက်နှက်ကန်ကြောက်နေမိသည်။

"သေစမ်း ... ဘာလင်းညဏ်စဉ်ကို ချစ်မိသွားရတာလဲ နင်ပဲ အမုန်းဆုံးဆို ... "

"ဒုတ် ... ဒုတ်"

"ဖေါင်း"

သူ့ စိတ်တိုင်းကျ ထိုးနှက်ကန်ကြောက်ပြီး ပစ်ထားခဲ့သည်။ ညက မှောင်မိုက်နေ၏။ လူတွေက မသိကြ။ လမ်းဘေးအမှောင်ထဲမှာ စိတ်တိုင်းကျ ပေါက်ကွဲပြီး ပစ်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရယ် … လင်းညဏ်ရယ် သရဖီကိုကယ်ပါဦး သေတော့ မယ်ထင်တယ် … မောင့်ကို အထိခိုက်မခံနိုင်ပါဘူး … သရဖီပဲ သေပေးပါ့မယ်"

သရဖီ ပြင်းပြတဲ့ ဝေဒနာတွေကို လူးလှိမ့်ခံစားနေရသည်။ လင်းညဏ်ကို သတိရမိနေ၏။ ပြီးတော့ သူမအားချစ်ခင်အထင်ကြီးတဲ့ အန်တီလေးသော်ကိုလည်း တောင်းပန်ချင်သည်။

"သရဖီတောင်းပန်ပါတယ် အန်တီလေးရယ် … သရဖီ ယုတ်မာကောက်ကျစ်ခဲ့တာပါ … လင်းညဏ်ကို မုန်းတီးပြီး လုပ်မိခဲ့တာပါ"

သရဖီ့အနားသို့ လူတစ်ယောက် ရောက်လာတာကို သိလိုက်သည်။

"သရဖီ … "

"မောင်လားဟင် … မောင်လား"

"မင်းသုတပါ … ကြယ်နဲ့လက်ထပ်မယ့်သူလေ"

"ဟင်း … မင်းသုတဟုတ်လား ဘယ်ကနေရောက်လာတာလဲ … သရဖီ့ကို ကယ်ပါနော်"

"အင်း … ဆေးရုံပို့ပေးမယ် … သတိထားပါ ဘာမှအားမငယ်နဲ့"

သရဖီ သတိလစ်သွားသည်။ မင်းသုတ မထင်မှတ်ဘဲ ဒီဘက်သို့ကားနှင့်ရောက်လာရင်း မိန်းကလေးတစ်ယောက် လဲနေတာ





တွေ့လိုက်ရ၍ ဆင်းပြီး အကူအညီပေးရန် ကြည့်မိတော့ လင်းညဏ်စဉ်ရဲ့ မိန်းမ သရဖီနွယ်ဖြစ်နေ၏။ သွေးအလိမ်းလိမ်းနှင့်ဒဏ်ရာတွေ ပြည့်နှက်နေသည်။ ပတ်ဝန်းကျင်မှ လူတွေရောက်လာပြီး သူ့ကို ကူညီ၍ သရဖီအား ဆေးရုံကြီးသို့ ပို့ပေးခဲ့သည်။ အဖြစ်အပျက်တွေကိုတော့ မသိ။ သရဖီနွယ်ရဲ့ အရှုပ်ဇာတ်တွေကြောင့်ပဲ ဖြစ်နိုင်သည်။ သူ ဆေးရုံပို့ပြီးတော့ ကိုလင်းညဏ်စဉ်ထံ ဖုန်းဆက်အကြောင်းကြားလိုက်၏။ ကြယ့်ဆီလည်း ဆက်သည်။

"သရဖီဒဏ်ရာတွေနဲ့လဲနေတာ တွေ့လို့ … ကိုယ်ဆေးရုံပို့ပေးခဲ့တယ် ကြယ် … ဘာတွေ ဖြစ်ခဲ့တာလည်း မသိဘူး … သရဖီ မသေသေးပါဘူး … လင်းညဏ်အတွက်တော့ စိတ်မကောင်းစရာပဲပေါ့"

ကြယ့်ကို မနက်မှတွေ့မယ်ဟု နှုတ်ဆက်အနမ်းလေးပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

"ကိုလင်းညာဏ်စဉ်ရဲ့ ဓနီးကိုယ်ဝန်လည်း ပျက်ကျသွားပါတယ်"

"ဗျာ ... ကိုယ်ဝန်ပျက်ကျတယ် ဟုတ်လား ... သေချာရဲ့လားဗျာ"

သရဖီနှင့် လင်းညာဏ်တို့က လင်းမယားအရာမမြောက်ခဲ့ကြသေးပေ။ မင်္ဂလာဦးညကိုပင် မဖြတ်သန်းခဲ့ကြ။ သရဖီမှာ ကိုယ်ဝန်ရှိနေပြီပြော၍ အံ့ဩတုန်လှုပ်သွားရသည်။

"ကိုယ်ဝန်က သုံးလပါ ... သူ သတိရလာတဲ့အချိန်မှာ ထွန်းသက်မောင် ရိုက်နှက်ထားခဲ့တာပါတဲ့ ... ထွန်းသက်မောင်ကရဲစခန်း တော်တော်များများမှာ အလိုရှိနေတဲ့ တရားခံပြေးပါ ... မသရဖီနှယ်နဲ့ ဘယ်လိုပတ်သက်နေပါလဲ"

"ဗျာ ..."

တာဝန်ခံရဲအရာရှိရဲ့ အမေးတွေကို လင်းမဖြေနိုင်ဘဲ ဖြစ်





သွားရသည်။ ထွန်းသက်မောင်နှင့် သရဖီတို့ ပတ်သက်မှုကို မသိကြောင်းသာပြောလိုက်၏။ မင်းက တော်တော်ရှုပ်ထွေးပွေလီတဲ့ မိန်းမတစ်ယောက်ပါလား သရဖီ ... သက်ဆိုင်ရာ ဆရာဝန်ကလည်း ကိုယ်ဝန်သုံးလရှိနေပြီဖြစ်ကြောင်း ထောက်ခံထွက်ဆိုသည်။ သရဖီ့မိဘတွေ ရောက်လာကြ၏။ ထွန်းသက်မောင်ကို သိကြောင်းနှင့် သမီး မိတ်ဆွေပဲဟု ထွက်ဆိုကြသည်။

"မောင်လင်းညာဏ်စဉ်နဲ့ လက်ထပ်ပြီးမှ ထွန်းသက်မောင်နဲ့ ပတ်သက် ဆက်ဆံမှုတွေကို သိရတာပါ ... ဒီကိစ္စ မောင်လင်းညာဏ်စဉ် ဘာမှ မသိပါဘူး ... သမီးလေးနဲ့ ဒေါ်သော်မမတို့ ကြိတ်စီစဉ်ခဲ့ကြတာပါ"

သရဖီနှယ်ကတော့ သေဆုံးသွားပြီဖြစ်သည်။ မင်းသုတက လမ်းမှာလဲနေတာတွေ့၍ ဆေးရုံသို့ပို့ပေးခဲ့၏။ အန်တီလေးကို ပြောပြတော့ လင်းအတွက် ဂုဏ်သိက္ခာတွေမဲ့ခဲ့ရတာ မိမိ အသုံးမကျလို့ဟုပြောပြီး ငိုသည်။

"အန်တီလေး အသုံးမကျတာပါ ... လင်းလေး အရှက်ရပြီ သတင်းတွေ ဖုံးတော့မယ် အန်တီလေးဘာဆက်လုပ်ရမလဲ သားရယ်"

ဒေါ်သော်မမကြောင့်ပါ ... ကြယ့်ကို အစဝင်သေးပြီး မရှူတေန့်သလို နှိမ်ချဆက်ဆံ၍ သရဖီကို အတင်းအကျပ် လက်ထပ်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား လင်းလေးရယ် ကြောက်စရာကောင်းလိုက်တာ ... အန်တီလေးကို ဝင်္ဂလည်စေတာပဲ ... ကြယ်လေးရော"

"မင်းသုတနဲ့ လက်ထပ်ပါ့မယ်လို့ ကြယ်လေးက ကတိပေးလိုက်ပြီတဲ့ ... သဘောတူ လက်ခံလို့ လင်းနဲ့ပတ်သက်စရာအကြောင်း မရှိတော့ဘူး"

"လင်းလေးမှာ အပြစ်မရှိကြောင်း အန်တီလေးသွားပြောပြချင်တယ်"

"ထားလိုက်ပါတော့ အန်တီလေး ... ဘာမှ ပြောမနေပါနဲ့ အတိတ်ကို လင်းမေ့ပစ်လိုက်ပြီ"

လင်းဘာမှ မကြားလိုတော့ သူ့သတင်းတွေက အင်တာနက်ရော သတင်းမီဒီယာတွေကြားမှာ မကြာခင်ပျံ့နှံ့တော့မည်ဖြစ်သည်။

"လင်းကတော့ ကြယ့်နာမည် မပါစေချင်ဘူး ... အပြစ်မဲ့တဲ့ ကြယ့်ဘဝလေးကို အကောင်းဆုံး ရှင်သန်စေချင်တယ် ကြယ်နဲ့ ဘယ်သူမှသွားပြီး ပတ်သက်ဆက်ဆံလို့မဖြစ်ဘူး ... သတိထားပါ"

"ဟုတ်ပါတယ်လေ ... အန်တီလေးအမှားတစ်ခုကို ထပ်မကျူးလွန်တော့ပါဘူး ... ကြယ့် ဂုဏ်သိက္ခာတွေ မထိပါးစေချင်ပါဘူး သားရယ်"





ကြယ်လေးကို မိမိတွေ့ဆုံတောင်းပန်ချင်သည်။ ဖြစ်နိုင်ရင် လင်းလေးကို ခွင့်လွှတ်ပေးစေချင်၍ ဖြစ်၏။ ကြယ်လေးကို လင်း ဘယ်လောက်ချစ်ခဲ့လည်းဆိုတာ မိမိအသိဆုံးဖြစ်ခဲ့သည်။

"ကြယ်လေးကို မမသွင်သားက အရမ်းသံယောဇဉ်ကြီးနေတာ သော်သိနေတယ် ... အစေခံမသမီးနဲ့ ငြိလို့မဖြစ်ဘူးနော် ... ထားမေတို့သားအမိကို မောင်းထုတ်ပစ်လိုက်ပါ ... ဘာမှ ပညာတတ်အောင် သမီးအရာထားပြီး သင်ပေးစရာ အကြောင်း မရှိဘူး အစေခံမ မျိုးရိုးကို ဘယ်လိုပြောင်းပစ်နိုင်မှာလဲ"

မမသွင်ကိုရော ထားမေကိုရော ဒေါ်သော်မမ သတိရမိနေသည်။ လင်းဘဝကို မိမိဖျက်ဆီးပစ်လိုက်တာပဲ သရဖီက အရင်ထဲကပဲ အပျော်အပါးလိုက်စားနေတာ မိမိသိထား၏။ လင်းနှင့်အတင်းအကျပ် စီစဉ်ခဲ့သည်။

"အန်တီလေး ... ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့တော့ လင်းရဲ့ ကံကြမ္မာပါ"

သရဖီ အသုဘချပြီးတော့မှ လင်းဆီကို ထွန်းသက်မောင်ဆိုသူက ဖုန်းဆက်သည်။

"လင်းညာဏ်စဉ် မင်းကိုငါပြောမယ် သေသေချာချာ နားထောင်ပါ ... ငါက ထွန်းသက်မောင်ပဲ ... သရဖီနှယ်နဲ့ လက်ထပ်ထားတဲ့ ယောကျ်ား ... မင်းအရင် လက်ထပ်တာ မင်းကို မယားခိုးမှုနဲ့ တရားမစွဲစေချင်ရင် ငါချိန်းတဲ့နေရာမှာ သိန်းငါးထောင်



www.burmeseclassic.com

www.burmeseclassic.com



လာပို့ထားပေးပါ"

"ကျူပ်လာမပို့နိုင်ဘူး ... ခင်ဗျား ကြိုက်သလိုလုပ်ပါ ခင်ဗျားတို့လက်ထပ်ထားတာ ကျူပ်မသိဘူး ... သရဖီ မိဘတွေ သက်သေခံလိမ့်မယ်"

"ကောင်းပြီလေ ... ငါကတော့ ဖွရမှာပဲ သေမထူးနေမထူးမင်းအချစ်ဟောင်း မေကြယ်ဖြူ နာမည်တော့ မင်းမပါစေချင်ဘူးမဟုတ်လား"

"ဟေ့လူ ... ယုတ်မာလှချည်လား မေကြယ်ဖြူက ငါ့ချစ်သူဟောင်းလည်း မဟုတ်ဘူး ... အပြစ်မရှိတဲ့သူကို မစော်ကားနဲ့"

"ဒါကတော့ မင်းကိစ္စပဲလေ ... ငါကထောင်ထဲဝင်ရမှာမထူးတော့ဘူး ... မင်းတို့အကြောင်းတွေ အဖက်ဆယ်လို့ မရအောင် လုပ်ပစ်ရမယ် ... မင်းငွေ လိုအပ်တယ် လင်းညဏ်စဉ် ငါထွက်မြေးဖို့ပဲ"

ကြယ့်နာမည်ကို သူတို့အဖြစ်အပျက်တွေကြားထဲမှာ အပါမခံလိုပေ။ ကြယ့်ဘဝလေး အမဲစက်ထင်သွားမှာလည်း လင်းစိတ်ပူသည်။

"ကောင်းပြီ ... မင်းနေရာပြော"

"ဒီလိုလုပ်မှပေါ့ လင်းညဏ်စဉ် ... အချစ်အတွက်ပေါ့ဟုတ်လား"

"ဟေ့ကောင် ... ကြယ်နဲ့ ငါ ဘာမှ မဆိုင်ဘူး ... မိတ်ဆွေတွေ အပြစ်မရှိတဲ့သူ ..."

"ဘာပဲဖြစ်ဖြစ်ကွာ မင်းငွေလာပို့ပေး ငါ့မှာ အချိန်မရဘူး မင်းကားမောင်းပြီး မြို့ပြင်ကိုထွက်လာခဲ့ ... နောက်မှ ဖုန်းဆက်မယ် ဒါပဲ ..."

"ကောင်းပြီ ငါလာမယ်"

"ရဲတွေကို ခေါ်လာရင်တော့ မင်းမသာဖြစ်မယ်နော် ... ထွန်းသက်မောင်ကို လျှော့တွက်မထားနဲ့ ... မင်းတို့သတင်းဖွဖို့ အဆင့်သင့်ပြင်ထားပြီးသားနော်"

မင်းကြောင့်ပဲကြယ် ... လောကကြီးတစ်ခုလုံးမှာ ကိုယ်ဘဝပျက်သွားမှာ အစိုးရိမ်ဆုံးပါပဲကွာ သူညည်းဖြတ်လိုက်သည်။

"မင်းကို ငါလာပေးမယ် ... ကြယ်ကြောင့်မဟုတ်ဘူး ကြယ်ဆိုတာ ငါ့ရဲ့အစေခံမပဲ ... အပြစ်မရှိတဲ့သူတွေ ငါ့ကြောင့် ဒုက္ခတွေထပ်ပြီး ရင်မဆိုင်စေချင်လို့ပဲ"

"Ok စောင့်နေမယ် ... သစ္စာဖောက်ဖို့တော့ လုံးဝ စိတ်မကူးနဲ့နော် ... လင်းညဏ်စဉ်"

သူ ဖုန်းကိုပိတ်ပစ်လိုက်သည်။ ကြယ့်အတွက် သူစည်းစိမ်ဥစ္စာတွေ ကုန်ချင်သလောက် ကုန်သွားပါစေ ... ကိုယ်ပေးဆပ်မယ် ... မာမီအမွေဘဏ်မှာ အပ်ထားတဲ့ငွေတွေထုတ်လိုက်သည်။ အန်တီလေးကိုတောင် အသိမပေးတော့ ... ကားမောင်းထွက်လာခဲ့၏။ မြို့ပြင်တော်တော်ရောက်မှ ထွန်းသက်မောင်က ဆက်သွယ်







www.burmeseclassic.com

www.burmeseclassic.com



သည်။

"လင်းညာဏ်စဉ် ရှေ့မှာရှာလမ်းလေးတွေ့လား မင်းမောင်း ဝင်လာခဲ့"

လယ်ကွင်းတွေက တမျှော်မခေါ်နှင့်လမ်းလေးတစ်ခု တွေ့ လိုက်သည်။

"ကောင်းပြီ ငါဝင်လာခဲ့မယ်"

"ငွေက အဆင်သင့်နော်"

"အဆင်သင့်ပဲ"

သူ ကားကို ဆက်မောင်းဝင်လာခဲ့ကာ ထွန်းသက်မောင်က ခြံကြီးတစ်ခြံရှေ့ အရောက်တွင် ဝင်လာခဲ့ဖို့ ညွှန်ကြားသည်။

"ဒီခြံပဲ ဝင်လာခဲ့"

သစ်ပင်ကြီးတွေနှင့် ပိတ်နေတဲ့ ခြံကျယ်ကြီးတစ်ခြံဖြစ်သည်။ အဆောက်အဦက ပျဉ်ထောင်အိမ်သေးသေးလေးပဲရှိ၏။ သူကား ဝင်ပြီးသည်နှင့် ခြံတံခါးပိတ်သွားသည်။

"ကြယ့်အတွက်ဆိုရင် အသက်ပင်သေသေပေါ့ လင်းညာဏ် စဉ် ..."

"ရော့ ..."

ငွေထုတ်ကိုပေးလိုက်သည်။ ဒီခြံကြီးထဲကနေ အမြန်ဆုံး ထွက်ချင်နေသည်။

"စစ်ဆေးမနေနဲ့တော့ မင်းကတိတည်ပါ ..."





"လင်းညာဏ်စဉ် မင်းဒီလောက်အလွယ်တကူပေးတာ ငါလုံးဝ မယုံဘူး"

"ခုကွပါပဲကွာ ... မင်းကို လွတ်မြောက်စေချင်လို့ အလွယ် တကူထောက်ပံ့လိုက်တာပဲ"

ထွန်းသက်မောင်က လှချော‌ပဲ သရဖီကျလောက်သည်။

"သရဖီက မင်းကိုတော့ချစ်ပါတယ် ... မင်းနဲ့ ကွာရှင်းနိုင်း တော့ ငြင်းတယ်လေ ... မင်းနဲ့ပဲ နေခွင့်ပြုပေးပါတဲ့ ... မင်းကိုချစ် တယ်တဲ့ ဟား ဟား ဟား ... ဒါကြောင့် ငါဒေါသထွက်ပြီး ရိုက်ပစ် လိုက်တာ"

"ငါသွားမယ်"

"မရဘူး"

"ဘာဖြစ်လို့လဲ ထွန်းသက်မောင် မင်းကတိတည်မယ်လို့ ယုံကြည်ပြီး လာခဲ့တာကွ"

"အဲဒါ မင်းမှားတာပဲ ... ငါက မင်းကို အစဖျောက်ရမယ်လေ ဒါမှ ငါ့ဘဝလုံခြုံမှာပေါ့"

"ငါလုံးဝ သစ္စာမဖောက်ဘူး"

"မတတ်နိုင်ဘူးကွာ ... မင်းကံပဲ"

တုတ်တွေကိုင်ပြီး လူသုံးယောက်ထွက်လာသည်။ လူမိုက် တွေ စကားယုံမိတာ အမှားကြီးမှားတာပဲ ... အသုံးမကျတဲ့ လင်း ညာဏ်စဉ် ... ကြယ့်ကို အကာအကွယ်ပေးဖို့ပဲ စဉ်းစားမိနေ၏။ သူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ကာကွယ်နိုင်မည် မဟုတ်ပေ။ တောင်းပန်သည်။

"ချကွာ ... လုပ်မနေနဲ့ ငါတို့ အန္တရာယ်ကိုရှင်းပစ်ရမှာပဲ"

"ဒုတ် ..."

"ဒုတ် ... ဒုတ်"

"မင်း တော်တော်သစ္စာမဲ့တယ် ... မင်းအတွက် လာ ထောက်ပံ့ပေးတဲ့လူကို သတ်ရလား"

"စိတ်တော့မကောင်းပါဘူး ... လင်းညဏ်စဥ် ဒါက ငါ့ အလုပ်ပဲလေ"

"ဒုတ် ..."

"ဒုတ် ... ဒုတ်"

လင်းညဏ်စဉ်ကလည်း ခွန်အားရှိသလောက် ပြန်၍ ခုခံ သည်။ အင်အားခြင်းက မမျှ ... ခြံကြီးထဲကနေ ထွက်ပြေးဖို့ကြံစည် ၏။ သူ့မှာ ဒဏ်ရာတွေနှင့် သွေးအလိမ်းလိမ်း ခွန်အားရှိသလောက် တုန့်ပြန်ခုခံသည်။

"ဆရာထွန်း ... ဗိုက်ကြီးဖုန်းဆက်တယ် ရဲတွေခြံရှေ့ရောက် လာကြပြီတဲ့ ..."

"ဒီကောင့်ကို ထားခဲ့တော့ ... ပြေးကြမယ် အနောက်ပေါက် ကနေ ထွက်ကြမယ် ... ငွေထုပ်ယူခဲ့"

"ဟုတ်"

လင်းညဏ် ထိုအသံတွေကိုကြားလိုက်ရပြီး မျက်လုံးတွေထဲ





မှာ အမှောင်ထုက အထပ်လိုက်ပြိုကျသွားသည်။ သူ သတိရလာ သောအချိန်တွင် ဆေးရုံရောက်နေ၏။ ခြေထောက်မှာလည်း ကျောက်ပတ်တီးကိုင်ထားသည်။

"လင်းလေး သတိရပြီလား ... ဖြစ်မှဖြစ်ရလေ သားရယ်၊ လင်းလေးဒဏ်ရာတွေက များလိုက်တာ"

"အန်တီလေး ..."

"ဟင် ..."

"လင်း ဘယ်ရောက်နေတာလဲ"

"ဆေးရုံလေ မသေကောင်းမပျောက်ကောင်း သားရယ်"

လင်းညဏ်နောက်ဆုံး သတိရမိနေတာက ရဲတွေရောက် လာသည်ဟုပင် ... ။

"ကိုလင်းညဏ်စဉ် ကောင်းကောင်း သတိရပြီလား"

"ဟုတ်ကဲ့ ..."

"ဘာတွေဖြစ်ခဲ့လည်းဆိုတာ မှတ်မိသလောက်ပြောပြပါ လား"

သူ့ကို သက်ဆိုင်ရာတွေက လာရောက် စစ်ချက်ယူရာတွင် ကြယ့်နာမည်ကို လုံးဝမသုံးဘဲ ဓုဏ်သိက္ခာထိပါးမှာစိုးရိမ်ပြီး တောင်းတဲ့ငွေကို ပေးခဲ့မိကြောင်း ပြောပြလိုက်သည်။

"ကိုထွန်းသူက်မောင်ကလည်း ဒီအတိုင်းပဲ ထွက်ဆိုထားပါ တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြယ့်နှာမည်ကို ထွန်းသက်မောင်ကလည်း ထုတ်ဖော်ပြော မပြထား ... သူ့စိတ်တွေ ပေါ့ပါးသွားရသည်။

"ကိုလင်းဉာဏ်စဉ်ကတော့ ခြေထောက်တစ်ဘက်ဆုံးရှုံး တော့မယ်လေ ... ကံကောင်းတယ် သက်ဆိုင်ရာတွေ ရောက်လာ မြန်လို့ပေါ့"

"ဗျာ ... "

"ခင်ဗျားရဲ့ခြေသလုံးတဘက် ကြေသွားတယ် ... ဒူးဆစ် အောက်ကနေဖြတ်ရမယ် ... ခြေထောက်တုတပ်လို့ရပါတယ် ... အားမငယ်ပါနဲ့ ... ထွန်းသက်မောင်တို့အဖွဲ့က အရမ်းရက်စက်ကြ တယ် ... "

"သူ့သတင်းကို သက်ဆိုင်ရာက ကြိုသိထားပါတယ် ... အိ ခြံကြီးထဲမှာ ခိုအောင်းနေတယ်ဆိုတာလေ"

သူ့ ကံကောင်းပေမယ့် ခြေတစ်ဘက်ကတော့ ဒုက္ခိတဘ ရောက်ရတော့မည်ဖြစ်သည်။ သက်ဆိုင်ရာတွေပြန်သွားမှ အန်တီ လေးသော်က လင်း စိတ်မကောင်းဖြစ်သွားမှာစိုးလို့ မပြောတာ ခြေတစ်ဘက်ဖြတ်မှ စိတ်ချရမယ်တဲ့ ပြောရင်းငိုနေ၏။ လင်းအ တွက် ဘာမှ စိတ်မပူဖို့ပြောလိုက်သည်။

"မနက်ဖြန် ခွဲစိတ်ခန်းဝင်ရမယ် လင်းရယ် ... ဒုက္ခိတဘ ကို ရောက်ရပြီး အန်တီလေး အသုံးမကျလို့ပါ"

"မငိုပါနဲ့ အန်တီလေးရာ ပြဿနာတွေအဆုံးသတ်သွား





ပြီ ... လင်းကြံ့ကြံ့ခံနိုင်ပါတယ် အန်တီလေးလည်း မငိုနဲ့တော့ လင်းတို့မှာ ငွေကြေးတွေရှိပါသေးတယ် ... ခြေထောက်က အတု ထည့်လို့ရပါတယ် ... လင်း စိတ်မပူပါဘူးဗျာနော် ... "

"လင်းလေးရယ် သားရယ် ... အန်တီလေး စိတ်မကောင်း ဖြစ်လိုက်တာ ... အန်တီလေးကြောင့် မမသွင်သဘောဆန္ဒအတိုင်း သာနေခဲ့ရင် ဘယ်လောက်များအေးချမ်းပြီး စိတ်ချမ်းသာစရာ ကောင်းလိုက်မလဲ ... မမသွင်က ကြယ်နဲ့လင်းကို လက်ထပ်စေချင် ခဲ့တာပါ"

"တော်ပါတော့ဗျာ ... ပြီးသွားတာတွေ ထားလိုက်ပါ ... ကြယ့်အကြောင်းမပြောပါနဲ့ မင်းသုတနဲ့ပဲ လက်ထပ်ပါစေ"

ကြယ်က လင်းဉာဏ်ကို ဒုက္ခိတ တစ်ယောက်အား ချစ်ခင် နှစ်သက်မှာ မဟုတ်တော့။ အရင်ထဲက မုန်းတီးရွံရှာနေသည်။ ကြယ့် ဘဝလေးလှပ အေးချမ်းစေချင်ခဲ့တာ လင်းရဲ့အကြီးမားဆုံး ဆန္ဒတစ်ခု ဖြစ်ခဲ့၏။ ထို့ကြောင့်ပင် ကြယ့်အား မနှောက်ယှက်ဖို့ ဆုံးဖြတ်ချက်တွေ ခိုင်ခိုင်မာမာ ချထားပြီးသားဖြစ်သည်။

♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၁ )

"မေကြယ်ဖြူဆိုတာ မင်းလား ..."

"ရှင် ... ရှင် ဘယ်သူလဲ ... ကျွန်မနာမည်ကို ဘာဖြစ်လို့သိ
နေရတာလဲ"

"ငါ့နာမည်က ထွန်းသက်မောင်ပါ သရဖီယောကျ်ား"

"ဘာ ..."

"အခု မင်းကိုပြောပြချင်တာ လင်းညွှာစဉ်အကြောင်းပဲ
သူက မင်းကိုအရမ်းချစ်တယ် သရဖီ ... အရှုပ်အထွေးထဲမှာ ကြယ်
နာမည်ပါ ထည့်ပြီးဖွမယ်ဆိုလို့ သတ္တိရှိရှိ ငါ့ချိန်းတဲ့နေရာ တစ်
ယောက်ထဲလာပြီး ငွေသိန်းပေါင်း ငါးဆယ်ထောင်လာပို့ပေးတယ်"

"ရှင် ... ရှင်"

"ဒါပေမယ့် ငါတို့လက်လွှတ်မိသွားတယ် ... သူ အသက်ရှင်
မလား သေမလား မသိဘူး ... သူ့ကို ရဲတွေတွေ့သွားပြီ ငါလည်း
ပြေးမလွတ်တော့ပါဘူးကွာ ... အဖမ်းခံရလိမ့်မယ် ... ငါ နည်းနည်း





စိတ်ကောင်းဝင်လာလို့ အဖမ်းမခံရခင် ပြေးလွှားရင်း မင်းဆီဖုန်း
ဆက်ပြောပြတာပဲ"

"ရှင် ... ရှင် ဒီမှာ ခဏလေး လင်းဘယ်မှာလဲ လင်းရှိတဲ့
နေရာကို ပြောပြသွားပေးပါ"

ထွန်းသက်မောင်ဆိုသူနှင့် အဆက်အသွယ်ပြတ်သွားသည်။
ကြယ် အထိတ်တလန့်နှင့် ကိုမင်းသုတဆီ ဖုန်းဆက်ခေါ်လိုက်ရ၏။
လင်းညွှာစဉ်ဘာတွေ ဖြစ်နေလဲ ... သရဖီနှင့် ပတ်သက်တဲ့
သတင်းတွေ ဖုံးနေသည်။

"ကြယ် ... ဘာဖြစ်လို့လဲ ကိုယ့်ကို အရေးတကြီးလာခဲ့ပါ
ဆိုလို့ ... ကိုယ်ကားကို ဒလကြမ်းမောင်းပြီး ထွက်လာခဲ့ရတာ"

"ကိုမင်းသုတ ... လင်းလေ ... လင်းညွှာ သေလား ရှင်
လား မသိဘူးတဲ့ ... လူဆိုးတွေ ဆက်တယ် ... သရဖီကို သတ်တဲ့
လူ ..."

"ဘာပြောတယ်ကြယ် ... အဲဒီလူက ဖုန်းဆက်တယ်ဟုတ်
လား"

"သက်ဆိုင်ရာကို အကြောင်းကြားမှဖြစ်မယ်ထင်တယ် ...
လင်း ဒုက္ခရောက်နေပြီ ကိုမင်းသုတ"

ကြယ် ဟန်မဆောင်နိုင်တော့ပဲ မျက်ရည်တွေပြည့်လျှံစီး
ဆင်းကျလာသည်။ လင်းညွှာ တကယ်ပဲ ကြယ့်အတွက်ကို အနစ်
နာခံပေးဆပ်တတ်တာကို ကြယ် ဖြည်းဖြည်း သိလာရ၏။ ကိုမင်း



www.burmeseclassic.com

www.burmeseclassic.com



သုတကိုပင် အားမနာနိုင်တော့ပေ။

"မငိုပါနဲ့ကြယ် ... တစ်ခုခုတော့ သတင်းကြားရမှာပါ ... ဆေးရုံကြီးမှာ သွားစုံစမ်းကြရအောင်"

"အင်း ... "

ရန်ကုန်ဆေးရုံကြီးရောက်တော့ လင်းညဏ်စဉ် သတင်းနှင့် အတူ အသီမဲ့နေသော ခန္ဓာကိုယ်အားတွေ့လိုက်ရသည်။

"လင်းညဏ်ရယ် ဘယ်လိုဖြစ်ရတာလဲ ... ကြယ် ရင်ကျိုးရ ပါပြီ"

လင်းညဏ်ကို အရေးပေါ်ကုသခန်းထဲ သွင်းလိုက်ကြသည်။

"တွေ့ခွင့်မရှိသေးပါဘူး ... ရာဇဝတ်မှုဖြစ်နေလို့ပါ"

"လင်း အသက်ရှင်သေးရဲ့လား ကျွန်မ သိပါရစေနော်"

"အသက်ရှိပါသေးတယ် ... ဒဏ်ရာတော့ အရမ်းပြင်းတယ် လူနာသတိရပြီး မေးမြန်းစစ်ဆေးပြီးမှ တွေ့ခွင့်ရမှာပါ"

"လင်းရယ် ... "

ကြယ် ငယ်ငယ်လေးထဲက အမုန်းဆုံး လူတစ်ယောက်ကို မထင်မှတ်ဘဲ ကြယ့်နှလုံးသားထပ်တူချစ်မြတ်နိုးရသော ယောကျ်ား တစ်ယောက်ဖြစ်သွားရလေသည်။

"နောက်နေ့ကျတွေ့ကြရအောင်ဖါ ကြယ် ... ပြန်ကြရ အောင်"

"ကျွန်မ ဒီမှာပဲစောင့်နေချင်ပါတယ် ... ကိုမင်းသုတ ရင်တွေ





အရမ်းပူနေတယ် ... မီးတောက်မတတ်ပဲ ... ကျွန်မရင်တွေကို စမ်း သပ်ကြည့်စမ်းပါ ... "

ကြယ်ရူးမတတ်ဘဲ အရေးပေါ်ခန်းရှေ့မှာ ဆောက်တည်ရာ မရအောင် ပြေးလွှားနေမိသည်။ အန်တီလေးသော်နှင့်လည်းတွေ့ ၏။ ကြယ့်ကို တောင်းပန်နေသဖြင့် ကြယ်ပင် အံ့ဩတုန်လှုပ်ရလေ သည်။

"သမီးလေးကြယ့်ကို တွေ့တာနဲ့ အတော်ပဲကွယ် ... အန်တီ လေးသော် တောင်းပန်ပါတယ် ... သမီးလေးအပေါ် ပြုမူဆက်ဆံ မိတာတွေ ခွင့်လွှတ်ပေးပါနော် ... "

"ကြယ် ဘယ်တုန်းကမှ အန်တီလေးသော့်အပေါ် အပြစ် မယူခဲ့ပါဘူး ... ကျေးဇူးရှင်တွေအဖြစ် သတ်မှတ်ထားဆဲပါ"

"ကြယ်လေးရယ် ... "

အန်တီလေးသော်က ကြယ်ခန္ဓာကိုယ်လေးအား တယု တယပွေ့ဖက်ထားသည်။

"အဒေါ်တစ်ယောက်ပဲ တွေ့ခွင့်ရှိပါတယ် ... တခြားသူတွေ နောက်နေ့မှ လာတွေ့ပါ"

လင်းညဏ်ကို ထားခဲ့ပြီး ပြန်လာရတာ ကြယ့်စိတ်မချ ... ဒဏ်ရာတွေက ပြင်းထန်သည်တဲ့။

"ကိုမင်းသုတကို ကြယ်တောင်းပန်ပါတယ်နော် ... လင်းညဏ်နဲ့ကြယ်က အတူတူကြီးပြင်းလာကြသူတွေပါ သံယော



www.burmeseclassic.com

www.burmeseclassic.com



ဗဉ်ဘယ်လောက်ကြီးရလဲဆိုတာ ကြယ်အသိဆုံးပါ"

"ကြယ်ရယ် … ကိုယ်နားလည်ပေးပါတယ် … လင်းညာဏ်စဉ်ကို ကြယ်ပြုစုပေးသင့်ပါတယ်လေ … ကြယ် စိတ်ချမ်းသာသလိုလုပ်ပါ"

ကြယ်ငှားနေတဲ့ အခန်းလေးထဲမှာ ကြယ်နေ့စဉ် ငိုသည်။ ကြယ်ဘယ်တော့မှ မငိုတော့ဘူး မျက်ရည်မကျတော့ဘူးတင်းထားပေမယ့် လင်းညာဏ်အတွက် မျက်ရည်တွေ ထိန်းချုပ်မရ … လင်းနဲ့တွေ့ဖို့စောင့်နေရတဲ့ ရက်တွေမှာ ကြယ်ရူးသွပ်မတတ် စိုးရိမ်ပူပန်နာကျင်နေရသည်။ အန့်တီလေးသော်က ဖုန်းဆက်ပြီး လင်းကိုအပြင်လူတွေ တွေ့ခွင့်ရပြီတဲ့ ကြယ်အရမ်းပျော်ပြီး ဆေးရုံကိုရောက်သွား၏။ ကြားလိုက်ရတဲ့သတင်းကြောင့် ကြယ် စိတ်ထိခိုက်ကြေကွဲရပြန်သည်။

"ကိုယ့်ခြေထောက်တစ်ဖက် ဖြတ်ရမယ်ကြယ် … အရိုးပါကြေသွားလို့လေ …"

"ဟင်"

"ကြယ် စိတ်မကောင်းမဖြစ်ပါနဲ့ ⁄ လင်းရဲ့ အစေခံမလေးမကြာခင် သူဌေးကတော်ဖြစ်တော့မယ်ဆိုတော့ အစေခံနောက်တစ်ယောက် ထပ်ငှားရတော့မှာပေါ့လေ"

"လင်းအတွက် ထာဝရအစေခံက မေကြယ်ဖြူဆို အဲဒါလင်းနှလုံးသားထဲက ပြင်းပြလွန်းတဲ့ ဆန္ဒမဟုတ်လား"





သူ နာကျင်ရသည်။ သူ့ရင်ထဲက ဆန္ဒတွေကို ရင်ထဲမှာပဲသိမ်းဆည်းထားပစ်လိုက်ချင်၏။ ဒုက္ခိတဘဝ ပြီးတော့ နာမည်ပျက်တွေနှင့် ကြယ့်ကို မပတ်သက်လိုတော့ပေ။

"ကြယ် မင်္ဂလာပွဲကိုတော့ လင်းညာဏ်မလာနိုင်တော့ဘူးခြေတစ်ဘက်ပြတ်ဘဝနဲ့ မလာတာခွင့်လွှတ်နော် … လက်ဖွဲ့အဖြစ်ထွန်းသစ္စာမောင်ကိုပေးမယ့် သိန်းငါးထောင်လက်ဖွဲ့ရမယ် ကြယ်"

"ကြယ် … ဘာမှ မလိုချင်ပါဘူး … လင်းညာဏ်ဆီကလက်ဖွဲ့ လည်းမယူဘူး"

ကြယ့်ကို လင်းညာဏ်ရဲ့ အစေခံမလေးဘဝပဲ ပြန်ပေးပါ။ ကိုမင်းသုတနဲ့ ကြယ်လက်ထပ်လို့ မဖြစ်ပါဘူး … လင်းရယ် ဒုက္ခိတဘဝကိုရောက်ရမယ့် လင်းကို ဘယ်သူပြုစုမှာလဲ … ကြယ်ပဲတစ်သက်လုံး လင်းညာဏ်ရဲ့ အစေခံမလေးဘဝနဲ့နေပါရစေ။

"ကြယ် …"

"ဟင် …"

"မင်းသုတကို လက်ထပ်ပါ … မင်းဘဝအတွက် အကောင်းဆုံးပဲ ရွေးချယ်ပါ … ကိုယ့်ဘဝကိုယ်ပဲ ကြယ်လာပြီး မပတ်သက်နဲ့တော့ …"

"လင်းညာဏ် …"

"မင်းဘာပြောမလဲဆိုတာ ကိုယ်သိပါတယ် ကြယ်ရေမင်းပဲ ကိုယ့်ရဲ့အစေခံဘဝကနေ လွှတ်လပ်ခွင့်ပေးပါတော့ဆို …



www.burmeseclassic.com

www.burmeseclassic.com



အရှုံးမလေး ကြယ့်ဘဝလေးကို မင်းသုတနဲ့ပဲ တည်ဆောက်စမ်းပါ နောက် လင်းဉာဏ်ကိုလာတွေ့တာမျိုး လုံးဝလက်မခံနိုင်တော့ဘူး"

ကြယ့်အိမ်ထောင်ရေး ပျက်စီးမှာကို သူလုံးဝ လက်မခံနိုင်ပါဘူး ... အပြတ်သားဆုံးပဲ နေထိုင်မည်ဖြစ်သည်။ ပြီးတော့ ဆေးကုရင်း အန်တီသော်ပါခေါ်ပြီး နိုင်ငံခြားမှာ နေထိုင်ဖို့ ဆုံးဖြတ်ထား၏။ ကိုယ့် အစေခံမလေး ကြယ့်ကို ပျော်ရွှင်စေချင်ပါတယ် ... ကြယ်က မျက်ဝန်းတွေထဲမှာ ပြည့်လျှံနေသော မျက်ဝန်းတွေနှင့် ကြည့်သည်။

"ကြယ့်ကို ကိုယ့်ရဲ့ အစေခံမအဖြစ်ကနေ လွှတ်လိုက်ပြီလေ ပြန်တော့ကြယ် ... "

"လင်း ... လင်းဉာဏ်ရယ် ကြယ်မပြန်နိုင်ဘူး ... ကိုမင်းသုတကလည်း ကြယ့်ကိုနားလည်ပါတယ် ... လင်းကို ပြုစုပေးပါတဲ့ ကြယ်တို့ လက်ထပ်ပွဲကို မထိခိုက်နိုင်ပါဘူးနော်"

"လင်း စိတ်သောကရောက်အောင် လာမလုပ်ပါနဲ့တော့ ကြယ် ... တောင်းပန်ပါတယ်ကွာ ... မင်းသုတ ခွင့်ပြုလည်း ကိုယ်က ခွင့်မပြုနိုင်ဘူး ... မိတ်ဆွေတွေ ဖြစ်လာချင်ရင် မင်းသုတနဲ့ လက်ထပ်ပြီး စုံတွဲလာ ... ကိုယ် အမြင်ချင်ဆုံးပဲ"

လင်းရင်ထဲမှာ မရှိတဲ့စကားတွေကို ပြောနေတယ်ဆိုတာ ကြယ်သိသည်။ လင်း အသက်တောင်ပေးခဲ့တာပဲ ... ကိုမင်းသုတ





ကို ကြယ် လက်မထပ်နိုင်တော့ဘူး ... ကြယ် အစေခံမလေးအဖြစ်ပဲ နေမည်။ မကြာခင် လမ်းခွဲစိတ်ခန်းဝင်ရမယ့် ခြေထောက်တစ်ဘက် ဖြတ်ရမယ် ... ဘယ်လို နှလုံးသားမျိုးနဲ့ ကြယ်က လင်းကို ထားခဲ့နိုင်မှာလဲ ... လင်းမောင်းထုတ်နေပေမယ့်လည်း ကြယ်နေခဲ့သည်။ လင်း ခြေထောက်တစ်ဘက်ဖြတ်ရ၏။ ကြယ် နှလုံးသားတွေ နာကျင်ရသည်။

"ကြယ်သိပါတယ် ... လင်းရယ် ကြယ့်ကြောင့်ပါ ရှင့်ဒုက္ခတဖြစ်ရတာ ကြယ့် ဂုဏ်သိက္ခာကို ကာကွယ်ခဲ့လို့ပါ"

ကိုမင်းသုတလည်း လာသည်။ လင်းက ကြယ်တို့လက်တွေကို ဆွဲယူ၍ လက်ထပ်ပေးခဲ့၏။ ကြယ့်လက်လေး တွန့်ဆုတ်ဆွဲဖယ်လိုက်တာ သိလိုက်တဲ့ ကိုမင်းသုတက လွှတ်ပေးလိုက်သည်။

"မင်းသုတနဲ့ ကြယ်လက်ထပ်ကြပါ ... ကိုယ့်အစေခံမကို တော့ စောင့်ရှောက်ပေးပါ ... မင်းသုတ စိတ်ချပါရစေနော် ... မင်းလက်ထဲ အပ်ပါတယ်"

ကြယ်ကို စွန့်လွှတ်ဖို့ပဲ လင်းဆုံးဖြတ်ထားသည်။ သွားကြတော့ဟု ပြောလိုက်၏။ သူ့ရင်တွေ တဆတ်ဆတ်တုန်အောင် စူးနစ်သွားရသည်။

"ပြန်ကြတော့ မင်းတို့မင်္ဂလာပွဲအတွက် စီစဉ်ကြပါ ... ကြယ်လည်း ထပ်လာမတွေ့နဲ့တော့ ... ငါမကြိုက်ဘူးနော် ... နင့်ကိုတွေ့နေရင် ငါ့ရဲ့ကျဆုံးမှုအတွက် ဒေါသထွက်ရတယ် ... မလာနဲ့ ငါ့အတွေ့ခံမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လင်းလေးသိမာမာနှင့် ပြောပစ်လိုက်သဖြင့် မင်းသုတနှင့် ကြယ်တို့ ပြန်သွားကြသည်။

"လင်းလေးရယ် ... စိတ်မကောင်းလိုက်တာ ကြယ်လေးကိုလည်း သနားတယ် ... အန်တီလေးသော်ဆီမှာ လာပြီးတောင်းဆိုတယ်လေ ... လင်းရဲ့ အစေခံမလေးအဖြစ် ကြယ်နေပါရစေတဲ့"

"မဖြစ်နိုင်ဘူး အန်တီလေးသော် ... ဘယ်လိုမှ လက်မခံနိုင်ဘူး ... ကြယ်ဘဝလေး အပြစ်အနာအဆာ ကင်းကင်း လင်းလက်တောက်ပပါစေတော့ ... လင်းက နိုင်ငံခြားကိုထွက်မှာ အားလုံးကို မေ့ပစ်ချင်တယ်"

လင်း တင်းတင်းမာမာနှင့် ငြင်းဆန်ပစ်လိုက်သည်။ ကြယ် ထပ်လာတွေ့ပေမယ့် လင်းလက်မခံတော့ ... သူ့ခြေထောက် ပတ်တီးဖြေပြီး အိမ်ကိုပြန်လာခဲ့၏။ ခြေထောက်အနာက ကောင်းမွန်သက်သာသဖြင့် ခြေတုတပ်ဖို့ ပြင်ဆင်သည်။

"လင်း ... နိုင်ငံခြားမှာပဲ အနားယူရင်း ဆေးကုသမှုခံယူမယ် အန်တီလေးနောက်မှ လိုက်ခဲ့ပါ ... ကြယ်တို့ မင်္ဂလာပွဲအတွက် သိန်းငါးထောင် လက်ဖွဲ့ခဲ့တယ် ... ကြယ် လက်ခံဖို့ အန်တီလေး တာဝန်ယူပေးပါဗျာနော် ..."

"ကောင်းပါပြီ လင်းလေးရယ် ... အဓိက သားလင်း စိတ်ချမ်းသာဖို့ပါပဲ ... အန်တီလေးသော် အားလုံး တာဝန်ယူလုပ်ပေးပါ့မယ် ... လင်းလေး ပျော်ရွှင်အောင်နေပါ"

လင်း သံယောဇဉ်တွေကို ဖြတ်အတင်းဖြတ်နေရတာ လင်း





အသိဆုံးပင်။ မခံစားနိုင် ... ကြယ့်ကို လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ လင်းနှလုံးသား ခံစားချက်တွေ သူ့အသက်နှင့် ခန္ဓာကိုယ် ရှင်သန်နေသရွေ့ နာကျင်ခံစားနေမည်ဖြစ်သည်။

"ကြယ် ကိုယ့်နှလုံးသားတွေထဲမှာတော့ ကြယ့်ကို ထုတ်ပစ်နိုင်မှာ မဟုတ်ဘူး ... ကြယ့်ကိုချစ်လို့ ကိုယ်အရမ်းချစ်တယ် ... ငယ်ငယ်လေးထဲကပါကွာ ... ယုံကြည်ပေးပါ"

သူ့ကို ကြယ် အမုန်းဆုံးအနာကြည်းဆုံး အရှုံးရှာခဲ့ဖြစ်နေခဲ့ ပေမယ့် ယခုအချိန်မှာတော့ ကြယ့်နှလုံးသားတွေက သူ့ကို ချစ်ခင်မြတ်နိုးမှုကို အရိပ်အယောင်လေး ယှက်သန်းလာခဲ့တာ တွေ့လိုက်ရ၍ လင်းကျေနပ်ပျော်ရွှင် မိတာတော့ အမှန်ပဲဖြစ်သည်။ သူ့စိတ်တွေကို ထိန်းချုပ်လျက် နိုင်ငံခြားထွက်ဖို့လေဆိပ်သို့ ရောက်လာခဲ့၏။ လေယာဉ်ကြီးပေါ်တက်လာခဲ့တဲ့ အချိန်တွေမှာ ကြယ့်ဆီပြန်သွားပစ်ချင်တဲ့ ဆန္ဒတွေ ပြင်းပြနေခဲ့သည်။ သူ ထိုင်ခုံမှာ ဝင်ထိုင်တော့ သူ့ဘေးမှာ ကောင်မလေးတစ်ယောက် မျက်မှန်အနက်ကြီးကို တပ်၍ထိုင်နေ၏။ မိန်းကလေးတွေကို စိတ်မဝင်စားသဖြင့် သေသေချာချာ မကြည့်မိ။ ဒါပေမယ့် သူ့စိတ်ထဲမှာ မသင်္ကာဖြစ်လာ၍ သေသေချာချာ ကြည့်လိုက်တော့ ကြယ်ဖြစ်နေသည်။

"ကြယ် ... မင်း မင်း ဘာဖြစ်လို့ ငါ့နောက်လိုက်ခဲ့တာလဲ ပြောစမ်း ... မင်းဘာလုပ်တာလဲ"

"ကျွန်မဟာ အစေခံလေ ... ရှင့်ကို ပြုစုဖို့ပေါ့ ... ကျွန်မ လိုက်ရလိမ့်မယ် ... ရှင်မောင်းထုတ်ရင် ကျွန်မ လေယာဉ်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



နေ ခုနစ်ဆင်းမယ်”

“တောက် ...”

“လင်းညာဏ်ရယ် ... ဒေါသတွေ မထွက်စမ်းပါနဲ့နော် ... ကျွန်မကတော့ အစေခံမဘဝကနေ ဘယ်တော့မှ လွတ်မြောက်ဖို့ ကြိုးစားမှာ မဟုတ်ဘူးနော် ... သေပစ်လိုက်မှာ”

လင်းညာဏ် လက်မောင်းလေးကို ကြယ်ဖက်တွယ်လိုက်ရာ လင်းညာဏ်က ဆတ်ခနဲဆွဲဖယ်ပစ်သည်။

“မင်း ... မင်း ဘာလိုက်လုပ်မှာလဲ ကြယ်”

“ကျွန်မ ဘယ်ယောက်ျားနဲ့မှ လက်မထပ်တော့ဘူး ကိုမင်းသုတကလည်း ခွင့်ပြုတယ် ... ကျွန်မရဲ့ အရှင်သခင် လင်းညာဏ်စဉ် ဒုက္ခိတဘဝရောက်နေရတဲ့ အချိန်မှာ အစေခံမက ကျေးရွာကန်းပျံမလား ... ရှင့်အနားမှာပဲ နေရလိမ့်မယ် ... ကျွန်မ နှလုံးသားတွေက လင်းညာဏ်ကို အရမ်းချစ်မိနေပြီနော်”

သူ့လက်မောင်းကို အတင်းအကျပ်ပင် မလွှတ်တမ်းဖက်တွယ်ထားလိုက်မိသည်။ လေယာဉ်ကြီးက ခရီးစဉ်စတင်ရန် ပျံတက်သွားပြီဖြစ်၏။ လင်းညာဏ်ဘာတတ်နိုင်တော့မှာလဲ သူ့မျက်ဝန်းတွေက အပျော်တွေနှင့် စိုလက်တောက်ပနေလေသည်။

ရှင်မြတ်နိုး

www.burmeseclassic.com